
www.burmeseclassic.com

# ပျူး

အရောင်ရင့်ရင့်ရသ



GRAPHIC DESIGN THEIN SHWE-KYI

www.burmeseclassic.com

www.burmeseclassic.com

ဗျူး

အရောင်ရင့်ရင့်ရသ

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဖျူးတာဝေ)
အမှတ်- ၅၂၀(က)၊ အင်းဝ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်ရင် (မြ-၀၅၄၁၇) (ရွှေမြသော်ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ ဇေ/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးဝန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
တိုင်ပေါက် ☎: ၀၉ ၄၂၀၂၅၇၇၂၇
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၄ ခုနှစ်၊ ဧပြီလ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ဖျူးတာဝေ
၀၉ ၅၀၃၀၁၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊ ၀၁ ၈၅၀၀၆၉၆

၈၉၅. ၈၃
ဖျူး
အရောင်ရင့်ရင့်ရသ
ဖျူးတာဝေ ၊ ၂၀၁၄။
၂၆၄ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) အရောင်ရင့်ရင့်ရသ

## အခန်း (၁)

"အင့်"

"ဘုန်း"

"ဟာ"

မနိုင်မနင်း ဆွဲလာသော ဖိနပ်ထုပ်တွေနှင့်အတူ ထောင့်ချိုးမှာ တော်တော်ရပ် ဖုန်းပြောနေသူကိုမှ ဝင်တိုက်မိသည့်အဖြစ်။

အခုရော လက်ထဲက ဆွဲထားသော ဖိနပ်ထုပ်တွေ ပြုတ်ကျသွားအထက် ထိုသူ့လက်ထဲက ဖုန်းလေးပြုတ်ကျကာ ကွန်ကရစ်ကြမ်းပြင်မှာ ချွပ်ခနဲ မြည်သံလေး ကြားလိုက်ရတာက ပီပီသသဖြစ်သည်။

ရင်ထဲမှာ ထိတ်ခနဲ စိုးရိမ်စိတ်နှင့်အတူ ခြေသုံးလှမ်းစာ အကွာအဝေးလောက်မှာ ပြုတ်ကျနေသော ဖုန်းလေးကို ကသောကမျော ကောက်ယူလိုက်မိတော့

နှိုးမိုးဝေခံပေ

www.burmeseclassic.com



"အို ဘုရားရေ"

အခရာ မျက်လုံးလေးတွေ ပြူးကာ နှုတ်မှ အထိတ်တလန့် ရေရွတ်မိသည်။ တန်ဖိုးကြီး ဟန်းဖုန်းလေး၏ စက္ကရင်မျက်နှာပြင်က အက်ကွဲသွားခဲ့ပြီ။

ဖုန်းလေးကို ကိုင်ထားရင်း အခရာ ဝင်တိုက်မိသော ပုဂ္ဂိုလ်ကို မဝံ့မရဲလေး မော့ကြည့်တော့

စိမ်းညို့နေသော မျက်ခုံးနှစ်ဖက် တွန့်ကွေးကာ အခရာကို စိုက်ကြည့်နေသော မျက်ဝန်းတစ်စုံက စူးစူးရှရှ။ ဒေါသကြောင့်လား နဂိုစိုလဲ့ နီမြန်းနေခြင်းလား ခွဲခြားမသိသော နှုတ်ခမ်းတွေက တင်းတင်း စေ့ပိတ်လျက်

"ဟို ဟို အခရာ တောင်းပန်ပါတယ်ရှင်"

လေသံ တုန်တုန်လေးနှင့် အခရာ တောင်းပန်မိသည်။ ရှင်းသန့် ချောမောလွန်းသော မျက်နှာသည် ငေးကြည့်လောက်အောင် ချောမော ပေမယ့် အခုချိန်မှာ အခရာ နစ်မျော မခံစားနိုင်ပါ။

"မနိုင်မနင်း ဝန်တွေကို မင်းတစ်ယောက်တည်း သယ်လာတာ ကိုက မှားတာပဲ"

သူ့နှုတ်က တည်ငြိမ်စွာ ထွက်လာသော အပြစ်တင်စကားကို အခရာ ခွန်းတုံ့မပြန်ဘဲ ငြိမ်သက်နေရ၏။ တကယ်ဆို အခရာ သယ်ယူ လာရသော ဖိနပ်ထုပ်တွေကို မနိုင်နင်းတာ အမှန်။

အလုပ်သမား ငှားသယ်ရအောင်လည်း အိတ်ထဲမှာ ကျန်နေ သော ငွေက တက္ကစီငှားခလောက်သာ ကျန်တော့၏။

ဦးနိုး၊ ၀၇၆ပ



"အလုပ်သမား ငှားသယ်လိုက်ရင် ဘယ်လောက်ကုန်မှာမို့လဲ"

"ဟို ဟို အခရာမှာ ငွေသိပ်မကျန်တော့လို့ပါရှင်"

အခရာ စကားကို မယုံသလို မျက်ခုံးတွေ ကျုံ့ကာ အကဲခတ် ကြည့်ပြန်သည်။ ထူပိန်းနေတာမျိုး မဟုတ်ဘဲ စိမ်းညို့တန်းနေသော မျက်ခုံးတွေသည် အလိုမကျစွာ ကွေးညွှတ်သွားတာတောင် ကြည့်ကောင်း နေသည်။

ပြေပြစ်သော နှာတံနှင့် နဂိုစိုလဲ့နီမြန်းသော နှုတ်ခမ်းပြည့်ပြည့် တွေနှင့် ယောကျ်ားတန်မဲ့ နုညက်ဝင်းဝါသော အသားအရေသည် အစက် အပြောက် တစ်စက်မထင်အောင် ရှင်းသန့်ချောမောပါ၏။

"ကိုယ့်ဟန်းဆက်တော့ လုံးဝပျက်စီးသွားတာပဲ"

ပြောရင်း အခရာ လက်ထဲက ဖုန်းလေးကို သူ လှမ်းယူကြည့် သည်။ ကွဲအက်သွားသော စက္ကရင် ဖန်သားပြင်လေးကတော့ တကယ့်ကို အကျည်းတန်လွန်းနေ၏။

"ဟို အခရာ တောင်းပန်ပါတယ်ရှင်၊ အခရာ ဘာလုပ်ပေးရ မလဲဟင်"

မေးသာမေးလိုက်ရသည်။ ပျက်စီးသွားသော ဟန်းဆက်တန်ဖိုး ကို လျော်နိုင်းလျှင်တော့ အခရာအတွက် မဟာဒုက္ခကြီးပဲ ဖြစ်တော့မည်။

သူ့ရဲ့ဟန်းဆက်တန်ဖိုးကို ခန့်မှန်းကြည့်ရုံနှင့် သိန်းဆယ်ဂဏန်း ခန့်ကျောင်လောက်ရှိမည်။ ထိုထက်တောင် ပိုချင်ပိုနိုင်သေး၏။

"မင်း အသစ်တစ်လုံး ဝယ်ပေးနိုင်လို့လား"

"ဟို ဟို"

ဦးနိုး၊ ၀၇၆ပ

www.burmeseclassic.com

www.burmeseclassic.com



အခရာ နှုတ်က ဘာစကားမှ ထွက်မလာတော့ သူ ဟန်းဆက်လေးကို ဘောင်းဘီအိတ်ထဲ ပြန်ထိုးထည့်ရင်း ခေါင်းတစ်ချက် ခါသည်။

"မင်း အသစ်တစ်လုံး ပြန်လျော်မယ်ဆိုလည်း ဒီဟန်းဆက်မျိုး ရှာဖို့ခက်မှာ သေချာတယ်၊ ဒါ UK က ကိုယ့်မိတ်ဆွေ လက်ဆောင်ပေးထားတာ မကြာသေးဘူး"

"ဟို ဟိုလေ ပျက်စီးသွားတဲ့ အပိုင်းကို ပြန်ပြုပြင်လို့ရနိုင်မလားဟင်၊ အခရာ တတ်နိုင်သလောက် တာဝန်ယူပေးပါ့မယ်"

မဝံ့မရဲ အခရာ စကားကြောင့် သူ့နှုတ်ခမ်းတွေ လွင့်ခနဲပြုံးသည်။ ပြီးမှ ရူးရူးရှရှ မျက်ဝန်းတွေနှင့် အခရာကို စိုက်ကြည့်ရင်း

"မင်းနာမည်က အခရာလား"

"ဟုတ်ကဲ့ ပန်းအခရာပါရှင်"

"ဟုတ်ပြီ မင်းလိပ်စာက ဘယ်မှာလဲ"

"ဟို အခရာ အစ်မဝမ်းကွဲတစ်ယောက်က ဖိနပ်ဆိုင်ဖွင့်ထားတာပါရှင်၊ အခရာက အဲဒီဆိုင်မှာ အမြဲရှိပါတယ်"

ဆိုင်လိပ်စာကို အခရာ နှုတ်က ရေရွတ်ပြလိုက်တော့ သူ ခေါင်းတစ်ချက် ညိတ်ရင်း

"ကောင်းပြီလေ ဒီဖုန်းကိစ္စအတွက် မင်းနဲ့ညှိနှိုင်းဖို့ ကိုယ် တစ်ခေါက်လာခဲ့မယ်"

စကားအဆုံးမှာ သူ လှည့်ထွက်သွားခဲ့သည်။ နက်ပြာစင်း စပို့ရှပ်လက်ရှည်ကို မီးခိုးရင့်ရောင် စတိုင်ဘောင်းဘီရှည်နှင့် တွဲဖက်ဝတ်ဆင်ထားသော သူ့ခြေလှမ်းတွေကို အခရာ ငေးငေးလေးကြည့်နေမိ





၏။

ကားစင်းမှာ ရပ်ထားသော နက်ပြာရောင် CYGNUS ကားကြီးပေါ် သူ လှမ်းတက်ကာ ငြိမ့်ငြိမ့်လေး မောင်းထွက်သွားသည်အထိ အခရာ ငေးကြည့်နေမိဆဲ။

မျက်ဝန်းထဲက သူ့ကားကြီး ပျောက်ကွယ်သွားတော့မှ အခရာ ကွန်ကရစ်လမ်းမပေါ်က ဖိနပ်ထုပ်တွေကို ငုံ့ကြည့်ဖြစ်တော့သည်။

ဝတီမှာလိုက်သော စာရင်းအတိုင်း ငါးဒါဇင်ကျော်သည့် ဖိနပ်တွေကြောင့် အခရာရဲ့ လာစာငွေလေးတွေတော့ ကုန်ပြီထင်ပါရဲ့။

ရင်ဘတ်ထဲက အပူလုံးတွေကို ပင့်သက်ရှိုက် မောင်းထုတ်ရင်း ကံဆိုးမှုတွေအတွက်ပဲ အခရာ ကြေကွဲဝမ်းနည်းရတော့မည်လား။

■ ■ ■

"နင်ကတော့ ဖြစ်လိုက်ရင် ပြဿနာချည်းပဲ၊ လူတစ်ယောက်လုံးတောင် မမြင်ဘဲ ဝင်တိုက်ရသလား"

ဝတီရဲ့ အပြစ်တင်သံနှင့်အတူ အလိုမကျ မေးခွန်းတွေကို ရင်ဆိုင်ရမည်ဟု အခရာ ကြိုတင်မျှော်လင့်ထားပြီး ဖြစ်သည်။

"ဝင်တိုက်မိတဲ့နေရာက နံရံထောင့်ချိုးမှာ ဖြစ်နေတော့ ရုတ်တရက် မမြင်ဘူး။ ပြီးတော့ ဖိနပ်အိတ်တွေကိုလည်း မနိုင်မနင်း ဆွဲလာရတယ်လေ ဝတီရဲ့"

ဆိုင်အတွက် လိုအပ်သည့်ဖိနပ်ဖိုးငွေနှင့် လမ်းစရိတ်ကိုသာ အတိအကျ ထွက်ပေးလိုက်ပြီး သယ်ယူဖို့ အလုပ်သမားခ မပေးလိုက်သော ဝတီ နှုတ်ပိတ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆိုလျှင် ယခု အခရာ ဝယ်ရသော ဖိနပ်တွေက ငါးဒါဇင်ကျော်သည်။ ဝတီ သွားဝယ်သောအခါ ဖိနပ်နှစ်ဒါဇင်လောက်တောင် အလုပ်သမားနှင့် သယ်ယူတတ်တာ ဖြစ်သည်။

ညီအစ်မဝမ်းကွဲတွေဆိုပေမယ့် အခရာက ဝတီ့ဆိုင်က အလုပ်သမားတစ်ယောက်မျှသာ ဖြစ်သည်။ ဒီတော့ ဝတီ စေခိုင်းသည့်အလုပ်ကို လုပ်ပေးရမှာ အခရာရဲ့တာဝန်။

''နေပါဦး ဒီလူက လမ်းမရပ်ပြီး ဖုန်းဆက်နေတာပဲ၊ သူ့မှာလည်း အပြစ်ရှိတာပဲ၊ ဘာလို့ ဖွတ်အလျော်တောင်းရတာလဲ''

အခရာကို အပြစ်တင်လို့မရတော့ ဝတီခင်၏ မြားဦးက မမြင်တွေ့ရသော ပုဂ္ဂိုလ်ဆီ ရောက်သွားပြန်၏။

''သူက ဖွတ်အလျော်မတောင်းပါဘူး၊ ဒါပေမဲ့ အခုကိစ္စမှာ အခရာဘက်က မှားတာလေ၊ သူ့ဟန်းဆက်က ဇော်တော်တန်ဖိုးကြီးမှာသေချာတယ်၊ ယူကေ က မိတ်ဆွေ လက်ဆောင်ပေးတာတဲ့''

အခရာ စကားကြောင့် ဝတီခင် မျက်နှာကို မဲ့ချပစ်ရင်း နှာခေါင်းရှုံ့၏။

''သူများပြောတိုင်း နင်က ယုံနေသလား။ သူ့ဟန်းဆက်က ဘာအမျိုးအစားမို့လဲ၊ ပြီးတော့ အမှန်အကန်ကော ဟုတ်ရဲ့လား၊ နင်နားလည်မှာမဟုတ်ဘူးဆိုပြီး လိမ့်သွားတာ ထင်တယ်''

အခရာနှင့်ဆုံခဲ့သော သူ့ရဲ့ရုပ်ရည်၊ အခြေအနေ အဆင့်အတန်းက ဝတီ ဆိုသလို မဟုတ်နိုင်တာ သေချာသည်။ ဒါပေမဲ့ ဝတီကတော့ မမြင်တွေ့ရသော တစ်ဖက်သားကို ဒိုက်ခိုက်ကာ အခရာကိုလည်း





တမင် နှိမ်ချပြောချင်တာကြောင့် ဖြစ်မည်။

''သူ မညာလောက်ပါဘူး။ ပြီးတော့ ငါလည်း အကဲခတ်ကြည့်လို့ရပါတယ်၊ ကိုယ့်တာဝန်မကင်းတော့ ပျက်စီးသွားတဲ့ အပိုင်းကို ပြင်ဆင်ခတော့ လျော်ကြေးတော့ပေးသင့်တာပေါ့''

ဝတီ နှုတ်ခမ်းတွေ ထပ်မဲ့ကျသွားခဲ့ရင်း

''ငါက နင့်အတွက်ပြောတာပါ၊ ဟိုက တစ်ထောင်နှစ်ထောင်လောက်ပဲ ကျတာကို သောင်းချီတောင်းမှာစိုးလို့ နင့်ရဲ့လုပ်ခလစာက ဘယ်လောက်ရှိလို့လဲ''

တစ်လ လခငွေ ရှစ်သောင်းနှင့် ဝတီခင်၏ဖိနပ်ဆိုင်လေးမှာ အလုပ်လုပ်နေရသော အခရာအတွက် အဆင်မပြေ မပြည့်စုံတာတော့ အမှန်ပဲဖြစ်သည်။ ဒါပေမဲ့လည်း

''ကိုယ့်အမှားနဲ့ကိုယ် တာဝန်ရှိနေပြီပဲ ဝတီ၊ သူ့ဟန်းဆက် ပြင်ခတော့ ပေးရမှာပဲပေါ့၊ စားစရာမရှိပေမယ့် လျော်စရာတော့ ရှိရမှာပေါ့''

''နင်တော်တော်အ,တယ် အခရာ၊ တကယ်ဆို သူက နာမည်တွေ လိပ်စာတွေ မေးကတည်းက အမှန်မဖြေသင့်ဘူး။ တခြားနေရာတွေ လိပ်စာတွေ လွှဲပြောလိုက်ရင် ပွဲက ပြတ်နေပြီ''

''ဟင့်အင်း ငါ အဲဒီလို မရိုးသားတဲ့အလုပ်ကြီးတော့ မလုပ်ချင်ဘူး''

အခရာ ရင်ထဲက ခံယူချက်အတိုင်း ပြောမိသည်။ လူတစ်ယောက်ရဲ့ ရိုးသားမှုဂုဏ်ကိုတော့ အခရာဘဝမှာ ဘယ်တုန်းကမှ အထိ



www.burmeseclassic.com

www.burmeseclassic.com



နိုက်မခံခဲ့ပါ။

"အေး နင့်ရဲ့ရှိုးသားမှုကို မရှိမဲ့ရှိမဲ့ ငွေလေး ပုံပေးပြီး မှတ်ကျောက်တင်လိုက်ပေ့ါ၊ အဲဒီလူ ဆိုင်လာရင် နင့်ကိုစွ နင်ရှင်းနော်၊ ငါ ဘာမှဝင်မပါချင်ဘူး"

ယတိပြတ်ဆိုကာ ဝတီခင် ချာခနဲ လှည့်ထွက်သွားခဲ့သည်။ ဆိုင်လေးထဲက ကောင်တာလေးမှာ အခရာတစ်ယောက်တည်း ကျန်ရစ်ခဲ့၏။

မပြောမဖြစ်ကိစ္စမို့သာ ဝတီခင်ကို အသိပေးပြောပြမိတာ ဖြစ်သည်။ ဝတီရဲ့အကူအညီကိုလည်း အခရာ မျှော်လင့်မထားခဲ့ပါ။

ဝတီခင်ရဲ့အကျိုးစီးပွားကိစ္စအတွက်ဆိုပေမယ့် ပြဿနာဖြစ်ခဲ့ရတာ ကိုယ့်အမှားကြောင့်။ ဒီတော့ ကိုယ့်တာဝန်ကိုတော့ အခရာ တာဝန်ယူရမှာပဲ ဖြစ်သည်။

ဖုန်းပိုင်ရှင် ဆိုင်ရောက်လာလျှင် ဟန်းဆက်ပြင်ဆင်ခကိုတော့ အခရာ ပေးရတော့မည်။

အခရာ စုဆောင်းထားသော ငွေလေးငါးသောင်းကျော်တော့ အိမ်မှာရှိနေသည်။ ထိုငွေလေးကိုတော့ မနက်ဖြန်ကာစလို့ နေ့တိုင်း ထည့်ယူလာဖို့ ဆုံးဖြတ်ထား၏။

ထိုငွေကြေးနှင့်လောက်ငကောင်းပါရဲ့။

■ ■ ■

## အခန်း (၂)

"သမီးလေး ပြန်လာပြီလား"

ခြံထဲမှာ တောင်ဝှေးတစ်ချောင်းနှင့် လမ်းလျှောက်နေသော ဖေဖေက အခရာကို မြင်သည်နှင့် ပြုံးပြရင်း နှုတ်ဆက်လာ၏။

"ဟုတ်ကဲ့ ဖေဖေ၊ ဘာလို့ အနွေးထည် ဝတ်မထားတာလဲ ဖေဖေရဲ့၊ မအေးဘူးလား"

"သိပ်မအေးသေးလို့ပါကွယ်"

"မအေးဘူး မလုပ်နဲ့လေ ဖေဖေရဲ့၊ ဆောင်းက ဝင်ချင်လာပြီ၊ ဖေဖေက အအေးဒဏ်ခံလို့ မဖြစ်ဘူးလေ"

အခရာ စကားကို ဖေဖေ ခေါင်းလေးတစ်ဆတ်ဆတ်ညိတ်ကာ လက်ခံအသိအမှတ်ပြုသည်။

www.burmeseclassic.com

www.burmeseclassic.com



ညာဘက်ခန္ဓာကိုယ်တစ်ခြမ်း လေဖြန်းထားသော ဖေဖေ့ကို အခရာ အမြဲတမ်း ဂရုစိုက်ပြောဆိုရပါသည်။ လနှင့်ချီကာ ဆေးဝါးကုသ ပေးထားရတာကြောင့် ဖေဖေ ပြန်လည်လှုပ်ရှားနိုင်ခဲ့တာပဲ ဖြစ်သည်။

လူကောင်းတစ်ယောက်လို ပကတိ မကျန်းမာသည့်တိုင်အောင် တောင်ဝှေးတစ်ချောင်းနှင့် ဖေဖေ သွားလာလှုပ်ရှားနိုင်ခဲ့သည်။

ဖေဖေ့ကို အသာတွဲခေါ်ကာ ပျဉ်ထောင်အိမ်လေးပေါ် အတူ တက်ခဲ့သည်။

"ဖေဖေ ခဏထိုင်ဦးနော်၊ ဗိုက်ဆာနေပြီလား"

"မဆာသေးပါဘူး သမီးရဲ့၊ ညနေကပဲ ဆေးသောက်ရင်း အိုဗာတင်းတစ်ခွက် သောက်ထားသေးတယ်"

"ဒါဆို ဒီပက်လက်ကုလားထိုင်လေးမှာ ထိုင်ဦးနော်၊ သမီး ရေမိုးချိုးပြီး မနက်က ကြက်သားဟင်းလေး ပြန်နွှေးလိုက်ဦးမယ်"

"အင်း အင်း အေးအေးဆေးဆေးလုပ် သမီး"

ဖေဖေ့ကို ညောင်ခန်းလေးထဲက မတ်တပ်ကုလားထိုင်လေးမှာပဲ ထားရစ်ခဲ့ကာ ရေမိုးချိုးဖို့ ပြင်ဆင်လိုက်သည်။

အခရာရယ် ဖေဖေရယ် နှစ်ယောက်တည်းရှိသော မိသားစု ဘဝလေးကို ပိုင်ဆိုင်ခဲ့ရတာ မေမေ မရှိတော့ကတည်းက ဖြစ်သည်။ လောကကြီးကို စောစီးစွာ စွန့်ခွာသွားသော မေမေ ဆုံးပါးချိန်မှာ အခရာ အသက် တစ်ဆယ့်တစ်နှစ်ကျော် ခြောက်တန်းကျောင်းသူဘဝပဲ ရှိသေး သည်။

မိတဆိုးသမီးလေး အခရာအတွက် ဖေဖေသည် ဖခင်တာဝန်





ကိုတော့ အပြည့်အဝ ကျေပွန်ခဲ့သူဖြစ်သည်။

"သမီးလေး ဘာမှအားမငယ်နဲ့နော်၊ ဖေဖေရှိတယ်၊ ဖေဖေ့ သမီးလေး ပညာတတ်ကြီးဖြစ်အောင် ကြိုးစား ဟုတ်လား"

အခရာ ဘဝအတွက် ဖေဖေသည် တစ်ခုတည်းသော အားကိုး ရာဖြစ်ခဲ့သလို ဖေဖေသည်လည်း တစ်ဦးတည်းသော သမီးလေးအပေါ်မှာ မေတ္တာတရားတို့ စုပုံခဲ့သည်။

အစိုးရရုံးတစ်ခု၏ အကြီးတန်းစာရေးဝန်ထမ်းတစ်ယောက် ဖြစ်သော ဖေဖေ့ရဲ့လစာဝင်ငွေက ပိုလျှံမှုမရှိပေမယ့် လုံလောက်ခဲ့ပါသည်။

ရိုးသားကြိုးစားမှုတွေဖြင့် ဘဝကို ရှင်သန်ခဲ့သော ဖေဖေသည် အခရာကိုလည်း ရိုးသားဖြူစင်မှုတို့ အမြဲရှိအောင် သွန်သင်ခဲ့၏။

"လူတစ်ယောက်ရဲ့အရည်အချင်းဆိုတာ ရိုးသားဖြူစင်မှုပဲ သမီး အဲဒီဂုဏ်အရည်အချင်းကို သမီး တစ်သက်လုံး ထိန်းသိမ်းထားပါလို့ ဖေဖေ ပြောချင်တယ်"

ဖေဖေ့ရဲ့ဆိုဆုံးမမှုကို အခရာ တသွေမတိမ်း လိုက်နာခဲ့သည်။ ဖေဖေ မြင်ချင်သော ပညာတတ်ကြီးဖြစ်အောင် ကြိုးစားခဲ့သည်။

ဆယ်တန်းကို လေးဘာသာ ဂုဏ်ထူးနှင့်အောင်မြင်တော့ ဖေဖေကော အခရာပါ ဝမ်းသာပျော်ရွှင်ခဲ့ရပေမယ့် ထိုနှစ်မှာပင် ဖေဖေ ကျန်းမာရေးက ထိခိုက်ခဲ့သည်။

မမျှော်လင့်ဘဲ ဖေဖေ လေဖြန်းတော့ အခရာ တုန်လှုပ်ထိတ် လန့်ခဲ့ရ၏။

ရှိစုမဲ့စုလေးနှင့် ဖေဖေ့ရဲ့ဝေဒနာရောဂါ သက်သာအောင်



www.burmeseclassic.com

www.burmeseclassic.com



အခရာ ကုသခဲ့သည်။ နောက်ဆုံး အိမ်နှင့်ခြံလေးကို ပေါင်နှံကာ ဖေဖေ့ကို အခရာ ကုသပေးခဲ့၏။

ကံကောင်းထောက်မစွာ ဖေဖေ့ဝေဒနာ သက်သာသွားပေမယ့် လူကောင်းတစ်ဦးလိုတော့ ပြန်ကောင်းမလာခဲ့ပါ။

"သမီးရယ် ဖေဖေ့ရောဂါဝေဒနာကြီးက သမီးကို ဒုက္ခပေးသလို ဖြစ်နေပြီထင်တယ်"

"အို မဟုတ်တာ ဖေဖေရယ်၊ ဖေဖေ အခုလို ပြန်ကောင်းမွန်လာတာကို သမီး ဝမ်းသာနေတာ၊ သမီးအနားမှာ ဖေဖေရှိနေသေးတာ သမီးအတွက် ခွန်အားတစ်ခုပဲလေ"

အလုပ်က စောစီးစွာ ပင်စင်ယူလိုက်ရခြင်းအတွက် ဖေဖေ့ခမျာ စိတ်မကောင်းဖြစ်နေခဲ့သည်။ ပြီးတော့ ပိုင်ဆိုင်သည့် အိမ်လေးပေါင်နှံထားရတာကိုလည်း ဝမ်းနည်းနေပုံရ၏။

အထူးသဖြင့် ရှေ့ဆက်ရမည့် အခရာ ပညာရေးအတွက် ဖေဖေ ပိုလို့ ကြေကွဲခံစားနေပုံရ၏။

အခရာကတော့ ကြုံဆုံလာသော အခြေအနေတွေကို အကောင်းဆုံးရင်ဆိုင်ဖို့ ဆုံးဖြတ်ထားခဲ့သည်။

မေမေရဲ့ အစ်မဝမ်းကွဲတစ်ယောက်ဖြစ်သော အန်တီ ဒေါ်ယုခင်ဆီကို အခရာ ရောက်ဖြစ်ခဲ့သည်။ တကယ်ဆို အခရာတို့ထက် ပြည့်စုံသော ဒေါ်ယုခင်နှင့်မေမေ ရှိစဉ်ကတည်းက ကင်းကင်းရှင်းရှင်းပဲ ရှိခဲ့တာဖြစ်၏။

ဒါပေမဲ့ အခရာ ရောက်ဖြစ်ခဲ့သည်ကလည်း ဒေါ်ယုခင်က





လူလွှတ်ပြီး ခေါ်နိုင်းတာကြောင့် ဖြစ်သည်။

"တခြားတော့ မဟုတ်ပါဘူး၊ အခု အခရာ အဖေက အလုပ်မလုပ်နိုင်တော့ဘူးဆိုတော့ သမီးတို့ စားဝတ်နေရေး အဆင်ပြေရဲ့လား"

"လတ်တလောတော့ ဖေဖေရဲ့ ပင်စင်လစာလေးနဲ့ အဆင်ပြေအောင် နေရပါတယ် အန်တီယု၊ ဒါပေမဲ့ အခရာ အလုပ်တစ်ခုလုပ်ဖို့ စဉ်းစားထားပါတယ်၊ အလုပ်လုပ်ရင်း အဝေးသင်တက်မယ်လေ"

"အင်း ဒါဆိုရင် အခရာ တခြားအလုပ်မလုပ်နဲ့၊ အန်တီ့သမီး ဝတီလေးက ဖိနပ်ဆိုင်ဖွင့်ဖို့ စီစဉ်နေတယ်၊ အဲဒါ သမီး အခရာက ဆိုင်မှာ ကူရောင်းပေးလေ"

လိုအပ်ချက်တစ်ခုကြောင့် အခရာကို ခေါ်မှန်းသိခဲ့ရပေမယ့် အခရာအတွက် အဆင်ပြေသောအလုပ်မို့ လက်ခံဖြစ်ခဲ့သည်။

ခြံဝင်းထဲမှာပဲ ဖိနပ်ဆိုင်လေးဖွင့်ကာ ဝတီခင်က တာဝန်ယူမည်ဆိုတော့ အခရာ ကူညီပေးရာလည်း ရောက်ပါသည်။ အန်တီယုတို့သားအမိတဝသည်လည်း ခင်ပွန်းသည်ဆုံးကာ အထည်ကြီးပျက်တဝ ရောက်နေပြီမှန်း သိခဲ့ရသည်။

"မာမီက အိုးမကွာ အိမ်မကွာ ဆိုင်လေးတစ်ဆိုင်ဖွင့်ချင်တယ်ဆိုလို့ ငါတို့ ဖိနပ်ဆိုင်လေးဖွင့်ဖြစ်တာ၊ စီးပွားဖြစ်ကြီး မဟုတ်ပါဘူး၊ ဘာပဲဖြစ်ဖြစ် နင့်အတွက် အဆင်ပြေရင် ပြီးတာပဲ"

ဖခင် ရှိစဉ်တုန်းက မနဂုဏ်မာန်လေးကတော့ ဝတီခင်မှာ ရှိနေဆဲဖြစ်သည်။ တကယ်ဆို သူတို့သားအမိ အခြေအနေကို အခရာ သေိမဟုတ် သိနေတာပဲဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဖိနပ်ဆိုင်လေး၏ဝင်ငွေလေးကပဲ ဝတီခင်တို့သားအမိအတွက် အားကိုးရာ ဖြစ်နေ၏။

ပညာရေးမှာ မထွန်းပေါက်သော ဝတီခင်သည် ဆယ်တန်းတော့ မအောင်ဘဲ ထွက်ခဲ့ရ၏။ မိဘနှစ်ပါး၏အလိုလိုက်မှုနှင့် သုံးဖြုန်းနေချင်သော စရိုက်ကလည်း မပျောက်ခဲ့ပါ။

လက်ရှိကိုယ့်ဘဝ အခြေအနေကိုလည်း လက်မခံသော ဝတီခင်ရဲ့မသိတတ်မှုကိုတော့ အခရာ မြင်တွေ့နေရ၏။

"မာမီရာ အိမ်မှာရှိနေတဲ့ ဆလွန်းကားက ဒိတ်အောက်နေပြီ၊ သမီးသူငယ်ချင်းတွေက မော်ဒယ်မြင့်ကားတွေကိုယ်စီနဲ့၊ သမီးတို့လည်း ကားပြောင်းရအောင်"

"သမီးရယ် လက်ရှိမှာ ဒီကားလေးနဲ့လည်း အဆင်ပြေနေတာပဲလေ၊ ပြီးတော့ ကားလဲမယ်ဆိုရင် ငွေက ထပ်ကုန်ဦးမှာပေါ့၊ မာမီတို့လက်ထဲမှာ မရှိဘူးလေ"

"ခြံနဲ့တိုက်ကိုပေါင်ထားတဲ့သူဆီက ထပ်ချေးလိုက်ပေါ့ မာမီရယ်၊ သူငယ်ချင်းတွေကြားမှာ မျက်နှာငယ်လွန်းလို့"

ဘဝအခြေအနေကို မသိနားမလည်သော ဝတီခင်ကြောင့် အန်တီယု စိတ်ရှုပ်ညစ်ညူးနေတာလည်း အခရာ သိပါသည်။ တစ်ခါတစ်ခါမှာတော့ အန်တီယု ညည်းညူတတ်၏။

"အင်း သမီးလေးက မလိမ္မာဘူးကွယ်၊ တကယ်ဆို ဒီဆိုင်လေးက အန်တီတို့ရဲ့ အားကိုးရာဆိုတာ သူသိထားသင့်တယ်၊ ဒီဆိုင်လေးကို ဂရုစိုက်ပြီး အောင်မြင်တိုးတက်အောင် ကြိုးစားရမှာ"





"စိတ်ချပါ အန်တီယု ဆိုင်အတွက်တော့ သမီး တတ်နိုင်သလောက် ကူညီပေးမှာပါ"

"အင်း အခရာလေးကိုပဲ အန်တီ အားကိုးပါတယ်ကွယ်၊ သမီးလေးဝတီကိုလည်း အခရာဘက်က စိတ်အခန့်မသင့်ရင် သည်းခံခွင့်လွှတ်ပေးနော်"

အန်တီယု ကိုယ်တိုင် အခရာကို ပြောဆိုတောင်းပန်နေတော့ အခရာ နားလည်ခေါင်းညိတ်ပေးခဲ့ပါသည်။

တကယ်ဆို အခရာတို့ဘဝနှင့် အန်တီယုတို့ဘဝက ဘာမှ မကွာခြားလှပါ။ ဒါပေမဲ့ အန်တီယုတို့မှာ ဟန်မပျက် ရှန်းကန်နိုင်ဖို့ အင်အားတွေ ရှိနေသေး၏။

ဝတီခင်သာ သိနားလည်မှုရှိခဲ့လျှင် အဆင်ပြေမည်။ အခရာထက် တစ်လနီးပါးမျှသာ ကြီးသော ဝတီခင်ကတော့ အသိတရားတို့ နည်းပါးနေဆဲ။

"နင့်ကို တစ်လရှစ်သောင်း ပေးထားရတာနော်၊ ငါတို့ကသိန်းချီရင်းထားရတာ၊ ဆိုင်ကိုတော့ နင် ဂရုစိုက်မှဖြစ်မှာ၊ ဒီဆိုင် ရပ်သွားရင် နင့်ဘဝလည်းပျက်ပြီဆိုတာ မမေ့နဲ့"

မာန်မာနအရိပ်တို့ မကင်းသော ဝတီခင်ရဲ့စကားတွေကို အခရာ သည်းခံပေးခဲ့တာ အန်တီယုကို စာနာသနားတာကြောင့်ပဲ ဖြစ်သည်။

တကယ်ဆိုလျှင် ဝတီရဲ့ဆိုင်ကို ဂရုစိုက်မှုက မရှိပါ။ တစ်ပတ်မှာ သုံးရက်လောက်ပဲ ဆိုင်မှာရှိကာ ကျန်ရက်တွေက သူငယ်ချင်းတွေနှင့် အချိန်ကုန်တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွေမှာ အခရာကပဲ ဆိုင်တာဝန်တွေကို အဆင်ပြေအောင် စီမံပေးရတာဖြစ်၏။

ဆိုင်အတွက် လိုအပ်သော ဖိနပ်တွေဝယ်တော့လည်း အခရာ။ ဆိုင်ထိုင်တော့လည်း အခရာ။ အခရာအတွက် တာဝန်အားလုံးလိုလို ဖြေရှင်းနေခဲ့ရသည်။

ဒါပေမဲ့ အခရာ တစ်ချက် မညည်းညူခဲ့ပါ။ ပညာရေးအတွက်တော့ အခရာ အလေးထားခဲ့သည်။

"စာမေးပွဲရက်တွေလည်း ခွင့်ယူဦးမယ်၊ ကျူရှင်ချိန်တွေလည်း ခွင့်ပေးရဦးမယ်ဆိုတော့ ဒီတစ်လလုံး နင် ဆိုင်တာဝန်ယူချိန်က ဘယ်ရှိတော့မှာလဲ အခရာ"

"ပညာရေးက ငါ့အတွက် အရေးကြီးဆုံးကိစ္စလို့ ငါ့ အစောကြီးကတည်းက ကြိုပြောထားတာပဲ ဝတီရယ်"

"ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ နင့်ကို ငါတို့က လခပေးထားရတာလေ၊ ဒီအလုပ်ကို နင် ဦးစားပေးရမှာပေါ့"

"ငါ့ဘက်က ပျက်ကွက်မှုတွေအတွက် ငါ အမြဲတမ်း အစားထိုးတာဝန်ယူပေးခဲ့တာပဲ ဝတီ၊ တစ်ခုတော့ရှိတယ် အဆင်မပြေဘူးဆိုရင် ငါ အလုပ်က ထွက်ပေးဆိုလည်း"

"ကဲ ကဲ သူ့စိမ်းတွေမဟုတ်ဘူးလေကွယ်၊ ဝတီ အခရာကိုနားလည်ပေးလိုက်ပါ၊ အခရာလေး ဆိုင်မလာနိုင်တဲ့ရက်တွေမှာ မာမီဆိုင်ထိုင်ပေးမှာပေါ့"

အန်တီယုက အခြေအနေကို ဝင်ထိန်းပေးတာမို့ ဝတီ နှုတ်ပိတ်





သွားပေမယ့် ကျေနပ်ပုံမရတာတော့ အထင်အရှားဖြစ်သည်။

ဘာပဲဖြစ်ဖြစ် အခရာရဲ့စေတနာနှင့်အရည်အချင်းကိုသိသော အန်တီယုက အခရာ အလုပ်က ထွက်သွားမှာ စိုးရိမ်သည်။

'ဝတီခင်' ဖိနပ်ဆိုင်လေး၏တာဝန်အားလုံးကို အခရာကပဲ ဦးဆောင်တာဝန်ယူ အောင်မြင်အောင် ကြိုးစားခဲ့တာကို အန်တီယု အသိဆုံး။ ဝတီလည်း သိနေပေမယ့် တမင်မသိဟန်ဆောင်နေခြင်းသာ ဖြစ်၏။

ဖေဖေ သင်ကြားရိုက်သွင်းထားသော ရိုးသားမှုဂုဏ်ကို အခရာ အမြဲတမ်း စောင့်ထိန်းကျင့်ကြံခဲ့သည်။

ဒါကြောင့်လည်း ယခု နောက်ဆုံးနှစ်ရောက်ခဲ့ချိန်အထိ အခရာ အဆင်ပြေချောမွေ့စွာ ဖြတ်သန်းနိုင်ခဲ့တာ ဖြစ်သည်။

အခရာရဲ့လစာငွေလေးနှင့် ဖေဖေရဲ့ပင်စင်လစာလေးကို မြီးခြွေတာသုံးရင်း ပေါင်နှံထားသော ခြံအတွက် အတိုးဆပ် အရင်းလေးဖွဲ့ဆပ်နိုင်ဖို့ အခရာ မျှော်လင့်ထားခဲ့၏။

အခုတော့ အခရဲ့မျှော်လင့်ချက်လေး ကံကြမ္မာကြောင့် ပျက်ရတော့မည် ထင်ပါရဲ့။

ကိုယ့်ကြောင့် ပျက်စီးသွားသော ဟန်းဆက်လေးရဲ့လျော်ကြေးက ဘယ်လောက်ကျမည် မသိ။

ဖြစ်လာသမျှကိုတော့ ရင်ဆိုင်ရမှာ ကိုယ့်တာဝန်ဟုပဲ အခရာ ဆုံးဖြတ်ထားတော့လည်း . . . ။

■ ■ ■

နိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"အခရာ အခရာ"

ဖိနပ်ဆိုင်အတွက် တစ်ပတ်အရောင်းစာရင်းတွေကို အခရာ ပြန်စစ်ဆေးတွက်ချက်နေတုန်း ဝတီ ခေါ်သံကြောင့် မော့ကြည့်မိ၏။

"ဘာလဲ ဝတီ၊ ဘာဖြစ်လို့လဲ"

ကောင်တာရှေ့က ထိုင်ခုံမှာ အကျအနထိုင်ပြီး စားချင်တာတွေကို တစ်မျိုးပြီးတစ်မျိုး စားနေသော ဝတီ ဘာများအရေးကြီး ခေါ်တာလဲ ဟု အခရာ မော့ကြည့်မိမှ

"ဟိုမှာ ဟိုမှာ ဆိုင်ရှေ့မှာကြည့်လိုက်၊ ရှုပါကော စတိုင်ပါတာကယ်မိတဲ့ ယောက်ျားပဲ"

အခရာ စိတ်ညစ်သွားမိ၏။ ဝတီခင်ကတော့ ဒီအတိုင်းပဲဖြစ်





သည်။ ဆိုင်မှာထိုင်သည့်ရက်တွေမှာ စားချင်သမျှသရေစာတွေ ကောင်တာမှာ ဝယ်ပြီး ထိုင်စား၊ ပြီးလျှင် ဆိုင်ရှေ့က တွေ့သမျှ မြင်သမျှ ယောကျ်ားတွေကို ကြည့်တတ်သည်။

"ဘယ်လိုပုံလဲဟယ် ရုပ်ကဆို၊ လူကပိန်လိုလိုနဲ့ ဝတ်ထားတဲ့ ဒီဖိုင်းက မလိုက်ဖက်လိုက်တာ၊ ကြည့်စမ်း အခရာ စာခြောက်ရုပ်ကသာဦးမယ်"

ဝတီ သဘောမတွေ့လျှင် မတွေ့သလို ပျစ်ပျစ်နစ်နစ် ဝေဖန်တတ်ကာ အလုပ်လုပ်နေသော အခရာကိုလည်း ကြည့်ခိုင်း အဖော်ညှိတတ်တာ ဝတီရဲ့အကျင့်ဖြစ်၏။

အခုလည်း စာရင်းဖယားတွေ လုပ်နေသော အခရာကို လှမ်းပြောသလို အဖော်ညှိနေပြန်၏။

"ကြည့်ရတာ ဟိုက်ဘော့စ်ထင်တယ်ဟ၊ ကားကြီးကလည်း အမိုက်စားနော်"

အခရာ မကြည့်မချင်း ဝတီ့နှုတ်က ပေါက်ပေါက်ဖောက်မဆုံးဖြစ်နေမှာမို့ ခေါင်းငဲ့မော့ကြည့်လိုက်ရပါသည်။

ကားတံခါးကို မှီရပ်ကာ ဖုန်းပြောနေသော သူ့ကိုမြင်လိုက်ရချိန်မှာ အခရာ မျက်လုံးတွေ ဝိုင်းစက်သွားခဲ့ရ၏။

မမှတ်မိစရာ မရှိပါ။ ရှင်းသန့်ချောမောသော သူ့အသွင်နှင့် သူ့ရဲ့နက်ပြာရောင် ဆိုက်ကနက်စ်ကားကြီးကိုပါ အခရာ ကောင်းကောင်းမှတ်မိပါသည်။

"ဟယ် တို့ဆိုင်ကို လှမ်းကြည့်နေတယ်ဟ၊ ဆိုင်ထဲဝင်လာရင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမှာပဲ''

ပြောရင်း ဝတီ ကောင်တာထိုင်ခုံက ဆင်းကာ ခြေလှမ်းတွေက ဆိုင်ရှေ့ကို ရောက်သွား၏။ အခရာကတော့ သူ့ကိုပဲ စူးစိုက်ကြည့်နေမိသည်။ အပြာနုရောင် တီရှပ်လက်ရှည်ကို တံတောင်ဆစ်နားအထိ ခေါက်တင်ထားကာ အနက်ရောင် စတိုင်ဘောင်းဘီရှည်နှင့် သူ့အသွင်က စမတ်ကျလွန်းနေသည်။

သူ့အကြည့်တွေက အခရာတို့ ဖိနပ်ဆိုင်လေး၏ ဆိုင်းဘုတ်ကို မော့ကြည့်နေတာမို့ အခရာ့ဆီလာတာဟုသိလိုက်ပါသည်။

ဟန်းဖုန်းကို ဆက်နေသည်ဆိုတော့ သူ့ဟန်းဆက် ပြန်ပြုပြင်ပြီးသွားပြီ ထင်သည်။ ကုန်ကျစရိတ်ငွေကိုတော့ အခရာ ရှင်းပေးရတော့မည် ထင်ပါရဲ့။

''ဟယ် လာပြီ လာပြီဟ ငါတို့ဆိုင်ထဲဝင်လာတာ''

ဝတီခင်၏ကြွေမြွမဲ့သော အသံစာစာလေးကို ကြားလိုက်ရချိန်မှာပဲ သူက ဆိုင်ဘက်ကို လျှောက်လာနေပြီ။ ပြောင်လက်နေသော ရှူး ဖိနပ်နှင့် တစ်လှမ်းချင်း လျှောက်လာတာကို အခရာ ငေးငေးလေး ကြည့်နေမိ၏။

သူ့ရဲ့ရှင်းသန့်ချောမောသော ရုပ်သွင်ကို ဆိုင်ထဲလှမ်းဝင်ချိန်မှာပဲ ပီပြင်ထင်ရှားစွာ မြင်တွေ့လိုက်ရ၏။

''ဘာအလိုရှိပါသလဲရှင် စိတ်တိုင်းကျ ကြည့်ရှုနိုင်ပါတယ်ရှင်''

ဝတီကတော့ သူ့ကို ဖိနပ်ဝယ်ယူမည့်သူ ထင်မှတ်ကာ အပြုံးတွေ ဖြန့်ခင်းလျက် ဆီးကြို၏။ သို့ပေမယ့် သူ့အကြည့်တွေက အခရာဆီ





မှာပဲ ဦးတည်ကာ တန်းတန်းမတ်မတ် လျှောက်လာသည်။

အခရာ ထိုင်ခုံမှ ဆင်းကာ သူ့ကို ပြုံးပြမိသည်။ သည်တော့မှ သူကလည်း အသိအမှတ်ပြု ပြန်ပြုံးပြရင်း

''မင်းရဲ့ဆိုင်လေးက ရှာရလွယ်လို့ တော်သေးတယ်''

''ဟုတ်ကဲ့ ထိုင်ပါရှင်''

အခရာ နောက်မှီပလပ်စတစ် ထိုင်ခုံလေးကို ဆွဲယူကာ သူထိုင်ဖို့ စီစဉ်ပေးပေမယ့် သူက မထိုင်သေးပါ။ မျက်ဝန်းတွေက ဆိုင်လေးထဲမှာ ခင်းကျင်းထားသော ဖိနပ်တွေကို ဝေ့ဝဲအကဲခတ်ကြည့်နေခဲ့၏။

ဝတီ မျက်ဝန်းတွေက အံ့ဩစွာ အခရာကိုတစ်လှည့် သူ့ကိုတစ်လှည့် ကြည့်ရင်း နားလည်ရခက်နေဟန်။

''ဟို ဒီမှာထိုင်ပါရှင် အခရာ ဖုန်းပြင်ခအတွက် ဘယ်လောက်လျော်ပေးရမလဲရှင်''

အခရာ စကားကြောင့် သူ့အကြည့်တွေ ပြန်ဝေ့ဝဲလာရင်း အခရာကိုငေးစိုက်ကြည့်သည်။

''မင်းဘက်က ဘယ်လောက်လျော်ပေးဖို့ ဆုံးဖြတ်ထားသလဲ''

''ရှင်''

သူ့အမေးစကားကို အခရာ ဘယ်လိုပြန်ဖြေရမှန်းမသိ ဖြစ်သွားခဲ့သည်။ သူကတော့ အပြုံးယဲ့ယဲ့ ထင်သော နှုတ်ခမ်းတွေနှင့် အခရာကိုပဲ စိုက်ကြည့်နေခဲ့သည်။

သေချာသည်က ဒေါသရိပ်တို့ သူ့မျက်နှာမှာ ကင်းစင်နေခဲ့သည်။ စိမ်းညို့နေသည့် မျက်ခုံး၊ ထင်းနေသည့် နှာတံနှင့် နဂိုစိုလဲ့နီမြန်း



www.burmeseclassic.com

www.burmeseclassic.com



သော နှုတ်ခမ်းတို့က မိန်းမဆန်လွန်းစွာ နုဖတ်ချောမောပေမယ့် စိမ်းမြမြ မွေးညှင်းတို့ အရိပ်ထင်နေသည့် ပါးသိုင်းရာတို့ကြောင့် ယောကျ်ားပီသ လွန်းနေခဲ့ပြန်ပါသည်။

''ကိုယ်မေးတာက ကိုယ့်ဟန်းဆက် ပြင်ဆင်ခအတွက် မင်းဘက်က ဘယ်လောက် လျှော့ပေးဖို့ ပြင်ဆင်ထားသလဲလို့ပါ''

''ဟို ဟိုလေ အခရာရဲ့ လခလေးတွေထဲက စုဆောင်းထားတဲ့ ငွေရှစ်သောင်းကျော် ရှိပါတယ်၊ အခရာ နေ့တိုင်းထည့်ယူလာပါတယ်''

အခရာ့စကားကြောင့် သူ မျက်ခုံးနှစ်ဖက် မြင့်တက်သွားခဲ့ကာ စိုက်ကြည့်သည်။ ကြည်လင်ပြာလဲ့သော မျက်ဝန်းတွေထဲမှာ အံ့ဩရိပ်တို့ ထင်ဟပ်နေခဲ့တာလား မသိ။

''ဒီ ဝတီခင် ဖိနပ်စတိုးဆိုတာ မင်းဆိုင်မဟုတ်ဘူးပေါ့''

အခရာ ခေါင်းလေးခါပြစဉ်မှာပဲ ငြိမ်သက်နေသော ဝတီခင် ဆီမှ အသံက ထွက်ပေါ်လာ၏။

''ဟင့်အင်း မဟုတ်ပါဘူး၊ ဒီဆိုင်က ဝတီရဲ့ဆိုင်ပါ၊ သူက အရောင်းဝန်ထမ်းပါ''

ဖျတ်ခနဲ သူ့အကြည့်တွေ ဝတီခင်ဆီ ရောက်သွားခဲ့၏။ ဝတီခင်က ခင်မင်နှစ်လိုစွာ ပြုံးပြနေပေမယ့် သူ့နှုတ်ခမ်းတွေက တည်ငြိမ်နေကာ ချက်ချင်း အခရာဆီ ပြန်ဦးတည်လာ၏။

''အခရာ ဘယ်လောက်လျှော့ပေးရမလဲရှင်''

အခရာ မေးတာကို သူ မဖြေဘဲ နှုတ်ဆိတ်နေချိန်မှာ ဝတီခင်က အခရာအနား ရောက်လာခဲ့ကာ





''အခရာ ဟိုတစ်ခါ နင် ဝင်တိုက်မိလို့ ဒီကအစ်ကိုရဲ့ဖုန်း ကျကွဲသွားတယ်ဆိုတာလား''

''အင်း ဟုတ်တယ် ဝတီ''

''အားနာစရာကောင်းလိုက်တာရှင်၊ အခရာ လုပ်လိုက်ရင် ဒီလို နမော်နမဲ့ချည်းပဲ၊ ထိုင်ပါဦးရှင် အဲဒီကိစ္စအတွက် ဝတီ ကြားကတည်းက တော်တော် အားနာနေမိတာပါ အဟင်း''

ဝတီကတော့ ဝသီအတိုင်း စကားရောဖောရော လုပ်နေပြီဟု အခရာ သိလိုက်ပါသည်။ ဒီအကြောင်းကို ပြောပြတုန်းက ဆိုင်လိပ်စာ အမှန်ကို ပြောပြခဲ့တာကြောင့် အခရာကို အပြစ်တင်နေပုံနှင့် ဘာမှ မသက်ဆိုင်သလိုပါပဲ။

''အခရာ အအေးဖြစ်ဖြစ် တစ်ခုခုလုပ်ပါ၊ ဧည့်သည်ကို ဧည့်ခံရအောင်''

''ဘာမှမလုပ်ပါနဲ့ ပန်းအခရာ၊ ကိုယ်လာတာ ဟန်းဆက်အတွက် အလျော်တောင်းဖို့ မဟုတ်ပါဘူး''

''အို မဟုတ်တာ၊ သူ့ကြောင့်ဖြစ်လာမှတော့ ဝတီ တာဝန်ယူ ရှင်းပေးရမှာပေါ့၊ အစ်ကို့ကိုလည်း တောင်းပန်ချင်နေတာ အဟင်း''

သာလိကာ ရှုံးလောက်အောင် ဝတီခင် စကားတွေ ဝေနေသည်၊ ကာလာရောင်စုံ မျက်နှာကိုလည်း အပြုံးအရယ်တွေ ဖောသိစွာနှင့်

''ဘာမှပြဿနာမရှိဘူး၊ ကိုယ်က ပျက်စီးသွားတဲ့ဟန်းဆက်ကို ပြင်မသုံးတတ်ဘူး၊ အသစ်တစ်လုံး ဝယ်ပြီးပြီ၊ ပန်းအခရာ အဲဒီကိစ္စကို မင်း မေ့ပစ်လိုက်တော့ ဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ် ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင်''

''ကိုယ့်နာမည် ထည်ဝါ၊ နေမင်းထည်ဝါပါ ပန်းအခရာ ကဲ ရောက်တုန်းရောက်ခိုက် ဖိနပ်တစ်ရံလောက် အားပေးသွားမယ်''

အခရာ မျှော်လင့်ထားသည့် အခြေအနေမျိုးမဟုတ်ပါဘဲ ဘာ လျှော်ကြေးငွေမှ သူက မတောင်းဆိုခြင်းအတွက် အံ့သြဝမ်းသာခြင်းတော့ ဖြစ်မိတာ အမှန်။ ဘာပဲဖြစ်ဖြစ် အခရာ စုဆောင်းထားသည့်ငွေလေး မပွန်းပဲ့သွားတာ ကျေးဇူးတင်ဝမ်းသာမိပါသည်။

''ဘယ်လိုဖိနပ်မျိုး ယူမှာလဲ ကိုနေမင်းထည်ဝါ၊ ကြည့်ပါ မိတ် ဖြစ်ဆွေဖြစ် ဝတီ လျှော့ပေးပါ့မယ်''

ကြားထဲက ဝတီခင် ဝင်ပြောရင်း ယောကျ်ားစီး ဖိနပ်တွေထား သည့် စင်လေးဘက် လျှောက်သွား၏။

''ပန်းအခရာ ကိုယ့်ညီမ ဝမ်းကွဲတစ်ယောက်ကို လက်ဆောင် ပေးချင်လို့ မိန်းမစီးဒေါက်ဖိနပ်တစ်ရံလောက် ရွေးပေးစမ်းပါ၊ နံပါတ်က တော့ မင်းခြေတိုင်းလောက်ပဲ''

''ဟုတ် ဟုတ်ကဲ့ ကိုနေမင်းထည်ဝါ''

နေမင်းထည်ဝါ လိုချင်တာ မိန်းမစီးဖိနပ်။ ဝတီက ယောကျ်ား စီးဖိနပ်စင်ဘက် ရောက်နေတာမို့ မျက်နှာကွက်ခနဲ ပျက်သွားရှာ၏။

သူကတော့ ဝတီခင်ကို တစ်ချက်လေး ဂရုမစိုက်ဘဲ အခရာ ပြသော ဖိနပ်တွေကို ကြည့်ရှုနေသည်။

''ဒီဒေါက်ဖိနပ်လေးဆိုရင် အဆင်ပြေမလား ကိုနေမင်းထည် ဝါ''





''အစိမ်းရောင်ထက်စာရင် ရွှေအိုရောင်လေးကို ဝတီ ပိုကြိုက် တယ်၊ ရွှေအိုရောင်လေး ယူပါလား ကိုနေမင်းထည်ဝါ''

အနားရောက်လာသော ဝတီခင် အကြံပေးတာကို တစ်ချက် မကြည့်ဘဲ နေမင်းထည်ဝါ ခေါင်းတစ်ချက် ညိတ်ကာ

''အခရာ ရွေးပေးတဲ့ အစိမ်းရောင်လေးပဲ ယူမယ်၊ ပါကင်ထုပ် ပေးလို့ ရမလား''

''ဟုတ်ကဲ့ ရပါတယ်ရှင်''

တမင်ပဲ ဝတီခင်ကို ဆန့်ကျင်ကာ နေမင်းထည်ဝါ လုပ်ပြနေ သလားဟုတောင် အခရာ သံသယဝင်မိသည်။ ပြောသမျှ နေမင်းထည်ဝါ က အလေးထားပုံမပြတော့ ဝတီခင် မျက်နှာ ညိုညစ်ညစ် ဖြစ်နေသည်။

ဖိနပ်ဖိုးရှင်းတော့ ဝတီခင် လျှော့ပေးသော ဈေးကိုလက်မခံဘဲ ကပ်ထားသော ဈေးနှုန်းအတိုင်း ထုတ်ရှင်းပေးသည်။

''တန်ဖိုးအတိုင်းပဲ ကိုယ်ပယ်ချင်တယ်၊ လျှော့ပေးစရာမလိုပါ ဘူး ဝတီခင်''

''ခင်မင်ရင်းနှီးမှုအဖြစ်ပါ ကိုနေမင်းထည်ဝါရယ်၊ အခရာ လျော်ပေးရမယ့်ငွေကိုလည်း လျှော့ပေးခဲ့တာပဲလေ''

''ဒီကိုလာကတည်းက ဖုန်းဖိုးပြန်လျော်ခိုင်းဖို့ ကိုယ်လာတာ မဟုတ်ပါဘူး၊ ပန်းအခရာရဲ့ ရိုးသားမှုကို သိချင်လို့ လာခဲ့တာပါ၊ သူ့ရှိတဲ့ ဆိုင်ကို ရိုးရိုးသားသား မှန်မှန်ကန်ကန် ပြောပြခဲ့တာ ကိုယ် လေးစား အိုးကျူးတယ်၊ ဒါကြောင့် အသိအမှတ်ပြုတာပါ၊ ကဲ အခရာ ကိုယ့်ကို ခွင့်ပြုပါဦး''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

အခရာကို နှုတ်ဆက်ကာ ဖိနပ်ထည့်ထားသော ပါဆယ်ဘူး လေးကိုင်ကာ နေမင်းထည်ဝါ ထွက်သွားတော့ ဝတီ မျက်နှာမဲ့ရှုံ့ရင်း

"တော်တော် မာနကြီးမယ့်ပုံပဲ၊ ဒါပေမဲ့ လူကော အနေအထား ကပါ လန်းနေတော့ သည်းခံရတော့မှာပေါ့ဟယ်၊ နောက်တစ်ခါ ဆိုင်လာ ရင် ဒီထက်ရင်းနှီးမှုရအောင် လုပ်ရမယ်"

ဝတီကတော့ ရင်ထဲက ဆန္ဒကို မမျိုသိပ်နိုင်စွာ ထုတ်ဖော် ကြေညာသည်။ အခရာ ဘာမှ တုံ့ပြန်မဆိုမိပေမယ့် ရင်ထဲကတော့ သူ့ကို ကျေးဇူးတင်စကားတွေ အကြိမ်ကြိမ် ဆိုမိပါသည်။

ဖုန်းအတွက် လျှော့်ပေးဖို့ ဆောင်ထားသည့်ငွေလေး မပျောက် မပျက် ကျန်နေတော့လည်း ပေါင်နှံထားသည့် အိမ်အတွက် အတိုးလေး ဆပ်နိုင်ပြီလေ။

ဒီငွေလေးသာ ပဲ့သွားခဲ့လျှင် အခရာအတွက် တစ်လလုံးလုံး ချာလည်အောင် ရှာဖွေရမှာ အသေအချာဖြစ်၏။

အခုတော့ ရင်ထဲက အပူလုံးလေး လျှော့ကျသွားခဲ့ရတာ ဝမ်း သာစရာ။

■ ■ ■



## အခန်း (၄)

"ဟင် ဈေးအတွက် လက်ဆောင်က ဒီဖိနပ်လားဟင်"

မေးလာသည့်အသံမှာ အလိုမကျမှုတွေ အရိပ်ထင်နေမှန်း သူ သိသည်။ စီးကရက်ကို မီးညှိဖွာရှိုက်ရင်း သူ ဈေးကို လှည့်ကြည့်တော့ မရမ်းရောင်ခြယ် နှုတ်ခမ်းလေးတွေ စူမို့မို့ ဖြစ်နေ၏။

"အင်းလေ ဘာဖြစ်လို့လဲ၊ တန်ဖိုးနည်းတယ်ထင်လို့လား။ အဲဒီ ဖိနပ်က လေးသောင်းကျော်ပေးရတာနော်"

"ဖိနပ်ကြီးတော့ မကြိုက်ပါဘူး။ ဈေးက ထူးထူးခြားခြား အမှတ် ရစရာလက်ဆောင်မျိုး လိုချင်တာ၊ ပြီးတော့ ဈေးအတွက် တကယ်လိုအပ် တဲ့ အရာမျိုးပေါ့"

"မင်းက ဘာလိုချင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



စီးကရက်ကို တစ်ရှိုက်ဖွာရင်း ဆိုဖာထိုင်ခုံမှာ သူ မှီထိုင်ရင်း မေးတော့ လည်တိုင်က ပလက်တီနမ် ဆွဲကြိုးလေးကို စွေးကိုင်ပြရင်း

"ဒီဆွဲကြိုးလေးနဲ့လိုက်ဖက်မယ့် စိန်လော့ကတ်သီးလေးတစ်ခု လောက် စွေးလိုချင်တာ"

တပ်မက်မှု ရမ္မက်ရောင်စဉ်တွေ ဖြာဝေနေသော သွေးစွေးနီ၏ မျက်နှာကို သူ စေ့စေ့ရှုရှု ကြည့်လိုက်မိ၏။ တကယ်ဆို ထိုဆွဲကြိုးလေးကို လွန်ခဲ့သော နှစ်ပတ်ခန့်ကပဲ သူ ပေးခဲ့တာဖြစ်၏။

မှတ်မှတ်ရရ သူနှင့်စွေးတို့ ချစ်သက်တမ်း တစ်ပတ်မြောက်နေ့ မှာ ဒီအခန်းလေးထဲမှာပဲ သူ လက်ဆောင်ပေးခဲ့တာ ဖြစ်၏။

ထိုစဉ်တုန်းက သွေးစွေးနီ မျက်နှာလေး အပြုံးကြည်နူးရိပ်တွေ ရောင်စဉ်ဖြာနေခဲ့ကာ သူ့ရင်ခွင်ထဲ တိုးဝင် ချစ်စကားတွေ တွတ်တီးတွတ်တာ ဆိုခဲ့ဖူးသည်။ တရှိုက်မက်မက် အနမ်းတွေနှင့် ရင်ခုန်သံတို့ လှိုင်းထန် သော ကမ္ဘာတစ်ခုဆီ ခေါ်ဆောင်သွားဖူးခဲ့သည်။

သွေးစွေးနီ ဆိုသော မိန်းကလေးသည် လိုချင်တာတစ်ခုအတွက် တစ်ခုပြန်လည်ပေးဆပ်ဖို့လည်း ရဲဝံ့သူဖြစ်သည်။

"ကိုထည် စွေးအတွက် စိန်လော့ကတ်သီးတစ်ခုလောက် ဝယ် ပေးနော်"

မျက်နှာချင်းဆိုင် ဆိုဖာထိုင်ခုံမှ သူ့နံဘေးကို သုတ်ခနဲ ရောက် လာကာ သွေးစွေးနီ ညုတုတုလေးဆိုသည်။

အကျည်းမတန်သော မျက်နှာလေးကို ရောင်စုံကာလာတွေနှင့် နှစ်သက်စရာဖြစ်အောင် သွေးစွေးနီ ပြင်ဆင်ထတ်သည်။ ယောကျ်ား





တစ်ယောက်၏အညှာကို ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်သည်။

လှပ၍ စွဲမက်နိုင်သော မိန်းကလေးတွေကို နှစ်သက်သဘောကျ တတ်သော သူ့အတွက် သွေးစွေးနီနှင့်အလွယ်တကူ ငြိစွန်းသွားတာလည်း ထူးဆန်းသောကိစ္စတစ်ခု မဟုတ်ခဲ့ပါ။

"အခုချိန်မှာ စွေး တောင်းဆိုတာထက် ကိုယ်ဆန္ဒရှိတာကို ဝယ်ပေးတာမို့ မင်း တန်ဖိုးထား ကျေနပ်သင့်တယ် စွေး"

သူ မာပြတ်ပြတ်ဆိုတော့ သွေးစွေးနီ မျက်နှာပေါ်က အပြုံးရိပ် လေးတွေ ပျောက်ကွယ်သွား၏။ ဒါပေမဲ့ ဟန်ဆောင်တတ်သော စွေး မျက်နှာလေး ချက်ချင်းပဲ အပြုံးလေးထင်ဟပ်လာကာ

"ကိုထည် လက်ဆောင်ကို စွေး သဘောကျကျေနပ်ပါတယ်၊ ဒါပေမဲ့ အရောင်က အစိမ်းရောင်ကြီးမို့ သိပ်မကြိုက်ဘူး"

"ဒါဆို အဲဒီဖိနပ်ကို အောက်က အမှိုက်ပုံးထဲ မင်းကိုယ်တိုင် သွားလွှင့်ပစ်လိုက် စွေး၊ မင်းကြိုက်တဲ့အရောင်ပြော အဲဒီအရောင်အတိုင်း နောက်တစ်ရံ မနက်ဖြန် မင်းအိမ် ကိုယ်ပို့ခိုင်းလိုက်မယ်"

ယတိပြတ်ဆန်သော သူ့စကားကြောင့် စွေး အလိုက်သိစွာ ခေါင်းလေးခါရင်း

"ဟင့်အင်း စွေး အရောင်မကြိုက်ပေမယ့် ကိုထည် ဝယ်ပေး တဲ့ပစ္စည်းကို တန်ဖိုးထားပါတယ်၊ အဟင်း စွေးကို စိတ်ဆိုးသွားတာလား ဟင်"

စိတ်ကုန်နေတာဟာ ပက်ခနဲ ပြန်ပြောပစ်လိုက်ချင်ပေမယ့် မျို သိပ်ရင်း လက်ထဲက စီးကရက်ကို ခွက်ထဲ ထိုးချေပစ်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို သွေးစွေးနီကို သူ စိတ်ကုန်နေတာတော့ အမှန်။ ချစ်သူသက်တမ်း တစ်လတောင် မပြည့်သေးပေမယ့် ဈေးရဲ့လောဘစိတ်တွေကို သူ မြင်တွေ့နေခဲ့ရတာ များလှပြီ။

ရှေ့ပင် တစ်ခါခေါ်သွားစဉ်က ငွေငါးသိန်းကျော်၊ လက်ဆောင်ဆွဲကြိုးတစ်ကုံးနှင့် ဈေးသိပ်ကြိုက်ပါသည် ပူဆာ၍ သူ ဝယ်ပေးခဲ့သော ဟန်းချိန်းတစ်ခု။

တစ်လတောင် မပြည့်သေးခင် ဈေးတောင်းဆို၍ သူပေးခဲ့သော တန်ဖိုးက ဆယ်သိန်းကျော်မျှရှိ၏။ နေမင်းထည့်ဝါလို ယောကျ်ားတစ်ယောက်အတွက် ထိုမျှငွေကြေးလောက်က သဲတစ်ပွင့်မျှလောက် မဟုတ်ပေမယ့်လည်း

ခပ်တုံးတုံးအအ ယောကျ်ားတစ်ယောက် မဟုတ်တာဆိုတာတော့ သွေးစွေးနီ သိစေချင်၏။

"ကိုထည့်"

တိုးလျှလျှ ခေါ်သံနှင့်အတူ လည်ရှည်ဖန်ခွက်လေးထဲ ဝိုင်တစ်ခွက် ငှဲ့ပေးကာ သွေးစွေးနီ ကမ်းပေးလာ၏။

ဒီလို အလိုက်သိမှုတွေက သွေးစွေးနီရဲ့ကျွမ်းကျင်မှု မာယာတွေဆိုတာလည်း သူ ကောင်းကောင်းသိပါသည်။

"ဈေးတို့ အတူဆုံကြတဲ့အချိန်လေးတွေမှာ ပျော်ပျော်နေကြရအောင်နော်"

သူ့ရင်ခွင်ထဲ တိုးဝင်လာကာ နွဲ့နွဲ့လေး ဆိုလာသော ဈေးရဲ့ မာယာတွေက ချိုအီသည်။ ပြီးတော့ ဝိုင်တစ်ခွက်လို စူးရှရီဝေစေ၏။





မရမ်းရောင်ခြယ် နှုတ်ခမ်းတို့၏နွေးထွေးရှိန်းမြမှုကို သွေးကြောထဲ စီးဝင်သွားသော ဝိုင်တစ်ခွက် အရသာနှင့် သူ မြည်းစမ်းကြည့်မိ၏။

အထိအတွေ့နှင့် ရင်ခုန်ဆူဝေမှုသည် အချစ်တစ်ခုမဟုတ်တာတော့ အတွေ့အကြုံအရ သူ ကောင်းကောင်း လက်ခံသိထားပါသည်။

သူ လက်ခံသလို သွေးစွေးနီလည်း လက်ခံနိုင်မည် ထင်ပါရဲ့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

နေမင်းထည်ဝါ ဆိုင်ကို ရောက်လာပြီး နောက်သုံးရက်လောက် ဆိုင်မြဲနေသော ဝတီ။ နောက်ရက်မှာတော့ အရှုံးပေးသွားခဲ့၏။

"အလကားပဲဟာ စိတ်မော လူပင်ပန်းတာပဲ အဖတ်တင်တယ် ဒီလူ ဆိုင်ကိုလာမှာ မဟုတ်တော့ပါဘူး"

"အကြောင်းကိစ္စမရှိဘဲ သူ လာမလား ဝတီရဲ့"

"လာမယ် မျှော်လင့်မိတာပေါ့ဟာ၊ ငါ့ကိုက တစ်ချက်ညှိသွားတာ သူ့ဖုန်းနံပါတ်တောင်းထားလိုက်ရင် ပြီးပြီ၊ ဖုန်းလေးဆက်သွယ်လို့ရတာ ပေါ့"

ဝတီ ထိုမျှလောက်အထိ သိက္ခာမဲ့လွန်းနေတာတော့ အခရာ သဘောမကျပါ။ တကယ်ဆို နေမင်းထည်ဝါ ဆိုင်ကိုရောက်လာတာ ဖုန်းကိစ္စကြောင့် ဖြစ်သည်။





အားနာ၍လား၊ တိုက်ဆိုင်၍လားမသိ။ လေးသောင်းကျော်တန် ဖိနပ်တစ်ရံတော့ ဝယ်သွားသေး၏။ ဒါကို ဝတီ နောက်တစ်ကြိမ်ထပ် ရောက်လာဖို့ မျှော်နေခြင်းကတော့ မိုက်မဲရာကျလွန်းပါသည်။

"ပြောသာပြောရတာပါ၊ သူ့လိုယောကျ်ားတစ်ယောက်က တို့ အခြေအနေလောက်ကို အရေးထားမှာ မဟုတ်ပါဘူး"

နောက်နေ့မှာ ဝတီဆိုင်ကို မထိုင်တော့ပါ။ ထုံးစံအတိုင်း အကြောင်းပြချက်တွေနှင့် ဆိုင်ကလစ်သွားတာက နေ့စဉ်။

"အခရာ ဆိုင်ကို နင်ပဲတာဝန်ယူလိုက်ဟာ၊ ငါ ဒီနေ့ ကေသီ တို့နဲ့ သွားစရာလေးရှိလို့"

အခရာ ရှိနေသည်ဆိုသော အသိနှင့် ဝတီကတော့ ဆိုင်ကို ဥပေက္ခာပြုသွားတတ်တာ မဆန်းပါ။ အန်တီယုကလည်း အခရာကို ယုံကြည်ပေးထားတာပဲဖြစ်၏။

ကျောင်းပြီးလို့ ဘွဲ့ရလျှင်တော့ အခရာ ဆိုင်မှာ မလုပ်နိုင်တော့ ဟု အန်တီယုကို အသိပေးထားပြီး ဖြစ်သည်။

အခရာ ဘဝအတွက် တိုးတက်ရာလမ်းကိုတော့ ကြိုးစား လျှောက်လှမ်းရဦးမည်။ ဒါကို အန်တီယုကလည်း နားလည်ပေးခဲ့၏။

"အင်းပါကွယ် သမီးအခရာ မရှိရင်တော့ ဆိုင်အတွက် အန်တီ သုံးပဲ စိတ်ရှုပ်ရဦးမှာပေါ့၊ သမီး ဝတီကတော့ ဘယ်လိုမှ အားကိုးမရမှာ သေချာတယ်"

အန်တီယုကို သနားပေမယ့်လည်း အခရာမှာလည်း ကိုယ့် အကြောင်းတွေနှင့်ကိုယ်သာ ဖြစ်သည်။ ဖေဖေ့ကို အခရာ အခုထက်



www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံအောင် ထားချင်သည်။

အိမ်နှင့်ခြံလေးကို ရွေးရဦးမည်။ ဖေဖေ့ခမြာ ထိုအိမ်ကိစ္စအတွက် အမြဲတမ်း ပူပန်နေတာ အခရာ သိသည်။

''ဖေဖေ မသေခင် အိမ်နဲ့ခြံကို ပြန်ရွေးပေးခဲ့ချင်တယ် သမီးလေးရယ်၊ ဒါပေမဲ့ ဖေဖေ့အခြေအနေက''

''အို ဖေဖေရယ် အဲဒါအတွက် ခေါင်းထဲထည့်မနေပါနဲ့ သမီး ကျောင်းပြီးရင် ဒီထက်လစာကောင်းတဲ့အလုပ်တစ်ခု ရှာလုပ်မှာပေါ့၊ ဒါဆို ရင် အိမ်ကို ပြန်ရွေးနိုင်ပါပြီ''

''အင်း ဖေဖေ့သမီးလေးအပေါ် ဝန်တွေပိနေတာ ဖေဖေ စိတ်မကောင်းပါဘူးကွယ်''

စိတ်သွားတိုင်း ကိုယ်မပါနိုင်သော ဖေဖေ့အခြေအနေအတွက် အခရာ စာနာနားလည်နိုင်ပါသည်။ ထိုအတွက် ဖေဖေ စိတ်ချမ်းသာအောင် အခရာ ဖန်တီးပေးချင်၏။

စိတ်ရဲပြင်းပြသော ဆန္ဒအတွက် အခရာ ကိုယ်စွမ်းရှိသလောက် ရုန်းကန်ရဦးမည်။

မျက်ဝန်းထဲမှာ ရိပ်ခနဲ မြင်လိုက်သော အရိပ်တစ်ခုကြောင့် အတွေးတွေပြတ်ကာ ဆိုင်ရှေ့ကို လှည့်ကြည့်တော့

''ဟင်''

ဘယ်လိုမှ ထင်မှတ်မထားတာကြောင့် အံ့သြသွားခဲ့တာတော့ အမှန်ပဲဖြစ်သည်။

ဆိုင်ထဲကို ဝင်လာတာ နေမင်းထည်ဝါပဲဖြစ်၏။ ခလယ်ခွဲဆံ





ချင်သော ဆံပင်တွေကို နောက်လှန်ဖြီးသင်ကာ ဂုတ်ထောက်လုမတတ် ရှည်တာမို့ ရင့်ရော်မသွားဘဲ ကြည့်ကောင်းသည်။

အခရာထက် အသက်ကြီးနိုင်တာ ခန့်မှန်းလို့ရသော်လည်း နုပျိုကြည်လင်သော မျက်နှာကြောင့် သူ့အသက်ကို မတွက်ဆတတ်ပါ။ သူက အပြုံးတွေနှင့် အခရာကို နှုတ်ဆက်ရင်း

''ဒီနေ့ မင်းတစ်ယောက်တည်းလား''

''ဟုတ်ကဲ့ ကိုနေမင်းထည်ဝါ၊ ဘာအလိုရှိလို့လဲဟင်''

''ကိုယ် ဘာမှ ဝယ်စရာမရှိပါဘူး၊ ဒီဆိုင်လေးကို တမင်လာတာ၊ အခရာကို တွေ့ချင်တာလည်း ပါတယ်''

နည်းနည်းတော့ အံ့သြသွားမိပေမယ့် အခရာ ကျောမှီ ပလပ်စတစ်ထိုင်ခုံလေးချပေးရင်း

''ထိုင်ပါ ကိုနေမင်းထည်ဝါ''

ဒီတစ်ခါတော့ သူ မငြင်းဘဲ ထိုင်ခုံမှာ ဝင်ထိုင်သည်။ အညိုရောင် စပို့ရှပ်လက်တိုနှင့် အနက်ရောင် ဘောင်းဘီရှည်ဝတ်ထားသော သူ့ဝတ်စားဆင်ယင်မှုက အမြဲတမ်း ရှင်းသန့်ကြည့်ကောင်းနေတာပဲ ဖြစ်၏။

''ဟို တစ်ခုခုသောက်ပါလား အခရာ ဘာစီစဉ်ပေးရမလဲဟင်၊ အပူလား အအေးလား''

''နေ နေ အခရာ၊ ကိုယ့်အတွက် ဘာမှမလိုဘူး၊ ကိုယ်ခင်းနဲ့တွေ့ချင်လို့ လာခဲ့တာ၊ ကိုယ့်ကြောင့်တော့ အနှောင့်အယှက်မဖြစ်ပါဘူးနော်''



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ဆိုင်လည်း လူပါးနေချိန်ပဲ၊ ဘာမှမဖြစ်ပါဘူး။ဟို အဲ ဝတီက ဒီနေ့ ဆိုင်မှာမရှိဘူး"

"ဟိုတစ်နေ့က တွေ့တဲ့ မိန်းကလေးလား ဒီဆိုင်ပိုင်ရှင်ဆိုတာ"

"ဟုတ်ကဲ့ ဝတီခင်က ဒီဆိုင်ပိုင်ရှင်ပါ၊ အခရာကတော့ တစ်လ ရှစ်သောင်းနဲ့ အရောင်းတာဝန်ယူထားတာပေ့ါ"

"ကိုယ်သိတယ်၊ မင်းတို့တွေက ညီအစ်မဝမ်းကွဲတွေတော်တယ် ဆိုတာ သိထားတယ်"

အခရာ အံ့ဩမိပြန်ပါသည်။ နေမင်းထည်ဝါ ဘယ်လိုသိသွားတာလဲ။ ဝတီနှင့်များ ဆုံကြသေးသည်လား။

"ပန်းအခရာ ဆိုတဲ့ မင်းမှာ အဖေတစ်ယောက်ပဲရှိတော့တာလည်း ကိုယ် သိတယ်၊ ဒီဆိုင်မှာ အလုပ်လုပ်ရင်း အဝေးသင် မင်းတက်နေတာဆို"

အခရာ မျက်ဝန်းလေးဝိုင်းကာ ခေါင်းညိတ်ရပြန်ပါသည်။ အခရာ ထင်ထားသည်ထက် သူ အားလုံးကို သိနေခဲ့တာ ဘာကြောင့်မှန်း တွေးလို့မရပါ။

"မင်းက တကယ်တော်တဲ့ မိန်းကလေးတစ်ယောက်ပဲ အခရာ၊ မိဘကို ရှာဖွေကျွေးမွေးရင်း ကြိုးစားနေတဲ့သူပဲ"

အခရာကို စူးစိုက်ကြည့်ကာ ချီးကျူးနေတော့ အခရာ မနေတတ် ဖြစ်နေရသလို အခရာအကြောင်းတွေ သိနေသော သူ့ကိုလည်း အံ့ဩနေမိဆဲ။

"ပြီးတော့ မင်းရဲ့ရိုးသားမှုကို ကိုယ် လေးစားတယ် ပန်းအခရာ၊





ပျက်စီးသွားတဲ့ ကိုယ့်ဟန်းဆက်အတွက် လျော်ပေးမယ့် မင်း နာမည်တွေ နေရပ်လိပ်စာတွေ အမှန်ပြောသွားမယ်လို့ ကိုယ် ထင်မထားဘူး"

"အခရာ လိမ်ညာပြောခဲ့တာလို့ ကိုနေမင်းထည်ဝါ ထင်နေလို့လားဟင်"

အခရာ မေးတော့ မပွင့်တပွင့်လေး ပြုံးသည်။ ညီညာဖြူဖွေးသော သွားတန်းတွေ လက်ခနဲ ပေါ်လွင်သွားတာကို အခရာ ငေးကြည့်မိသေး၏။

"အမှန်ဝန်ခံရရင် သံသယ ဖြစ်ခဲ့မိတယ်၊ ဒါပေမဲ့ မင်းရဲ့ မျက်ဝန်းတွေထဲက ရိုးသားမှုတွေကို ကိုယ် အသိအမှတ်ပြုပါတယ်"

"အခရာကြောင့် ဖြစ်ခဲ့တဲ့ကိစ္စကို အခရာ တာဝန်ယူပေးရမှာ၊ နားလည်လက်ခံပြီးသားပါ"

"ကိုယ် ယုံတယ် အခရာ၊ ဒါပေမဲ့ မင်းရဲ့ရိုးသားမှုက တန်ဖိုးဖြတ်လို့ မရဘူးလေ၊ ဒါကြောင့် ကိုယ် အသိအမှတ်ပြုလိုက်တာပါ"

ထိုအခိုက်မှာပဲ ဆိုင်ထဲကို ဝင်လာသော ဝယ်သူမိန်းကလေးနှစ်ယောက်ကြောင့် နေမင်းထည်ဝါ အလိုက်တသိ ထရပ်ရင်း

"ကဲ ကိုယ့်ကို ခွင့်ပြုဦး အခရာ၊ မင်းနဲ့ကိုယ် မိတ်ဆွေတွေ ဖြစ်သွားပြီလို့ အသိအမှတ်ပြုရင် ဆုံတိုင်း နှုတ်ဆက်ကြစတမ်းနော်"

အခရာ ခေါင်းညိတ်မိလိုက်သလား မသေချာပါ။ သူကတော့ ဆိုင်ရှေ့မှာ ရပ်ထားသော CYGNUS, ကားကြီးဆီ လှမ်းသွားခဲ့၏။

အခရာ စိတ်ထဲမှာ မေးခွန်းတွေ၊ တွေးစရာတွေ ရှုပ်ထွေးကျန်ရစ်ခဲ့ပေမယ့် သူကတော့ တည်ငြိမ်စွာ ထွက်သွားခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကို သူ ရောက်လာတာကိုသာ ဝတီ သိလျှင် ဘာပြောမည် မသိ။ သူ ဆိုသွားသောစကားတွေကတော့ အခရာအတွက် အံ့ဩစရာတွေ ဖြစ်လို့ ကျန်ခဲ့တာ အမှန်။

အခရာအကြောင်းတွေကို သူ ဘယ်လိုသိနေခဲ့တာလဲ။

■ ■ ■

အခန်း (၆)

''ဟင် ဘာရယ် သူ သူ လာသွားတယ် ဟုတ်လား အခရာ''

အံ့ဩမျက်နှာနှင့် ဝတီ မေးလာသည်။ အမှန်ဆိုလျှင် မပြောလည်းဖြစ်သည့်ကိစ္စ ဖြစ်ပေမယ့် ဝတီခင်အကြောင်းကို အခရာ အသိဆုံး ဖြစ်သည်။

နောင်အခါ မပြောရကောင်းလားဟု အပြစ်တင်စကားဆိုလာမှာကို မခံချင်စိတ်ကြောင့် ဖွင့်ပြောဖြစ်ခဲ့တာ ဖြစ်၏။

''ဟုတ်တယ် ဝတီ၊ လမ်းကြုံရင်း ဝင်လာတာတဲ့''

''ဟယ် ငါ မရှိတာ တကယ် နာလိုက်တာဟာ၊ ကံကလည်း ဆိုးလိုက်တာ ကိုယ်စောင့်နေတဲ့ သုံးရက်လုံးလုံးကျတော့ ရောက်မလာဘူး။ ငါ မရှိတဲ့ရက်ကျမှ သူက လာရတယ်လို့''

ဝိုးမိုးခါဇုံမှ

www.burmeseclassic.com

www.burmeseclassic.com



ဝတီ မချိတင်ကဲ ဖြစ်နေတာကိုကြည့်ရင်း အခရာ အတော်ပဲ စိတ်ပျက်မိသည်။ ကိုယ်က မိန်းကလေးတစ်ယောက်ဆိုတာကိုတောင် ဝတီ သတိမရနိုင်တော့ပြီလား မသိပါ။

"ဘာတွေပြောသွားသေးလဲ အခရာ၊ ငါ့ကို မေးသေးလား။ အဟင်း"

တကယ့်ကို ဝတီကတော့ အရှက်တရားကော သိက္ခာပါ ကင်းမဲ့နေပြီ ထင်ပါရဲ့။

"နင် မရှိဘူးလို့ ငါ ပြောပြလိုက်တယ်၊ သူလည်း အကြာကြီး မနေပါဘူး။ ဈေးဝယ်သူတွေရောက်လာလို့ နှုတ်ဆက်ပြန်သွားတယ်"

"ဟယ် နင်ကလည်း အသုံးမကျလိုက်တာ၊ ကိုယ့်ဆီရောက်လာတဲ့ဧည့်သည်ကို ဧည့်မခံလိုက်ဘူးလား။ အင်း ငါမရှိတာ အတော်ဆိုးတာပဲဟယ်"

ဒီစကားကိုပဲ ဝတီ အကြိမ်ကြိမ် ရေရွတ်ညည်းညူနေသည်။ အခရာကတော့ စင်ပေါ်ကဖိနပ်တွေကို နေသားတကျရှိအောင် ပြင်ဆင်ရင်း အလုပ်ရှုပ်သလို နေလိုက်သည်။

"အခရာ သူ ဘယ်တော့ပြန်လာဦးမှာလဲ"

"ဘယ်သိမလဲ ဝတီရဲ့"

"နင်ကလည်း တကယ်တုံးလိုက်တာ၊ နည်းနည်းပါးပါးမေးမထားလိုက်ဘူး"

မိန်းမတန်မဲ့ ဣန္ဒြေသိက္ခာမဲ့ မေးလောက်အောင် အခရာ သိက္ခာ မမဲ့သေးပါ။ ဝတီကိုကြည့်ကာ စိတ်ပျက်မိတာ အမှန်။ ညီအစ်မ





ဝမ်းကွဲ တော်သည်ဆိုပေမယ့် အကျင့်စရိုက်တွေက မတူတော့ ခက်ပါသည်။

"သူ လာလည်မယ့်ရက်လေး မေးထားရင် ငါ ကြိုပြင်ဆင်စောင့်လို့ရတာပေါ့ အခရာရယ်"

"ဒီလူနဲ့ငါက ရင်းနှီးတဲ့မိတ်ဆွေတွေလည်း မဟုတ်ဘူး ဝတီ၊ ပြီးတော့ လမ်းကြုံဝင်လည်တဲ့ ယောကျ်ားတစ်ယောက်ကို ဒီစကားတွေ ငါ မေးရမှာလား"

စိတ်မရှည်နိုင်စွာ အခရာ ပြောလိုက်တော့ ဝတီ နှုတ်ပိတ်သွားခဲ့သည်။ ဒါပေမဲ့ မကျေမနပ် မျက်ဝန်းတွေနှင့် အခရာကို လှမ်းကြည့်ရင်း

"နင်က ဘာမာနတွေ တက်နေရတာလဲ၊ နေမင်းထည်ဝါလို ယောကျ်ားတစ်ယောက်ကို အလေးမထားတဲ့ သဘောလား"

"သူ့အကြောင်း ငါ ဘာမှမသိဘူး ဝတီ၊ ကိုယ် ဘာမှမသိတဲ့ ယောကျ်ားတစ်ယောက်ကို အထင်ကြီးတာတွေ အထင်သေးတာတွေ ငါ မဝေဖန်တတ်ဘူး"

ဝတီ မျက်နှာကို မဲ့ချပစ်၏။ အကျည်းတန်တာမဟုတ်ပေမယ့် လိုတာထက် ပြင်ဆင်ထားသော ဝတီမျက်နှာက ရွံစရာကောင်းနေ၏။

"အေးလေ နင့်ဘဝအခြေအနေကလည်း သူ့လိုယောကျ်ားတစ်ယောက်ရဲ့အပေါ် မမျှော်မှန်းသင့်ပါဘူး။ ငါကတော့ နေမင်းထည်ဝါလို ယောကျ်ားတစ်ယောက်ကိုတော့ အလေးထားရမှာပဲ"

လူတစ်ဖက်သားကို တိုက်ခိုက်ရမှ ကျေနပ်တတ်တာ ဝတီရဲ့ အကျင့်ဖြစ်နေပြီထင်ရဲ့။ အခုလည်း အခရာကို စကားလုံးတွေနှင့် တိုက်



www.burmeseclassic.com

www.burmeseclassic.com



ခိုက်ကာ ဆိုင်အနောက်ဘက်ကို လှမ်းဝင်သွားခဲ့သည်။

ဝတီရဲ့ ကြမ်းတမ်းသော ဝသီကိုသိနေသော အခရာ နှုတ်ဆိတ်သည်းခံနေလိုက်ပါသည်။

တကယ်ဆို နေမင်းထည်ဝါ ကို ဝတီ မက်မက်မောမော ဖြစ်နေတာ ဘာကြောင့်လဲ အခရာ နားလည်ပြီးသား ဖြစ်သည်။ နေမင်းထည်ဝါရဲ့အခြေအနေနှင့်ရုပ်သွင်က မိန်းမတိုင်း နှစ်သက်စရာ ဖြစ်နေသည်ပဲ။

အခွံသာရှိ၍ အဆံမရှိတော့သော ဝတီတို့တဝ အခြေအနေမှာ နေမင်းထည်ဝါလို ယောကျ်ားတစ်ယောက်ကို မက်မောမှာပဲဖြစ်၏။

အခရာအတွက်တော့ မာနကြီးသည်ဆိုချင်ဆိုတော့။ ကိုယ့်အနာဂတ်ဘဝ တိုးတက်လမ်းအတွက် ကိုယ်တိုင်ပဲ ကြိုးစားချင်သည်။ ကိုယ့်အရည်အချင်းကိုပဲ ယုံကြည်သည်။

ဒါကို ဝတီ သိအောင် ပြောမပြချင်တော့ပါ။ အခရာ ပြောပြလို့လည်း ဝတီ နားလည်နိုင်မှာမဟုတ်တော့လည်း . . .။

■ ■ ■

## အခန်း (၇)

မင်္ဂလာဈေးမှာ စဆုံကတည်းက ထူးခြားသော မျက်နှာလေးကို ထည်ဝါ သတိထားမိတာ ဖြစ်သည်။

မဟော်ဂနီရောင် ဆံပင်လေးတွေက ကျောအလယ်ခန့်အထိပဲ ရှည်ကာ ရိုးရိုးစင်းစင်းလေး ဂုတ်နောက်မှာ ဆံညှပ်လေး စည်းနှောင်သိမ်းထားတာ ဖြစ်၏။

မထူးခြားပေမယ့် ထူးခြားသော မျက်နှာလေးကတော့ သတိထားမိစရာပဲ ဖြစ်သည်။

မျက်ခုံးလေးတွေက တညီတညာ စိုက်ထားသလို ပြေပြေလေး တန်းနေကာ မျက်နက်ဝန်းလေးတွေက ပြာလဲ့ကြည်စင်နေသည်။ နှာတံ ပြေပြေစင်းစင်းလေးအောက်က နှုတ်ခမ်းပိပိပါးပါးလေးတွေကလည်း စွဲ

www.burmeseclassic.com

www.burmeseclassic.com



မက်စရာကောင်း၏။

ဖိနပ်ထုပ်တွေကို လက်နှစ်ဖက်နှင့် မနိုင်ဝန် သယ်ဆောင်လာသော ထိုကောင်မလေး သူ့ကိုဝင်တိုက်တော့ ထောင်းခနဲ ဒေါသဖြစ်သွားခဲ့တာ ဝန်ခံပါသည်။

ထောင့်ချိုးနံရံမှာ တစ်ယောက်တည်း လွတ်လွတ်လပ်လပ် ဖုန်းပြောနေသော သူ့ကိုမှ ဝင်တိုက်မိသည့် ကောင်မလေးကြောင့် လက်ထဲက ဖုန်းလွတ်ကျကာ ကွန်ကရစ်လမ်းပေါ် ပြုတ်ကျသွားခဲ့ရသည်။

ဟန်းဆက်က စက္ကူရင်မှန်သားလေး ကွဲသံနှင့်အတူ ကောင်မလေးရဲ့ စိုးရိမ်ရိပ်သမ်းသော မျက်ဝန်းတွေ. . .။

ပြီးတော့ သူ့ဟန်းဖုန်းလေးကို စိုးရိမ်တကြီး ပြေးကောက်ထိတ်လန့်သွားသော မျက်နှာလေး။ အားလုံးကို သူ စိမ်ပြေနပြေ ရပ်ကြည့်နေခဲ့သည်။

"ဟို ဟို အခရာ တောင်းပန်ပါတယ်ရှင်"

ဟန်းဖုန်းလေးကို ကိုင်ကာ တောင်းပန်သံ တုန်တုန်လေးနှင့် မျက်နှာလေးကို မြင်လိုက်ရချိန်မှာ သူ့ဒေါသတွေ အတော် လျော့ကျသွားခဲ့ပြီးပြီ။ ဒါပေမဲ့ ကောင်မလေးရဲ့အမှားကိုတော့ သူ ဝေဖန်မိ၏။

သည်လောက် မနိုင်မနင်း ဖိနပ်ထုပ်တွေကို သယ်လာတာကိုက အမှား။ ဈေးအလုပ်သမားကို ငှားရမှာပဲ နှမြောတွန့်တိုနေသလား။ သူမလေးကတော့ တောင်းပန်ဖြေရှင်းပါသည်။

"ဟို အခရာမှာ ငွေသိပ်မကျန်တော့လို့ပါရှင်"

မျက်နှာငယ်လေးနှင့် တောင်းပန်သည်။ နားထင်စပ်မှာ ရွေး





လေးတွေစွဲနေသော ကောင်မလေးကတော့ သူ့အမှားအတွက်တော့ တာဝန်ယူရဲသော သတ္တိတော့ ရှိနေ၏။

"အခရာ တောင်းပန်ပါတယ်ရှင်၊ အခရာ ဘာလုပ်ပေးရမလဲဟင်"

စကားပြောလျှင် နာမည်ကို ထည့်သုံးတတ်တာ ကောင်မလေးရဲ့ အကျင့်ဖြစ်နေပြီ ထင်သည်။ လှပသော မျက်နှာလေးနှင့် နာမည်လေးကလည်း ချစ်စရာကောင်းသည်။

ဒါပေမဲ့ သူ့ဘက်က သွေးတိုးစမ်းသည့်သဘောနှင့် အသစ်တစ်လုံး လျော်ပေးနိုင်သလား မေးတော့ မျက်နှာလေး ညှိုးသွားခဲ့၏။

ဟန်းဆက်လေး ပြန်ပြုပြင်ကုန်ကျငွေကို တာဝန်ယူမည်ဟု ဆိုသည်။ နေမင်းထည်ဝါ ဆိုသော ယောကျ်ားတစ်ယောက်က ပျက်စီးသွားသော ပစ္စည်းတစ်ခုကို ပြန်ပြုပြင် သုံးတတ်သူ မဟုတ်ဆိုတာ ကောင်မလေး မသိသေးတော့ အခက်။

ကောင်မလေးရဲ့ တာဝန်ယူမှုကိုတော့ သူ အသိအမှတ်ပြုရမှာဖြစ်သည်၊ တခြားသူတစ်ယောက်ဆိုလျှင် အူဖက်မတတ် တောင်းပန်ချင်တောင်းပန်မည်။ ဒါမှမဟုတ် အပြစ်မရှိသလို မျက်စိမှိတ် ခံငြင်းချင်ငြင်းနိုင်သည်။

အခရာဆိုသော ကောင်မလေးကတော့ မတူပါ။ အမှားကို တာဝန်ယူမည်ဆိုသော ကောင်မလေး။ နာမည် အပြည့်အစုံက ပန်းအခရာဟု ဆို၏။

'ဝတီခင်' ဆိုသော ဖိနပ်ဆိုင်လေး ဖွင့်ထားသော လိပ်စာကို



www.burmeseclassic.com

www.burmeseclassic.com



လည်း သူ့ကို ပြောပြခဲ့သည်။

ထိုစဉ်တုန်းက သူ မယုံကြည်ချင်ပေမယ့် လမ်းကြုံသည့်တစ်ရက်မှာတော့ ပန်းအခရာ၏ဆိုင်လေးကို ရောက်ခဲ့၏။

သည်တော့မှပဲ ပန်းအခရာအကြောင်းတွေကို သူ တစ်ပိုင်းတစ်စ သိခွင့်ရလိုက်တာ ဖြစ်သည်။ ဖိနပ်ဆိုင်လေးက ပန်းအခရာ ပိုင်ဆိုင်သောဆိုင် မဟုတ်တဲ့။

ဆိုင်ရဲ့အရောင်းဝန်ထမ်းအဖြစ် လခစား ပန်းအခရာက သူ ရောက်လာလျှင် ဖုန်းပြင်ခငွေပေးဖို့ ရှိသည့်ငွေလေးကို နေ့စဉ်ထည့်ယူလာသည်တဲ့။

သည်နောက်ပိုင်းမှာတော့ သူ စိတ်ဝင်စားသွားမိသော ပန်းအခ ရာရဲ့ အကြောင်းကို စုံစမ်းဖို့ သူ့အတွက် မခက်ခဲခဲ့ပါ။

လေဖြတ်ကာ ခန္ဓာကိုယ် မသန်စွမ်းတော့သော ဖခင်ကို ရှာဖွေ ကျွေးမွေးနေသော မိန်းကလေး။ ပညာတော်သင်ပါလျက် အဝေးသင်တက်က ဘဝကို ရုန်းကန်နေသော ကောင်မလေး။

ပန်းအခရာရဲ့ ဘဝလေးက ရှင်းသန့်ချောမောသော မျက်နှာ လေးနှင့် မလိုက်ဖက်အောင် ရှိနေခဲ့သည်။

ထိုအကြောင်းတွေကို သိလိုက်ရချိန်မှာ ပန်းအခရာနှင့်ထပ်ဆုံ တွေ့ချင်စိတ်တွေက တားဆီးမရခဲ့ပါ။

ဆိုင်လေးကို သူရောက်တော့ ပန်းအခရာ အုံ့ပြနေပုံရှိ ဒါပေမဲ့ ရိုးသားဖြူစင်သော မျက်ဝန်းတွေထဲမှာ သူ အကြိမ်ကြိမ် ကြည့် သော မိန်းကလေးတွေနှင့်မတူပါ။





နေမင်းထည်ဝါ ဆိုသော ယောက်ျားတစ်ယောက်နှင့်ဆုံတိုင်း မိန်းကလေးတွေ၏ မျက်ဝန်းတွေထဲမှာ ကြည်နူးဝမ်းသာရိပ်တွေနှင့်အတူ သူနှင့်ပတ်သက်လိုစိတ်တွေ ရှိနေကြတာ အထင်အရှား။

ပန်းအခရာ ကတော့ ပကတိ ဖြူစင်မှုတွေနှင့်သာ သူ့ကို ဆက်ဆံခဲ့သည်။

သူ့အတွက်တော့ တစ်ကိုယ်လုံး ပြစ်မျိုးမဲ့မတင်ဆိုသော မိန်းကလေးတွေနှင့် ကြုံဖူးတာ အခုမှမဟုတ်ပါ။ ပန်းအခရာသည်လည်း ရွှံမက်လောက်စရာ အလှတရားတွေ ပိုင်ဆိုင်ထားပါသည်။

ဒါပေမဲ့ အခရာရဲ့ ထူးခြားမှုက ရိုးသားမှုနှင့်တည်ငြိမ်သော စိတ်ထားကလေးပဲ ဖြစ်၏။

ဒါကို အသိအမှတ်ပြု လက်ခံမိတော့ ပန်းအခရာနှင့် သူ ထပ်တွေ့ချင်မိသည်။ ပန်းအခရာ အကြောင်းတွေကို သူ သိထားသည် ထက် ပိုမိုသိချင်၏။

အတွေးတွေကို ဒရင်းဘတ်နံဘေး စားပွဲလေးပေါ် တင်ထားသော ဟန်းဖုန်းလေးက လှုပ်နှိုးလိုက်တာမို့ သူ ဖွင့်နားထောင်လိုက်ရ၏။

"ဟဲလို ကိုနေလား"

ညှုန့်နွဲ့အသံရှင်ကို သူ မှတ်မိနေ၏။ ငြိမ့်မြတ်သာကီနှင့် မဆုံဖြစ်တာ တစ်ပတ်လောက်ရှိပြီထင်၏။

"ပြော သာကီ"

"ကိုနေ နေနိုင်တယ်၊ ဖုန်းမဆက်တာ တစ်ပတ်ရှိပြီ၊ ဒါကြောင့် သာကီ လှမ်းဆက်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



သာကီကို သူ အာရုံမရောက်ဖြစ်တာ အတော်ကြာသွားခဲ့သည်။ ဒီရက်တွေမှာ ဈေးနှင့်ဆိုဖြစ်နေ၏။ ကြားတစ်ရက်မှာ သဋ္ဌာနှင့်တစ်ရက် ဆုံသည်။ သာကီဆီ ဖုန်းတောင်မဆက်ဖြစ်ပါ။

"ဆောရီး ကိုယ် အလုပ်တွေများနေလို့"

"ဟုတ်ရဲ့လား ကိုနေရယ်၊ သာကီကို မေ့နေပြီလားလို့"

အရင်တုန်းကဆိုလျှင်တော့ သာကီနှင့်အတူ အပြန်အလှန် စကားတွေပြောကာ သူ့စိတ်အာရုံတွေကို ဆေးကြောပစ်မိမှာ အမှန်။ ဒါပေမဲ့ အခုချိန်မှာတော့ သာကီနှင့်သူ စကားပြောချင်စိတ် မရှိ။

"ကိုနေ သာကီမေးတာ ဖြေဦးလေ၊ သတင်းတွေ ကြားနေတယ် ကိုနေ အသစ်တွေ့နေပြီလား"

"အာရုံတွေ လာမနှောက်နဲ့ သာကီ၊ မင်းကြားတာတွေလည်း မှန်ချင်မှန်မှာပေါ့"

"ကိုနေ အဲဒီလို မရက်စက်နဲ့ကွာ၊ အခု ကိုနေ့ကို သာကီတွေ့ ချင်နေတယ်"

"ဆောရီး ကိုယ် လုံးဝမအားဘူး"

"ကိုနေ"

"မင်း ပြောစရာရှိရင် အတူတွေ့မှ ပြောတော့ သာကီ၊ ကိုယ် အခု သွားစရာကိစ္စလေး ရှိနေလို့"

ပြောပြီး သူ ဖုန်းကိုပိတ်လိုက်သည်။ သူ့လုပ်ရပ်ကိုတော့ သာကီ သဘောပေါက်မှာ သေချာသည်။ သာကီနှင့်သူ ပတ်သက်ဆက်နွယ်ခဲ့တာ က သွေးဆွေးနီနှင့် မဆုံတွေ့ခင်ကတည်းက ဖြစ်သည်။





ဈေးနှင့်ပတ်သက်နေတုန်းမှာလည်း သာကီနှင့် သူ ဆက်ပြီး ပတ်သက်ဆုံတွေ့နေဆဲဖြစ်၏။ ဒါပေမဲ့ အခုချိန်မှာတော့ သာကီကို သူ ထပ်ပြီး ဆုံတွေ့ချင်စိတ်မရှိတော့တာ အမှန်ပဲ ဖြစ်သည်။

ဒါ သွေးဆွေးနီ အပေါ်မှာ သူ့အာရုံတွေ ငြိတွယ်သွားလို့ မဟုတ်ပါ။ သူ့အာရုံတွေက ပန်းအခရာဆီမှာပဲ ရှိနေခဲ့၏။

ရင်ထဲက ပြင်းပြသော ဆန္ဒအတွက် ပန်းအခရာရှိရာ ဖိနပ်ဆိုင် လေးကို သွားဖို့ သူ့အခန်းထဲက ထွက်ခဲ့လိုက်သည်။

ဆင်ဝင်အောက်မှာ ရပ်ထားသော ကားပေါ် အတက်မှာပဲ ဟန်းဖုန်းက ထပ်မြည်လာ၏။ သူ့နှုတ်က စိတ်မရှည်နိုင်စွာ စုပ်သပ်ရင်း ဖုန်းကို ဖွင့်ကြည့်လိုက်တော့ သွေးဆွေးနီ ဆီက ဖြစ်နေ၏။

သူ ဖုန်းကို ပိတ်ပစ်ကာ ဒက်ရှ်ဘုတ်ပေါ် ပစ်တင်ထားလိုက် သည်။ သွေးဆွေးနီဆီက ဘာစကားမှ မကြားချင်တော့ပါ။ အခုချိန်မှာ သူ တွေ့ချင်မိတာ ပန်းအခရာကိုပဲ ဖြစ်၏။

ကားလေးကို အခရာရှိသော ဖိနပ်ဆိုင်လေးဆီ ဦးတည်မောင်း နှင်ခဲ့ရင်း ကိုယ့်ကိုကိုယ်လည်း အံ့ဩမိသည်။

တကယ်ဆိုလျှင် မိန်းကလေးတစ်ယောက်ကို လိုလားတောင့်တ ကာတစ်ခုမရှိပါဘဲ သူ ဘယ်တုန်းကမှ အချိန်တွေ မပေးခဲ့ပါ။ အခုတော့ ပန်းအခရာအတွက် သူ အချိန်တွေပေးနေမိပြီ။

ပန်းအခရာထံမှ သူ တောင့်တသောအရာက ဘာလဲဟု ကိုယ့် ကိုကိုယ် မေးမိပြန်၏။ တပ်မက်မှု ရမ္မက်တစ်ခုမဟုတ်တာတော့ သေချာ သည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းအခရာရဲ့ ဖြူစင်သော မျက်နှာလေးကို သူမြင်ချင်သည်။ ပန်းအခရာနှင့် စကားတွေပြောချင်နေသည်။

ထိုထက် ပိုမိုသော မျှော်လင့်တောင့်တမှုမျိုး သူ့မှာမရှိဘာတော့ အမှန်။

နေမင်းထည်ဝါအတွက်တော့ ဒါ အံ့ဩစရာ ကောင်းသော အတွေ့အကြုံသစ်တစ်ခု ဖြစ်နေခဲ့ပြီထင်ပါရဲ့။

■ ■ ■

ဆိုင်လေးရှေ့မှာ သူ့ကား ထိုးရပ်ရုံပဲရှိသေးသည်။ ဆိုင်ထဲက ခပ်သုတ်သုတ်ပြေးထွက်လာသူက ဝတီခင် ဖြစ်၏။

ဂုတ်ဝဲဆံပင်အတိုက နီကြောင်ကြောင် မျက်နှာမှာပြင်ဆင်ထားတာကလည်း ရဲရဲနီနေသည်။

မိန်းမတစ်ယောက် အလှအပကို ပြင်ဆင်တာ သူ လက်ခံနိုင်ပါသည်။ ဒါပေမဲ့ လိုတာထက် ပိုမိုသော ပြင်ဆင်မှုကတော့ အကျည်းတန်စေသည်ဟု ထင်သည်။

အခုပဲကြည့် ဝတီခင် ပြင်ဆင်ခြယ်သထားပုံက စိတ်ပျက်စရာ ဖြစ်နေ၏။ မျက်ခုံးပါးပါးကို ထင်ပေါ်အောင် အစိမ်းရောင် ဆေးဆိုးထား၏။ နီမြန်းနေသော မိတ်ကပ်အရောင်နှင့် နှုတ်ခမ်းထူထူတွေကိုလည်း အနီရဲရဲခြယ်ထား၏။

“ဝတီတို့ ဆိုင်ကိုလာလည်တာလား ကိုနေမင်းထည်ဝါ၊ အဟင်းအရင်နေ့တွေကတည်းက ဝတီ မျှော်နေတာ ကြွပါရှင် ကြွပါ”

လိုအပ်တာထက် ပိုမိုသော ဖိတ်ခေါ်မှုတွေနှင့် စူးရှလွန်းသော





ရေမွှေးရနံ့တွေကြောင့် သူ တွန့်ခနဲ ဖြစ်သွားရ၏။

“လာပါ ကိုနေမင်းထည်ဝါ ဆိုင်ထဲဝင်ထိုင်ပါဦးနော်”

“ကိုယ် ပန်းအခရာနဲ့တွေ့ချင်လို့ လာတာပါ”

သူ့စကားကြောင့် ဝတီခင် မျက်နှာကွက်ခနဲ ပျက်သည်။ သို့သော်ငြားမယ့် ချက်ချင်းပျောက်ကွယ်သွားသော အပြုံးတွေကို ပြန်ဖန်ဆင်းရင်း

“အခရာလား ရှိပါတယ်၊ သူ ဘာများထပ်ပြဿနာရှာပြန်လို့လဲ ဟင်”

“ဟင့်အင်း ဘာမှပြဿနာမရှိပါဘူး၊ ကိုယ်တွေ့ချင်တာ သက်သက်ပါ”

မပြတ်နိုင်သည့် ဝတီခင်ကို စကားစဖြတ်ရင်း သူ ဆိုင်ထဲကိုပဲ ဦးတည်ဝင်ခဲ့လိုက်၏။

အနီရောင်အကျီဖားဖားကြီးနှင့် အသားကပ်ဘောင်းဘီကို ဝတ်ဆင်ထားသော ဝတီခင် သူ့နောက်က ကပ်ပါလာမှာသိနေပေမယ့် သူ အလေးမထားဖြစ်ပါ။

သူ့ကိုမြင်တော့ ပန်းအခရာ အပြုံးလေးနှင့်ပြုံးကာ နှုတ်ဆက်၏။

“ဩော် ကိုနေမင်းထည်ဝါ ဘယ်ကလှည့်လာတာလဲ”

“ဘယ်ကမှ လှည့်လာတာ မဟုတ်ဘူး၊ အခရာကို တွေ့ချင်လို့ အမင်ဝင်လာတာပါ အခရာ”

“ဟဲ့ အခရာ ထိုင်ခုံယူပေးလေဟယ်၊ ဒုက္ခပါပဲ ညှိသည်ကို ...်တစ်ကြိုး ရပ်ခိုင်းထားရသလား”



www.burmeseclassic.com

www.burmeseclassic.com



ဝတီခင် အသံရှူးရှူးက သူတို့နှစ်ယောက်ကြားထဲ ဝင်နှောင့်ယှက်လာပြန်သည်။ အခရာက ကျောမှီပလပ်စတစ်ထိုင်ခုံလေးဆွဲကာ သူ့အတွက်ချပေးသည်။

"အခရာ တစ်ခုခုစီစဉ်ပေးစမ်းပါ၊ အအေးနဲ့မုန့်တွေပါ သွားယူခဲ့"

ဝတီခင် ကြားထဲက ပါဝါတွေပြ အမိန့်ပေးနေတာကိုကြည့်ရင်း သူ စိတ်ပျက်ချင်လာ၏။ အခရာကတော့ ဝတီခင် စကားကို နာခံကာ လှည့်ထွက်သွားဖို့ ပြင်ဆင်တာမို့

"ဘာမှမလုပ်ပါနဲ့ အခရာ၊ ကိုယ် ဘာမှမစားပါဘူး"

"အို မဟုတ်တာ တစ်ခုခုသုံးဆောင်ပါ၊ အခရာအိမ်က သွားယူလိုက် သွား သွား"

ဝတီခင် တဖွတ်ဖွတ် စေခိုင်းနေတာမို့ အခရာ သူ့ကိုတစ်ချက်ကြည့်ကာ ဆိုင်လေးနောက်ဘက်သို့ လှမ်းဝင်ပျောက်ကွယ်သွားသည်။ ဝတီခင် သူ့ရှေ့က ထိုင်ခုံမှာ ဝင်ထိုင်လာ၏။

"အဟင်း ဟိုတစ်ရက်က ကိုနေမင်းထည်ဝါ ရောက်လာတယ်ဆို၊ ဝတီမရှိလိုက်လို့ ညွှဲဝတ်မကျေပွန်ဖြစ်သွားရင် တောင်းပန်ပါတယ်နော်၊ အခရာက ဘာလှူမှုရေးမှ သိတတ်တာ မဟုတ်ဘူး"

အခရာကွယ်ရာမှာ အခရာမကောင်းကြောင်းတွေ သူ့ကိုပြောနေသော ဝတီခင်ရဲ့စိတ်ကိုတော့ သူ အထင်အရှား မြင်တွေ့နေရသည်။

"ပြောရရင် ဝတီတို့ သားအမိက သနားလို့ ဒီဖိနပ်ဆိုင်မှာ အလုပ်လုပ်ခိုင်းထားတာ၊ ဘာမှအားကိုးလို့ရတာ မဟုတ်ဘူး၊ ခိုင်းလိုက်ရင် အရာရာနဲ့ အကြောင်းကြောင်းချည်းပဲ၊ ကိုနေမင်းထည်ဝါရဲ့ဖုန်းကို ခွဲခဲ့တာပဲ ကြည့်လေ"

ညီမဝမ်းကွဲတစ်ယောက်ကို နှိမ်ချ ဆက်ဆံနေသော ဝတီခင်ကို သူ ရွံရှာစွာ ကြည့်လိုက်မိ၏။ အခရာအပေါ်မှာ သူ့ဘက်က အလေးထား ဆက်ဆံနေတာတွေကို ဝတီခင် ဝန်တိုနေတာ သိသာလွန်း၏။

တကယ်ဆို ပန်းအခရာအကြောင်းတွေကို သူ သိနေတာ ဝတီခင် မသိသေးတာ ထင်ရှားနေ၏။

"နေပါဦး ဝတီခင်၊ မင်းနဲ့အခရာက ညီအစ်မဝမ်းကွဲတော်တယ် မဟုတ်လား"

သူ့အမေးကြောင့် ဝတီခင် မျက်စိမျက်နှာပျက်သွား၏။ ဒီအကြောင်းတွေ သူသိနေမည်ဟု ဝတီခင် ထင်ထားပုံမရှိပါ။

"အဲဒါ အခရာ ပြောထားတာလား၊ ဒီလိုပဲ လျှောက်ပြောတတ်တာ သူ့အကျင့်ပဲလေ၊ အမှန်ဆို ဝမ်းကွဲတွေဆိုပေမယ့် အဝေးကြီးပါ၊ သားအဖနှစ်ယောက်တည်း ဒုက္ခပင်လယ်ဝေနေလို့ မာမီက သနားပြီး ဘူညီပေးနေတာ သက်သက်ပဲလေ"

"ကိုယ် သိထားတာတွေနဲ့ မင်းပြောနေတာတွေက လွဲချော်နေတယ် ဝတီခင်"

"ဟင် ကိုနေမင်းထည်ဝါကို အခရာက ဘာတွေလျှောက်ပြောထားလို့လဲဟင်"

"ပန်းအခရာ ဘာမှမပြောပေမယ့် ကိုယ်က စုံစမ်းထားပြီးသားလေ၊ လေဖြန်းထားလို့ မသန်စွမ်းတော့တဲ့ ဖခင်ကြီးကို အခရာ ရှာဖွေ







www.burmeseclassic.com

www.burmeseclassic.com



ကျွေးမွေးရင်း အဝေးသင်တက်နေတာ ကိုယ် သိတယ်၊ ပြီးတော့ အခရာရဲ့ရိုးသားဖြူစင်တဲ့ စိတ်ထားတွေလည်း ကိုယ် မြင်သိနေတယ်''

သူ ချက်ကျကျ ပြောလိုက်တော့ ဝတီခင် မျက်နှာကြီး ညိုညစ်ကာ နှုတ်ဆိတ်ဆွံ့အနေခဲ့၏။

''ပန်းအခရာရဲ့အရည်အချင်းနဲ့ စိတ်ဓာတ်ကို ကိုယ်လေးစားတန်ဖိုးထားတယ် ဝတီခင်၊ ကိုယ် ဒီဆိုင်ကိုလာတာ ပန်းအခရာကိုခင်မင်လို့ လာနေတာ၊ တခြား ဘယ်သူ့အတွက်မှ မဟုတ်ဘူး''

သူ့စကားတွေက ဝတီခင် မျက်နှာကို ရဲမီးနှင့်ပက်သလို နာကျင်ပူလောင်စေမှာ သေချာသည်။

သူကတော့ မမြင်ချင်ယောင်ဆောင်ကာ ဥပေက္ခာပြုထားလိုက်၏။ အခရာ အအေးပန်းလေး သယ်ဆောင်ကာ ရောက်လာတော့ ဝတီခင်မျက်နှာနီနီကြီးနှင့် ရေငုံနှုတ်ပိတ်ရှိနေသည်။

အခရာနှင့်သူ စကားတွေပြောနေတော့လည်း ဝတီခင် ဘာတစ်ခွန်းမှ ဝင်မပြောဘဲ သုန်သုန်မှုန်မှုန်ကြီး ဖြစ်နေခဲ့၏။

ဒါကို အခရာ သတိထားမိသလား မသိပါ။ သူကတော့ ဆိုင်ကိုဝယ်သူတစ်ယောက် ရောက်လာတော့ အခရာကိုပဲ နှုတ်ဆက်ပြန်ခဲ့လိုက်သည်။

ဝတီခင်ကိုတော့ လှည့်တောင် မကြည့်ဖြစ်ခဲ့ပါ။

■ ■ ■

''ပြောစမ်းပါဦး အခရာ၊ နင်နဲ့ဒီလူ အခြေအနေက ဘယ်အတိုင်းအတာထိတောင် ခရီးပေါက်နေပြီလဲ''





နေမင်းထည်ဝါ ထွက်သွားပြီး ဆိုင်ထဲရှိနေသော ဝယ်သူတစ်ယောက်ကို အခရာ ဈေးရောင်းပြီးသည်နှင့် ဝတီခင် မေးပါတော့သည်။

''ဘာလဲ ဘာကိုမေးတာလဲ ဝတီရဲ့''

နားမလည်နိုင်စွာ အခရာ မေးမိသည်။ အခရာ ဆိုင်ကိုပြန်ရောက်တော့ ညိုညစ်သုန်မှုန်နေသော ဝတီမျက်နှာကို အကဲခတ်မိ၏။ နေမင်းထည်ဝါ ရောက်လာကတည်းက စကားတွေ ရေပက်မဝင်အောင်ပြောခဲ့သော ဝတီခင် နှုတ်ဆိတ်နေတာကိုလည်း သတိထားမိသည်။

''နင်နဲ့နေမင်းထည်ဝါတို့ အခြေအနေကိုမေးနေတာ၊ နင်ပြောတော့ ဆိုင်ကို လမ်းကြုံလို့ တစ်ခါလေးပဲ လာတယ်ဆို''

''ဟုတ်တယ်လေ ဒါ အမှန်ပဲ၊ နင့်ကိုတောင် ငါ ပြောပြခဲ့သေးတာပဲ''

ဝတီ မယုံသင်္ကာ မျက်ဝန်းတွေနှင့်ကြည့်ကာ မျက်နှာကိုမဲ့ချသစ်၏။

''အံ့သြစရာပဲနော် ဒီကို တစ်ခါပဲလာဖူးတဲ့သူက နင့်မိသားစုအကြောင်း နင့်အကြောင်းတွေကို ခရေစေ့တွင်းကျ သိနေတယ်''

အခရာ မျက်မှောင်လေးကျုံ့သွားမိသည်။ အခရာ မရှိတုန်းဝတီနှင့်သူ ဘာတွေပြောကြသည်လဲ မသိပါ။

''နင် ဘာရည်ရွယ်ချက်နဲ့ နေမင်းထည်ဝါကို ပြောပြလိုက်တာလဲ အခရာ၊ ဘာလဲ သူ သနားအောင် နင် ငိုပြလိုက်တာလား''

''ဝတီ''

မာနကို ထိခိုက်လာသော ဝတီ့စကားတွေကို မခံရပ်နိုင်စွာ



www.burmeseclassic.com

www.burmeseclassic.com



အခရာ အော်လိုက်တော့ ဝတီ ရပ်တန့်သွား၏။ မျက်ဝန်းအကြည့်တွေကတော့ အခရာထံမှာ စူးစူးနစ်နစ် ရှိနေဆဲ။

"ဒီမှာ ဝတီ အခရာဆိုတဲ့ငါ့အကြောင်းကို နင် အသိဆုံးပါ၊ ယောကျ်ားတစ်ယောက် သနားအောင် မူယာမာယာတွေနဲ့ အခရာဆိုတဲ့ ငါ ဘယ်တော့မှ မစွဲဆောင်တတ်ဘူး။ နေမင်းထည်ဝါကို ငါ့အကြောင်း ငါ့မိသားစုအကြောင်းတွေကိုလည်း ငါ မပြောခဲ့ဘူး၊ အေး သူ့ဘာသာ စုံစမ်းရင်တော့ ငါ မသိဘူး"

မာနကြောင့် အခရာအသံတွေ မာထန်နေခဲ့သည်။ တကယ်တမ်း အခရာ ယတိပြတ်ပြောတော့ ဝတီ ဘာမှခွန်းတုံ့မပြန်နိုင်ပါ။

စကားအဆုံးမှာ အခရာ အအေးဗန်းကိုယူကာ ဆိုင်နောက်ဘက်သို့ လှမ်းဝင်သွားခဲ့တာကို ဝတီ စိုက်ကြည့်နေမိ၏။

အခရာရဲ့မာနကိုတော့ ဝတီ ကောင်းကောင်းသိပါသည်။ ဖခင်ဖြစ်သူ အိမ်ရာထဲလဲတော့လည်း ဘယ်ဆွေမျိုးကိုမှ အားမကိုးဘဲ ရုန်းကန်သည်။ ပညာရေးမှာလည်း ထူးချွန်ကာ ဝတီတို့ဖိနပ်ဆိုင်ဖွင့်တော့ မာမီက ပန်းအခရာကို ဆိုင်အတွက် အားကိုးသည်။

ဝတီကိုယ်တိုင်လည်း ဆိုင်ထိုင် ခြေချုပ်မိမည့်အလုပ်ကို မလုပ်ချင်တာကြောင့် မာမီ အစီအစဉ်ကို နှုတ်ဆိတ်နေခဲ့သည်။

အခရာသည် ဆိုင်အတွက် အစစအရာရာ အားကိုးရတာလည်း အမှန်ပဲဖြစ်သည်။ ကိုယ့်တာဝန် အလုပ်တစ်ခုအပေါ်မှာ အမြဲတမ်း အာရုံစူးစိုက်ထားသည့် အခရာကြောင့် ဆိုင်က တိုးတက်အဆင်ပြေခဲ့၏။





အခရာရဲ့ အရည်အချင်းတွေကို ဝတီနှုတ်က တစ်ခါမှ ထုတ်ဖော် မချီးကျူးဖူးပေမယ့် စိတ်က အသိအမှတ်ပြုခဲ့ရတာတော့ ဝန်ခံရမည်။

မိန်းကလေးတစ်ယောက်ဆိုပေမယ့် ပန်းအခရာသည် ဘယ်တုန်းကမှ အလှအပကို ထူးထူးခြားခြား မပြင်ဆင်တတ်ပါ။ ဒါပေမဲ့ နဂို လှပချောမောသော မျက်နှာလေးကတော့ မိန်းမချင်းတောင် ချီးကျူးရလောက်အောင် အခရာက ရှေးဆုတောင်း ကောင်းပါသည်။

အခုပဲကြည့် အခရာအပေါ်မှာ နေမင်းထည်ဝါ၏စိတ်ဝင်စားမှုတွေကို ဝတီ သိခဲ့ရပြီ။

ကိုယ့်ဘက်က သိသိသာသာ လိုလားကြည်ဖြူမှုတွေ ပြနေပါလျက် နေမင်းထည်ဝါ အာရုံတွေက အခရာဆီမှာပဲ ရှိနေတာ ရင်မှာတော့ ခံရခက်ခက် ဖြစ်မိသည်။

ဒါကို ဝတီ အလွယ်တကူ အရှုံးပေးလိုက်ရမှာတဲ့လား။ ရွှေမင်းသားတစ်ပါးလို ချောမောကာ ဥစ္စာနေရော အရာရာပြည့်စုံသည့် ယောကျ်ားတစ်ယောက်ကို အခရာက အလွယ်တကူ သိမ်းပိုက်သွားမည့် အဖြစ်။

တွေးမိရုံနှင့် ဝတီ ခံပြင်းချင်လာ၏။

ဟင့်အင်း နင် ဘယ်တော့မှ ငါ့ထက်မသာစေရဘူး အခရာ။ နေမင်းထည်ဝါနဲ့နင် ဘယ်တော့မှ မနီးစပ်စေရဘူး။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ဒီလို လကုန်ရက်မျိုးမှာတော့ ဆိုင်လေးက အရောင်းအဝယ်ကောင်းပါသည်။ ခါတိုင်းရက်တွေဆိုလျှင် ငါးနာရီလောက် ဆိုင်သိမ်းပေမယ့် ဒီရက်တွေမှာတော့ ခြောက်နာရီခွဲလောက်အထိ ဆိုင်ဖွင့်ရစမြဲ။

အခုလည်း အခရာ ပြန်တော့ ခုနစ်နာရီထိုးလုနေပြီ။

အန်တီသုက ကားဂိတ်အထိ လိုက်ပို့ပေးမည်ဆိုပေမယ့် အခရာ ငြင်းကာ တစ်ယောက်တည်းပဲ ပြန်ခဲ့၏။

ဆိုင်နှင့်ကားဂိတ်မှတ်တိုင်က ငါးမိနစ်လောက် လျှောက်ရပေမယ့် လမ်းမကြီးမို့ လူအသွားအလာ မပြတ်ရှိကာ မီးတွေ လင်းလင်းရှင်းရှင်း ရှိသည်။

လွယ်ထားသော ဆလင်းဘတ်အိတ်ထဲမှာ အခရာအတွက်





လစာငွေလေးရှိနေသည်။ ဖေဖေ ကြိုက်သော ကြေးအိုးတစ်ပွဲ ဝယ်သွားမည်ဟု စိတ်ကူးရင်း လျှောက်လာခဲ့ခိုက်

အခရာနံဘေးမှာ ငြိမ့်ခနဲ ထိုးရပ်လာသော ကားတစ်စီးကြောင့် လှည့်ကြည့်တော့

"ဟင်"

ကားပြတင်းတံခါးမှ အခရာကို ပြုံးပြနေသော နေမင်းထည်ဝါကို တွေ့လိုက်ရတာမို့ အံ့သြမိ၏။

"အခရာ အိမ်ပြန်တော့မှာလား"

"ဟုတ်ကဲ့ ဒီနေ့ဆိုင်သိမ်းနောက်ကျလို့လေ"

"ကိုယ်သိတယ်၊ မင်းတို့ဆိုင်ရှေ့ကို ရောက်သေးတယ်၊ ဆိုင်ထဲမှာ ဝတီခင် ရှိနေလို့ မဝင်ဘဲ လမ်းထိပ်က စောင့်နေတာ၊ ဒီလောက်နောက်ကျမယ်လို့ မထင်ဘူး"

"လကုန်ရက်တွေဆို ဒီလိုပဲ၊ လူကျတော့ ရောင်းရတယ်လေ"

"လိုင်းကားနဲ့ပြန်မှာမို့လား။ ကိုယ်လိုက်ပို့ပေးပါ့မယ်၊ ကားပေါ်တက်"

"ဟင့်အင်း ရပါတယ်၊ အခရာ ပြန်နေကျပါ"

အခရာ ငြင်းတော့ သူ ကားတံခါးဖွင့်ဆင်းလာသည်။ တီရှပ်အညိုရောင်လက်တိုကို ဂျင်းပန်အပြာရောင်နှင့် တွဲဝတ်ဆင်ထားသော သူ့အသွင်က ပိုပြီးနုပျိုနေသလိုရှိသည်။

"မင်း လိုင်းကားနဲ့မပြန်ပါနဲ့ ကိုယ်လိုက်ပို့ပေးချင်လို့ပါ"

"ဟို စိတ်မရှိပါနဲ့ ကိုနေမင်းထည်ဝါ၊ အခရာ ဖေဖေ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ချင်တာလေးတွေ ရှိနေလို့ပါ''

''ရတယ်လေ မင်းဝယ်ချင်တာ ဝယ်ပါ၊ ပြီးရင် ကိုယ် အိမ်ရှေ့အရောက် လိုက်ပို့ပေးမယ်''

အခရာ ငြင်းရခက်စွာနှင့် စိတ်လည်းညစ်မိသည်။ သူစိမ်းတစ်ယောက်ကားပေါ် အခရာ လိုက်ပြီးပြန်ဖို့ စိတ်ကမဝံ့ရဲတာအမှန်။

''ကိုယ့်ကိုယုံပါ အခရာ၊ အခရာနဲ့တွေ့ချင်လို့ ကိုယ် ခြောက်နာရီလောက်ကတည်းက ရောက်နေတာ''

တစ်နာရီနီးပါးတောင် သူ စောင့်နေခဲ့ရတာအတွက် အခရာ အားနာရပြန်ပါသည်။ ဖွတ်ငြင်းဆိုနေလို့လည်း မသင့်တော့တာမို့ ခေါင်းညိတ်လိုက်ရ၏။

သူ ဖွင့်ပေးသော တံခါးမှ အခရာ လှမ်းတက်ပြီးမှ သူက မောင်းသူနေရာလေးမှာ ဝင်ထိုင်၏။

''အခရာ ဘယ်ကိုအရင်သွားမှာလဲ ပြောလေ''

''ဟို ဘယ်မှမသွားတော့ပါဘူး၊ အိမ်ကိုပဲ ပြန်မှာပါ''

အခရာ စကားကြောင့် သူ မျက်ခုံးတွေ ကျုံ့ကာ ကြည့်ရင်း

''မင်းဖေဖေအတွက် ဝယ်စရာရှိတယ်ဆို''

''ခြော် ဒီနေ့ လခထုတ်လို့ ဖေဖေ့အတွက် ကြေးအိုးတစ်ပွဲဝယ်သွားမလား တွေးတာပါ၊ မဝယ်တော့ဘူး အိမ်မှာလည်း ဟင်းတွေရှိသေးလို့လေ''

သူ ဘာမှမဆိုတော့ဘဲ ကားလေးကို ငြိမ့်ခနဲ မောင်းထွက်သည်။ သူ့ရဲ့ကားကြီးပေါ် လိုက်လာခဲ့မိတာကို အခရာ ကိုယ့်ကိုကိုယ် အံ့ဩနေမိ၏။



ဝတီသာ ဒီအကြောင်းကိုသိလျှင် ဘာပြောဦးမည် မသိပါ။ နေမင်းထည်ဝါနှင့်ပတ်သက်ပြီး အခရာအပေါ်မှာ ဝတီ သံသယဝင်နေတာတော့ သေချာသည်။

ဝတီ သံသယဝင်လောက်အောင်လည်း နေမင်းထည်ဝါ ဘက်က အပြုအမူနှင့် ဆက်ဆံပုံတွေက အခရာအတွက် ပဟေဠိဆန်နေတာအမှန်။ အခရာအကြောင်းတွေကို သူ သိနေတာ ဘာကြောင့်လဲ။

ကားလေးက ငြိမ့်ခနဲ ထိုးရပ်သွားတာမို့ အခရာ လှည့်ကြည့်မိတော့ စားသောက်ဆိုင်တစ်ခုရှေ့မှာ ဖြစ်နေ၏။

''ခဏလေး အခရာ''

တစ်ချက်လှည့်ကြည့်ခွင့်တောင်းပြီး သူ ကားတံခါးဖွင့်ဆင်းသွားခဲ့သည်။ ကားပေါ်မှာ အခရာ တစ်ယောက်တည်း ကျန်ရစ်ခဲ့၏။

ဆယ်မိနစ်လောက်ကြာတော့ ဆိုင်ထဲက ပြန်ထွက်လာသော သူ့လက်ထဲမှာ အိတ်တွေဆွဲလျက်။

''အခရာ ဖေဖေအတွက် ကြေးအိုးလေ၊ ဒီဆိုင်က ဂဏန်းပေါင်းကောင်းလို့ အခရာအတွက် ဝယ်လာတာ''

''အို မဟုတ်တာ၊ ဘာလို့ ဝယ်လာရတာလဲ ကိုနေမင်းထည်ဝါ''

''အခရာဖေဖေအတွက် ဝယ်ချင်တယ်ဆို''

''ဟို အားလုံး ဘယ်လောက်ကျ''

အခရာ စကားမဆုံးခင် သူ လက်ကာပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်နဲ့ အခရာ၊ မင်းဖေဖေအတွက် ကိုယ် ဒါနပြုတာပါ၊ ကိုယ့်မှာက မိဘတွေမရှိတော့ ဒီလိုကုသိုလ်လေး ရချင်လို့ပါ"

အခရာ ငြိမ်းရခက်ပြန်ပါသည်။ သူကမ်းပေးနေသော အထုပ်တွေကို အခရာ လှမ်းယူလိုက်ရ၏။ သူက ကားလေးကို ညင်သာစွာပဲ မောင်းထွက်ခဲ့သည်။

"ကျေးဇူးတင်ပါတယ် ကိုနေမင်းထည်ဝါ"

"မလိုဘူးလေ ကိုယ်နဲ့အခရာက မိတ်ဆွေတွေလေ၊ အရင်းနှီးဆုံး မိတ်ဆွေတွေ ဖြစ်နေပြီ"

"ဘာပဲဖြစ်ဖြစ် အခရာ ကျေးဇူးတင်ပါတယ်"

သူ့အကြည့်တွေ အခရာဆီ ဖျတ်ခနဲ ရောက်လာခဲ့ကာ ပြုံးတော့ အခရာ ရင်ထဲမှာ လှိုက်ခနဲ တုန်ခါသွားတာ အမှန်။

တကယ်ဆိုလျှင် နေမင်းထည်ဝါ ဆိုသော သူ့အကြောင်းတွေကို အခရာ ဘာမှမသိသေးပါ။ သူကတော့ အခရာအကြောင်းတွေကို သိထားမှာ သေချာသည်။

ဒါပေမဲ့ အခရာ စိတ်က သူ့ကိုယုံကြည် အသိအမှတ်ပြုပေးနေမိတာတော့ လွန်ကျူးနေပြီလား မသိပါ။

"အခရာ ကိုယ်မင်းနဲ့စကားတွေပြောချင်တယ်၊ ဖြစ်နိုင်မယ်ဆိုရင် မင်းနဲ့ကိုယ် အေးအေးဆေးဆေး ဆုံခွင့်ရှိမလား"

သူ တောင်းဆိုလာသောဆန္ဒကိုလည်း အခရာငြင်းဆန်ဖို့ အင်အားတို့ ပျောက်ဆုံးနေခဲ့သည်။

"ဆိုင်ကိုတော့ ကိုယ် မလာချင်ဘူး၊ အခရာနဲ့ပဲသီးသန့်ဆုံချင်





တာ"

သူ ဆိုလိုတာကို အခရာ နားလည်သလိုရှိသည်။ ဝတီခင်နှင့်ဆုံဖို့ သူဆန္ဒမရှိဘူး ထင်၏။ သူ့ကိုလည်း ဆိုင်မှာ အခရာ မဆုံချင်ပါ။

"နောက်တစ်ပတ်ဆိုရင် အခရာ စနေ တနင်္ဂနွေတိုင်း ကျူရှင်တက်ရမှာပါ၊ အဲဒီရက်တွေ ဆိုင်က ခွင့်ယူထားတယ်"

"ဒါဆို အခရာကို ကိုယ် ဆုံတွေ့နိုင်မှာပေါ့"

"ဟို အခရာ ကျူရှင်ချိန်အားချိန်တော့ ဆုံလို့ရပါတယ် ကိုနေမင်းထည်ဝါ"

"အိုကေ အခရာ ကိုယ်သိပ်ကျေးဇူးတင်တယ်"

ကြည်နူးရိပ်နှင့် ဝင်းပသွားသော သူ့မျက်နှာကို အခရာ အထင်အရှား မြင်လိုက်ရသည်။ ထိုတဒင်္ဂလေးမှာ အခရာကိုယ်တိုင်လည်း အကြောင့်များ စိတ်တွေပျော့ပျောင်းနူးညွတ်နေခဲ့သည် မသိပါ။

အံ့ဩစရာကောင်းသော တစ်စုံတစ်ရာသည် . . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

နောက်ဆုံးနှစ်စာမေးပွဲ ဖြေဆိုဖို့ နှစ်လလောက်လိုသည်နှင့် အခရာ ကျူရှင်တက်ဖို့ ပြင်ဆင်ရ၏။ စနေ၊ တနင်္ဂနွေနှစ်ရက် ခွင့်ရက်ယူတာကို အန်တီယုကတော့ ခွင့်ပြုသည်။

ဝတီခင်ကလည်း ဒီတစ်ခါတော့ ဘာမှ မစွက်တော့ပါ။ ဘွဲ့ရလျှင် အဆင်ပြေနိုင်သော တခြားအလုပ်တစ်ခု ရှာမည်ဟုလည်း အခရာ ကြိုပြောထားတာမို့ အန်တီယုက ဆိုင်ထိုင်ပေးမည့်တစ်ယောက်ကို ရှာဖွေနေရရှာ၏။

"အင်း လွယ်တော့မလွယ်ဘူးပေါ့ သမီးရယ်၊ ပြောရရင် သမီး အခရာလောက် ယုံကြည်စိတ်ချရတဲ့သူရဖို့ မလွယ်ပါဘူး၊ ဒါပေမဲ့ ရှိုးသားတဲ့ တစ်ယောက်ရှာပြီး အန်တီယုပဲ ဆိုင်ထိုင်ဦးစီးရမှာပဲ"





သမီးဖြစ်သူကို အားကိုးမရတာ သိနေသော အန်တီယုကတော့ စိမ်ခန့်ခွဲနေရရှာသည်။ ဖိနပ်ဆိုင်လေးက လက်ရှိမှာ အန်တီယုတို့သားအမိအတွက် တစ်ခုတည်းသော ဝင်ငွေရရှိနိုင်သော စီးပွားရေးလုပ်ငန်းလေး ဖြစ်နေပြီ။

ဒါကိုသိလျက်နှင့် နားမလည်ချင်ယောင်ဆောင်နေသော ဝတီခင်ကတော့ နေချင်သလို နေမြဲရှိ၏။

စနေ၊ တနင်္ဂနွေနှစ်ရက် မနက်ပိုင်းမှာ တက်ရသော ကျူရှင်ကို အခရာ တက်ဖြစ်သည်။

အခရာရဲ့ဘဝမှာ ဒီပညာရေးကအဓိက ဖြစ်သည်။ ထိုပညာရေးအတွက်ပဲ စုဆောင်းထားသော ငွေလေးနှင့် အခရာ ခြိုးခြံချွေတာ ကြိုးစားရတာ ဖြစ်သည်။

အိမ်စရိတ်၊ ကျူရှင်စရိတ်နှင့် ထွက်ငွေက ဝင်ငွေနှင့်မမျှတာတော့ ကြိုသိထားပြီးဖြစ်သည်။ တစ်ပတ်မှာ နှစ်ရက်ပျက်တာကြောင့်လည်း အန်တီယုဆီက လခငွေကို အခရာ အပြည့်အဝ မယူချင်ပါ။ ပျက်ရက်အတွက် နေ့တွက်နှင့်တွက်ကာ လခထဲက နုတ်ခိုင်းထားတော့ ထိုနှစ်လအတွက် တစ်လဝင်ငွေက ငါးသောင်းကျော်ပဲ ဝင်သည်။

စာမေးပွဲပြီးလျှင်တော့ အခရာအလုပ်က အပြီးထွက်ဖို့ ဆုံးဖြတ်ထားသည်။

ကိုယ့်ပညာအရည်အချင်းနှင့် သင့်တော်သော အလုပ်တစ်ခု ရှာဖွေလုပ်ဖို့ ဆုံးဖြတ်ထား၏။

ပထမဆုံး ကျူရှင်တက်ပြီး အတန်းဖြုတ်တော့ အတန်းအပြင်



www.burmeseclassic.com

www.burmeseclassic.com



ဘက်မှာ နေမင်းထည်ဝါ ရောက်နေခဲ့သည်။

"အခရာ ဒီနေ့ ကျူရှင်စတက်တာမဟုတ်လား"

အံ့သြစိတ်နှင့် အခရာ ခေါင်းလေးညိတ်ပြမိ၏။ အခရာနှင့်ပတ်သက်လျှင် အားလုံးကို သူ ကြိုသိနေတာ သိပ်မဆန်းတော့ဟု ထင်သည်

"အခရာ အချိန်ရရင် ဆိုင်ထိုင်ပြီး စကားပြောကြရအောင်"

"ဟုတ်ကဲ့ နာရီဝက်လောက်တော့ ရပါတယ်"

"ဒါဆို ကားပေါ်တက်လေ"

အခရာ ခေါင်းလေးညိတ်ကာ လိုက်လျောဖြစ်ခဲ့ပြန်သည်။ မတွေ့ဖြစ်တာ တစ်ပတ်လောက်ရှိပေမယ့် သူနှင့်အခရာကြားမှာ ရင်းနှီးကျွမ်းဝင်မှုက နွေးထွေးနေဆဲဟု ခံစားရ၏။

သပ်ရပ်ခမ်းနားသော စားသောက်ဆိုင်လေးကို သူ ခေါ်ခဲ့တော့ အခရာ တွန့်ဆုတ်ဆုတ် ဖြစ်မိသေး၏။

အခရာဆီမှာ ငွေလေးငါးထောင်လောက်ပဲ ပါသည်။ ဒါက လည်း ပိုပိုလိုလို ထည့်လာခြင်းပဲ ဖြစ်ကာ ချွေတာသုံးနေရသည့် အခြေ အနေ။

"ကဲ ထိုင် အခရာ ဘာစားမလဲ"

အအေးခန်းထဲက စားပွဲဝိုင်းလေးမှာ ထိုင်ဖြစ်တော့ အခရာ ခေါင်းလေးခါမိ၏။

"ဟင့်အင်း အခရာ မစားတော့ဘူး ကိုနေမင်းထည်ဝါ"

"မဟုတ်တာ အခုပဲ ထမင်းစားချိန်ရောက်နေပြီဟာ၊ အခရာ တို့ ကျူရှင်ချိန်က ကိုးနာရီကဆယ့်တစ်နာရီအထိ မဟုတ်လား၊ အိမ်





ရှစ်နာရီလောက် ထွက်ခဲ့ရမှာပေါ့"

"ဟုတ်တယ် မနက်ကတည်းက အခရာ အိမ်ကထမင်းစား လာတာပါ"

"ဘာပဲဖြစ်ဖြစ် ဆာသလောက်တော့ စားကွာ"

ပြောရင်း မီနူးကဒ်ကိုကြည့်ကာ သူ စားစရာဟင်းလျာတွေ မှာယူနေတော့ အခရာ မျက်လုံးလေးဝိုင်းအံ့သြနေမိ၏။

ထိုင်နေကြတာ နှစ်ယောက်တည်းပေမယ့် သူ မှာနေသော ဟင်းလျာတွေ အမျိုးအမယ် စုံလင်လှသည်။

"အိုကေ ညီလေး မြန်မြန်လေးစီစဉ်ပေးကွာ၊ လောလောဆယ် ဂျူစ်နှစ်ဘူး အရင်ပေး"

စားပွဲထိုးချာတိတ်လေးက အအေးဘူးနှစ်ဘူး လာပို့ပေးတော့ သူ ကိုယ်တိုင်ဘူးကို ဖောက်ကာ အခရာရှေ့ ချပေးသည်။

"အခရာ တက်နေတာ စီးပွားစီမံ နောက်ဆုံးနှစ်နော်"

"ဟုတ်ကဲ့ ကိုနေမင်းထည်ဝါ"

အခရာ စကားမှာ ရယ်စရာမပါဘဲ သူ အသံထွက်အောင် ရယ်လိုက်တော့ နားမလည်နိုင်စွာ အခရာ ကြည့်မိ၏။ သူက အရယ် မျက်နှာနှင့်ပင် အခရာကိုကြည့်ရင်း

"အခရာ အစား မောလို့ပါ၊ ကိုယ့်နာမည်ကို အပြည့်အစုံ ခေါ်နေရတာ အခရာ မောနေသလားလို့"

"ဟို အဲဒါ ကိုနေမင်းထည်ဝါ နာမည်ပဲလေ"

"အဲဒီလောက် အပြည့်အစုံ မခေါ်ပါနဲ့ ကိုယ် ကြားရတာလည်း



www.burmeseclassic.com

www.burmeseclassic.com



တောင့်တောင့်ကြီးဖြစ်နေတယ်၊ ထည်ဝါ ဆိုရင် ရပါပြီ အခရာ''

အခရာ ပြုံးရင်း ခေါင်းလေးညိတ်ပြလိုက်ပါသည်။ တကယ်ဆို သူ့နာမည် အပြည့်အစုံကြီးကလည်း အခရာအတွက်တော့ ခေါ်ရတာ တစ်မျိုးဖြစ်နေတာ အမှန်။

''အခရာအကြောင်းတွေ ကိုယ်သိထားတယ်၊ ကိုယ်နဲ့ပတ်သက်ပြီးတော့ အခရာ မသိချင်ဘူးလားဟင်''

''အခရာ မစပ်စုချင်ပါဘူး၊ ဒါပေမဲ့ ကိုနေ အဲ ကိုထည်ဝါ ပြောပြရင်တော့ နားထောင်မယ်လေ''

သူက တစ်ငုံမော့သောက်ပြီးသော အအေးဘူးလေးကို အသာပြန်ချရင်း ခေါင်းတစ်ချက် ညိတ်သည်။

''အင်း ကိုယ်က ပြောပြချင်နေတာပါ၊ ကိုယ့်မှာမိဘနှစ်ပါးစလုံး မရှိကြတော့ဘူး၊ အင်း တစ်ကောင်ကြွက်လို့ ပြောလို့ရတယ်၊ ကိုယ်ငယ်ငယ်ကတည်းက အမေဆုံးသွားတယ်၊ အဖေကတော့ ကိုယ် အမေရိကားမှာ ကျောင်းတက်ပြီး ပြန်လာချိန်မှာပဲ ကျန်းမာရေးချို့ယွင်းခဲ့တာ ဒါကြောင့် ဟိုမှာ ဆက်တက်ရမယ့် ဒီလိုပမာဘွဲ့ကို ဆက်မတက်နိုင်ဘဲ ကိုယ့်ဖေဖေ အလုပ်တွေကို ဦးဆောင်ခဲ့ရတယ်''

သူ့စကားတွေကို အခရာ ငြိမ်သက်စွာပဲ နားထောင်နေမိသည်။ သူ့ဘဝက အခရာလို ငယ်ငယ်ရွယ်ရွယ်မှာ မိခင်ကို ဆုံးရှုံးခဲ့ရပေမယ့် ဘဝအခြေအနေက မတူညီတာ အမှန်။

ပြည့်စုံသော ဖခင်ရဲ့အရိပ်အောက်မှာ ရှင်သန်ခဲ့ရသော သူ့အတွက် အခရာ ရင်ဆိုင်ရသော အခက်အခဲမျိုးတွေတော့ ရင်ဆိုင်ခဲ့ရမှု





မှာမဟုတ်။

''အခု ကိုယ့်အသက် နှစ်ဆယ့်ရှစ်နှစ်ပြည့်တော့မယ်ဆိုတော့ ဖေဖေ ဆုံးခဲ့တာ လေးနှစ်ပြည့်တော့မှာပေါ့၊ ဖေဖေ့ရဲ့လုပ်ငန်းတွေကလည်း ကိုယ့်အတွက် ဦးဆောင်ဖို့ မခက်ခဲလှပါဘူး၊ ဖေဖေ့ရဲ့ လူယုံတော်တွေက ဦးဆောင် ကိုယ်က အကြံပေးကြီးကြပ်ပေးရုံပဲဆိုတော့ အဆင်ပြေပါတယ်၊ ဒီထက်ပိုပြီး အခရာ ဘာသိချင်သေးလဲဟင်''

အခရာကို စူးစူးနစ်နစ် စိုက်ကြည့်ကာ မေးသော သူ့အမေးစကားကြောင့် ရင်ထဲမှာ သိမ့်ခနဲ ခံစားလိုက်ရတာ အမှန်။

နေမင်းထည်ဝါ ဆိုသော သူ့အကြောင်းတွေကို အခရာ မမေးပါဘဲ သူ ပြောပြခဲ့ပြီးပြီပဲ။ ထိုထက်ပိုပြီး အခရာ သိစရာလိုသေးသလား။

''ဟင့်အင်း အခရာ ဘာမှမသိချင်ပါဘူး ကိုထည်ဝါ''

မျက်ဝန်းတွေထဲအထိ အပြုံးတွေ ဖြာဝေအောင် သူ ပြုံးသည်။ ယောကျ်ားတစ်ယောက်မှာ ဒီလောက်အထိ စွဲမက်စရာကောင်းသည့် အပြုံးမျိုးရှိနေလိမ့်မည်ဟု အခရာ ထင်မထားခဲ့မိပါ။

''မင်းရဲ့စိတ်ဓာတ်က သိပ်ရိုးသားဖြူစင်တယ် အခရာ၊ အဲဒီစိတ်ထားလေးကိုပဲ ကိုယ်သဘောကျသွားတာ''

''ရှင်''

သူ့ဘက်က ရိုးသားစွာဆိုခြင်း ဖြစ်နိုင်ပေမယ့် အခရာမျက်နှာလေး နီမြန်းကာ ရှက်သွားမိတာတော့ အမှန်ပဲဖြစ်၏။

''ဟုတ်တယ် အခရာ၊ မင်းကို ကိုယ်စဆုံကတည်းက မင်းရဲ့မျက်ဝန်းတွေထဲက ဖြူစင်တဲ့အရိပ်လေးတွေကို မြင်တွေ့နေခဲ့တာ၊ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ဝန်ခံချင်ပါတယ်၊ ကိုယ့်ဘဝမှာ မိန်းကလေးတွေ အများကြီးနဲ့ ပတ်သက်ဖူးတယ်၊ ဒါပေမဲ့ မင်းနဲ့မတူတာတော့ သေချာတယ်၊ မင်းကို ကိုယ်လေးစားအထင်ကြီးတာ အခရာ''

အခရာကို မြှောက်ပင့်ချီးကျူးစကားတွေ ဆိုနေခြင်းလား။ သူ့ရင်ထဲက စကားတွေကို ထုတ်ဖော်ဖို့ နိဒါန်းပျိုးနေခြင်းလား။ သေချာသည်က အခရာ ရင်ခုန်သံတွေ တုန်ခါနေခဲ့၏။

ဘဝမှာ ဒါ ပထမဆုံး ရင်ခုန်လှုပ်ခတ်မိခြင်းဆိုတာ အခရာ ကိုယ်တိုင်ပဲ သိပါလိမ့်မည်။

စားပွဲထိုးလေးက မှာထားသော ဟင်းလျာတွေကို စားပွဲဝိုင်းလေးဆီ လာပို့ပေးချိန်မှာ သူ့အကြည့်တွေ အခရာဆီမှ ရုပ်သိမ်းသွားခဲ့၏။

စားပွဲဝိုင်းကြီးပေါ်မှာ ဟင်းလျာတွေက အငွေ့တထောင်းထောင်းနှင့် ပြည့်လျှံမတတ် ဖြစ်သွားခဲ့၏။

''အခရာ စားနော်''

''ဟို ဒီလောက် အများကြီး ဘာလို့ မှာတာလဲ ကိုထည်ဝါရယ် ဘယ်မှာကုန်မှာလဲ''

''အခရာ ကုန်သလောက် စားပေါ့၊ ကိုယ်က အခရာကို ဒီလို ရင်းရင်းနှီးနှီး တွေ့ချင်တာ၊ စနေ တနင်္ဂနွေနှစ်ရက်တော့ ကိုယ် အခရာကို တွေ့ပါရစေ''

''ဟင့်အင်း ဒီလိုဆိုင်မှာတော့ မဖြစ်ဘူးနော်၊ ကိုထည်ဝါ ကျွေးမွေးတာချည်းပဲ အခရာ မစားချင်ဘူး၊ ပြီးတော့ အခရာလည်း အခုလို ကျွေးမွေးညှော်ခံနိုင်မှာမဟုတ်ဘူး''





''အခရာ ကျွေးလည်း ကိုယ်က မစားရက်ပါဘူးကွာ၊ ပြီးတော့ မိတ်ဆွေတွေ ဖြစ်သွားပြီလေ၊ အဆင်ပြေတဲ့သူက ညှော်ခံကြေးပေါ့''

''ဟင့်အင်း သူတစ်ပါးကျွေးမွေးတာကိုချည်း အခရာ မစားတတ်လို့ပါ''

''ဟုတ်ပါပြီ ဒီတစ်ခါတော့ စားပါကွာ''

ပြောရင်း အခရာ ပန်းကန်ထဲကို သူ ဟင်းတွေခပ်ထည့်ပေးတော့ အခရာ ရင်ထဲက ကြည်နူးမိပြန်ပါသည်။

အခရာ ဘဝ အချစ်ကိုမကြုံခဲ့ဖူးတာ ဘဝအတွက်ပဲ အမြဲတမ်း အသင့်ရှိနေချင်တာကြောင့် ဖြစ်သည်။ အခရာဆီ ချဉ်းကပ်လာသူတိုင်းကို အခရာ ဥပေက္ခာပြု ငြင်းပယ်ခဲ့တာချည်းဖြစ်၏။

နေမင်းထည်ဝါ ဆိုသော ယောကျ်ားတစ်ယောက်ကိုမှ အခရာ ဘာကြောင့် မပြတ်သားနိုင်ခဲ့တာလဲ။

သူ့ရဲ့ပြည့်စုံချမ်းသာမှုကြောင့် မဟုတ်တာ သေချာသည်။ ပြီးတော့ သူ့ရဲ့ရှင်းသန့်ချောမောသော ရုပ်သွင်ကြောင့်လည်း မဟုတ်ပါ။

သူနှင့်ပတ်သက်လျှင် အခရာ စိတ်က ပျော့ပျောင်းနေတတ်တာ ဘာကြောင့်မှန်း မသိ။ သူ့ရဲ့အပြုံးချိုချိုတွေအောက်မှာ အခရာရုန်းမထွက်နိုင်ခြင်းလား။

ထူးတော့ ထူးဆန်းပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

မိန်းမတစ်ယောက်၏လုပချော့မော့မှုနှင့် စွဲဆောင်မှုထဲမှာ သူ ကြာရှည်စွာ မပျော်မွေ့ခဲ့ဖူးပါ။

သူ ဆယ်တန်းအောင်တော့ ဒယ်ဒီက ခြေခြားမြေခြားမှာ ပညာသင်ဖို့ စီစဉ်ပေးခဲ့သည်။ ခြောက်နှစ်ခန့် ရှင်သန်နေထိုင်ခဲ့ရသော တိုင်းပြည်တစ်ခုမှာ သူ အသားကျနေတတ်အောင် ကြိုးစားခဲ့ရသည်။

မြန်မာပြည် ပြန်ရောက်တော့လည်း သူ့အတွက် ဝန်းကျင်အသစ်တစ်ခုနှင့် ပြန်ကြုံဆုံရသလို ဖြစ်ခဲ့၏။

"သား အိမ်ထောင်မပြုခင်မှာ စီးပွားရေးလုပ်ငန်းတွေကို ဦးဆောင်နိုင်အောင် ကြိုးစားပါ၊ ကိုယ့်ရဲ့ မျိုးဆက်အတွက် တစ်ချိန်မှာ အိမ်ထောင်ပြုရမှာ မှန်ပေမယ့် ယောကျ်ားတစ်ယောက်အတွက် အနှောင်





အဖွဲ့ကင်းကင်း အလုပ်လုပ်နိုင်ရင် အောင်မြင်မှုက နီးနီးလေးပါ"

ဒယ်ဒီ့စကားကို သူ လက်ခံပါသည်။ သူ့ဘဝကို နှောင်ကြိုးတွေနှင့် ဘဝထဲမှာ နစ်မြုပ်မထားလိုခဲ့ပါ။ ပြီးတော့ အချစ်ဆိုသော အရာကိုလည်း လက်ခံဖို့ သူ့မှာ ခက်ခဲလွန်းနေခဲ့၏။

အမေရိကားမှာ ကျောင်းတက်ခဲ့စဉ်က မြန်မာအမျိုးသမီးတစ်ဦးနှင့် သူ ဆုံတွေ့ခဲ့သည်။

သူ့လိုပဲ အမေရိကားမှာ ပညာသင်ကျောင်းလာတက်သော ချစ်ယမုံနှင့် သူ သံယောဇဉ်တွေ တွယ်ခဲ့ကြသည်။ ဘာသာတူ၊ လူမျိုးတူခြင်းမို့လည်း သူ ပိုမိုခင်တွယ်ခဲ့တာထင်၏။

သို့ပေမယ့် ဆယ်နှစ်သမီးကတည်းက အမေရိကားရောက်နေသော ချစ်ယမုံ ကတော့ အနောက်တိုင်းယဉ်ကျေးမှုမှာ အသားကျပျော်ဝင်နေခဲ့သည်။

ချစ်ယမုံ၏ဦးလေးတွေရှိသော အမေရိကားမှာ ဆယ်နှစ်သမီးကတည်းက ကျောင်းလာတက်နေသော ချစ်ယမုံ မိဘနှစ်ပါးကတော့ ဆစ်နေရာစီမှာပဲ ဖြစ်၏။

"တို့ဒယ်ဒီက ဩစတြေးလျမှာ၊ မာမီကတော့ မြန်မာပြည်မှာရှိတယ်၊ တို့ ဆယ်နှစ်သမီးမှာ မာမီတို့အိမ်ထောင်ရေးပြိုကွဲခဲ့ကြတာပေါ့၊ အခုတော့ နောက်အိမ်ထောင်သစ် ကိုယ်စီနဲ့ အဆင်ပြေပြေပါပဲ၊ တို့ကတော့ မာမီရဲ့အစ်မတွေရှိတဲ့ ဒီမှာရောက်နေတာ"

မိဘနှစ်ပါးကြားမှာ မြေစာမြက်လေးတစ်ပင် ဖြစ်ခဲ့ရရှာသော ချစ်ယမုံကို သူ သနားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း ချစ်ယမုံကို သူ ပိုလို့သံယောဇဉ်တွေ ပိုခဲ့မိတာ ထင်သည်။ ချစ်ယမုံနှင့်ပတ်သက်ပြီး သူ့ရဲ့အနာဂတ်မှာ အဖော်တစ်ယောက်အထိ သူ မျှော်လင့်ထားခဲ့သည်။

ဒါကြောင့်လည်း နှစ်ဦးကြားမှာ ချစ်ခြင်းက လွှမ်းကျုံးခဲ့သည်အထိ ပွင့်လင်းခဲ့ကြသည်။

မြန်မာအမျိုးသားတစ်ဦးဖြစ်သော သူက မြန်မာအမျိုးသမီးတစ်ဦးဖြစ်သော ချစ်ယမုံအပေါ် တန်ဖိုးထား တာဝန်ယူခဲ့၏။

"ယမုံ ကိုယ်တို့ တရားဝင် လက်ထပ်ထားကြရအောင်"

"ဘာရယ် ယူက တို့နဲ့လက်ထပ်မယ်"

"ဟုတ်တယ်လေ ယမုံနဲ့ကိုယ်က ချစ်သူရည်းစားအဆင့်ထက်တောင် ကျော်လွန်ခဲ့ပြီပဲ"

ချစ်ယမုံ ကြည်ကြည်နူးနူးလေး ရယ်သည်။ ရွှေရောင်ဆံပင်အခွေအလိပ်လေးတွေနှင့် ပန်းနုရောင်သမ်းသော မျက်နှာလေးကတကယ့် အနောက်တိုင်းသူလေးဟု ထင်မှတ်ရလောက်၏။

"သင့်ခယူ ယူ့ကို တို့တကယ် ကျေးဇူးတင်ပါတယ်၊ တို့ကိုတကယ်ချစ်တာ သိလိုက်လို့ပါ၊ ဒါပေမဲ့ အခုချိန်မှာ ယူနဲ့တို့ ပညာရေးတစ်ပိုင်းတစ်စတွေနဲ့လေ၊ နှစ်ကိုယ်တူဘဝဆိုတာ စိတ်ကူးယဉ်ဆန်လွန်းပါသေးတယ်"

"ဒါပေမဲ့ ကိုယ်တို့နှစ်ယောက်က"

"အဟင်း ဟင်း နိုးပလော်တလမ် ဒါ ပြဿနာမဟုတ်တဲ့ကွယ် ယူနဲ့တို့က ကလေးတွေမှ မဟုတ်ဘဲ တို့ရည်ရွယ်ချက်တွေအတွက်ပဲ





ခေါင်းထဲထည့် ကြိုးစားပါဦး ယူရယ်"

သူ့ကိုနှစ်သိမ့်ရင်း ချိုမြိန်သော အနမ်းတို့နှင့် ချစ်ယမုံ နှစ်သိမ့်ခဲ့သည်။

သူကပဲ စိုးရိမ်လွန်းတာလား၊ ချစ်ယမုံကပဲ အနောက်တိုင်းယဉ်ကျေးမှုကို ယုံကြည်လက်ခံနိုင်ခြင်းလား မသိခဲ့ပါ။

သူနှင့်ချစ်ယမုံတို့နှစ်ဦး ချစ်ခြင်းက အနောက်တိုင်းယဉ်ကျေးမှုဆောင်ထဲမှာပဲ စီးမျောခဲ့တာ တစ်နှစ်နီးပါးကြာခဲ့သည်။

အကြိမ်ကြိမ် နှောင်ဖွဲ့ခဲ့သော သံယောဇဉ်တို့သည် ခိုင်မြဲသောကြိုးတို့ဖြစ်မည်ဟု သူ မျှော်လင့်ခဲ့ပေမယ့် . . .။

■ ■ ■

မြန်မာပြည်က ဒယ်ဒီ့ကျန်းမာရေးကြောင့် သူ ပြန်ဖို့ ဖြစ်လာချိန်မှာ ချစ်ယမုံနှင့်သူ့အနာဂတ်အတွက် တိုင်ပင်ဖြစ်၏။

"ဒါဆို ယူ မျှော်လင့်ထားသလို ဒီလိုပမာတန်းတက်ဖို့ မလွယ်တော့ဘူးပေါ့"

"ဟုတ်တယ် ယမုံ၊ မြန်မာပြည်ကို ကိုယ်ပြန်ရမှာပေါ့၊ ပြီးရင်ဒယ်ဒီရဲ့စီးပွားလုပ်ငန်းတွေကို တာဝန်ယူရမယ်၊ ဒါကြောင့် ယမုံကိုမြန်မာပြည်လိုက်ခဲ့ပြီး ကိုယ်နဲ့လက်ထပ်ဖို့ ကိုယ်တောင်းဆိုတယ်"

ချစ်ယမုံ တွေဝေသွားခဲ့သည်။ မြန်မာပြည်မှာရှိသော မိခင်ဖြစ်သူနှင့် တစ်သက်လုံး ဆုံတွေ့ခွင့်ကို ချစ်ယမုံ အလိုမရှိတာကြောင့်လား။

"ယမုံ ဘာဖြစ်လို့လဲဟင်"

"တို့ အလေးအနက် စဉ်းစားချင်သေးတယ် ယူ၊ ဒီတော့ ယူ



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်ကို ပြန်နှင့်ပါ၊ ပြီးမှ တို့နှစ်ယောက်ကိစ္စ ဆုံးဖြတ်တာပေါ့''

ဒယ်ဒီ ကျန်းမာရေးကြောင့် သူ မြန်မာပြည်ကို ပြန်ခဲ့ရသည်။ ပြန်ရောက်ပြီး နှစ်ပတ်အကြာမှာပဲ ချစ်ယမုံရဲ့ ဆုံးဖြတ်ချက်ကို သူ ကြားလိုက်ရ၏။

''တို့ မြန်မာပြည်ကို ပြန်လာဖို့ ရည်ရွယ်ချက်မရှိဘူး ယူ၊ ယူ အက်စ်မှာပဲ အပြီးနေထိုင်ဖို့ ဆုံးဖြတ်ထားတယ်''

ဖုန်းထဲက ကြားရသော ချစ်ယမုံ၏ဆုံးဖြတ်ချက်တွေက ပြတ်သားလွန်းနေခဲ့သည်။

''ယမုံ ကိုယ်နဲ့ယမုံ လက်ထပ်ဖို့အစီအစဉ်ကကောဟင်''

''ဘယ်လိုမှ မဖြစ်နိုင်တာပဲ ယူရယ်''

''ယမုံ ဘယ်လိုပြောလိုက်တာလဲ၊ ကိုယ်နဲ့ယမုံက ဘယ်လို အခြေအနေ အတိုင်းအတာထိဆိုတာ ယမုံ သိပါတယ်''

''အဲဒါ ပြဿနာမဟုတ်ပါဘူး ယူ၊ အဓိကက ယူနဲ့တို့ စိတ်ဆန္ဒတွေ တူညီဖို့ပဲလေ၊ ယူက မြန်မာပြည်မှာ၊ တို့က ယူအက်စ်မှာရှင်သန်ချင်တာဆိုတော့ ဘယ်လိုမှမဖြစ်နိုင်တာ သေချာနေပြီ၊ တို့နှစ်ယောက်ဖြစ်ပျက်ခဲ့တာတွေကို မေ့ထားလိုက်ပါ ယူ၊ ခင်မင်တဲ့မိတ်ဆွေတွေအဖြစ်နဲ့ပဲပေါ့''

ချစ်ယမုံရဲ့ဆုံးဖြတ်ချက်တစ်ခုအတွက် သူ အံ့ဩဝမ်းနည်းခဲ့ရတာ အမှန်။ သံယောဇဉ်နှင့်ချစ်ခြင်းတရားကို တကယ်ပဲ အလေးအနက်မထားနိုင်ဘူးတဲ့လား။

သူ့ဘက်က အီးမေးလ်တွေပို့ မက်ဆေ့ချ်တွေပို့ကာ ချစ်ယမုံ





နှင့်ညှိနှိုင်းဖို့ ကြိုးစားခဲ့သေး၏။

ဒါပေမဲ့ ပြတ်သားသော အဖြေတစ်ခုကို ချစ်ယမုံ ကိုယ်တိုင်ကပဲ ဆုံးဖြတ်ပေးခဲ့ပါသည်။

အမေရိကန်နိုင်ငံသားတစ်ဦးနှင့် ချစ်ယမုံ လက်ထပ်သွားခဲ့သည်။ သူ့ရင်မှာ နာကျင်ခဲ့ရသလို နှောင်ဖွဲ့ခဲ့သော သံယောဇဉ်နှောင်ကြိုးတို့အတွက် တန်ဖိုးမဲ့ခဲ့ရခြင်းကို ခံပြင်းမိ၏။

သည့်နောက်ပိုင်းမှာ သူ့စိတ်ကို ဒယ်ဒီရဲ့ အလုပ်တာဝန်တွေကို ဦးဆောင်ရင်း နှစ်မြှုပ်ထားခဲ့သည်။

နေမင်းထည်ဝါ ဆိုသော သူ့အတွက် နောက်ထပ်ဆုံတွေ့ခဲ့ရသော မိန်းကလေးတွေ အများကြီးရှိခဲ့သည်။ ဒါပေမဲ့ ချစ်ယမုံထံမှ ရရှိခဲ့သော သင်ခန်းစာတွေနှင့် သူ့နှလုံးသားက အချစ်ဆိုတာကို ယုံကြည်ဖို့ခက်ခဲနေခဲ့၏။

အချစ်ဆိုတာ အလိုရမ္မက်ဆန္ဒတစ်ခုတည်း မဟုတ်ပါ။ သံယောဇဉ်တစ်ခုတည်းကြောင့်လည်း အချစ်ဆိုတာ ဖြစ်တည်မလာနိုင်ပါ။

ချစ်ယမုံကို သူ့နှလုံးသားက ချစ်ခဲ့တာလားဟု ကိုယ့်ကိုကိုယ်ပြန်မေးခွန်းထုတ်ကြည့်မိသည်။ အဖြေက ရှင်းပါသည်။ ရင်မှုရူးရူးနှစ်နစ်ခံစားရလောက်အောင် သူ မခံစားခဲ့ရတာ အမှန်ပဲဖြစ်၏။

ပြီးတော့ သူနှင့်ဆုံတွေ့ပတ်သက်ခဲ့သော မိန်းကလေးတွေစိတ်ကိုလည်း သူ မြင်တွေ့နားလည်ခဲ့သည်။

သူတို့မက်မောခုံမင်တာ နေမင်းထည်ဝါရဲ့ ဂုဏ်ဒြပ်နှင့်ပိုင်ဆိုင်မှုငွေကြေးတွေပဲဖြစ်သည်။ ထို့အတွက် သူတို့လိုချင်တာကို သူ့ဘက်က



www.burmeseclassic.com

www.burmeseclassic.com



ရက်ရောစွာပေးသည်။

သူတို့ဘက်ကလည်း သူ့အတွက် တဒင်္ဂ သာယာမှုတစ်ခုကို ပြန်ပေးကြသည်။ ဒါက တုံ့ပြန်မှုအလျော်အစား တစ်ခုပဲဟု သူယုံသည်။

မိန်းမတစ်ယောက်၏အလှတရားနှင့် စွဲဆောင်မှုတွေအပေါ် မငြိတွယ်အောင် သူ့နှလုံးသားက မာကြောခဲ့သည်လား။

အခုတော့ ထိုယုံကြည်ချက်ကို သူကိုယ်တိုင် ငြင်းဆန်ဝန်ခံ တော့မည် ထင်ပါရဲ့။

ပန်းအခရာ တဲ့။

စဆုံတွေ့စဉ်ကတည်းက ဖြူစင်ရိုးသားမှုလေးတွေကို မျက်ဝန်း လေးတွေထဲမှာ သူ သတိထားခဲ့မိသည်။

နနုညက်ညက်လေး လှပသလောက် ထိုအလှအပကိုပေါ်လွင် အောင် မပြင်ဆင်သော ပန်းအခရာမှာ အလှတရားထက် တန်ဖိုးထား လေးစားစရာကောင်းသော အရည်အချင်းတွေရှိမှန်း သူ သိခဲ့ရသည်

သူ ဆုံတွေ့ဖူးသော မိန်းကလေးတွေထက် ထူးခြားသော ပန် အခရာကို သူ့စိတ်က အလေးထားလာမိ၏။ ပန်းအခရာကို သူ စိတ်ဝ စားမိတာ တခြားသော မိန်းကလေးတွေနှင့် မတူတာတော့ သေချာသည်

အခရာအပေါ် သူ့စိတ်က ဖြူစင်သည်။ ဘာမျှော်လင့်ချက် မရှိဘဲ ခင်မင်စိတ်တစ်ခုသာ ရှိသည်။ ပြီးတော့ ပန်းအခရာရဲ့ဘဝ ကို သူ စာနာမိ၏။

ပန်းအခရာရဲ့ဒုက္ခအမောတွေကို ကူညီပေးဖို့ဆိုတာ သူ့အတွ ခက်ခဲသော အရာတစ်ခုမဟုတ်ပါ။ ဒါပေမဲ့ ပန်းအခရာရဲ့မာနကိုတေ





လေးစားရမှာပဲ ဖြစ်၏။

သူ့အာရုံတွေကို ထိုမျှအထိ သိမ်းပိုက်နိုင်စွမ်းသော ပန်းအခရာ ကို နှလုံးသားက ငြိတွယ်နေပြီလား။

ထိုမေးခွန်းအတွက်တော့ သူ ရေရာစွာ အဖြေမရှာချင်သေးပါ။ သေချာသည်ကတော့ အချစ်သည့် လေးနက်ဆန်းကြယ်သလို ဖြူစင် ရိုးစင်းတာလည်း သူ လက်ခံနေမိပြီ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

တစ်ပတ်နှစ်ရက် သူနှင့်ပုံမှန်ဆုံတွေ့ဖြစ်သည့် ကျူရှင်တက်ရက်တွေကို အခရာ ကိုယ်တိုင်လည်း မျှော်မွေ့လာမိတာ အမှန်။

အခရာဆန္ဒကြောင့် စားသောက်ဆိုင်ကြီးတွေမှာ မထိုင်ဖြ သည့်တိုင် ကော်ဖီဆိုင်လေးမှာတော့ ထိုင်ဖြစ်၏။

သူနှင့်အတူ ထိုင်ကာ ပြောဖြစ်ကြသော စကားတွေက ဘယ် တော့မှ ကုန်ခမ်းသွားခဲ့သည် မရှိခဲ့။ အရင်းနှီးဆုံးမိတ်ဆွေသူငယ်ချင်း တစ်ယောက်လို သူက အခရာအနာဂတ်အတွက် အကြံတွေလည်းပေး တတ်၏။

"Final Exam ဖြေပြီးရင် အခရာ တခြားအလုပ်ပြောင်းလုပ် မှာပေါ့"





"ဟုတ်တယ် ကိုထည်ဝါ၊ သင့်တော်အဆင်ပြေမယ့် အလုပ်တစ်ခုတော့ အခရာ လုပ်ရမှာပဲ၊ အန်တီယုတို့ ဖိနပ်ဆိုင်မှာတော့ ဆက်မလုပ်တော့ဘူးလို့ ကြိုပြောပြထားတယ်၊ ဒီထက် ပိုဝင်ငွေကောင်းတဲ့အလုပ်ကို အခရာ ရှာမှဖြစ်မယ်"

"အခရာ အလုပ်အတွက် လိုအပ်ရင် ကိုယ်ကူညီပေးပါ့မယ်၊ ကိုယ်နဲ့ရင်းနှီးတဲ့ကုမ္ပဏီတွေ အများကြီးရှိပါတယ်"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ ကိုထည်ဝါ"

အခရာအပေါ်မှာ ထားရှိသည့် သူ့စေတနာတွေကိုလည်း အခရာ အသိအမှတ်ပြုဖြစ်ပါသည်။ အခရာ မပြောဘဲ အခရာအကြောင်းတွေကို သိနေသော သူ့ကို အခရာနှုတ်က မမေးဖြစ်ခဲ့ပေမယ့် သူ့ရင်ထဲကိုတော့ အခရာ မြင်နေမိသလို ရှိပါသည်။

တစ်ချိန်ချိန်မှာ သူ့ဆီက ကြားလာမည့် စကားတွေအတွက် အခရာ မျှော်လင့်ပြီးသား ဖြစ်၏။ ဒါပေမဲ့လည်း အခရာအပေါ် ကြင်နာသည့် မျက်ဝန်းတွေနှင့်ကြည့်၊ စေတနာစကားတွေနှင့်သာ သူ့ဘက်က ဖော်ထုတ်ပြခဲ့၏။

"ကိုထည်ဝါ တစ်ပတ်နှစ်ရက်လောက် အခရာဆီလာနေတာ အလုပ်မပျက်ဘူးလား"

"ရတယ် ကိုယ်က အဲဒီလောက် အချိန်တွေ နစ်မြုပ်နေအောင် အလုပ်တာဝန်မပိပါဘူး။ အခရာကို ပြောဖူးသားပဲ ဒယ်ဒီရဲ့လူယုံတော်တွေက စိတ်ချရတယ်၊ ဒီတော့ ကိုယ့်အတွက် တာဝန်ကင်းတာပေါ့"

"အခရာကြောင့် အလုပ်တွေပျက်မှာစိုးလို့ပါ"

www.burmeseclassic.com



"ပြဿနာမရှိပါဘူး အခရာ၊ ကိုယ့်အတွက် အခရာနဲ့ ဆုံတွေ့တဲ့အချိန်တွေကလည်း အရေးပါနေတယ်လေ"

ကြည်လင်သော မျက်ဝန်းတွေနှင့် စိုက်ကြည့်ကာ ဆိုသော သူ့စကားကြောင့် အခရာ ရင်တို့ သိမ့်သိမ့်ခုန်ရ၏။ ဒါပေမဲ့ ထိုထက်ပိုမိုသော စကားတို့ သူ့နှုတ်က ထွက်မလာခဲ့ပါ။

ဝတီတို့ ဖိနပ်ဆိုင်လေးမှာ အခရာ ထိုင်သည့် ငါးရက်မှာတော့ သူ တစ်ရက်မှ ရောက်မလာပါ။

ထို့အတွက် ဝတီကတော့ မှတ်ချက်ပေးပါသည်။

"အလကားပါ ယောကျ်ားတွေက ဒီအတိုင်းပဲ၊ သူတို့စိတ်အာရုံကျတဲ့အခါပဲ ရောက်လာချင်ကြတာ၊ ငါထင်တယ် ဒီလူ တခြားတစ်ယောက်ဆီ အာရုံရောက်သွားပြီထင်တယ်"

ဝတီ စကားကို အခရာ ဘာမှမတုံ့ပြန်ဘဲ နှုတ်ဆိတ်နေလိုက်ပါသည်။ ကိုထည်ဝါနှင့်အခရာတို့ ဆုံတွေ့နေတာကိုသာ အခရာသိလျှင် ဘာပြောမည်လဲ။

သေချာသည်က ဝတီရဲ့ဝန်တိုစိတ်နှင့် အလိုမကျသော တုံ့ပြန်မှုတွေကိုပဲ အခရာ ကြုံဆုံရမှာဖြစ်သည်။

ကိုထည်ဝါ ရောက်လာမည်လား မျှော်လင့်ချက်နှင့် ဝတီ တမျှော်မျှော် ရှိနေတာတွေကို အခရာ မြင်သိနေသည်ပဲ။ တမင် မမြင်မသိသလို ဆောင်ကာ အခရာဘာသာ စာကျက်နေလိုက်၏။

ကိုထည်ဝါနှင့်ပတ်သက်ပြီး ဝတီခင်ကို ဘာကြောင့်သိုဝှက်ထားမိတာလဲဆိုတာ ကိုယ့်ကိုကိုယ်တောင် နားမလည်နိုင်ပါ။





တကယ်ဆို ဝတီခင်ကိုသာမကပါ ဖေဖေ မေးလာတာကိုတောင် ဝတီ ရှိုးသားစွာ မဖြေဖြစ်ခဲ့ပါ။

အခရာကို သူ လိုက်ပို့ပေးသည့်နေ့က အိမ်ရှေ့အထိ ရပ်လာသော ကားကြီးကို ဖေဖေ မြင်တွေ့သွားခဲ့သည်။

"မယုခင်တို့ လိုက်ပို့တာလား သမီး"

ဝတီ မေမေ အန်တီယု လိုက်ပို့ပေးသည်ဟု ထင်ကာ ဖေဖေ မေးနေတော့ အခရာ ခေါင်းညိတ်လိုမ်မိခဲ့၏။

"ဟုတ်တယ် ဖေဖေ၊ ဒီနေ့ နည်းနည်းနောက်ကျလို့ လိုက်ပို့ပေးတာပါ၊ ဒီမှာ ဖေဖေ့အတွက် ကြေးအိုးဝယ်လာတယ်၊ ဂဏန်းပေါင်းသည်းပါတယ်"

အခရာစကားကို ဖေဖေ ယုံကြည်သွားခဲ့ပါသည်။ သူစိမ်းယောကျ်ားတစ်ယောက် လိုက်ပို့တာဆိုလျှင် ဖေဖေ စိုးရိမ်မှာစိုး၍ အခရာ ညာခဲ့မိတာ ဖြစ်သည်။

နောက်ပိုင်းလည်း ကျူရှင်အပြန် ကိုထည်ဝါလိုက်ပို့ပေးလျှင် လမ်းထိပ်အထိပဲ အခရာ ပို့ခိုင်းခဲ့သည်။

ရပ်ကွက်ထဲမှာ တခြားသူတစ်ယောက် မြင်တွေ့ကာ ကဲ့ရဲ့မှာတော့ အခရာ ဆင်ခြင်ရမှာပဲဖြစ်၏။

"တစ်မျိုးတော့ မထင်ပါနဲ့ ကိုထည်ဝါ၊ ပတ်ဝန်းကျင်အမြင်မှာ အခရာသိက္ခာကို ထိပါးတာမျိုး မဖြစ်စေချင်လို့ပါ"

"ကိုယ် နားလည်ပါတယ် အခရာ"

ကိုထည်ဝါကလည်း အခရာအပေါ် နားလည်ပေးနိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့တွက်လည်း အခရာ ကျေးဇူးတင်မိသည်။

ကျူရှင်ရက်တွေတိုင်းမှာ အတူဆုံတွေ့ရင်း ခိုင်မြဲပွင့်လင်းသော ခင်မင်မှုတွေ အခရာနှင့် ကိုထည်ဝါကြားမှာ ကြီးမားခဲ့သည်။ အခရာ အပေါ်မှာ နားလည်မှု ကြင်နာမှုအရိပ်တွေ အမြဲတမ်း ပြည့်ဝနေသော ကိုထည်ဝါ နှုတ်ကတစ်ချိန်ချိန်မှာ ထွက်ကျလာမည့် စကားတွေအတွက် အခရာ မျှော်လင့်နေမိသည်လား။

သူ့အကြောင်းတွေကို ခရေစေ့တွင်းကျ အခရာမသိပေမယ့် သိသင့်သလောက်တော့ သိရှိနေခဲ့၏။

သူ့ရဲ့ချမ်းသာပြည့်စုံမှုကို အခရာ ခန့်မှန်းမိ၏။ ထိုချမ်းသာ ပြည့်စုံမှုကြောင့်လည်း အခရာ မဝံ့မရဲ ဖြစ်မိတာ ဝန်ခံသည်။

နေမင်းထည်ဝါ ဆိုသော ယောကျ်ားတစ်ယောက်ကို ထိုအရည် အချင်းတွေကြောင့် ရွေးချယ်လိုက်တာဟု အခရာ အထင်မခံနိုင်ပါ။ အခရာဘဝမှာ ခိုင်မြဲသော စိတ်ကူးတစ်ခုရှိခဲ့၏။

အခရာ နှလုံးသားက ချစ်တဲ့သူကိုပဲ ဘဝတစ်ခုအတွက် အခရာ ရွေးချယ်ချင်သည်။

ဒါကိုလည်း ကိုထည်ဝါ ယုံကြည်သိစေချင်ပါရဲ့။

■ ■ ■

## အခန်း (၁၂)

''ဒီနေ့ပဲ အခရာ ဖိနပ်ဆိုင်က ထွက်လိုက်ပြီ ကိုထည်ဝါ''

သူနှင့်ဆုံတော့ အခရာ အရင်ဆုံးပြောမိသည်။ သူက အခရာ စကားကို ခေါင်းတစ်ချက်ညိတ် အသိအမှတ်ပြုရင်း

''ကောင်းပါတယ် လာမယ့် မန်းဒေးပဲ အခရာ စာမေးပွဲဖြေ ရတော့မှာ မဟုတ်လား''

''ဟုတ်တယ် ဒါကြောင့် တစ်ခါတည်း ထွက်လိုက်တာပါ၊ စာမေးပွဲပြီးတာနဲ့ အခရာ အလုပ်တစ်ခု လုပ်ရမှာလေ''

''ဟင် အခရာက အလုပ်သစ် ကြိုရှာထားပြီးပြီလား''

''မရှာရသေးပါဘူး၊ စာမေးပွဲပြီးတာနဲ့ ရှာရမှာပေါ့၊ တစ်ခုခု တော့ အဆင်ပြေမှာပါ''



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်ပါလား အခရာ၊ စာမေးပွဲပြီးတာနဲ့ အခရာအတွက် အလုပ်တစ်ခု ကိုယ်ရှာပေးမယ်၊ အခရာအတွက် အဆင်ပြေမှာပါ၊ အလုပ်တွေ အများကြီးထဲက အခရာ စိတ်ကြိုက်ရွေးလို့ရအောင် စီစဉ်ပေးမယ်"

"ဟို အခရာနဲ့ အဆင်ပြေပါ့မလား"

"ပြေတာပေါ့၊ အခရာ အရည်အချင်းနဲ့ အဆင်ပြေတဲ့အလုပ်တွေကို ကိုယ်စီစဉ်ပေးမှာပါ"

သူ့စကားကြောင့် အခရာ ဝမ်းသာမိသည်။ စာမေးပွဲပြီးသည်နှင့် အခရာအတွက် အလုပ်သစ်တစ်ခု အဆင်ပြေဖို့ လိုပါသည်။ ဒါမှ ဖေဖေနှင့် အခရာတို့အတွက် အဆင်ပြေမှာဖြစ်၏။

"စာမေးပွဲရက်တွေတော့ ကိုယ်တို့တွေ့ဖို့ မလွယ်ဘူးထင်တယ်"

"အင်း စာမေးပွဲရက်တွေ အခရာ အပြင်ထွက်ဖြစ်မှာမဟုတ်ဘူးလေ"

သူ နားလည်သလို ခေါင်းညိတ်ရင်း ဘောင်းဘီအိတ်ထဲက တစ်စုံတစ်ခုကို နှိုက်ယူသည်။ ပြီးတော့ စားပွဲလေးပေါ် လှမ်းတင်ပေး၏။

"အခရာအတွက် ကိုယ့်လက်ဆောင်"

"ဟင် အခရာ မလိုချင်ပါဘူး"

"ယူပါ အခရာ၊ တန်ဖိုးကြီးလက်ဆောင်တွေ မဟုတ်ပါဘူး၊ အခရာအတွက် လိုအပ်မယ်ထင်တဲ့ လက်ဆောင်ပေးတာပါ"

ပြောရင်း စားပွဲပေါ်က ဘူးလေးကို သူဖွင့်ပြကာ အခရာ မြင်အောင်ပြသည်။

ရွှေအိုရောင်နာရီလေးနှင့် ဖောင်တိန်လေးတစ်ချောင်းကို အခရာ





မြင်ရ၏။

"အခရာအတွက် လိုအပ်ပြီး ကိုယ့်လက်ဆောင်က အမှတ်တရဖြစ်စေချင်လို့ပါ အခရာ၊ မငြင်းပါနဲ့နော်"

အခရာ ငြင်းဖို့လည်း မလွယ်ပါ။ သူ့စေတနာကို အခရာ အသိအမှတ်ပြု ခေါင်းညိတ်တော့ သူ့ မျက်နှာကြည်နူးရိပ်တွေ ဖြာဝေသွားခဲ့၏။

"ကိုယ် ဝမ်းသာတယ် အခရာ၊ စာမေးပွဲပြီးရင် မင်းနဲ့ကိုယ်တွေ့ချင်တယ်"

အခရာကို စူးစူးနစ်နစ် စိုက်ကြည့်ရင်း သူ ဆိုသည်။ အကြင်နာရိပ်တို့ ဖြာနေသော မျက်ဝန်းတွေအောက်မှာ အခရာ နှလုံးသားလေး နှည့်ညွတ်စွာ တုန်ခါနေခဲ့၏။

"ကိုယ့်ဘဝမှာ အလေးနက်ဆုံး စကားတွေ အဲဒီနေ့ကျရင် အခရာကို ကိုယ်ပြောပြချင်ပါတယ်၊ အခရာ အလေးအနက် နားထောင်ပေးနော်၊ စာမေးပွဲရက်တွေမှာတော့ အခရာကို ကိုယ် ဘာအနှောင့်အယှက်မှ မရှိစေချင်ဘူး"

စေတနာနှင့်ယှဉ်ယှဉ်ကြင်နာမှုလွှမ်းသော သူ့စကားတွေအောက်မှာပဲ အခရာ နှလုံးသားတွေ လှုပ်ခတ်ခဲ့တာ အကြိမ်ကြိမ်။

"အခရာ ညဉ့်နက်ခံပြီး စာတွေမကျက်နဲ့နော်၊ ကျန်းမာရေးကို ဂရုစိုက်ပါ၊ အခရာအလုပ်အတွက်လည်း ဘာမှမပူနဲ့၊ ကိုယ် အားလုံးကူညီပေးမှာပါ"

"ဟုတ်ကဲ့ပါ ကိုထည်ဝါ၊ အခရာ ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြာလဲ့သော သူ့မျက်ဝန်းတွေနှင့် စက္ကန့်အတော်ကြာ ရင်ဆိုင်မိ၏။ ထိုတဒင်္ဂလေးမှာ အခရာ ရင်ခုန်သံတွေ နွေးထွေးလှုပ်ခတ်နေ၏။ သူ့ရင်ခုန်သံတွေလည်း လှုပ်ခတ်နေမည်လား။

"အခရာ"

"ရှင်"

"မတွေ့ဖြစ်ကြတဲ့ရက်လေးတွေမှာ ကိုယ့်အတွက် တစ်ခုတော့ အခရာ ခွင့်ပြုပါ"

ပြောရင်း ဟန်းဖုန်းလေးကို သူထုတ်ကာ ကင်မရာလေးနှင့် အခရာမျက်နှာကို ချိန်ရွယ်၏။ အခရာ ငြင်းဆန်ဖို့ အင်အားမရှိခဲ့။

"တစ်ချက်လောက် ပြုံးလိုက်လေ"

သူ့အမိန့်အတိုင်း အခရာ ပြုံးမိပေမယ့် အခရာ အပြုံးတွေက ရှက်ရိပ်လွှမ်းနေမှာ သေချာ၏။

"အိုကေ ကျေးဇူးတင်တယ် အခရာ၊ အခရာ ပုံရိပ်လေးကို အမြဲတမ်းအတွက် ကိုယ် သိမ်းဆည်းထားမှာပါ"

ထိုနေ့က နှုတ်ဆက်လမ်းခွဲခဲ့ချိန်မှာ အခရာ ရင်ထဲမှာ ကြည်နူးခြင်းနှင့်နွေးထွေးရှိန်းမြနေခဲ့သည်။

ဘဝမှာ အချစ်ဆိုတာကို အခရာ မကြုံဆုံ မခံစားခဲ့ရဘူးပါ။ သူနှင့်ကျမှ အခရာနှလုံးသားက ခံစားတတ်ခဲ့ပြီလား။

သေချာပါတယ် အခရာ ရင်ခုန်တတ်ခဲ့ခြင်းက ရှင်နဲ့ကျမှပါ ထည့်ဝါရယ်။

■ ■ ■



## အခန်း (၁၃)

တန်ဖိုးကို အခရာ အသေအချာ မသိပေမယ့် ရွှေရောင်နာရီလေးနှင့် ဖောင်တိန်လေး၏တန်ဖိုးက မသေးလှမှန်း တွက်ဆမိသည်။

ယောကျ်ားတစ်ယောက်၏ လက်ဆောင်ပစ္စည်းကို အခရာ လက်မခံချင်ပေမယ့် သူ့မျက်ဝန်းတွေကို ကြည့်ကာ မငြင်းရက်ခဲ့ပါ။ ပြီးတော့ မြတ်နိုးခုံမင်စွာလည်း သဘောထားခဲ့၏။

အခရာမှာရှိသော နာရီဟောင်းလေးကို သိမ်းဆည်းကာ သူပေးသော နာရီလေးကို ဆင်မြန်းဖြစ်သည်။ ပြီးတော့ စာမေးပွဲရက်တွေမှာလည်း သူ့ရဲ့ဖောင်တိန်လေးကို အခရာ သုံးဖြစ်ခဲ့သည်။

မတွေ့ဖြစ်ကြသောရက်တွေမှာ သူ့အတွက် အခရာရဲ့ဓာတ်ပုံလေးတစ်ပုံရှိပေမယ့် အခရာအတွက်တော့ ဘာမှမလိုအပ်ပါ။

သူ့ရဲ့လက်ဆောင် နာရီနှင့်ဖောင်တိန်လေး ရှိသည်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



အခရာ ရင်ထဲမှာ သူ့ရဲ့ပုံရိပ်က မှတ်မှတ်ထင်ထင် ရှိနေခဲ့၏။

အခရာ စာမေးပွဲဖြေဆိုသည့် ကျောင်းအထိ သူ ရောက်လာမည်လား မျှော်လင့်မိပေမယ့် မတွေ့ရပါ။

စာမေးပွဲရက်တွေမှာ အခရာကို အနှောင့်အယှက် မပေးချင်ဆိုသော စကားအတိုင်း သူ တမင်မလာဖြစ်အောင် ကြိုးစားထားတာဟု ထင်၏။

သူနှင့်ပတ်သက်ပြီး အခရာဘက်က နားလည်မှုတွေ ပေးနေမိတာလည်း ဘာကြောင့်မှန်း မသိတော့ပါ။

စာမေးပွဲပြီးလျှင်တော့ သူ အခရာဆီ မရောက်ရောက်အောင် လာမည်ဆိုတာ ယုံကြည်သည်။

ထိုမျှော်လင့်ကြည်နူးမှုလေးတစ်ခုနှင့်ပဲ အခရာ စာမေးပွဲရက်တွေတိုင်းကို ပျော်ရွှင်အဆင်ပြေစွာ ဖြတ်သန်းနိုင်ခဲ့၏။

ညဥ့်နက်ပိုင်းအထိ စာကျက်ဖြစ်သည့်ညတွေမှာလည်း သူ စိုးရိမ်စွာဆိုခဲ့သော စကားကို အခရာနားထဲမှာ ပြန်ကြားယောင်မိတတ်စမြဲ။

''ညဥ့်နက်ခံပြီး စာတွေမကျက်နဲ့နော်၊ ကျန်းမာရေးကို ဂရုစိုက်ပါ''

သူ့စကားအတိုင်း နာခံပြုံးမိရင်း အခရာ စာမေးပွဲရက်တွေကို ကျော်လွှားနိုင်ခဲ့သည်။

စာမေးပွဲကြီး ပြီးဆုံးသွားချိန်မှာ အခရာ ရင်ထဲမှာပေါ့ပါးလန်းဆန်းသွားခဲ့ရတာ သူနှင့်ဆုံရတော့မည်ဟူသော အသိကြောင့်ဖြစ်၏။

အံ့သြစရာတော့ ကောင်းပါသည်၊ အခရာဘဝမှာ ဒီလိုခံစားမှု





ချိုး တစ်ခါမှ မကြုံဖူးခဲ့။ အထူးသဖြင့် ယောကျ်ားတစ်ယောက်ကြောင့် အခရာ မကြုံဆုံဖူးခဲ့ပါ။

အခရာဘဝထဲကို သူ ဝင်ရောက်လာခဲ့ခြင်းက အခရာ ထင်မှတ်ထားသည်ထက်တောင် စွဲနစ်စွဲမြဲ နိုင်မာနေခဲ့ပြီ ထင်၏။

သူ့ရဲ့ယုယကြင်နာသော စကားတွေထဲမှာပဲ အခရာရဲ့နှလုံးသားက ပျော်ဝင်သွားခဲ့ခြင်းလား။

အခရာ အသေအချာမသိပေမယ့် နှလုံးသားက သူ့အပေါ် ယိမ်းယိုင်နေခဲ့တာတော့ သေချာလွန်းနေ၏။

စာမေးပွဲနောက်ဆုံးနေ့က ကျောင်းဝင်းအပြင်ဘက်မှာ သူ စောင့်ကြိုနေမည်လား မျှော်လင့်မိပေမယ့် သူ ရှိမနေပါ။ အခရာ မကြိုက်မှာစိုး၍ ကျောင်းကိုလာမစောင့်ခြင်းလား တွေးမိသည်။

အိမ်ရောက်တော့ သူရောက်လာမှာပဲဟု တစ်ထစ်ချ တွက်ကာ အခရာ တမျှော်မျှော်ဖြစ်နေတာကို ဖေဖေကတောင် သတိထားမိကာ မေးလာ၏။

''ဘယ်သူ့ကို မျှော်နေတာလဲ သမီး၊ သူငယ်ချင်းလာမှာမို့လား''

''ဟို မဟုတ်ပါဘူး ဖေဖေ၊ အလုပ်ကိစ္စတစ်ခု ပြောထားလို့ မိတ်ဆွေတစ်ယောက်ကို မျှော်နေတာပါ''

''သမီးလေး ဒီနေ့မှ စာမေးပွဲပြီးတာကွယ်၊ တစ်ရက်နှစ်ရက် နားပါဦး''

ဖေဖေက အခရာအတွက် စာနာကာ ပြောရှာသည်။

ထိုနေ့ကလည်း ကိုထည်ဝါ ရောက်ရှိမလာပါ။ မျှော်လင့်နေသည်

www.burmeseclassic.com



အချိန်မှာ ရောက်မလာတော့ အခရာ ဝမ်းနည်းချင်မိ၏။

ဒါပေမဲ့လည်း မနက်ဖြန်တော့ ဘယ်လိုနည်းနှင့်မဆို ကိုထည်ဝါ ရောက်လာမည်ဟု အခရာ ယုံကြည်ထားမိဆဲဖြစ်သည်။

ကိုယ့်ကိုကိုယ် အခရာ မညာချင်တော့ပါ။ ကိုထည်ဝါအပေါ်မှာ အခရာ သံယောဇဉ်တွေ ငြိတွယ်နေခဲ့တာ သေချာသည်။

မမြင်တွေ့ရသည့်ရက်တွေမှာကတည်းက သူ့ကိုပဲ အခရာ သတိရနေမိသည်။ ဒါ အချစ်ဆိုသော ခံစားချက်လား အခရာ မပြောတတ်သေးပါ။

ထိုညက သူ လက်ဆောင်ပေးထားသော နာရီလေးနှင့်ဖောင်တိန်လေးကို ကြည့်ကာ အခရာ ရင်ထဲမှာ ကြည်နူးလှိုက်ဖိုနေခဲ့၏။

အိပ်ပျော်သွားချိန်မှာ သူနှင့်အခရာ အိပ်မက်ထဲမှာ ဆုံကြသေးသည်။ သူ့နှုတ်က ဝန်ခံချစ်စကားတွေ ဆိုနေတာကို အရှက်သွေးလွှမ်းသော မျက်နှာလေးနှင့် အခရာ နားထောင်ခဲ့ရသည်။

သူ အဖြေတောင်းဆိုတော့ အခရာ ခေါင်းလေးညိတ်ကာ မငြင်းဆန်ဘဲ ဝန်ခံခဲ့မိသောအဖြစ်သည် အိပ်မက်တစ်ခုသာ။

မချစ်ဘူးသော အခရာ နှလုံးသားကိုမှ သူ သိမ်းပိုက်သွားခဲ့ပြီဆိုတာ သေချာနေခဲ့ပါပြီ။

■ ■ ■



## အခန်း (၁၄)

မနက်ခင်းကတည်းက မျှော်နေမိသော သူ ညနေထိ ရောက်မလာတော့ အခရာ မျှော်လင့်ချက်တွေ ပျက်စီးသွားခဲ့ရသည်။

သူ ဘာကြောင့် ရောက်မလာခဲ့တာလဲ။ အခရာ တွေးလို့ မရနိုင်ခဲ့ပါ။ တကယ်ဆိုလျှင် သူ သေချာပေါက်ရောက်ရှိလာလိမ့်မည်ဟု အခရာ မျှော်လင့်ထားခဲ့တာ ဖြစ်သည်။ အခုတော့ မျှော်လင့်ချက်တွေ အားလုံး ပြိုပျက်ခဲ့ရပြီ။

တစ်ညလုံး အခရာ အိပ်မပျော်နိုင်ခဲ့ပါ။ အာရုံထဲမှာ စွဲမြဲနေသော သူ့ပုံရိပ်တွေကပဲ စိုးမိုးထားခဲ့သည်။

"စာမေးပွဲပြီးရင် မင်းနဲ့ကိုယ် တွေ့ချင်တယ်၊ ကိုယ့်ဘဝမှာ အလေးနက်ဆုံးစကားတွေ အဲဒီနေ့ကျရင် အခရာကို ကိုယ်ပြောပြချင်ပါသည်"

ကြည်လဲ့သော မျက်ဝန်းတွေနှင့် သူ အလေးအနက်ဆိုခဲ့သော



www.burmeseclassic.com

စကားတွေကို အခရာ နားထဲမှာ ပြန်ကြားယောင်နေဆဲ။ သူ လိမ်ညာခဲ့တာဟု အခရာ လုံးဝ မထင်ပါ။

တည်ငြိမ်သော သူ့မျက်ဝန်းတွေ၏လေးနက်တည်ကြည်မှုတွေကို အခရာ ယုံကြည်သည်။ သူ့နှုတ်က ဖွင့်ဟမပြောသေးပေမယ့် သူ့စကားတွေကို အခရာ ကြိုသိနှင့်နေပြီးသား ဖြစ်သည်။

သူ ဝန်ခံလျှင်လည်း အခရာဘက်က ခေါင်းလေးညိတ် ဝန်ခံဖို့ အသင့်ဖြစ်နေခဲ့ပါလျက် . . ။

အိပ်စက်မရသော မျက်ဝန်းတွေ ကြောင်တွေလျက် သူ လက်ဆောင်ပေးခဲ့သော နာရီနှင့်ဖောင်တိန်လေးကို ကြည့်ကာ အခရာ မျက်ရည်တွေ ရစ်ဝိုင်းလာမိ၏။ အခရာရဲ့ဘဝမှာ ဘယ်သူတစ်ဦးတစ်ယောက်၏ လက်ဆောင်ကိုမှ လက်မခံခဲ့ဖူးပါ။

ဒါပေမဲ့ သူပေးသော လက်ဆောင်လေးကိုတော့ လက်ခံကာ မြတ်နိုးစွာ သိမ်းဆည်းထားခဲ့၏။

အခရာ နှုတ်က ဖွင့်မပြောသေးပေမယ့် ကိုထည်ဝါလည်း အခရာ ရင်ထဲကို မြင်နိုင်မှာပဲ ထင်ပါသည်။ ဒါကို ကြိုသိနေလို့ အခရာကို အထင်သေးသွားခဲ့တာလား ကိုထည်ဝါရယ်။

အခရာကို ရှင် နားလည်နိုင်မယ်လို့ အခရာ ယုံကြည်တယ်။

နေမင်းထည်ဝါ ဆိုသော ယောကျ်ားတစ်ယောက်၏ သိက္ခာနှင့် ကိုယ်ကျင့်တရားကို အခရာ ယုံကြည်ပါသည်။

သူ ရောက်မလာခြင်းက အရေးကြီးသော အကြောင်းတစ်ခုကြောင့်လား။ နေမကောင်းတာကြောင့်လားဟု တွေးမိပြန်တော့ အခရာ





င်ထဲမှာ စိုးရိမ်စိတ်တို့ ဖြစ်တည်ရပြန်၏။

မျှော်လင့်မိသော အရာတစ်ခုအတွက် အခရာ ဒီလောက်အထိ ားနေမိသည်က ဘာကြောင့်လဲ။ သေချာသည်မှာ သူ့ကို အခရာ ယ်နှင်းတွယ်တာနေမိတာပဲ ဖြစ်၏။

အိပ်စက်မရသော မျက်ဝန်းတွေထဲမှာ စိုးမိုးနေသော သူ့ပုံရိပ် သည် မှေးခနဲ အိပ်ပျော်သွားခဲ့ချိန်မှာလည်း အိပ်မက်ထဲအထိ စိုးမိုး ဆဲ။

■ ■ ■

တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးသွားသော ရက်တွေနှင့်အတူ ရာ မျှော်လင့်ချက်တွေလည်း ကင်းစင်ကုန်ခဲ့ရသည်။

သေချာသည်က ဒါလွဲချော်မှုတစ်ခုတော့ မဟုတ်နိုင်ပါ။ စာမေးပွဲ တ်ဆုံးနေ့မှာ ရောက်လာမည်ဆိုသော သူ စာမေးပွဲပြီးဆုံးလို့ ငါးရက် ထိ ရောက်မလာခဲ့ပါ။

အခရာ့စိတ်တွေ ဆောက်တည်ရာမဲ့ ဖြစ်ခဲ့တာကိုတော့ အခရာ ယ်တိုင်ပဲ သိပါသည်။

ကိုထည်ဝါနှင့်အတူ ထိုင်ဖူးသော ကော်ဖီဆိုင်လေးကိုလည်း ရာ ရောက်ခဲ့တာ အကြိမ်ကြိမ်။ ပြီးတော့ သူနှင့်ဆုံနိုင်မည်လား င့်ချက်နှင့် အခရာ ဝတီတို့ဖိနပ်ဆိုင်လေးကိုလည်း ရောက်ခဲ့သည်။

မျှော်လင့်ပြီးဖြစ်သည့်အတိုင်း ဝတီခင်နှင့်ဆုံတော့ ရိသဲ့သဲ့ စကားတွေကို ရင်ဆိုင်ရ၏။

"ဘာလာလုပ်တာလဲ အခရာ၊ ဆိုင်မှာအလုပ်ပြန်လုပ်မလို့လား

www.burmeseclassic.com



မမျှော်လင့်နဲ့တော့နော်၊ ဒီမှာ ငြိမ်းငြိမ်းအေးက အသားကျ အဆင်ပြေနေ ပြီ''

''မဟုတ်ပါဘူး ဝတီ၊ ဒီဘက်ရောက်လို့ ခဏဝင်လာတာပါ''

''ဩော် သတိရသေးတယ်ပေါ့၊ အဟင်း ဟင်း မသိပါဘူး ဘွဲ့ရပညာတတ်ကြီးဖြစ်သွားပြီဆိုတော့ ငါတို့သားအမိကို မေ့သွားပြ ထင်နေတာ''

အခရာအပေါ် ဘာကြောင့်များ ဝတီ ဝန်တိုစိတ်တွေ ပြင်းထန် နေရတာလဲ အခရာ စဉ်းစားမရနိုင်ပါ။ တကယ်ဆိုလျှင် ဝတီတို့သားအမိ ကို ဆွေမျိုးရင်းချာဆိုသော စိတ်နှင့် အခရာ အမြဲတမ်း ကောင်းမွန်သော စိတ်ထားခဲ့တာပဲ ဖြစ်သည်။

''အခု နင် ဘယ်မှာအလုပ်ဝင်နေတာလဲ အခရာ''

''ဟင့်အင်း ဘယ်မှာမှ မလုပ်ဖြစ်သေးပါဘူး ဝတီ၊ အလုပ် တစ်ခုတော့ ရှာရမှာပေါ့''

''အဟင်း ဘာလဲ ကုမ္ပဏီပိုင်ရှင်သူဌေးရဲ့ စက္ကထရီဖြစ် နင်က မျှော်လင့်နေတာလား။ ကောင်းပါတယ် သူဌေးကတော်ဖြစ်သွား ငါတို့ကို မမေ့နဲ့ဦးနော်''

နောက်သလို ပြောင်သလိုနှင့် ဝတီ ခနဲ့တာကို အခရာ မဲ့ပြုံး လေးနှင့်ပဲ နှုတ်ဆိတ်နေလိုက်ပါသည်။

ဝတီကို နှုတ်ဆက်ပြန်ခဲ့ချိန်မှာ ရင်ခွင်သည် လစ်ဟာခြင်းတွေ နှင့် ကျွမ်းမြေ့လို့နေခဲ့သည်။

ကိုထည်ဝါ ဖိနပ်ဆိုင်လေးကိုလည်း မရောက်တာ သေချာသည်





သူရောက်လာလျှင် ဝတီ အခရာကို ပြောပြကြွားလုံးထုတ်မှာ သေချာ သည်။

ရှင် ဘယ်ရောက်နေသလဲ ကိုထည်ဝါ။

တကယ်ဆို မျှော်လင့်ချက်တွေနဲ့ အခရာ နှလုံးသားကို ရှင် သိမ်းပိုက်သွားခဲ့တာပါ။ ဘာကြောင့် အခရာကို ပဟေဠိတွေနဲ့ ဒဏ်ရာ တွေပေးခဲ့တာလဲ ကိုထည်ဝါရယ်။

''တီ တီ''

လမ်းမကို ဖြတ်အကူးမှာ ကြားလိုက်ရသော ဟွန်းသံကြောင့် အခရာ အတွေးတွေ ပြတ်တောက်လှည့်ကြည့်မိ၏။

ရင်ထဲမှာ ထိတ်ခနဲ တုန်ခါမှုနှင့်အတူ မြင်လိုက်ရတာ CYG-NUS နက်ပြာရောင်ကားကြီးတစ်စီး။

လှမ်းလက်စ ခြေလှမ်းတွေရပ်တန့်ပစ်လိုက်သည်အထိ အခရာ သတိကင်းလွတ်သွားတော့ ကားကြီး စက်ရှိန်လျှော့ချကာ အခရာနှင့် ငါးပေလောက်အကွာမှာ ထိုးရပ်သွားခဲ့သည်။

နီးကပ်စွာ မြင်လိုက်တော့မှ ကားမောင်းသူ လူရွယ်က သူ မဟုတ်ပါ။ ရွှေအိုရောင် ဆံပင်တွေကို ဂုတ်ထောက်မတတ် အရှည်ထား တာ ဂျယ်လိမ်းကာ ကပိုကရို ထောင်ထားပုံက ကိုရီးယားမင်းသား တော့်င်အပြည့်။

အနက်ရောင် မျက်မှန်တွေထဲမှာ သူ့မျက်ဝန်းတွေကို မမြင်ရ သေမယ့် တင်းတင်းစေ့ထားသော နှုတ်ခမ်းတွေမှာ အလိုမကျမှုတွေကို အထင်းသား အခရာ မြင်တွေ့နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်အထိ သတိလက်လွတ် ဖြစ်သွားခဲ့တာ အခရာ့ အမှားပါပဲ။ ဒီလိုကားမျိုးက ကိုထည်ဝါ တစ်ယောက်တည်း စီးတာ မဟုတ်တာ။ ဒါကို လမ်းဖြတ်ကူးရင်း အခရာ ခြေဆုံရပ်နေမိတာ သိ မှားသွားခဲ့ပြီ။

ကားတံခါးဖွင့်ဆင်းလာသော သူ့အသွင်ကလည်း အခရာ လု ရပ်အတွက် ခံပြင်းဒေါသထွက်နေပုံရှိ၏။

"ဟေ့ မင်း ဘာလုပ်တာလဲ၊ ဒါ တိုက်ရင် သေနိုင်တဲ့ကားကွ အညာက နွားလှည်းထင်လို့လား"

ဒေါသတကြီးဆိုရင်း မျက်မှန်နက်ကို ချွတ်လိုက်တော့ လူရွ မျက်ဝန်းတွေထဲမှာ ဒေါသရောင်စဉ်တွေ ဖြာကျနေ၏။ ဟုတ်တော့လည် ဟုတ်ပါသည်။ သူ့ ဟွန်းသံပေး သတိပေးလျက်က အခရာက လမ်းဖြ ကူးရင်း သတိလက်လွတ် ကားရှေ့လမ်းမပေါ်မှာ မတ်မတ်ကြီး ရပ်နေ သည့်အဖြစ်။

စိမ်းညို့သော မျက်ခုံးတွေ တွန့်ကွေးလျက် မျက်ဝန်း၊ နှာတံ နှုတ်ခမ်းတွေကအစ အပြစ်ဆိုရက်စရာမရှိအောင် ချောမောသော ထိ လူရွယ်သည် အခရာထက်တော့ အသက်ငယ်ပုံရ၏။

ဝတ်ဆင်ထားတာက ဒီဇိုင်းဆန်းဆန်း တီရှပ်နှင့် ဖရီးစတိုင် ဂျင်းပန်နှင့်မို့ လွတ်လပ်ပေါ့ပါးမှုကို ပေါ်လွင်စေသည်။

နပျို့ရှင်းသန့်သော မျက်နှာလေးကို သုန်မှုန်စွာ မဲ့ထားတာ တောင် ဒီကောင်လေး၏ချောမောရှင်းသန့်မှုက အကျည်းတန်မသွား

"ခင်ဗျား တော်တော်ဆိုးတာပဲ၊ ဘာလဲ ရည်းစားနဲ့ကွဲပြီး ကိုယ်





ကိုကိုယ် သတ်သေမလို့လား၊ ဒါဆိုလည်း တခြားနည်းတွေ အများကြီး ပါ၊ ကျွန်တော် ဒုက္ခရောက်အောင်တော့ မလုပ်ပါနဲ့ဗျာ"

"ဟို ဟို ကျွန်မ တောင်းပန်ပါတယ်ရှင်၊ ကျွန်မ အတွေးလွန် သွားလို့ပါ"

"ဘာလဲ အညာက ပဲခင်းထဲရောက်နေတယ် ထင်နေလို့လား သတိထားပါဗျာ ဒါ ရန်ကုန်ဗျ"

ပခုံးလေးတွန့်ကာ ပြုံးရင်း ပြောတော့ ချာတိတ် ပါးပြင်နှစ် ဖက်မှာ ပါးချိုင့်လေးတစ်ခု ခပ်ရေးရေးထင်သည်။ ဘယ်လိုပဲကြည့်ကြည့် ဒီချာတိတ် စွဲဆောင်မှုရှိတာတော့ အခရာ ဝန်ခံရမည်ပဲ ဖြစ်၏။

"ကျွန်မ တောင်းပန်ပါတယ်ရှင် ဟိုလေ ကျွန်မမိတ်ဆွေရဲ့ကား ထင်လို့ ရပ်လိုက်မိတာပါ"

ကိုယ့်အမှားအတွက် အခရာ ကတော့ ကျေနပ်အောင် တောင်း ပန်ဖို့ပဲ စဉ်းစားထားပါသည်။ ချာတိတ် ဘာမှပြန်မပြောနိုင်ခင်မှာဘဲ ခါးကြားက ဖုန်းလေး ထမြည်သည်။

အခရာဆီ ရောက်နေသော ချာတိတ်အာရုံတွေ ခါးကြားက တုန်းဖုန်းလေးဆီပဲ ပြန်ရောက်သွားခဲ့ကာ ဖြတ်ယူနားထောင်၏။

"ဟန်နီလား ကိုယ်လာနေပြီ"

"..."

"ဆောရီး ခဏလေးစောင့်၊ ဒီမှာ လမ်းမှာကျိုင်တက်နေလို့၊ သူတစ်ယောက်ကို ကိုယ့်ကားနဲ့တိုက်မိမလို့ ဖြစ်လို့ပါ"

"..."



www.burmeseclassic.com

www.burmeseclassic.com



"နှိုး နှိုး မစိုးရိမ်နဲ့ ဘာမှမဖြစ်ဘူး၊ ပွတ်တိုက်မိရုံသက်သက်ပါ အခုလျှော်ကြေးပေးလိုက်ရင် ပြီးပြီ"

"..."

"အိုကေ စောင့်နေ နောက်ဆယ်မိနစ်ဆို ကိုယ်ရောက်ပြီ အိုကေ"

အခရာ ရှေ့မှောက်မှာပဲ လိမ်ညာနေသော ချာတိတ်စကားတွေကို ကြားနေရသည်။ ဖုန်းကို ပြန်ပိတ်ရင်း အခရာကို သူ ပြုံးစစကြည့်၏။

"ကျွန်တော့်ကောင်မလေးနဲ့ ချိန်းထားတာ အတော်နောက်ကျနေပြီ အဟဲ ညာလိုက်ရတာ စိတ်မဆိုးနဲ့ အဟွန်း"

ပါးချိုင့်လေးတွေပေါ်အောင်ရယ်ရင်း သူ ကားပေါ်ပြန်တက်သွားတော့ အခရာ လမ်းမကို ဖြတ်ကူးလိုက်ရပါသည်။

ချာတိတ်ကားလေး မောင်းထွက်သွားတော့မှပဲ အခရာ ခြေလှမ်းတွေ ကားဂိတ်ဘက်ဆီ ဦးတည်လိုက်၏။

အချစ်ဆိုတာ ပူလောင်မှုဝေဒနာတစ်ခုလား။ ရှုံးသွပ်မှိုင်းဝေစေတတ်သော အဆိပ်တစ်ခုလား။

ရှင့်ကြောင့် အခရာ သတိ၊ အသိတွေ မှိုင်းဝေနေခဲ့ရပြီ ကိုထည်ဝါ။ အချစ်ဆိုတာ လူတစ်ယောက်ရဲ့ ဆင်ခြင်တုံတရားတွေကို လျစ်လျူပြုသွားစေနိုင်သည်လား။

ဒါဆိုရင်တော့ သေချာနေပြီ ကိုထည်ဝါ။

အခရာ နှလုံးသားက ချစ်တတ်ခဲ့ပြီ။ ဒါပေမဲ့ အခရာ့ဘဝက အချစ်ထက် အရေးကြီးတဲ့အရာတွေ ရှိနေတော့လည်း . . . ။

■ ■ ■



## အခန်း (၁၅)

အခရာအတွက် အလုပ်တစ်ခု မခက်ခဲပေမယ့်လည်း အဆင်ပြေနိုင်မည့်အလုပ်တစ်ခု ရှာဖွေရဘာက သိပ်တော့ မလွယ်ကူလှပါ။

မနက်မိုးလင်းမှ ညနေမိုးချုပ်အထိ နေ့စဉ် ဆင်းရမည့် ကုမ္ပဏီလုပ်ငန်းတွေ ရှိပေမယ့် အခရာအတွက် ပြန်ချင့်ချိန်ရတာ ဖေဖေ့အတွက်ပဲ ဖြစ်သည်။

မိုးလင်း မိုးချုပ် အလုပ်မှာ အချိန်ကုန်ခံနိုင်ပေမယ့် ဖေဖေ့အတွက် အခရာ စိတ်မချနိုင်ပါ။ ဒါပေမဲ့

နောက်ဆုံးတော့ အခရာ အလုပ်တစ်ခုကို ရွေးချယ်ရတော့သည်။ မနက်ကိုးနာရီမှ ညနေ လေးနာရီအထိ အလုပ်ချိန်ဆိုပေမယ့် တစ်ပတ်မှာ သုံးရက်လောက်တော့ အချိန်ပိုနှစ်နာရီ ဆင်းပေးရမည်တဲ့။

တစ်ပတ် နားရက်က တနင်္ဂနွေတစ်ရက်သာ ရှိသည်။ ဘာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ် လိုအပ်မှုတစ်ခုအတွက် အခရာ ထိုအလုပ်ကိုပဲ ရွေးချယ်လိုက်ရ၏။

"လခကတော့ ကောင်းပါတယ် ဖေဖေ၊ ဒါပေမဲ့ မနက်ရှစ်နာရီ လောက်အိမ်ကထွက်ပြီး ညနေ ငါးနာရီမှ ပြန်ရောက်မှာ၊ အချိန်ပိုဆင်း တဲ့ရက်တွေဆို ညခုနစ်နာရီမှ ရောက်မှာဆိုတော့ ဖေဖေ့ကို သမီး စိတ် မချဘူး"

"ဖေဖေ့အတွက် နောက်ဆံမတင်းပါနဲ့ သမီးရယ်၊ ဖေဖေ အဆင်ပြေပါတယ်"

"အင်း သမီး စောစောထပြီး ဖေဖေ စားသောက်ဖို့အတွက် စီစဉ်ပေးခဲ့မယ်လေ၊ ဖေဖေ တစ်ယောက်တည်းဆိုတော့ ဂရုတော့ စိုက် နော်"

ဖေဖေ ပြုံးပြုံးလေး ခေါင်းညိတ်ပြသည်။ လေဖြန်းပြီးကတည်း က ညာဘက်လက်နှင့် ခြေထောက်တွေ သန်စွမ်းမှု မရှိတော့သော ဖေဖေ့ကို အခရာ စိတ်မချနိုင်ပါ။

အသက်အရွယ် ကြီးရင့်လာသော ဖေဖေ့အတွက်လည်း အခရာ စိုးရိမ်ပါသည်။ ဒါပေမဲ့ မဖြစ်မနေ အလုပ်တစ်ခုကိုတော့ အခရာ လုပ်ခဲ့ရသည်။

အိမ်နီးချင်းတွေကိုတော့ ဖေဖေ့ကို စောင့်ရှောက်ပေးဖို့ အကူ အညီ တောင်းထားခဲ့ရသည်။

အခရာ အလုပ်ဆင်းလို့ ငါးရက်ပဲ ရှိသေးသည်။ ဖေဖေ့ကျန်း မာရေးပြဿနာကြီးက ထိုးနှက်လာခဲ့၏။





အခရာ အလုပ်က ပြန်လာသည့်တစ်ရက်မှာ အိမ်နီးချင်း ဒေါ်တင်မြင့်က ဆီးကြိုပြောလာသော စကားက ရင်ကိုဆို့စေ၏။

"အခရာ သမီးဖေဖေကို ဆေးရုံပို့ထားရတယ်"

"ရှင် ဖေဖေ ဘာဖြစ်တာလဲဟင် ဒေါ်လေးမြင့်"

"ညနေပိုင်းက သူ ခြံထဲဆင်းလမ်းလျှောက်နေရင်း လဲကျသွား တာကို အငယ်ကောင်မြင်လို့ပေါ့ကွယ်၊ ဒေါ်လေးတို့ရောက်လာတော့ သူ သတိလစ်နေတယ်၊ အခု ဆေးရုံကို ပို့လိုက်ကြတာ"

အခရာ အဝတ်အစားတောင် မလဲနိုင်ဘဲ ဆေးရုံကို လိုက်သွား တော့ ဖေဖေ သတိမရသေးပါ။

"ဆရာဝန်ကြီးစောစောက လာကြည့်သွားတယ် သမီး၊ ဆေး တော့သွင်းပေးထားတယ်"

ဒေါ်လေးမြင့် ယောက်ျား ဦးစိုးမောင်က ဆီးပြောသည်။ ဆေး သွင်းထားသော ပိုက်တွေ တန်းလန်းနှင့် ဖေဖေ့ကိုကြည့်ကာ အခရာ ဝမ်းနည်းမျက်ရည်စို့ချင်လာသည်။

"ပထမတစ်ကြိမ် လေဖြန်းဖူးတော့ စိုးရိမ်ရတယ်၊ အသက် အန္တရာယ်တော့ စိုးရိမ်စရာ မရှိပေမယ့် အာရုံကြောတွေ ထိခိုက်မှာတစ် ခုတော့ စိုးရိမ်ရတယ်"

ဆရာဝန်ကြီး ရှင်းပြတာကို အခရာ ခေါင်းလေးညိတ် နား ထောင်ရင်း ဖေဖေအတွက် အာလုံးစီစဉ်ပေးရသည်။

"ဒီတစ်ညတော့ ဦးလေးပဲ လူနာစောင့်ပေးမယ် သမီး၊ ဘာမှ မပူနဲ့ စိတ်ချလက်ချ အိမ်ပြန်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် ဦးလေးမောင်"

ဒီအဖေနှင့် သမီး နှစ်ယောက်တည်းရှိသည့်ဘဝမှာ အခရာ အားငယ်ဝမ်းနည်းမိတာတော့ အမှန်ပဲ ဖြစ်သည်။

ထိုညက ဆေးရုံက ပြန်ခဲ့ရပေမယ့် အခရာ အိပ်မပျော်နိုင်ခဲ့ပါ။ ဘာမှ မသေချာသေးသော ဖေဖေ့အခြေအနေအတွက် စိုးရိမ်စိတ်တွေက တစ်ညလုံး ဖိစီးထားသည်။

ရက်ပိုင်းမျှသာ ဆင်းရသေးသော အလုပ်ကလည်း အခရာကို ခွင့်ရက်ပေးမှာ မဟုတ်တာ သေချာသည်။ ပြီးတော့ သွေးမတော်သားစပ် သူစိမ်းတွေကလည်း အခရာကို ဘယ်လောက်ကြာကြာ ကူညီနိုင်မှာတဲ့လဲ။

လက်ထဲမှာ နောက်ဆုံးကျန်ရှိနေသော ငွေလေးသုံးသောင်းကျော်သည်ပင် ဒီညကပဲ တစ်သောင်းကျော်ကုန်ခဲ့ပြီ။

တွေးကြည့်မိလျှင် ရှေ့ဆက်ရင်ဆိုင်ရမည့် အခြေအနေတွေသည် ရင်မောစိတ်ရှုပ်စရာတွေချည်း ဖြစ်နေသည်။

တွေးရင်းမောရင်းနှင့်ပဲ မိုးစင်စင်လင်းခဲ့ရ၏။

■ ■ ■

မနက်မိုးလင်းတော့ ဆေးရုံကို ရောက်ခဲ့သည်။ ဖေဖေ သတိရလာပါစေဟု ဆုတောင်းရင်း ရောက်ခဲ့တော့

ဆေးရုံမှာ ဖေဖေ သတိပြန်ရနေခဲ့ပြီ၊ ဒါပေမဲ့ ဖေဖေ့ခြေ ခုတင်လေးပေါ်မှာ ပက်လက်ကလေးသာ နေနိုင်ရှာသည်။

"လူနာရဲ့ ဦးဘာက်ခြမ်းက အကြောတွေ လှုပ်ရှားနိုင်စွမ်း





မရှိတော့ဘူး၊ သူ့အာရုံကြောတွေကိုလည်း နည်းနည်းထိခိုက်သွားတော့ မှတ်ဉာဏ်တချို့လည်း ချွတ်ယွင်းသွားနိုင်တယ် သမီး"

"ဖေဖေ့ ရယ်"

ဆရာဝန်ကြီး ဖြေရှင်းပြချက်တွေကို နားထောင်ရင်း အခရာ မျက်ရည်တွေ ဆီးတားမရခဲ့ပါ။ ဖေဖေသည် အခရာကိုတောင် မှတ်မိနိုင်စွမ်းရှိတော့ပြီလား မသိ။

မျက်ဝန်း ကြောင်ကြောင်လေးတွေနှင့် အခရာကို ငေးစိုက်ကြည့်နေ၏။ ဖေဖေ့ဘဝအတွက် ရှေ့ဆက်ရှင်သန်ရမည့် အနာဂတ်သည် လေးပတော့တာ သေချာသည်။

"ဘာပဲဖြစ်ဖြစ် အသက်အန္တရာယ်ကို မထိခိုက်တာပဲ ဖြေသိမ့်ရာတစ်ခုပေါ့ကွယ်"

ဦးစိုးမောင်က နှစ်သိမ့်စကားဆိုသည်။ အခရာ မျက်ရည်ကြားကပဲ ခေါင်းလေးညိတ်မိ၏။ အနှိုင်းမဲ့သော ဖေဖေရဲ့ ကျေးဇူးတရားတွေကို အခရာ ပြန်ပေးဆပ်ခွင့်ရခြင်းပါပဲ။

ဒါပေမဲ့ အခရာ ဆက်ရင်ဆိုင်ရမည့် အနာဂတ်ကို တွေးကြည့်တော့ ရင်မောစရာအပြည့်။

ဖေဖေ့ကို အချိန်ပြည့် ပြုစုစောင့်ရှောက်ဖို့အတွက် ဆိုတာက အခရာဘဝမှာ

"ပန်းအခရာ ဆိုတာ သမီးလားကွဲ့"

အခရာ အနီးမှာရပ်လာကာ မေးလာသော အန်ကယ်ကြီးကို မော့ကြည့်မိ၏။ ရွှေကိုင်းမျက်မှန်နှင့် အသက်ငါးဆယ်ကျော်ခန့် ရှိသော



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရည်သန့်ပြန့်သည့် လူကြီးကို အခရာ မသိပါ။

"ဟုတ်ကဲ့ရှင့် ဘာကိစ္စလဲအန်ကယ်"

"အန်ကယ် သမီးတို့အိမ် ရောက်ခဲ့သေးတယ်၊ ကိုနိုင်မင်း ဆေးရုံတင်ထားရတယ်ဆိုလို့ လိုက်ခဲ့တာ"

ဖေဖေ့ရဲ့ မိတ်ဆွေတစ်ယောက်ထင်သည်။ ခုတင်ပေါ်က ဖေဖေ့ကို အန်ကယ်ကြီးက ပြုံးပြရင်း

"ကိုနိုင်မင်း နေကောင်းတယ်နော်"

အန်ကယ်ကြီးကို ကြည့်သော ဖေဖေ့အကြည့်တွေက ရေရာသေချာစွာ မှတ်မိပုံမရှိပါ။ အခရာ လေသံတိုးတိုးနှင့် ရှင်းပြရသည်။

"အန်ကယ် ဖေဖေရဲ့မှတ်ဉာဏ်တွေ သိပ်မကောင်းတော့ဘူး ရှင့်"

"ဟင် ဟုတ်လား စိတ်မကောင်းလိုက်တာ သမီးရယ်"

အန်ကယ်ကြီး မျက်နှာမှာ ကြေကွဲဝမ်းနည်းရိပ်တွေနှင့် စိတ်မကောင်းသလို ခေါင်းကိုခါရမ်းကာ ဖေဖေ့ကို စိုက်ကြည့်နေခဲ့၏။

"ဟိုလေ အန်ကယ်က ဖေဖေ့ မိတ်ဆွေလားဟင်"

"ဟုတ်တယ်သမီး သမီးဖေဖေနဲ့အန်ကယ်က သိပ်ရင်းနှီးတဲ့ မိတ်ဆွေတွေပါ၊ ဒီထက် အတိအကျပြောရရင် သမီးဖေဖေရဲ့ ကျေးဇူးတွေ အန်ကယ်အပေါ်မှာ အများကြီးရှိခဲ့တာပေါ့ကွယ်"

အခရာမသိသော အန်ကယ်ကြီးက ဖေဖေ့အကြောင်းတွေကို သတိတရ ပြန်ပြောရင်း ရှင်းပြနေခဲ့၏။

"ကိုနိုင်မင်းနဲ့ အန်ကယ်ခင်မင်ကြတုန်းက သူလူပျိုဘဝပဲ





...သေးတာပေါ့၊ သူ အိမ်ထောင်ကျသွားတော့ အန်ကယ်နဲ့ မတွေ့ဖြစ်ကြ ...ဘူး၊ ဒါပေမဲ့ အဆက်အသွယ်တော့ မပြတ်ခဲ့ကြဘူး၊ သူ့မှာ ပန်းခရာ ...တဲ့သမီးလေး တစ်ယောက်ရနေပြီဆိုတာ အန်ကယ် သိထားတယ်၊ ...နီးဆုံးပါးသွားတာ ကြားပေမယ့် အဲဒီအချိန်တုန်းက အန်ကယ် ...ကုန်မှာ မရှိတော့ ရောက်မလာခဲ့ဘူးကွယ်"

"ဟုတ်ကဲ့ အခုလို ဖေဖေ့ကို လာတွေ့တာ ကျေးဇူးတင်ပါတယ် ...န်ကယ်၊ ဒါပေမဲ့ ဖေဖေက သတိရရချင်းတောင် သမီးကို သိပ်မှတ် ...တာ မဟုတ်ဘူး"

"အင်း အန်ကယ် နားလည်တယ် သမီး ဘာပဲဖြစ်ဖြစ် အခုလို ...ာ်ရှိထင်ရှား ပြန်တွေ့တာကိုပဲ အန်ကယ် ဝမ်းသာလှပါပြီကွယ်၊ ...ကယ့်နာမည်ကိုလည်း မှတ်ထားနော်သမီး၊ အန်ကယ့်နာမည်က ...နီးမြိုင်ပါ'

ဆေးရုံအထိ ရောက်လာသော ဦးလွန်းမြိုင်က အပြန်မှာ ဖေဖေ့ ...က်ဟုဆိုကာ ငွေတစ်သိန်း ထုတ်ပေးတော့ အခရာ အံ့သြဝမ်းသာ ...

"ဘယ်လိုမှ သဘောမထားပါနဲ့သမီး၊ သမီးဖေဖေက အန်ကယ် ...ကြီးစီးပွားအတွက် အများကြီး ကူညီပေးခဲ့ဖူးတယ်၊ အဲဒီကျေးဇူးတွေ ... အန်ကယ် ပေးဆပ်ချင်ခဲ့တယ်၊ ဒီတော့ သမီးဖေဖေအတွက် သမီး ...သန့်သန့် လက်ခံပေးပါ၊ ကိုနိုင်မင်းအတွက် လိုအပ်တာ ရှိရင်လည်း ...ယ်ကိုပြောပါ၊ အန်ကယ် အားလုံး ကူညီပေးမယ်"

"ကျေး ကျေးဇူးတင်ပါတယ် အန်ကယ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ် ဦးလွန်းမြိုင်နှင့် ဆုံတွေ့ရခြင်းက ဖေဖေ့အတွက် ကံကောင်းခြင်း ဖြစ်ခဲ့သလို အခရာအတွက်လည်း ကံကောင်းခြင်း လက်ဆောင်တစ်ခု ဖြစ်ခဲ့ပါသည်။

■ ■ ■

ဖေဖေ ဆေးရုံမှဆင်းတော့လည်း ဦးလွန်းမြိုင် ရောက်ရှိလာကာ လိုအပ်သမျှကို ပံ့ပိုးကူညီပေးခဲ့၏။

"ကိုနိုင်မင်းအတွက် ဝှီးချဲလ်တစ်ခု အန်ကယ်မှာထားတယ် သမီး၊ ဒါမှ သူ သွားရလာရ အဆင်ပြေမှာပေါ့"

"အန်ကယ်ရယ် အန်ကယ့်ကျေးဇူးတွေကို အခရာ ဘယ်လို ပြန်ပေးဆပ်ရမလဲတောင် မသိတော့ပါဘူးရှင်"

"ဘာမှ မလိုပါဘူး သမီးရယ် သမီးဖေဖေနဲ့ ဆုံတုန်းကဆို အန်ကယ့်ဘဝမှာ အခက်အခဲတွေ ဒုက္ခတွေ အများကြီး ရင်ဆိုင်ခဲ့ရတာ သမီး ဖေဖေက အန်ကယ်ကို အများကြီးကူညီခဲ့တယ်၊ အခု အန်ကယ် ဘက်က တတ်နိုင်သလောက် ပြန်ပေးဆပ်ခွင့်ရချင်တာပါကွယ်"

ဖေဖေ့အတွက် လိုအပ်တာတွေသာမကဘဲ အခရာအတွက်ပါ အန်ကယ် ဦးလွန်းမြိုင်က အစစအရာရာ ကူညီပေးခဲ့သည်။

"အခရာ အလုပ်တစ်ခုတော့ လုပ်မှဖြစ်မယ် အန်ကယ်၊ ဖေဖေ့ အတွက်တော့ လတ်တလောမှာ ဘေးအိမ်က ကောင်လေးတစ်ယောက် ကို အကူအညီတောင်းပြီး အပ်ခဲ့ရမှာပဲ"

"အဆင်ပြေပ့ါမလားသမီး ကိုနိုင်မင်းရဲ့ ဝေယျာဝစ္စအားလုံး ကို အဲဒီကောင်လေးက တာဝန်ယူနိုင်ပါ့မလားကွယ်"





"ကောင်လေးက ကလေးသာသာ အရွယ်ဆိုတော့ ဖေဖေ့ အတွက် အလုံးစုံတော့ စိတ်ချလို့မရဘူး အန်ကယ်၊ ဒါပေမဲ့ ဒီတစ်လ လောက်တော့ အခရာ အဆင်ပြေအောင် ကြိုးစာရဦးမယ် အန်ကယ်၊ ပြီးရင် ဖေဖေ့ကို စောင့်ရှောက်နိုင်မယ့် တစ်ယောက်တော့ အခရာ ရှာ ရမှာပေါ့"

"အင်း သမီးလေး အခက်အခဲကို အန်ကယ် သဘောပေါက် တယ်၊ ဒီတော့ ကိုနိုင်မင်းကို စောင့်ရှောက်ဖို့ တစ်ယောက် အန်ကယ် စီစဉ်ပေးမယ်၊ သမီးလေး အလုပ်လုပ်မယ်ဆိုရင်လည်း တခြားမှာ မလုပ် ပါနဲ့ အန်ကယ်အခုတာဝန်ယူထားရတဲ့ ကုမ္ပဏီမှာလုပ်ပါ၊ ကုမ္ပဏီပိုင်ရှင် သူဌေးက အန်ကယ့်ကိုယုံတယ်၊ အန်ကယ် အသေအချာပြောပေးမယ်"

"တကယ်လား အန်ကယ်၊ ဒါဆိုရင် သမီးအတွက် ပိုအဆင် ပြေပါတယ်ရှင်"

အန်ကယ် ဦးလွန်းမြိုင်က အားလုံး ကူညီပေးခဲ့သည်။ ဖေဖေ့ ကို စောင့်ရှောက်ပေးမည့် ဦးထွန်းကြွယ်ဆိုသော လူကြီးတစ်ယောက် စီစဉ်ပေးသည်။

"ကိုထွန်းကြွယ်က အန်ကယ့်ရဲ့လူယုံပဲ သမီးဖေဖေအတွက် စိတ်ချလက်ချ ရှိစေရမယ်၊ သမီးလည်း ကုမ္ပဏီမှာ စိတ်အေးလက်အေး အလုပ်လုပ်ပါ"

အန်ကယ် ဦးလွန်းမြိုင်က အီလက်ထရောနစ် ကုမ္ပဏီကြီးတစ်ခု ၏ တာဝန်ခံမန်နေဂျာတစ်ယောက် ဖြစ်သည်ဟု အခရာ သိခဲ့ရသည်။

အီလက်ထရောနစ် ပစ္စည်းများနှင့် မိုဘိုင်းဖုန်း ကုမ္ပဏီကြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုပါ ဥရောပနိုင်ငံက ကုမ္ပဏီကြီးတစ်ခုနှင့် အကျိုးတူ တည်ထောင်ထားသော လုပ်ငန်းကြီးဖြစ်သည်။

"သမီးအတွက် အဆင်ပြေအောင် အန်ကယ်စီစဉ်ပေးထားတယ်၊ တစ်ပတ်မှာ သမီးကုမ္ပဏီမှာ ငါးရက်အလုပ်ဆင်း၊ တစ်ရက်ကတော့ သမီးသင်တန်းတွေတက်ရမယ်၊ တနင်္ဂနွေတစ်ရက်တော့ သမီးနားရက်ပေါ့"

အခရာအတွက် ဦးလွန်းမြိုင်က စီစဉ်ပေးမှုတွေက ပြီးပြည့်စုံပါသည်။ ကွန်ပျူတာသင်တန်းနှင့် စပီကင်သင်တန်းတွေကိုပါ တက်ခွင့်ရအောင် စီစဉ်ပေးခြင်းအတွက် အခရာ ဝမ်းသာကျေနပ်မိ၏။

"ဒီနေ့ ကုမ္ပဏီပိုင်ရှင် သူဌေးလေး မင်းရာဇာ လာမယ်သမီး သမီးကိုခေါ်ရင် ဝင်တွေ့လိုက်ပါ၊ ကျန်တာ ဘာတစ်ခုမှာမပူနဲ့၊ သူဌေးလေးကို အန်ကယ်အားလုံး အသိပေးပြောပြပြီးသား ဟုတ်လား"

"ဟုတ်ကဲ့ အန်ကယ်"

မနက် အခရာ ကုမ္ပဏီရုံးခန်း ရောက်ကတည်းက အန်ကယ် ဦးလွန်းမြိုင်က ကြိုတင်သတိပေးထားခဲ့သည်။ ပိုင်ရှင်သူဌေး ဦးမင်းရာဇာကို အခရာ အလုပ်ဝင်ကတည်းက တစ်ခါမှ မဆုံတွေ့ဖူးသေးပါ။

အခရာ သိထားရသလောက် မိဘ၏ စီးပွားရေးလုပ်ငန်းများစွာကို ဦးမင်းရာဇာ အမွေဆက်ခံရယူထားသည်မှာ မကြာသေးပါ။

ဟိုတယ် လုပ်ငန်းတွေ၊ အရောင်းကုန်တိုက်ကြီးတွေ၊ စီးပွားရေးကုမ္ပဏီတွေများစွာ ပိုင်ဆိုင်သော ဦးမင်းရာဇာက လုပ်ငန်းတွေကို လူယုံတော်တွေနှင့် လည်ပတ်စေကာ အောင်မြင်အောင် ကြိုးစားနိုင်သူ





တစ်ဦးဟု အခရာ သိထားသည်။

အန်ကယ် ဦးလွန်းမြိုင်တို့လို လူယုံတော်တွေကို ဦးဆောင်နိုင်သော ဦးမင်းရာဇာကိုတော့ မမြင်ဖူးခင်ကတည်းက အခရာ လေးစားနေမိပြီးသားဖြစ်၏။

ကုမ္ပဏီရုံးခန်းထဲမှာ အခရာ စာရင်းဇယားတွေ လုပ်နေတုန်းမှာ မိုးနဒီ ရောက်လာသည်။ မိုးနဒီက ဦးမင်းရာဇာ၏ စက္ကထရီ မိန်းကလေးဖြစ်၏။

မျက်နှာလေးက နုဖတ်ချောမောကာ ငေးကြည့်လောက်အောင် လှပသော ခန္ဓာကိုယ် အချိုးအစားကို ပိုင်ဆိုင်သည်။ ကျစ်လျစ်ကျော့ရှင်းသော ခန္ဓာကိုယ်လေးကို ပေါ်လွင်အောင်လည်း မိုးနဒီက ချပ်ချပ်ရပ်ရပ် စတိုင်မိမိ ဝတ်စားဆင်ယင်တတ်၏။

"ပန်းခရာ ရှင့်ကိုဘော့စ်က တွေ့ချင်လို့တဲ့"

အခရာ ခေါင်းလေးညိတ်ကာ မပြီးပြတ်သေးသော စာရင်းဇယားတွေကို ထားရစ်ခဲ့ပြီး ထွက်ခဲ့လိုက်သည်။

မိုးနဒီ ခေါ်ဆောင်သည့်အတိုင်း သူဌေးရုံးခန်းထဲကို အခရာ ရောက်တော့ ပြတင်းတံခါး အပြင်ကိုရပ်ကြည့်နေသော သူဌေး မင်းရာဇာကို ကျောပေးလျက်တွေ့ရ၏။

မြင်မြင်ချင်း အခရာ စိတ်က အံ့ဩသွားမိတာတော့ အမှန်ပဲဖြစ်၏။ သူဌေး ဦးမင်းရာဇာက လူငယ်တစ်ယောက်ဖြစ်သည်ဆိုတာတော့ ကြိုသိထားသည်။ ဒါပေမဲ့ ဦးလောက်အထိ လူငယ်ဆန်မည် မထင်ခဲ့ပါ။

နောက်ဘက်က မြင်နေရသော ဂုတ်ထောက်ဆံပင်တွေက ရှေ့ပါ



www.burmeseclassic.com

www.burmeseclassic.com



ရောင်ဖြစ်ကာ မီးခိုးရောင် ရှပ်လက်ရှည်နှင့် အနက်ရောက် စတိုင်ဘောင်းဘီကို ပြောင်လက်နေသော ရှူးဖိနပ်နှင့် တွဲဖက်ဝတ်ဆင်ထား၏။

အနောက်က မြင်တွေ့နေရတာနှင့်တောင် ဦးမင်းရာဇာ အသွင်က လူငယ်ဆန်လွန်းချင်နေတာ အထင်အရှား။

"ပန်းအခရာ ရောက်နေပါပြီ ကိုမင်း"

မိုးနဒီ ခေါ်ဝေါ်သော နာမ်စားကြောင့် အခရာ အံ့ဩမိ ပြန်သည်။ ကိုယ့်အလုပ်ရှင် သူဌေးကို တရင်းတနှီး ရှိနေပုံက မိုးနဒီ မျက်နှာပြုံးပြုံးလေးမှာ တွေ့မြင်နေခဲ့ရ၏။

ပြတင်းတံခါးဘောင်မှာ လက်နှစ်ဖက်ထောက် ရပ်နေရာမှ ဦးမင်းရာဇာ ခေါင်းလှည့်ကြည့်၏။

"ဟင်"

ဒီတစ်ခါတော့ အခရာ တစ်ယောက်တည်း အံ့ဩသွားခဲ့ရတာ မဟုတ်တဲ့ သူကိုယ်တိုင်လည်း မျက်ခုံးတွေပင့်တက် အံ့ဩသွားခဲ့သည်။

ဒီမျက်နှာလေးကို အခရာ မှတ်မိပါသည်။ သူရဲ့ကားကြီးနှင့် အခရာ ဝင်တိုက်လုမတတ် ရင်ဆိုင်တိုးခဲ့ဖူးသည်ပဲ။

"ပန်းအခရာ ဆိုတာ ဒေါ်စာဥကိုး အဟွန်း"

အခရာကိုကြည့်ကာ သူ ဟက်ခနဲရယ်ကာဆိုတော့ အခရာ မျက်မှောင်လေး ကုပ်သွားမိ၏။ ဒေါ်စာဥတဲ့ ဒါ အခရာကို တမင် သူ နာမည်ပြောင် ပေးထားသည့် နာမည်ပေါ့။

"ထိုင်ပါ ထိုင်ပါ ဒေါ်စာဥ အဲ ဒေါ်ပန်းအခရာ"

ပြတင်းတံခါးမှ စားပွဲဆီလျှောက်လာရင်း ထိုင်ခုံကို လက်ညှိုး





ထိုးကာ ပြုံးစစနှင့်ပြောတော့ ပါးနှစ်ဖက်မှာ ပါးချိုင့်ရာလေးတွေ ထင်းခနဲ ပေါ်လာသည်။ ရုပ်လေးက အပြစ်ဆိုရက်စရာမရှိအောင် ချောမောပေမယ့် ကိုလှောင်သလို ပြောင်သလိုပြောနေတာတော့ အခရာ ဘဝင်မကျပါ။

တကယ်ဆိုလျှင် ကိုယ့်အသက်က သူထက်တောင် ကြီးမှာ သေချာသည်။ ဦးမင်းရာဇာဆိုတာ ဒီချာတိတ်တဲ့လား။

အခုချိန်မှာ သူက ကိုယ့်အလုပ်ရှင် သူဌေးဆိုတော့လည်း အခရာ ထိုင်ခုံမှာ ဝင်ထိုင်လိုက်ရပါသည်။

သူကလည်း စားပွဲနောက်က ဆုံလည်ထိုင်ခုံမှာ ဝင်ထိုင်ရင်း အခရာကို ပြုံးကြည့်နေဆဲ။

"အန်ကယ် ဦးလွန်းမြိုင် ခန့်ထားတဲ့ ဝန်ထမ်းအသစ်က ခင်ဗျား ဖြစ်လိမ့်မယ်လို့ တစ်လုံးဝ ထင်မထားဘူး"

သူ အံ့ဩသလို ဆိုနေသလို အခရာလည်း စိတ်က ဘယ်လို မှ ထင်မထားသူက ပိုင်ရှင်သူဌေး ဖြစ်နေတာကို အံ့ဩမဆုံး။

"ပန်းအခရာနဲ့ ကိုမင်းနဲ့ သိနေလို့လားဟင်"

တအံ့တဩလေး ငေးကြည့်နေသော မိုးနဒီ မေးသံလေး ထွက် လာတော့ မင်းရာဇာ လက်ကာပြရင်း

"မသိပေမယ့် ဆုံဖူးပြီးသား နဒီရဲ့ ကိုင်း ဒေါ်ပန်းအခရာ အခုလိုပဲဖြစ်ဖြစ် ပြန်ဆုံရတာ ဝမ်းသာပါတယ်ဗျာ၊ ဒီမှာ အလုပ်လုပ်ရတာ အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ အခုချိန်ထိ အဆင်ပြေပါတယ် ကိုမင်းရာဇာ"

အခရာ အဖြေကြောင့် သူ့မျက်နှာ ရှုံ့မဲ့သွားကာ ပခုံးတစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



တွန့်ဏ်။

"မလုပ်လိုက်ပါနဲ့ ဒေါ်ပန်းအခရာရယ် ကျွန်တော့် အသက်က ခင်ဗျားထက်ငယ်တယ်ဗျ၊ ပြီးတော့ ကိုမင်းရာဇာဆိုပြီး ခေါ်လိုက်တာ နားထဲမှာ မပိုက်ဘူးဗျာ၊ ကျွန်တော့်ကို တရင်းတနှီး ဆက်ဆံလို့ရပါတယ်"

"ကျွန်မ လေးစားမှုအရ ခေါ်တာပါ ကိုမင်းရာဇာ"

"ဟား ကြာရင် ကျွန်တော်ဒီထက် အိုမင်းရင့်ရော်သွားတော့မှာ သေချာတယ် ကဲ ကဲ အဆင်ပြေတယ်ဆိုရင် ရပါပြီ၊ လိုအပ်တာရှိရင် အန်ကယ် ဦးလွန်းမြိုင်ကိုပြောပါ၊ သူ ခင်ဗျားကို စီစဉ်ကူညီပေးပါလိမ့်မယ်"

လက်နှစ်ဖက် နှဖူးဆီကပ်ပြီး ဆလံသလုပ်ပြနေပုံက တကယ့် လူငယ်လေးတစ်ဦးလို ပွင့်လင်း ရိုးသားပြနေတာလား အခရာ ဝေခွဲမရပါ။ သူ့ဘက်က ပြေစရာတွေ တွေတွေထူးထူး မရှိဘူး ဆိုတော့လည်း အခရာ ထရပ်လိုက်ပါသည်။

"ခွင့်ပြုပါဦး ကိုမင်းရာဇာ"

"ဟုတ်ကဲ့ ဟုတ်ကဲ့ပါ ခင်ဗျာ"

အခရာ နှုတ်ဆက်ခွင့်တောင်းတာကို ခေါင်းလေးညိတ်ကာ ရယ် ရယ်မောမောလေး ပြန်တုံ့ပြန်နေရသည့် သူ့အသွင်က အလုပ်ရှင် ပိုင်ရှင် သူဌေးတစ်ယောက်နှင့် လားလားမှမဆိုင်။

ဒီချာတိတ်ကိုတော့ အခရာ နားမလည်နိုင်တော့ပါ။

ဒါ စီးပွားရေး လုပ်ငန်းကြီးများစွာကို အုပ်ချုပ်ဦးစီးမည့် သူတစ်ယောက်တဲ့လား။





အခရာ စိတ်ကဘယ်လိုမှ ယုံကြည်လက်ခံလို့ မရပါ။ မင်းရာဇာသည် ပျော်ပျော်နေတတ်သော လူငယ်လေးတစ်ဦးအသွင်သာ ပေါက်နေသည်။

အင်း မိဘအမွေတွေကို ငယ်ငယ်ရွယ်ရွယ်နှင့် ပိုင်ဆိုင်ခံစားနေရသည့် သူဌေးပေါက်စကလေး ထင်ပါရဲ့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

နှစ်ယောက်သား ရက်စတောရင့်လေး ရောက်သည်အထိ ပန်းအခရာ အကြောင်းတွေ မေးမြန်းမဆုံး ဖြစ်နေ၏။

"ကိုမင်း သူနဲ့ဘယ်လိုသိတာလဲ ဘယ်ထုန်းက ခင်နေတာလဲ"

"ဘယ်တုန်းကမှ မခင်ဘူး အဲ သိနေတာတော့ အမှန်ပဲ"

"ဟာ ဝေ့လည်ကြောင်ပတ် မပြေနဲ့ကွာ အမှန်ပြောနော် အဲဒါ ကိုမင်းရဲ့ အဆက်ဟောင်းလား ပြော"

မိုးနုဒီ ဝန်တိုသံသယတွေနှင့် မေးခွန်းတွေထုတ်နေတော့ သူ ပခုံးတွန့် မျက်နှာကို ရှုံ့မဲ့ပစ်ရင်း

"ထင်ရက်လိုက်တာ နုဒီရယ် ဒီလောက်တုံးတုံးအအ အမယ်ကြီးအိုပုံစံလေးကိုများ တို့ကပတ်သက်မလား၊ ကဲ နားထောင် အဲဒီဒေါ်စာဥလေးနဲ့ ဘယ်လိုဆုံခဲ့တယ်ဆိုတာ ပြောပြမယ်"





ပန်းအခရာ ဆိုသော မိန်းကလေးနှင့် ဆုံခဲ့သော အဖြစ်ကို သူ ရှင်းပြတော့ မိုးနုဒီ ငြိမ်သက်စွာ နားထောင်နေခဲ့၏။ သူ့ကားနှင့် တိုက်မိသလို ဖြစ်ခဲ့သော ပန်းအခရာနှင့် ဆုံတွေ့ခဲ့သည့် အဖြစ်က ဆန်းလှသော ဆုံတွေ့မှုတစ်ခုသာ။

"ကိုယ့်ကို ထောင်ထဲပို့တော့မယ့် ဒီမိန်းကလေးကို မှတ်မိနေတာ သူက အန်ကယ်ဦးလွန်းမြိုင်ရဲ့ တူမတစ်ယောက်လေ၊ ဒါကြောင့် အလုပ်နှိုလိုက်တာ"

"ကိုမင်းနော် စေတနာသဒ္ဓါတွေ လွန်မနေနဲ့"

"ဟား ဟား နုဒီကလည်း သဝန်တိုနေတာလား"

"တိုတာပေါ့ ကိုယ့်ချစ်သူက တခြားမိန်းကလေးနဲ့ ပတ်သက်နေတာ ဘယ်မိန်းကလေး သဘောကျမှာလဲ"

"ကိုယ့်ချစ်သူမဟုတ်လား၊ ဒါဆို မိုးနုဒီက ကိုယ့်ချစ်သူဖြစ်သွားပြီပေါ့ ဟုတ်လား"

"အို ကိုမင်းနော်"

ရှက်မျက်စောင်းလေး ထိုးကာ ခေါင်းလေးငုံ့သွားသော မိုးနုဒီ၏ တက်ဖဝါးလေးကို သူ ဆုပ်ကိုင်ထားလိုက်မိသည်။

တကယ်ဆို ဒီ အိလက်ထရောနစ် ကုမ္ပဏီရုံးခန်းကို သူ ရောက်တော့ မိုးနုဒီက အရောင်းဌာနက ဝန်ထမ်းမလေးပဲ ဖြစ်၏။ သူ တာဝန်ယူတော့ မိုးနုဒီကို အတွင်းရေးမှူးမလေးအဖြစ် ခန့်အပ်ခဲ့သည်။

လှပပြီး ချစ်စရာကောင်းသော မိုးနုဒီကို သူ တစ်ခါမြင်ရုံနှင့် သဘောကျခဲ့သည်။ မိုးနုဒီကလည်း ဒါကို သိကာ သူ့လို လူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကို ငြင်းဆန်ဖို့ အကြောင်းမရှိမှာ သိပါသည်။

လွန်ခဲ့သော တစ်ပတ်က သူချစ်ခွင့်ပန်ခဲ့တာကို စဉ်းစားခွင့်ပေး ပါဦးဟု တောင်းဆိုခဲ့သော မိုးနဒီသည် အခုတော့ သူ မတောင်းဆိုရပါဘဲ ဝန်ခံခဲ့ပြီပဲ။

တစ်ခါ တစ်ခါတော့ မိန်းကလေးတွေရဲ့စိတ်ကို သူ ရယ်ချင်ပါ သည်။ အခုပဲကြည့် သူ့ကိုအဖြေပေးဖို့ အချိန်ဆွဲနေခဲ့သော မိုးနဒီ မြန် ဆန်စွာ ခေါင်းညိတ်ခဲ့တာ ပန်းအခရာကြောင့်ပဲ ဖြစ်၏။

"ကိုမင်း"

"ပြောလေ နဒီ"

"နဒီ အဖြေပေးတာ မြန်ဆန်လို့ အထင်မသေးနဲ့နော်"

"အာ ဘာလို့ အထင်သေးရမှာလဲ၊ ချစ်တာကို ချစ်တယ်လို့ ပြောတာ အထင်သေးစရာလား"

"ကိုမင်း အကြောင်း နဒီ ဘာမှမသိဘူး၊ တော်ကြာ ရည်းစား တွေအများကြီးရှိနေရင် ဒုက္ခပဲ"

သူ ပြုံးမိသည်။ မင်းရာဇာမှာသာ လက်ရှိရည်းစားတွေ ထီး ယောက်တိတိ ရှိနေတာသိလျှင် မိုးနဒီ မျက်လုံးပြူးသွားမည်လား မသိ။

"ဘာပြုံးတာလဲ ကိုမင်း၊ နဒီပြောတာ မှန်နေလို့လား"

"အဟွန်း နဒီ ပြောသလို အများကြီးရှိရင် ကောင်းမလားလို့ တွေးမိလို့ပါ"

"ကိုမင်းနော်"

လှမ်းရှယ်သော လက်သီးဆုပ်လေးကို သူ ဆုပ်ကိုင်ထားတော့





လည်း ပြေလျော့သွားတာပဲ ဖြစ်သည်။

ချစ်စရာကောင်းသော မျက်စောင်းလေးတွေနှင့် ကြည်နူးမှု တွေကိုပေးတတ်သော မိန်းကလေးတွေကို သူ သဘောကျပါသည်။

သေချာသည်ကတော့ မိုးနဒီသည် အခုချိန်မှာ သူ့ရဲ့နောက်ဆုံး သော ပူပူနွေးနွေး ချစ်သူလေးပဲ ဖြစ်သည်။

ဒီလိုပူနွေးမှုလေးတွေ အေးစက်မသွားမချင်းတော့ မိုးနဒီသည် သူ့ရဲ့ ချစ်သူလေးအဖြစ် ရှိနေဦးမှာပါ။

သူ့စိတ်မှာ မိုးနဒီရဲ့ဖွဲ့ဆောင်မှုလေးတွေ ကင်းစင်သွားခဲ့လျှင် တော့. . .။

အချစ်ဆိုတာ ပူနွေးသော ရင်ခုန်သံလေးတွေနှင့်မှ အသက်ဝင် ကြည်နူးစရာကောင်းမှာ သေချာသည်။ ရင်ခုန်သံတွေ အေးစက်သွားခဲ့ လျှင် ချစ်ခြင်းတွေလည်း အေးစက်သွားမည်။

ဒါ မင်းရာဇာရဲ့ ချစ်ဒဿနတစ်ခုဆိုတာ မိုးနဒီ သိနိုင်မည်လား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

နှာဝကို စူးစူးရှရှ တိုးဝင်လာသော ရေမွှေးရနံ့တွေက မှုန်ထု သွားတာမို့ ထည်ဝါ မျက်နှာ မဲ့ခနဲ ဖြစ်သွားခဲ့၏။ ဧည့်ခန်းထဲကို မင်းရာဇာ ဆင်းလာပြီဆိုတာ သေချာ၏။

"ရာဇာ"

"ဗြော် ကိုထည်"

"ခဏထိုင်ဦး ရာဇာ၊ ညီ့ကို ကိုယ်မေးစရာရှိလို့"

"ဘာမေးမလို့လဲ ကိုထည်၊ မေးလေ"

သူ့ရှေ့က ထိုင်ခုံမှာ မင်းရာဇာ ဝင်ထိုင်လိုက်တာ သူ သိနေ သည်။ မမြင်ရပေမယ့် မင်းရာဇာ မင်းသားရုပ်လောက်အောင် ပြင်ဆင် ဝတ်စားထားမည်ဆိုတာ သူ့စိတ်က သိနေသည်။





"အခု မင်း ဘယ်သွားမလို့လဲ ရာဇာ"

"ကုန်တိုက်ကို သွားမလို့ ကိုထည်"

"ဒီနေ့ ဆန်းဒေးလေ၊ မင်းနားရက် မဟုတ်လား"

"နားရက်ပေမယ့် ကုန်တိုက်ကို သွားစရာလေးရှိလို့ပါ၊ ပြီးခဲ့တဲ့ တစ်ပတ်လုံး မရောက်တော့ မန်နေဂျာ ဦးကောင်းနဲ့ သွားတွေ့ပြီး လိုအပ် တာလေးတွေ စစ်ဆေးမလို့"

မင်းရာဇာ လိမ်ညာနေသည်ဆိုတာ သူ ကောင်းကောင်းသိပါ သည်။ သူ့အလုပ်တွေကို ဒီကောင် ဒီလောက်အထိ စိတ်ပါဝင်စားတာ မဟုတ်မှန်း အစောကြီးကတည်းက သိပါသည်။

"မင်းသတင်းတွေ ငါ ကြားနေတယ် ရာဇာ"

"ဟာ ဘာသတင်းတွေလဲ ကိုထည်ရ၊ ဘေးစကားတွေ မယုံနဲ့ လေ၊ သွေးစကားကိုပဲ ယုံပါ"

သူ မဲ့ခနဲ ပြုံးမိသည်။ သွေးစကားဟုဆိုရအောင် သူနှင့်မင်း ရာဇာက ဘာသွေးသားမှ မတော်တာ ရာဇာလည်းအသိ သူလည်းအသိ။ ဒါပေမဲ့ သံယောဇဉ်ကတော့ သူ့ရင်မှာရှိနေဆဲ။

"ဟေ့အာ မင်းကောင်မလေးတွေနဲ့ ရှုပ်နေတဲ့သတင်းတွေ ငါ ကြားတယ်နော်"

"ဟာ ကိုထည်ကလည်း ယောက်ျားပဲဗျာ"

"ငါက မင်းအတွက် စိုးရိမ်လို့ပြောတာ"

"နီး ကျွန်တော့်အတွက် ကိုထည် မစိုးရိမ်ပါနဲ့၊ ကျွန်တော့်ကိစ္စ ကျွန်တော် နိုင်နင်းပြီးသား"



www.burmeseclassic.com

www.burmeseclassic.com



မင်းရာဇာ စကားက သူ့ကိုဦးတည်တိုက်ခိုက်သလို ခံစားရ၏။ သူ့ကိစ္စ သူနိုင်နင်းသည်ဆိုတော့ သူကပဲ မနိုင်နင်းခဲ့သည်လား။ ရင်ထဲမှာတော့ နာကျင်ခံရခက်ခက် ဖြစ်ရ၏။

"ကျွန်တော့်အတွက် ကိုထည် စိုးရိမ်မှာစိုးလို့ပါ၊ ကျွန်တော် ကိုထည်အလုပ်တွေကို တာဝန်ယူနိုင်အောင် ကြိုးစားနေပါတယ်"

"ငါ့အလုပ်တွေက ယုံကြည်စိတ်ချရတဲ့သူတွေ ရှိပြီးသားပါ ရာဇာ၊ ဒါပေမဲ့ မင်းကိုတည်တည်ငြိမ်ငြိမ်နဲ့ တာဝန်ယူနိုင်အောင် ကြိုးစားစေချင်လို့ သင်ခိုင်းနေတာ"

"စိတ်ချပါ ကိုထည်၊ ကျွန်တော် နားလည်ပါတယ်၊ အရင်လို ကျွန်တော် မမိုက်တော့ပါဘူး"

ဒါ မင်းရာဇာရဲ့လက်သုံးစကားဟု သူ သိသည်။ ကတိတစ်ခုကို အလွယ်တကူပေးကာ ထင်ရာစိုင်းတတ်တာ မင်းရာဇာရဲ့အကျင့်ပဲ ဖြစ်၏။ ဒယ်ဒီကလည်း ဒါကြောင့်မို့ စိတ်နာခဲ့တာပဲဖြစ်သည်။

မိဘမဲ့ မင်းရာဇာ ဘဝလေးကို စာနာကာ ဒယ်ဒီက သားအဖြစ်မွေးစားခဲ့သည်။ သူကလည်း ညီအရင်းလို ချစ်ခဲ့တွယ်တာခဲ့သည်။

ဒါပေမဲ့ မင်းရာဇာက သန္ဓေမကောင်းတာ အမှန်ဖြစ်သည်။ ပညာရေးကို ထွန်းပေါက်အောင် မကြိုးစားခဲ့ပါ။

သူ့ထက် ငါးနှစ်ကျော်ငယ်သော မင်းရာဇာအကြောင်းတွေကို ယူအက်စ်မှာ ပညာသင်နေရင်း သူ ကြားရပါသည်။

"သား မင်းညီ ရာဇာကတော့ ဘယ်လိုမှ ဆိုဆုံးမလို့ မရတော့ဘူး၊ အခုနှစ် ဆယ်တန်းကို ထက်ကျတယ်၊ အပေါင်းအသင်းတွေနဲ့





ထင်ရာစိုင်းနေတယ်၊ ဒယ်ဒီတော့ တော်တော်စိတ်ပျက်နေပြီ"

"ညီ့ကို ဒယ်ဒီ အသေအချာ ဆုံးမကြည့်ပါဦး"

"အေး ဒီကောင့်ကို ဒယ်ဒီ နောက်ဆုံးအကြိမ် ပုံစံသွင်းပြုပြင်ကြည့်မယ်၊ ဒါမှ မရရင်တော့ ဒယ်ဒီ ဥပေက္ခာပြုလိုက်တော့မယ်"

အပေါင်းအသင်းတွေနှင့် ပေတေကာ လေလွင့်ဆိုးသွမ်းနေသော မင်းရာဇာကို ဒယ်ဒီ ပြုပြင်ဖို့ ကြိုးစားကြည့်၏။

ဒါပေမဲ့ ပေတေဆိုးသွမ်းနေသော မင်းရာဇာက ဒယ်ဒီ ခွင့်လွှတ်နိုင်သောအလုပ်ကို လုပ်ခဲ့သည်။

မာမီရဲ့လက်ဝတ်ရတနာတွေကို ခိုးယူကာ လောင်းကစားဝိုင်းမှာ ဖြုန်းတီးခဲ့သည်။ ဒါကို ဒယ်ဒီ သိလိုက်ချိန်မှာ ဒေါသထောင်းထောင်း ထွက်သွားခဲ့၏။

"မင်း မိုက်မဲတဲ့ကောင်၊ မေတ္တာတရားနဲ့ မထိုက်တန်တဲ့ကောင်ပဲ အခုချက်ချင်း မင်း ငါ့အိမ်ကဆင်းတော့၊ မင်းကို မွေးစားသားအဖြစ်ကပဲ စွန့်လိုက်ပြီ မင်းရာဇာ"

မွေးစားသား မင်းရာဇာအတွက် ဒယ်ဒီက နောက်ဆုံးစာနာမှုအဖြစ် ငွေသိန်းတစ်ရာကို ဘဏ်ထဲမှာ ထည့်ပေးခဲ့သည်။

ထိုစဉ်က အမေရိကားမှာ ပညာသင်နေဆဲ သူ သတင်းတွေကြားပေမယ့် ဘာမှမသိခဲ့ပါ။ ဒယ်ဒီ မကျန်းမာ၍ ပြန်ရောက်လာမှ သိရသည်က

"ဒီကောင် သိပ်ဆိုးတယ်၊ အခုလည်း ဒယ်ဒီ ဘဏ်ထဲထည့်ပေးထားတဲ့ငွေ သိန်းတစ်ရာကို ထိုင်သုံးဖြုန်းနေတာ ကုန်သလောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေပြီတဲ့၊ မိုက်မဲတဲ့ကောင် ဥပေက္ခာပြုထားလိုက် သား၊ သင်းကို ဒယ်ဒီ ဘက်ကတော့ ယတိပြတ်သံယောဇဉ်ဖြတ်လိုက်ပြီ''

တကယ်လည်း ဒယ်ဒီ သံယောဇဉ်ပြတ်ခဲ့သည်။ ဆုံးပါးသည် အထိ မင်းရာဇာကို လှည့်မကြည့်ခဲ့ပါ။

ဒယ်ဒီမရှိတော့ ဘဝပျက်ကာ သူ့ဆီရောက်လာသော မင်းရာဇာ ကို သံယောဇဉ် မပြတ်နိုင်သော သူ မနေနိုင်ပါ။

''ညီ မင်းကိုတော့ ငါ မြင်းကိုချိတပ်ပေးသလို မလုပ်ချင်ဘူး ဒီတော့ မင်းဘဝကို မင်းကြိုးစားပါ၊ မင်းအတွက် တစ်လကို ဘဏ်မှာ ငွေတစ်သိန်း ထုတ်ယူနိုင်ဖို့ စီစဉ်ပေးထားမယ်''

မင်းရာဇာ မကျေနပ်ပေမယ့်လည်း သူပေးသော ငွေတစ်သိန်း နှင့်ကျေနပ်လက်ခံခဲ့သည်။

ဒီလို ရှင်သန်ခဲ့သော မင်းရာဇာ သူ့နံဘေးရောက်ရှိလာအောင် ကံကြမ္မာကပဲ ပို့ဆောင်ပေးခဲ့သည်။ ထိုကံကြမ္မာက သူ့ဘဝကို အမြင် အာရုံတွေ ဆုံးရှုံးအောင် ဖန်တီးခဲ့သော ကံကြမ္မာဆိုးကြီးပဲ ဖြစ်၏။

''ကိုထည်''

မျောခနဲ လွင့်သွားသော သူ့အတွေးတွေ မင်းရာဇာ ခေါ်သံ ကြားမှ ပြတ်တောက်ကာ လက်ရှိဘဝထဲ ပြန်လွင့်မျောလာရ၏။

''ကိုထည် ဘာပြောမလို့လဲ ပြောလေ ကျွန်တော် နားထောင် နေတယ်''

''ငါ ဘာမှမပြောတော့ဘူး မင်းရာဇာ၊ မေးစရာတစ်ခုတော့ ရှိတယ်၊ ဦးလွန်းမြိုင်တူမလေးနဲ့ မင်းတွေ့ပြီးပြီလား''





သူ့အမေးကို မင်းရာဇာ ချက်ချင်းမဖြေဘဲ ငြိမ်သက်နေတော့ သူ မလုံမလဲ ဖြစ်မိသည်။

''ညီ ငါမေးနေတယ်လေ''

''အဟွန်း မနေ့ကပဲ တွေ့ပြီးပါပြီ ကိုထည်၊ ပန်းအခရာခေါ် စောဥလေ''

''ဘာရယ်''

''အဟွန်း ကျွန်တော် နာမည်ပြောင်ပေးထားတာပါ၊ အဲဒီ မိန်းကလေးနဲ့ကျွန်တော် ဆုံဖူးပြီးသားဗျ''

''ဘာကွ ဘယ်လို''

သူ အံ့ဩထိတ်လန့်စွာ မေးမိသည်။ အခရာနှင့်မင်းရာဇာ ဆုံဖူးသည်တဲ့၊ ဒါ ဖြစ်နိုင်ပါ့မည်လား။ မင်းရာဇာ ဆိုသည့်ကောင် ရန်ကုန် ရောက်တာ ဘာကြာသေးလို့လဲ။

အခရာနှင့် ဘယ်ကဘယ်လို ဆုံတာလဲ။ မဖြစ်နိုင်ဟု ထင်သည်။ ဒီကောင် ဘာတွေလိမ်ညာဦးမှာလဲ။

''ဟော့ကောင် အခရာနဲ့မင်း ဆုံဖူးတယ်၊ မဖြစ်နိုင်တာ''

''ဘာလို့ မဖြစ်နိုင်ရမှာလဲ ကျွန်တော် ရန်ကုန်ရောက်ပြီး တစ် ပတ်အတွင်းမှာပဲ ဆုံကြတာ ကိုထည်ရ''

မင်းရာဇာ ပြန်ပြောပြနေတာကို နားထောင်ရင်း သူ မျက်မှောင် ကြီးကုပ်ထားမိသည်။ အခရာနှင့်သူ ဆုံကြခြင်းအတွက်တော့ သူ ဘဝင် မကျတာ အမှန်။

''ကိုထည်ရဲ့ CYGNUS ကားကြီးကို စီးသွားတဲ့နေ့က



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ထောင်ထဲမရောက်တာ ကံကောင်းပဲ၊ ဒီမိန်းမ အကြောင်း ကြောင်းနဲ့ ကားရှေ့မှာရပ်ကြည့်နေတာဗျ''

သူ့ရင်ထဲမှာ စိတ်မကောင်းဖြစ်သွားမိသည်။ အခရာက သူ့ ကားရှေ့မှာ သတိလက်လွတ် ရပ်နေခဲ့သည်တဲ့လား။

''တကယ့် တောသူကျနေတာပဲဗျာ၊ ရုပ်ကလေးက ချောပါရဲ့ ဒါပေမဲ့ ဘာမှပြင်ဆင်မထားတာ အကြည့်ရဆိုးတယ်၊ တော်တော် အူတူ တူနိုင်တဲ့ မိန်းကလေးပဲ''

''ရာဇာ''

''ဘာလဲ ကိုထည်''

''မင်းကိုငါ တစ်ခု သတိပေးထားချင်တယ် အခရာ အဲ ဦးလွန်း မြိုင် တူမလေးကို မင်း ရှုပ်ရှုပ်ယှက်ယှက် မလုပ်ပါနဲ့''

''ဗျာ''

''ငါ ပြောတာ မင်းသဘောပေါက်မှာပါ၊ ပြောရရင် သူ့ခမြာ လေသင်တုန်းဖြတ်နေတဲ့ အဖေကြီးကို ရှာဖွေကျွေးမွေးနေရသူပါကွာ''

''အဲဒါ ကျွန်တော် မသိဘူး ကိုထည်''

''အေး မင်းသိအောင် ငါ ပြောပြတာပါ''

''အင်း သနားစရာတော့ ကောင်းသားပဲ''

မင်းရာဇာ စကားကြောင့် သူ မျက်မှောင်ကုပ်သွားရပြန်ပါ သည်။ အခရာနှင့်ပတ်သက်ပြီး ဒီကောင့်ကို အမှန်အတိုင်းတွေ သူ ပြောပြနေမိတာ မှားပြီလား။





အမှန်ဝန်ခံရရင် ဒီကောင့်ကို သူ မယုံကြည်ပါ။ မိန်းကလေး ...ချောချောလှလှမြင်လျှင် ရှုပ်မွေချင်တာ ဒီကောင့်စရိုက်။

''ဒါနဲ့ကိုထည်က ဦးလွန်းမြိုင် တူမလေးကို မြင်ဖူးလို့လား''

''ဟင် ဟင့်အင်း ငါ မမြင်ဖူးပါဘူး၊ အဲ ဦးလွန်း ပြောပြလို့ သိထားတာ၊ ပြောရရင် ဦးလွန်း ကျေးဇူးတွေ ငါ့မှာရှိတယ်၊ ဒယ်ဒီရှိ ...တည်းက ဦးလွန်းမြိုင်က ငါတို့အကျိုးစီးပွားကို ရိုးရိုးသားသား ကြိုးစား ...ဦး ဆောင်ရွက်ပေးခဲ့တာ၊ ဒီတော့ သူ့တူမလေးအတွက်လည်း ကူညီပေး ...မှာပေါ့''

''ကိုထည်က ပန်းအခရာကို မမြင်ဖူးလို့ပါ၊ မြင်ဖူးရင် ကိုထည် ...ည်း စိတ်ပျက်သွားမှာပါ၊ ဘယ်တော့ကြည့်ကြည့် မျက်နှာက အပြင် ...ဆင် အခြယ်အသမရှိနဲ့ အဟွန်း စိတ်ပျက်လောက်အောင် လုပါတဲ့ ...ရေသည်ဆိုကာမျိုးဗျ''

အခရာ မျက်နှာလေးကို သူ့အာရုံထဲမှာ ပြေးမြင်မိသည်။ ...ညက်ညက်လေး ချောမောသလောက် အခရာက အလှအပကို တမင် ...မော ပြင်ဆင်တတ်သူ မဟုတ်ပါ။

အခရာမှာ ဖြူစင်လှပသော စိတ်ထားလေးရှိတာကို မင်းရာဇာ ...သိရှာပါ။ ဒါကပဲ သူ့အတွက်ကောင်းပါသည်။

''ကဲ ဒါတွေထားတော့ကွာ၊ ဘာပဲဖြစ်ဖြစ် ငါ ပြောချင်တာက ...င်းလည်း အလုပ်တွေကို တတ်ကျွမ်းနားလည်အောင် ကြိုးစားပါ၊ ပြီး ...တော့ အပျော်အပါးတွေကို လျှော့ကွာ၊ အထူးသဖြင့် မိန်းကလေးတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကင်းရှင်းအောင် ရှောင်စေချင်တယ်''

''အင်း ကိုထည်ရဲ့ ခံစားချက်ကို ညီ နားလည်ပါတယ်ဗျာ စိတ်ချ ကိုထည်လိုအဖြစ်မျိုး မကြုံစေရဘူး ကဲ ကျွန်တော့်ကို ခွင့်ပြုပါဦး ကိုထည်''

သူ့ကိုနှုတ်ဆက်ကာ မင်းရာဇာ ထွက်သွားပေမယ့် စူးရှရှ ရေမွှေးရနံ့တွေက ညှော်ခန်းထဲမှာ ကျန်ရစ်ခဲ့သည်။

သူ ပင့်သက်ရှိုက်ရင်း မင်းရာဇာရဲ့ကားသံကို နားစွင့်ထား၏။ ကားစက်သံကြားရကာ မောင်းထွက်သွားမှ လက်ကိုင်တုတ်လေးကို စမ်းရှာဖွေမိသည်။

ဆိုဖာထိုင်ခုံ ညာဘက်မှာ အသေအချာ ထောင်ထားပါလျက် လက်ကိုင်တုတ်က ဘယ်ရောက်သွားသည် မသိပါ။

သူ လက်ဖြင့် တစမ်းစမ်း ရှာဖွေနေချိန်မှာပဲ

''ဆရာလေး လက်ကိုင်တုတ် ရှာနေတာလား၊ ဒီမှာရှင့် ကြမ်းပြင်ပေါ် ပြုတ်ကျနေတာ''

ဒေါ်မြင့်က သူ့လက်ထဲကို လက်ကိုင်တုတ်လေး ထည့်ပေးရင်း ပြောသည်။ စိတ်သွားတိုင်း ကိုယ်မပါနိုင်သော သူ့အဖြစ်သူ ခံရခက်စွာ ပင့်သက်ရှိုက်ရင်း

''ကျေးဇူးပဲ ဒေါ်မြင့်၊ ကျွန်တော့်ကို တဆိတ်လောက် အခန်းထဲ ပို့ပေးပါဗျာ''

''ဟုတ်ကဲ့ ဆရာလေး''





ဒေါ်မြင့် သူ့လက်မောင်းကိုတွဲကာ အခန်းတံခါးဝအထိ လိုက်ပို့ပေးရှာသည်။ ခန္ဓာကိုယ်ကြီးက သန်စွမ်းကျန်းမာနေပါလျက် အမြင်အာရုံဆွံ့ ဆုံးရှုံးနေသော ဘဝကြီးက ဆိုးလှသည်။

ဒီဘဝကြီးမှာ သူ အသားကျအောင် ဘယ်အချိန်ကာလအတိုင်းအတာထိ နေထိုင်ရဦးမှာလဲ။

ဖျတ်ခနဲ အာရုံထဲမှာ မြင်ယောင်လာတာ သွေးစွန်းနီရဲ့မျက်နှာပြင်၏။

သူ ဒီဘဝကြီးရောက်အောင် ပို့ဆောင်ပေးခဲ့တာ ဒီမိန်းမ။ မိန်းမတစ်ယောက်ရဲ့ အဆိပ်က ဒီလောက်အထိ ပြင်းထန်မည်ဟု မထင်မှတ်ခဲ့တာ သူ့အမှားလား။

နှစ်လနီးပါး ကြာမြင့်ခဲ့သည်ဆိုပေမယ့် သူ့ဘဝကို အမှောင်ထိုက်ကြီးထဲ ပို့ပေးခဲ့သော ထိုနေ့လေးကို သူ မမေ့သေးပါ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



သူနှင့်ပတ်သက်မှုသော မိန်းကလေးတွေဆီက တောင့်တလိုချင်စိတ်မျိုး မပေါ်တတ်တာ သေချာသည်။

ပန်းအခါရာ စာမေးပွဲဖြေနေသော ရက်တွေမှာ မဆုံဖို့ သူပဲ ကတိပေးခဲ့သည်။ ဒါပေမဲ့ မမြင်တွေ့ရတော့ သူ့မှာ မနေတတ်ဖြစ်ရပြန်သည်။

အသံချိုချိုလေး ကြားနိုင်ဖို့ကလည်း သူ့မှာ အခွင့်မရှိပါ။ တကယ်ဆိုလျှင် ဒီရက်တွေမှာ ပန်းအခါရာ အသံလေးကြားနိုင်အောင် သူ ဖုန်းလေးပေးထားခဲ့လျှင် အဆင်ပြေမည်။

ဒါပေမဲ့ ပန်းအခါရာကလည်း သူပေးသော ဖုန်းကို လက်ခံမည် မထင်ပါ။

အခုတော့ သူ့ရဲ့ဖုန်းလေးထဲမှာ ပုံရိုပ်ထင်စေခဲ့တော့ ပန်းအခါရာရဲ့ပုံရိပ်လေးကိုပဲ အလွမ်းပြေ ကြည့်ခွင့်ရခဲ့၏။

ပန်းအခါရာရဲ့အိမ်အထိ သွားတွေ့ချင်စိတ်တို့ကို မျိုသိပ်ထိန်းချုပ်ရင်း ရောက်ဖြစ်ခဲ့သည်က ပန်းအခါရာနှင့် အတူထိုင်ဖြစ်သော ကော်ဖီဆိုင်လေးကိုပဲ ဖြစ်သည်။

ကော်ဖီဆိုင်လေးထဲမှာ သူတစ်ယောက်တည်း ထိုင်နေချိန်မှာ ပန်းအခါရာကတော့ စာတွေကျက်နေမည်လား။ နေမင်းထည်ဝါ ဆိုသော သူ့ကို ပန်းအခါရာ သတိမှရရဲ့လား တွေးမိ၏။

မသောက်ဖြစ်သော ကော်ဖီတွေ အေးစက်သွားသည်အထိ ထိုင်ပြီးမှ သူ ကော်ဖီဆိုင်လေးထဲက ပြန်ဖြစ်ခဲ့သည်။



## အခန်း (၁၈)

ပန်းအခါရာရဲ့စာမေးပွဲရက်တွေမှာ သူ နေမထိထိုင်မသာ ဖြစ်ရတာတော့ အမှန်ဖြစ်သည်။

တွေ့ချင်သော မျက်နှာလေးကို မြင်တွေ့ခွင့်မရခြင်းနှင့် ကြားချင်သောအသံလေးတွေ ကြားခွင့်မရခြင်းက ဆင်းရဲဝဋ်ဒုက္ခတစ်ခုပဲ ဖြစ်၏။

ထိုဝဋ်ဒုက္ခကြီးကို သူ ရင်ဆိုင်ကြုံတွေ့နေခဲ့ရချိန်မှာ ပန်းအခါရာကို သူ ဘယ်လောက်ချစ်နေပြီလဲဆိုတာ နားလည်ခဲ့၏။

သေချာသည်က ပန်းအခါရာနှင့် ဆုံတွေ့ချိန်လေးတွေမှာ သူ့ မျက်နှာလေးကို ငေးမောပြီး စကားသံချိုချိုလေးတွေကို ကြားနေခွင့်ကို သူ တပ်မက်ခဲ့တာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ကတော့ သူ့ရဲ့ပေါ့လျော့မှုကြောင့် ကော်ဖီဆိုင်လေးထဲက အပြန်မှာ ဒုက္ခရောက်တော့၏။

မောင်းနေရင်း ကားစက်ရပ်ကာ ထိုးရပ်သွားကတည်းက သူ ချက်ချင်းသိလိုက်ပါသည်။

"သေလိုက်စမ်းကွာ"

မနေ့ကတည်းက ဆီတိုင်ကီထဲမှာ ဆီကုန်လုပြီဆိုတာ သူ သိခဲ့သည်။ အိမ်ရောက်တော့လည်း ကားထဲကို ဆီထပ်ဖြည့်ဖို့ မေ့ခဲ့သည်။ အခုတော့ လမ်းခုလတ်မှာ သူ ဒုက္ခရောက်ရချေပြီ။

ခက်သည်ကသူ့ကား ထိုးရပ်သွားသောနေရာမှာက အလွယ်တကူ ဆီဝယ်လို့မရသော နေရာဖြစ်နေသည်။

ကားတံခါးဖွင့်ဆင်းကာ ကားမှန်တွေတင် တံခါးတွေသော့ပိတ်ခဲ့ကာ အနီးဆုံးရှိသော ဆီဆိုင်ကိုပဲ ရှာရတော့မည်။

ဆီဆိုင်ကိုရှာဖို့ တက္ကစီတစ်စီးကို သူ ရပ်စောင့်နေတုန်းမှာ အနီရောင်ဆလွန်းကားလေးတစ်စီး ထိုးရပ်လာ၏။

"ကိုထည်"

ကားပြတင်းတံခါးက မြင်လိုက်ရသော သွေးစွေးနီ မျက်နှာကြောင့် စိတ်ကသိကအောက် ဖြစ်သွားရ၏။

"ဩော် စွေး"

"ဘာလုပ်နေတာလဲဟင် ကားမပါဘူးလား"

"ပါတယ် ဆီကုန်ပြီး စက်ရပ်သွားလို့ တက္ကစီစောင့်နေတာ"





"ဘယ်သွားမှာလဲ စွေး လိုက်ပို့ပေးမှာပေါ့"

"အိမ်ပြန်မလို့ အရေးကြီးတာ ဆီဆိုင်တစ်ဆိုင်ပဲ၊ ဆီဝယ်ပြီး ကားထဲထည့်ဖို့လိုတယ်"

"အဟင်း ဟင်း ဒါများ ပြဿနာမဟုတ်တာ ကဲ တက် စွေး လိုက်ပို့ပေးမှာပေါ့"

ဘာပဲဖြစ်ဖြစ် အခုချိန်မှာ စွေးရဲ့အကူအညီကိုတော့ သူ လက်ခံမှာပဲဖြစ်သည်။ ကားတံခါးဖွင့်ကာ သူ တက်လိုက်သည်။

"ကျေးဇူးပဲ စွေး"

"အဟင်း ဘာအတွက်လဲ ကိုထည်၊ ဥပေက္ခာပြုထားတာ အတွက် လှောင်ပြောင်တာလား အဟင်း"

စွေး သူ့ကို လှောင်ပြောင်နေပြီဆိုတာ နားလည်လိုက်ပါသည်။ ကယ်ဆို သွေးစွေးနီကို သူ အဆက်အသွယ်မလုပ်ဘဲ ဥပေက္ခာပြုထားတာ ကြာပြီ။ သွေးစွေးနီ သိထားသော ဖုန်းနံပါတ်ကိုတောင် မသုံးဘဲ သူ တခြားဖုန်းကိုပဲ သုံးနေခဲ့တာမို့ စွေး ဖုန်းခေါ်လို့လည်း ရမှာမဟုတ်ပါ။

ကားလေးကို မှန်မှန်မောင်းနေရင်း သူ့ကိုနောက်ကြည့်မှန်ထဲက တရိ ကြည့်နေသော သွေးစွေးနီ မျက်ဝန်းတွေကို သူ တွေ့ရ၏။

"ပြောပါဦး ကိုထည် ဘာလဲ အသစ်မြင်လို့ အဟောင်းပစ် မ်းမြင်လို့ ငါးကင်ပစ်တာလား အဟင်း"

"ဘာတွေပြောနေတာလဲ သွေးစွေးနီ၊ ကိုယ် အလုပ်တွေရှုပ် နေတာ မင်းမသိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်တွေရှုပ်နေတာလား အရှုပ်တွေလုပ်နေတာလာ

ကိုထည် မိန်းကလေးတစ်ယောက်ကို ကြိုပို့ဖယားတွေခင်းနေတာ ဓွေ

ကြားတယ်"

အခရာနှင့်ပတ်သက်သည့် သတင်းကို သွေးစွေးနီ ကြားနေတ

တော့ သေချာနေပြီ။

"ကိုထည် ဒီလို သစ်စိမ်းချိုး ချိုးတာတော့ တို့ ခံရခက်တယ်

သိလား"

"ဟာကွာ မင်း ငါ့ကို လာအုံးစားမနေနဲ့ စွေး၊ ရပ်ကွာ ကာ

ကို အခုရပ်စမ်း"

သူ ဒေါသဖြင့် စိတ်မရှည်နိုင်စွာ ဟစ်အော်တော့ သွေးစွေ

မထိတရီ ပြုံးရင်း

"အနာပေါ်တုတ်ကျ ဖြစ်နေတာလား ကိုထည်၊ ရှင်က မိန်း

တစ်ယောက်ကို ရှင့်စိတ်ဆန္ဒရှိသလောက် တွဲပြီး ခါထုတ်ပစ်ချင်

ယောက်ျားပဲ၊ မရဘူး အဲဒီအထဲမှာ သွေးစွေးနီ မပါဘူး"

"အပိုတွေ မပြောနဲ့ သွေးစွေးနီ၊ မင်း ဘာလဲ ကိုယ်ဘာ

ဆိုတာ နှစ်ယောက်စလုံး သိပြီးသားပဲ၊ ငါနဲ့မပတ်သက်ခင်ကတည်း

မင်း ပတ်သက်ဖူးတာတွေ ရှိတာ ငါ သိတယ်"

"ဒါ ဝန်ခံတယ်၊ ဒါပေမဲ့ နေမင်းထည်ဝါဆိုတဲ့ ယောက်ျားအ

မှာ ကျွန်မ ပေးဆပ်မှုတွေက အများကြီးပိုတယ်"

"အဟွန်း ဟုတ်မှာပါ၊ အဲဒါအတွက် ငါကလည်း မင်းလိုချင်





ပေးခဲ့တာပဲလေ၊ ဒီထက် မင်းက ဘာမျှော်လင့်ထားလို့လဲ"

"အဟင်း ဟင်း ကျွန်မ မျှော်လင့်တာ ရှင့်ကိုပဲ"

"ဆောရီး မင်းအိပ်မက်က နိုးလိုက်တော့"

"ရှင် နိုးရမှာ ကိုထည်၊ ကိုင်း ရှင် ကျွန်မကို လက်ထပ်မှာလား

ရှင့်အသက်ကို ပေးမလား"

"ဘာရယ်"

သွေးစွေးနီ ပြောရင်း ကားစက်ရှိန်ကို ပိုမိုမြှင့်တင်သည်။ မဲ့မဲ့

လေး ပြုံးနေသော နှုတ်ခမ်းရဲရဲတို့က စိန်ခေါ်နေသည်လား။

"ရှင် တစ်ခုခုကိုရွေးပါ၊ ကျွန်မကားကို တခြားကားနဲ့ရင်ဆိုင်

တိုက်ပစ်ဖို့ အသင့်ပဲ"

"မင်း ရူးနေပြီလား သွေးစွေးနီ"

"ဟုတ်တယ် ရူးနေပြီ၊ ရှင့်ကြောင့် ရူးသွပ်လိုက်ဖို့ ကျွန်မ

ခံမလေးဘူး"

ပြောရင်း ကားစက်ရှိန်က ပိုမြင့်လာ၏။ သွေးစွေးနီ ဒီလောက်

အထိ ဆင်ခြင်တုံတရား ကင်းမဲ့မည်ဟု သူ မထင်ခဲ့ပါ။

"ကားကိုရပ်စမ်း သွေးစွေးနီ"

ပြောရင်း သူ စတီယာရင်ဘီးကို ထိန်းဖို့ ကြိုးစားတော့ သွေး

စွေးနီ မျက်နှာချင်းဆိုင်ကားနှင့် ခေါင်းချင်းဆိုင် ဦးတည်ပစ်၏။

"ဟာ ဟေ့ မလုပ်နဲ့"

သူ စတီယာရင်ဘီးကို ထိန်းဖို့ကြိုးစားတော့ သွေးစွေးနီ သူ့



www.burmeseclassic.com

www.burmeseclassic.com



လက်ကို ငုံ့ကာကိုက်သည်။

"အား"

နာကျင်မှုကို အံကြိတ်တင်းခံရင်း သူ ကားကို မျက်နှာချင်းဆိုင် ကားနှင့် လွတ်ကင်းအောင် ကွေ့ချပစ်လိုက်၏။

"တီ"

"တီ တီ"

ဟွန်းသံတွေ ဆူညံကျယ်လောင်သွားခဲ့သည်။ သွေးစွေးနီ လီဗာ ကို ဆောင့်နင်းထားသော ကားလေးက ပလက်ဖောင်းအတိုင်း လမ်းဘေး ဓာတ်တိုင်ကို ဝင်တိုက်သည်။

"ဒုန်း"

"ခွမ်း"

အစိတ်စိတ်အမွှာမွှာ ကွဲထွက်ပြန့်ကျဲကုန်သော မှန်စတွေ သူ့ မျက်နှာဆီ ပြန့်ကျဲလာတာကို သိလိုက်ခြင်းနှင့်အတူ . . ။

"အား"

စူးနစ်နာကျင်မှုတွေက မျက်နှာအနှံ့ ခံစားလိုက်ရ၏။ ကျွမ်းပစ် လိမ့်သွားသော ကားထဲမှာ သူနှင့်သွေးစွေးနီတို့ ကံကြမ္မာသည်လည်း . . ။

■ ■ ■



## အခန်း (၁၉)

မိန်းမတစ်ယောက်၏ဒေါသ အငြိုးတရားက ဒီလောက်အထိ ကြီးမားမည်ဟု သူ မယုံကြည်ခဲ့ပါ။

တုန်လှုပ်ချောက်ချားစရာ အဖြစ်ဆိုးကြီးကို သူ အိပ်မက်ဆိုး ကြီးလို မယုံနိုင်အောင် ဖြစ်နေမိဆဲရှိသည်။

မိုက်မဲသော လုပ်ရပ်အတွက် သွေးစွေးနီကတော့ လောကကြီး ကို စွန့်ခွာသွားခဲ့ရ၏။ သူကတော့ အသက်အန္တရာယ် မထိခိုက်ပေမယ့် မျက်ဝန်းတွေထဲ စိုက်ဝင်ခဲ့သော မှန်စတွေကြောင့် အမြင်အာရုံတွေ ဆုံးရှုံးခဲ့သည်။

သူ့မျက်နှာတစ်ခုလုံး နစ်မြုပ်ခဲ့သော မှန်ကွဲစလေးတွေကို ဆရာ ဝန်ကြီးတွေက ဖယ်ရှားကုသပေးနိုင်ခဲ့သည်။ သူ့မျက်နှာကိုလည်း ပကတိ



www.burmeseclassic.com

www.burmeseclassic.com



နဂိုမျက်နှာအတိုင်း ကုသပေးနိုင်ခဲ့ပေမယ့် မျက်ကြည်လွှာတွေကို ထိခိုက်သွားသော မျက်ဝန်းတွေကတော့ အမြင်အာရုံတွေကို ဆုံးရှုံးခဲ့ရ၏။

"ကျွန်တော့်မျက်လုံးတွေအတွက် မျှော်လင့်ချက် လုံးဝမရှိတော့ဘူးလား ဒေါက်တာ"

"မျက်ကြည်လွှာအလှူရှင်တွေကြောင့် မောင်နေမင်းထည်ဝါရဲ့မျက်လုံးတွေ ပြန်ကောင်းနိုင်ပါတယ်"

"ဒါဆို ကျွန်တော် မျှော်လင့်ချက်ရှိနိုင်သေးတယ်ပေါ့နော် ဆရာ"

"ဟုတ်တယ် မောင်နေမင်းထည်ဝါ၊ ဒါပေမဲ့ မျက်ကြည်လွှာဆိုတာ ငွေကြေးနဲ့ဝယ်ယူလို့ရတာ မဟုတ်ဘူး၊ မောင်နေမင်းထည်ဝါတို့လို ဝေဒနာရှင်တွေအတွက် အလှည့်ကျစောင့်ပြီး ကုသခွင့်ရမှာပါ"

သူ ပိုင်ဆိုင်သောငွေကြေးတွေကလည်း သူ့အမြင်အာရုံတွေကို မပေးစွမ်းနိုင်ခဲ့တာ အမှန်ပဲဖြစ်သည်။ မျက်ကြည်လွှာ အလှူရှင်တွေ၏ မေတ္တာ စေတနာကိုပဲ သူ မျှော်လင့်ရတော့မည်။

အလင်းကင်းမဲ့သော ကမ္ဘာကြီးတစ်ခုမှာ သူ ဘယ်အချိန်ထိ ရှင်သန်ရဦးမည်ဆိုတာ မသိနိုင်တော့ပါ။

ဆေးရုံပေါ်မှာ ရှိနေသည့်ရက်တွေမှာ သူ သတိရနေမိတာ အခရာကို ဖြစ်သည်။ အခရာ သူ့ကိုမျှော်နေမည်လား။

သူ ရောက်မလာခြင်းအတွက် အခရာ ဘယ်လိုထင်မြင်သွားမည်လဲ မသိပါ။ ကြမ္မာဆိုးကြီးကို ရင်ဆိုင်ခဲ့ရသော သူ့အဖြစ်ကို အခရာ





တော့ သိမှာမဟုတ်ခဲ့ပါ။

သူ ဆေးရုံကဆင်းခဲ့တော့ အခရာ သတင်းကို လူယုံတော် လွန်းမြိုင်ကို စုံစမ်းခိုင်းခဲ့သည်။

"မောင်ထည်ဝါ ပြောတဲ့ ပန်းအခရာအကြောင်း အန်ကယ် ခဲ့တယ်၊ သူတို့သားအဖ ဒုက္ခရောက်နေတယ် မောင်ထည်ဝါ၊ သူ့ ဖေ ဆေးရုံတင်ထားရတယ်တဲ့"

အခရာ သတင်းက သူ့ကိုစိတ်မကောင်းဖြစ်စေသည်။ အခရာ ဖခင်ဖြစ်သူအတွက် ဘယ်လောက် ပူပန်ကြေကွဲနေမည်လဲ။

နောက်ထပ် သူ ကြားရသည့်သတင်းဆိုးက အခရာ ဖေဖေ ကိုယ်တစ်ခြမ်း လှုပ်ရှားမရတော့သလို အသိအာရုံတွေလည်း ချွတ် ခဲ့သည်တဲ့။

အဆိုးထဲက အကောင်းတစ်ခုကို သူ ရှာဖွေခဲ့သည်။ ဒါက ရာရဲ့ဘဝလေးကို သူ တတ်နိုင်သလောက် ကူညီပေးဖို့ပဲဖြစ်၏။

"ဦးလွန်းမြိုင် ကူညီပေးပါ၊ ပြီးတော့ ဒီကူညီမှုတွေကို ကျွန်တော့် ညီမှုလို့ အခရာ လုံးဝမသိပါစေနဲ့ဗျာ"

ဦးလွန်းမြိုင်က သူ့ဆန္ဒအတိုင်း ကူညီပေးခဲ့ပါသည်။ အခရာ ည်း ယုံကြည်ခဲ့သည်။ အန်ကယ်ဦးလွန်းမြိုင်က အခရာဖခင်၏မိတ် ဆိုတာကို အခရာ ယုံကြည်ခဲ့ခြင်းက အဆင်ပြေခဲ့ပါသည်။

အခုတော့ အခရာရဲ့အလုပ်အတွက်ပါ သူ ကူညီပေးနိုင်ခဲ့၏။ ကို အခရာ မသိစေချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



နေမင်းထည်ဝါ ဆိုသော သူ့ကိုကျေးဇူးရှင်တစ်ယောက်

အခရာ သတ်မှတ်မှာကို သူ အလိုမရှိပါ။

သူ အခရာကို ကူညီခဲ့တာ ဖြူစင်သော စေတနာနှင့်ပဲ

သည်။ အခရာရဲ့နှလုံးသားဖြူဖြူလေးကို သူ ဖြူစင်စွာ ပေးဆပ်

ခဲ့တာပဲ ဖြစ်၏။

ထိုကျေးဇူးတွေနှင့်အတူ အခရာ နှလုံးသားလေးကို မတုပ်

ချင်ပါ။

ဘဝမှာ ဘယ်မိန်းကလေးကိုမှ မချစ်ဘူးသော ချစ်ခြင်း

ပန်းအခရာကို သူ ချစ်ခဲ့ပါသည်။

အခရာ နှလုံးသားက ချစ်ခြင်းကိုလည်း သူ ပိုင်ဆိုင်လို

၏။ ဒါပေမဲ့ ဒီလို အလင်းမဲ့ဘဝကြီးနှင့်တော့ သူ မရယူလိုပါ။

သူ့မျက်ဝန်းတွေ ပြန်ကောင်းမွန်ခဲ့လျှင်တော့ အခရာရဲ့

ကို သူ တောင်းဆိုချင်သည်။

ဘယ်အချိန် ဘယ်ကာလဟု မသေချာပေမယ့် သူ မျှော်

ချင်ပါသည်။ သူ မျှော်လင့်ချက်တွေ မပြည့်ခဲ့လျှင်လည်း အခရာ

သူ မြတ်နိုးစွာပဲ ချစ်နေနိုင်၏။

ပေးဆပ်မှုနှင့်အတူ ရယူခြင်းကို မျှော်လင့်ခဲ့သော အ

အချစ်မဟုတ်ဆိုတာ သူ အများကြီး ကြုံခဲ့ဖူး၏။

ထိုအမုန်းတွေကိုလည်း သူ ခံယူပြီးပြီ။ သွေးစွေးနီ

သူ နောင်တကြီးတစ်ခု ရခဲ့သည်။

စိုး•မိုး•၁၇၆ပ



အချစ်ကို ကစားခဲ့သော သူ သွေးစွေးနီရဲ့တုံ့ပြန်မှုကြီးကို ကြုံဆုံခဲ့ရပြီးပြီ။

ထို့အတွက် သွေးစွေးနီကိုလည်း အပြစ်မဖွဲ့ချင်တော့ပါ။

သူ ပြုခဲ့သောကံကို သူ ခံယူခဲ့ရခြင်းဟုပဲ လက်ခံထားခဲ့ပြီးပြီ။ ပြီးတော့ ပန်းအခရာ အပေါ်မှာလည်း

လိုချင်တပ်မက်မှုတို့ ကင်းစင်သော အချစ်ဖြင့်ပဲ သူ ပေးဆပ်ချင်သည်။ ဒါ သူ့ရင်ထဲက ဆန္ဒတစ်ခုဟု အခရာ သိနိုင်မည်လား။ အခရာ သိခွင့်မရှိဘဲ ပြီးဆုံးခဲ့လျှင်လည်း. . .။

နှလုံးသားထဲက ချစ်ခြင်းကို ဖြူစင်စွာ သူ ထာဝရ သိမ်းဆည်းသွားချင်ပါသည်။ အချစ်ကို သူ လေးနက်စွာ ခံစားတတ်ခဲ့ပြီ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

မိုးနဒီကြောင့် အီလက်ထရောနစ် ကုမ္ပဏီရုံးခန်းမှာ သူ အချိ

ရှိနေခဲ့သည်။

တကယ်ဆို သူ့တာဝန်က ဘာတစ်ခုမှ ရှိတာမဟုတ်ပါ။ မိုးနဒီ

နှင့်တွေ့ချင်စိတ်ကြောင့်သာ ကုမ္ပဏီရုံးခန်းထဲမှာ ရှိနေခဲ့ရပေမယ့် လုပ်ငန်း

ကိစ္စတွေကို သူ ဘာမှနားမလည်ပါ။

အန်ကယ် ဦးလွန်းမြိုင်ကပဲ အားလုံးကို ဦးဆောင်စီမံပေးနေ

တာ ဖြစ်သည်။

ကုမ္ပဏီမှာ သူ ရောက်နေချိန်မှာ ပန်းအခရာကို သတိထား

မိတာ အမှန်။

နေ့စဉ် အလုပ်ကို အချိန်မှန်မှန်တက်သလို အမြဲတမ်း ကုမ္ပဏီ





ရုံးခန်းထဲမှာ အလုပ်လုပ်နေတတ်သော ပန်းအခရာကို သတိထားစရာ

မလိုဘဲ သူ တွေ့နေခဲ့ရ၏။

ဒါပေမဲ့ စနေနေ့က ရုံးဖွင့်ရက်ပေမယ့် ပန်းအခရာ ရှိမနေ

သော့ သူ ဦးလွန်းမြိုင်ကို မေးမိသည်။

"ပန်းအခရာ ဒီနေ့ ခွင့်ယူထားတာလား အန်ကယ်"

"မဟုတ်ဘူး မောင်ရာဇာ၊ ဒီနေ့က သမီးလေး သင်တန်းရက်

သော"

"သင်တန်း သူက ဘာသင်တန်းတက်နေတာလဲ"

"သမီးလေးက ကွန်ပျူတာသင်တန်းနဲ့ အင်္ဂလိပ်စကားပြော

သင်တန်း တက်နေတာလေ"

သူ အံ့ဩမိသည်။ ဘယ်လို မိန်းကလေးလဲ မသိပါ။ တစ်ပတ်

လုံး ပင်ပန်းနေသည့်ကြားက သင်တန်းတွေ အပင်ပန်းခံ တက်နေသည်

ဆို၊ ပန်းအခရာဆိုတာ သူ့အတွက်တော့ သတိထားစရာ ဖြစ်ခဲ့၏။

တစ် ◌ှက်မှာတော့ လှည်းတန်းဘက်မှာ သူ ပန်းအခရာကို

တွေ့ခဲ့သည်။ သင်တန်းလာတက်ပုံရသော ပန်းအခရာကတော့ အညိုရောင်

ကျောပိုးအိတ်လေးတစ်လုံးနှင့် လက်တစ်ဖက်မှာလည်း ဖိုင်တွဲတစ်ခုကိုင်

ထားသေး၏။

သူ့ကို မြင်ပုံမရဘဲ ခပ်သွက်သွက် ခြေလှမ်းတွေနှင့် ပလက်

ဖောင်းအတိုင်း လျှောက်နေသော ပန်းအခရာကို သူ စိုက်ကြည့်နေမိ၏။

မဟူရာရောင် ဆံနွယ်တွေကို ဂုတ်ပိုးအနောက်မှာ ရိုးရိုးလေးပဲ



www.burmeseclassic.com

www.burmeseclassic.com



စည်းနှောင်ထားကာ မျက်နှာလေးမှာလည်း ဘာအပြင်အဆင်မှ မတွေ့ ပါ။

ပန်းဆီရောင်တီရှပ်လေးနှင့် အနက်ရောင် လုံချည်လေးကတော့ ပန်းအခရာနှင့် လိုက်ဖက်ပါသည်။

ခြေလှမ်းတိုင်းမှာ လှပပြေပြစ်သော ခန္ဓာကိုယ်ကောက်ကြောင်း အလှတွေကတော့ သတိလက်လွှတ် ငေးကြည့်စရာ ကောင်းပါသည်။

ရုံးခန်းထဲမှာပဲ အမြဲမြင်တွေ့နေခဲ့ရတာမို့ အခရာရဲ့အရပ် အမောင်းနှင့် ခန္ဓာကိုယ်ပြေပြစ်မှုကို သူ သတိမထားခဲ့မိပါ။

အခုတော့ သူမရဲ့ပြေပြစ်သော အရပ်အမောင်းနှင့် လှပကျေ ရှင်းသော ခန္ဓာကိုယ် အချိုးအစားကတော့ သိပ်ကြည့်ကောင်းသည် မိုးနဒီထက်တောင် ပန်းအခရာက အရပ်အမောင်းလေး မြင့်မားကြည့် ကောင်းသည် ထင်မိ၏။

ပန်းအခရာကို မိုးနဒီနှင့်ယှဉ်ကြည့်မိတာကိုသာ မိုးနဒီ သိလျှ သဝန်တိုဦးမှာ တွေးပြီး သူ ပြုံးမိသေး၏။

သူ ကားပေါ်က ထိုင်ကြည့်နေတုန်းမှာ ပန်းအခရာက လမ်း ဘေးက ကော်ဖီဆိုင်လေးကို လှမ်းဝင်သွား၏။

သူ ကားတံခါးဖွင့်ဆင်းပြီး ဖြစ်နေခဲ့ကာ ခြေလှမ်းတွေ အခရာ ဝင်သွားသော ဆိုင်လေးဆီ လှမ်းနေခဲ့မိပြီ ဖြစ်၏။

ဆိုင်လေးထဲကို သူ ဝင်ခဲ့တော့ ပန်းအခရာက ထောင့်ကျ စားပွဲဝိုင်းမှာ တစ်ယောက်တည်းပါ။ ရှေ့မှာက ဆီချက်ပန်းကန်တစ်





နှင့် ကော်ဖီတစ်ခွက် မှာယူထားပုံရ၏။

ပတ်ဝန်းကျင်ကို သတိမပြုမိသော ပန်းအခရာ ဆီချက်ပွဲလေး ကို ငုံ့စားနေ၏။

"ပန်းအခရာ"

မော့ကြည့်သော ပန်းအခရာ မျက်ဝန်းလေးတွေမှာ အံ့ဩရိပ် တွေ တခဏလေးပဲ အရိပ်ထင်၏။ ပြီးတော့ လက်ထဲက တူလေးကို မြှုပ်ချရင်း

"သြော် ကိုမင်းရာဇာ ဘယ်ကလာတာလဲ"

"ခင်ဗျား ဆိုင်ထဲဝင်သွားတာ မြင်လိုက်လို့ ဝင်လာတာ"

ပြောရင်း ထိုင်ခုံလေးမှာ သူ ဝင်ထိုင်တော့ ပန်းအခရာ ဆီချက် ပန်းကန်ကို ဆက်စားနေ၏။

"ခင်ဗျားက သင်တန်းတက်နေတာဆို"

သူ့မျက်နှာကို တစ်ချက်မော့ကြည့်ကာ ခေါင်းညိတ်ရင်း ကော်ဖီ ကို တစ်ငုံသောက်နေပြန်၏။ ကြည့်ရတာ ဗိုက်ဆာနေပုံရှိ၏။

"ခင်ဗျား စားနေတာကြည့်ပြီး ကျွန်တော်တောင် ဆာချင်လာ ပြီ"

"စားချင်မှာစားပါ ကိုမင်းရာဇာ"

မပြောင်းလဲသော သူ့အခေါ်အဝေါ်ကြောင့် သူ ပြုံးမိပေမယ့် ပန်းအခရာကတော့ မျက်နှာတည်တည်လေးပဲ ဖြစ်၏။

"ကျွန်တော်က ဒီလိုဆိုင်တွေမှာ မစားတတ်ဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဖျော့ခနဲ မော့ကြည့်သော မျက်ဝန်းတွေက စူးခနဲ။ ဒါပေမဲ့ ဘာမှမပြောဘဲ လက်ကျန်ဆီချက်ကို ငုံ့စားနေပြန်သည်။

နီးနီးကပ်ကပ် မြင်နေရသော မျက်နှာလေးသည် အစက် အပျောက်ဆိုလို့ မြူတစ်မှုံမထင်အောင် ရှင်းသန့်ပါသည်။ မျက်ခုံးတန်း တန်းလေးကလည်း၊ နဂိုအတိုင်း မျက်တောင်ကော့ကြီးတွေနှင့် မျက်နက် ဝန်းလေးကလည်း ဝိုင်းစက်ကြည်လင်သည်။

နှုတ်ခမ်းပြည့်ပြည့်လေးက အနားသပ်တို့ ပိရိလျက် နှာတံ စင်းစင်းလေးအောက်မှာ ဇွဲမက်စရာလေးရှိသည်။

သူ တစ်ကြိမ်တစ်ခါမျှ သတိမထားခဲ့မိဖူးသော မျက်နှာလေးကို ဒီတစ်ခါတော့ နီးနီးကပ်ကပ် ခံစားကြည့်ရှုခွင့်ရရှိနေသည်။

ပန်းအခရာ၏ ချောမောလှပမှုကိုတော့ သူ အသိအမှတ်ပြု ချီးကျူးရမှာပဲဖြစ်သည်။

ဆီချက်ကုန်တော့ ကော်ဖီလက်ကျန်ကို ပန်းအခရာ မော့ သောက်ကာ သူ့ကိုမော့ကြည့်၏။

''ကိုမင်းရာဇာ ဆက်ထိုင်ဦးမယ်ဆိုရင် ကျွန်မကို ခွင့်ပြုပါဦး''

ပြောရင်း အနားရောက်လာသော စားပွဲထိုးလေးကို ပန်းအခရာ ကျသင့်ငွေ ထုတ်ရှင်းနေတာမို့

''ခင်ဗျား ပြန်မှာမဟုတ်လား ကျွန်တော် လိုက်ပို့ပေးမယ်''

''ဟင့်အင်း ကျွန်မ သင်တန်းတက်ရဦးမယ်''

''ဟင် သင်တန်းက ပြန်လာတာ မဟုတ်ဘူးလား''





''ဟုတ်တယ်လေ စောစောက ကွန်ပျူတာသင်တန်း၊ အခု ဆက်တက်ရမှာ အင်္ဂလိပ်စပီကင်သင်တန်း''

''ခင်ဗျား တော်တော် အပင်ပန်းခံနိုင်တဲ့သူပဲ၊ တစ်ပတ်လုံး မှာ တစ်ရက်တလေလေး နားခွင့်ရတာကို တစ်နေကုန် သင်တန်းတွေ တက်နေတယ်''

''ဒါ ကျွန်မ ဘဝတိုးတက်ဖို့အတွက်ပဲလေ ကဲ ကျွန်မ နောက်ကျ နေလို့ ခွင့်ပြုပါဦး ကိုမင်းရာဇာ''

နာရီကို တစ်ချက်ငုံ့ကြည့်ကာ နှုတ်ဆက် ထွက်ခွာသွားတော့ သူတစ်ယောက်တည်း ကျန်ရစ်ခဲ့ရသည်။

သူ့စိတ်ထဲမှာတော့ ပန်းအခရာရဲ့လုပ်ရပ်အတွက် ခံရခက်ခက် ဖြစ်ရတာအမှန်ပဲ ဖြစ်သည်။ သူမရဲ့မာနတွေကို ခေါင်းထောင်ပြသွားခဲ့ တာလား။

ပန်းအခရာဆိုသော မိန်းကလေးသည် သူ ဆုံတွေ့ဖူးသော မိန်းကလေးတွေနှင့်မတူ ကွဲပြားခြားနားနေခဲ့တာတော့ အမှန်ပဲ ဖြစ်သည်။

အလုပ်ကို ကြိုးစားသလို သင်တန်းတွေတက်ကာ ဘဝအနာ ဂတ်အတွက် ရည်မှန်းချက်ကြီးကြီး ထားရှိသည့်ပုံပါပဲ။

ကိုထည်ရဲ့လူယုံတော် ဦးလွန်းမြိုင်၏တူမဆိုပေမယ့် ရုပ်သွင် ကတော့ အတော်ပဲ ခြားနားတာ အမှန်ဖြစ်သည်။ ဦးလွန်းမြိုင်က အသား ညိုညို အရုပ်ပုပြတ်ပြတ်ဖြစ်ကာ ပန်းအခရာနှင့် လုံးဝ ခြားနားသည်။

ကိုထည်ကတော့ လူယုံတော်၏မျက်နှာကြောင့်ဟု ဆိုကာ ပန်း

www.burmeseclassic.com



အခရာကို မျက်နှာသာပေးနေတာတော့ အမှန်ဖြစ်၏။

ဒါတွေကို ဆက်စပ်တွေးကြည့်မိတော့ ကိုထည်နှင့်ပန်းအခရာ မဆုံတွေ့ဖူးဘူးဆိုတာ သူ သံသယတော့ ဖြစ်မိသည်။

ကိုထည်ရဲ့အမြင်အာရုံတွေ ဆုံးရှုံးခဲ့တာက ဘာမှမကြာသေးပါ။ ပန်းအခရာကို မမြင်တွေ့ဖူးဘူးဆိုတာ ဟုတ်ပါ့မလား။

ပြီးတော့ ကိုထည့်အမူအရာနှင့် စကားတွေက ပန်းအခရာကို သူနှင့်ပဲ စိုးရိမ်သလိုလို ဆိုခဲ့ သတိပေးခဲ့ဖူးသည်။

ဒါတွေကို ဆက်စပ်တွေးမိတော့ သူ့ရင်ထဲမှာ သံသယကြီးတစ်ခု ဝင်လာရပြန်ပါသည်။

ပန်းအခရာ ဆိုသော မိန်းကလေးက ကိုထည်နှင့်မှ လွတ်ကင်းရဲ့လားလို့တောင် သံသယဖြစ်ချင်လာမိသည်။ နေမင်းထည်ဝါ ဆိုသော ကိုထည်ရဲ့အကြောင်းတွေကို သူ သိသင့်သလောက် သိထားပါသည်။

နှောင်တွယ်ရာ သံယောဇဉ်မရှိ၊ လူပျိုကြီးဘွဲ့ ခံယူထားပေမယ့် ကိုထည်သည် မိန်းကလေးတွေနှင့် ကင်းရှင်းသူ မဟုတ်ပါ။ အမွှေးညစ္စာများစွာ ပိုင်ဆိုင်ကာ တစ်ယောက်တည်းသမား ကိုထည် တစ်ချက်ကြည့်ရုံနှင့် ညွတ်ကျလာမည့် မိန်းမတွေ အများကြီးရှိမှာ သေချာသည်။

ဒီတော့လည်း ကိုထည်ကတော့ အပျော်တွဲမှာပဲဖြစ်သည်။

ဒါကြောင့်လည်း သွေးစွေးနီလို မိန်းမလည်းနှင့် တွေ့တော့ ကိုထည် ဒုက္ခရောက်ရတော့သည်။ မိန်းမတွေကိုတော့ ကိုထည် တော်တော် စိတ်နာသွားပုံရ၏။





အမြင်အာရုံ ကင်းမဲ့နေရသော ဘဝကြီးတစ်ခုမှာ စိတ်ညစ်ညင်ပန်းစွာ ရှင်သန်နေရသော ကိုထည်ကိုယ်စား သူ ခံစားကြည့်ရုံနှင့် စိတ်ပျက်မိ၏။ တစ်ခုတော့ သူ့အတွက် ကောင်းပါသည်။

— ကိုထည် မျက်မမြင်ဒုက္ခိတဘဝ ရောက်ရှိသွားခြင်းက သူ့အတွက် ကံကောင်းခြင်းတစ်ခု ဖြစ်စေခဲ့၏။

ကားအက်ဆီးဒင့်တစ်ခုကြောင့် ကိုထည် ဆေးရုံတက်နေရသော သတင်းကြားကြားခြင်း သူ ရောက်သွားခဲ့သည်။ ကံကြမ္မာက ကိုထည် မျက်လုံးတွေကို အလင်းမဲ့ကမ္ဘာတစ်ခုကို ပို့ဆောင်ပေးလိုက်၏။

"တောက် ဒီမိန်းမ သက်ရှိထင်ရှားရှိရင် ကျွန်တော် ကိုယ်တိုင် သွားသတ်မိမှာ သေချာတယ် ကိုထည်"

"ဖြစ်ပြီးတာတွေ ပြီးဆုံးသွားပြီ ညီ၊ ဒီကိစ္စအတွက် သူ့ကိုလည်း ကိုယ် အပြစ်မတင်ချင်ဘူး။ ပတ်သက်ဆက်နွယ်မိတဲ့ ကိုယ့်အပြစ်လည်း ကောင်းခဲ့ပဲကွာ"

"ကိုထည် အားမငယ်ပါနဲ့၊ ကျွန်တော် ကိုထည့်အနားမှာ နေပြီး ပြုစုစောင့်ရှောက်ပေးမှာပါ"

သူ့စကားကို ကိုထည် လက်ခံချင်ပုံမရတာလည်း သူ သိပါသည်။ မင်းရာဇာ ဆိုသော သူ့အတိတ်သမိုင်းက မကောင်းခဲ့တာလည်း အမှန်ဖြစ်၏။

မွေးစားဖခင် ဦးနေမင်းဇော် အပေါ်မှာလည်း သူ ဆိုးခဲ့သည်။ မိုက်ခဲ့သည်။ သားအရင်း ကိုထည်က လိမ္မာတော်သလောက် သူက



www.burmeseclassic.com

www.burmeseclassic.com



ဘာတစ်ခုမှ အသုံးမကျခဲ့တာတော့ ဝန်ခံရမည်ပဲ ဖြစ်၏။

မိဘမဲ့သူကို ဦးနေမင်းဇော် မွေးစားခဲ့တော့ သူ့အသက် ငါးနှ… ကျော်ကျော်ပဲ ရှိသေးသည်။ ရွှေဘုံရွှေနန်းဆန်လှသော အိမ်ကြီးကို သ… ရောက်ခဲ့သည်။ သူ့ထက် ငါးနှစ်ကျော်ကြီးသော အစ်ကို ကိုထည်ကလည်… သူ့ကို သိပ်ချစ်သည်။

ရသေ့သခ်မ်းကိုရောက်သော ကျေးတစ်ကောင် ဖြစ်ခဲ့ပေမယ့… သူ လူကောင်းသူကောင်းတစ်ယောက် မဖြစ်ခဲ့ပါ။

ကိုထည် အမေရိကားမှာ ပညာသင်နေချိန်မှာ သူကတော… ဆယ်တန်းကိုနှစ်နှစ်ဆက် ကျရှုံးသည်။ အပေါင်းအသင်းတွေနှ… မကောင်းသော အတတ်ပညာတွေကိုလည်း အကုန်တတ်မြောက်… ခဲ့သည်။

"ရာဇာ မင်းကိုငါ နောက်ဆုံး သတိပေးမယ်၊ မင်း ဒီနှ… ဆယ်တန်းအောင်အောင် ကြိုးစားပါ၊ မင်းအကျင့်စရိုက်တွေကို ပြုပြင်… ဒါကိုမှ မင်း လက်မခံရင် သားအဖြစ်က ငါ ဆက်လက်ခံနိုင်မှာ မဟုတ… ဘူး"

မွေးစားဖခင် ဦးနေမင်းဇော်က ယတိပြတ် သတိပေးစကာ… ဆိုခဲ့ပေမယ့် သူကတော့ မပြောင်းလဲခဲ့ပါ။ အပေါင်းအသင်းတွေနှ… လောင်းကစားမှာ ပျော်မွေ့နေသော သူ မီးခံသေတ္တာထဲက ဒယ်ဒီ့ဖိ… အမွေပစ္စည်းတွေ ခိုးယူရောင်းခဲ့၏။

ဒါကိုသိသွားသော ဦးနေမင်းဇော်ရဲ့သည်းခံမှုတွေ ကုန်ဆုံးသွာ…





ခဲ့သည်။ သူ့ကိုမွေးစားသားအဖြစ်က ချက်ချင်းစွန့်လွှတ်သည်။

စာနာမှုနှင့် ပေးလိုက်သော ငွေသိန်းတစ်ရာလက်ထဲမှာ ရှိနေသော သူကလည်း ကျေနပ်စွာပဲ အိမ်က ဆင်းခဲ့သည်။

ပါသမျှငွေလေး တက်တက်ပြောင်တော့ သူ ဘဝပျက်ရ၏။ ဦးနေမင်းဇော်ကလည်း စိတ်ပြတ်သည်။ သူ့ကို အိမ်ရိပ်တောင် နင်းခွင့်မပေးခဲ့ပါ။

ကံကောင်းချင်တော့ ဦးနေမင်းဇော် ဆုံးပါးသည်။ သူ့ကို သံယောဇဉ်ကြီးသော ကိုထည်ဆီ သူ ရောက်ခဲ့ပေမယ့်

"ညီ မင်းသိပ်မိုက်တယ်၊ အထူးသဖြင့် ဒယ်ဒီ့အပေါ်မှာ မင်းဆိုးခဲ့တာတွေက လွန်လွန်းတယ်"

"ကျွန်တော် နောင်တရနေပါပြီ ကိုထည်"

"ငါ မယုံဘူး ညီ၊ ဒီတော့ မင်းကိုငါ သံယောဇဉ်နဲ့ ကူညီမယ်၊ မင်းဘဝကို မင်းရုန်းကန်ကြိုးစားပါ၊ ငါကတော့ မင်းအတွက် တစ်လကို ငွေတစ်သိန်း ထောက်ပံ့မယ်၊ လစဉ် တစ်သိန်းပဲ မင်းထုတ်ယူခွင့်ရှိမယ်၊ နောက်ထပ် ဘာတစ်ခုမှ မင်းမမျှော်လင့်နဲ့"

တကယ်ဆို သူ မျှော်လင့်တာက ကိုထည်ထံမှ ထိုက်သင့်သော အမွေတချို့ကိုပဲ ဖြစ်သည်။ မွေးစားဖခင်က အမွေဖြတ်စွန့်ခဲ့သည်ဆိုသမယ့် ကိုထည်က ဒီလောက်တော့ ရက်စက်မည် မထင်ထားခဲ့။

မလောက်ငသော ငွေလေးနှင့် သူ ချာလည်ကာ အကြွေးတွေ …င်နေခဲ့၏။ ဒီကာလမှာ ကိုထည် ကားအက်ဆီးဒင့်ဖြစ်တော့ သူ ကိုထည်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးပေါ် တက်နေခွင့်ရအောင် ကြိုးစားနိုင်ခဲ့၏။

“ညီ မင်း ငါ့ကိုစောင့်ရှောက်ပေးစရာမလိုအောင် ငါ့အတွက် အဆင်ပြေပါတယ်၊ ဒါပေမဲ့ မင်းကို သံယောဇဉ်နဲ့ ငါ ခွင့်ပြုတယ်၊ ငါ့ရဲ့ လုပ်ငန်းတွေကို မင်း လေ့လာသင်ယူပါ၊ မင်းကိုငါ စောင့်ကြည့်မယ်”

ကိုထည် စကားအတိုင်း သူ ခေါင်းညိတ်ပြခဲ့၏။ ဒါပေမဲ့ သူ စိတ်ဝင်စားတာ ဒီအလုပ်တွေ မဟုတ်ပါ။ အလုပ်ရှင်သူဌေးရဲ့ညီ သူဌေးလေး မင်းရာဇာ ဆိုသော ဂုဏ်နှင့် စိတ်တိုင်းကျ သူ သုံးနိုင်ဖြုန်းနိုင်ခြင်းကိုပဲ ဖြစ်သည်။

လူယုံတော်တွေ၏ ဦးဆောင်မှုနှင့် ဘာတစ်ခုမှ သူ တာဝန်ယူစရာမလိုသော အခြေအနေမှာ သူ နေချင်သလို နေခွင့်ရခဲ့သည်။

အခုလည်း ကိုထည်ရဲ့အရှိန်အဝါနှင့် သူ စိတ်တိုင်းကျ နေထိုင်နိုင်သည်။ သူ့ရုပ်ရည်၊ သူ့ဂုဏ်ဒြပ်နှင့် ဘယ်မိန်းကလေးကိုမဆို တွဲခွင့်ရသော ဘဝမှာ သူ ရှင်သန်ရတာ ကျေနပ်စရာပါပဲ။

ပန်းအခရာဆိုသော မိန်းကလေးနှင့်ပတ်သက်ပြီး သူ သိချင်တာ တစ်ခုကိုတော့ စုံစမ်းရမှာပဲဖြစ်သည်။

အရေးကြီးတာက ကိုထည်နှင့်ပန်းအခရာတို့ တစ်စုံတစ်ရာ ပတ်သက်မှု ရှိနေသည်လား သိဖို့လိုအပ်သည်။

ဒါကိုတော့ သူ သိအောင်ကြိုးစားရမည်။

■ ■ ■



## အခန်း (၂၁)

ခြံထဲက ခုံတန်းလေးမှာ ထိုင်နေသော ကိုထည်ကို သူ ဆင်ဝင်အောက်က ရပ်ကြည့်နေတာ အတော်ကြာပြီ၊ ဘာတွေ တွေးငေးနေသည် မသိပါ။ ခုံတန်းလေးမှာ ထိုင်နေတာ အတော်ကြာပြီ။

အနက်ရောင် နေကာမျက်မှန်တပ်ဆင်ထားသော မျက်နှာက ကိုထည်နှင့် အတော့်ကို လိုက်ဖက်ပါသည်။ ဝင်းမွတ်နေသောမျက်နှာက ကြည်လင်နေသည်။ ဂုတ်ထောက်ဆံပင်တွေကို မညှပ်ဘဲ ထားတာကြာပြီမို့ ပခုံးပေါ်ထိတောင် ဝဲကျချင်နေပြီ။

ပြေပြစ်သော နဖူးအစပ်အထိ ဆံပင်တွေကို သပ်တင်ကာ ထားတာမို့ ကိုထည် မျက်နှာချောချောကို ပိုလို့ ပေါ်လွင်စေ၏။

ပါးသိုင်းနှင့်မုတ်ဆိတ်နုတ်ခမ်းမွေးတွေက စပါးလုံးတစ်ထောက်



www.burmeseclassic.com

www.burmeseclassic.com



လောက်တော့ ရှည်နေပြီ။ အိမ်ထဲက အိမ်ပြင် မထွက်သော ကိုထည် အသွင်က ဘာကိုမှ ဂရုမစိုက်သလို မပြင်မဆင်ထားပေမယ့် အကျည်း တန်မသွားခဲ့ပါ။

အသားတွေ ပိုမိုဝင်းညက်လာကာ ကောင်းဘွိုင်မင်းသားတစ် ယောက်စတိုင်နှင့် ကြည့်ကောင်းနေသည်။

သူ့ခြေလှမ်းတွေ ကိုထည်ဆီကို လှမ်းခဲ့သည်။ ကိုထည်ကတော့ ခြံထဲကို စိုက်ကြည့်နေသော အကြည့်တွေ ရုပ်သိမ်းမသွားခဲ့သေး။ ကိုထည့် အတွေးထဲမှာ ဘယ်သူရှိနေသည်လဲ။

သွေးစွေးနီလား ပန်းအိခရာလား။

သူ အနားမရောက်ခင်မှာပဲ ကိုထည် ဖျတ်ခနဲ လှည့်ကြည့်လာ ၏။ မျက်ဝန်းတွေက မမြင်နိုင်ပေမယ့် ကိုထည် အကြားအာရုံတွေ ထက်မြက်မှုကို သူ အံ့ဩမိ၏။

"ကျွန်တော့်ခြေသံကို ကိုထည် ကြားလိုက်လို့လားဟင်"

"မင်းဆီက ရေမွှေးနံ့နဲ့တင် မင်းဆိုတာ သိနေတာ"

ကိုထည် စကားကြောင့် သူ ပခုံးတွန့် ပြုံးမိသည်။ သူ့ဆီက ရေမွှေးနံ့ကို ကိုထည်က နှာခေါင်းရှုံ့ ပြောတာကြောင့် ဖြစ်၏။

သူ ကိုထည် နံဘေးက ခုံတန်းလေးမှာ ဝင်ထိုင်လိုက်ရင်း

"ကိုထည် ဘာတွေတွေးနေတာလဲ၊ ကျွန်တော် ကိုထည့်ကို ရပ်ကြည့်နေတာ ကြာပြီ"

"ဘာမှမတွေးပါဘူး၊ ဒီလိုပါပဲ"





သူ့ကို မပြောချင်တာကြောင့် ကိုထည် သိုဝှက်ထားခြင်းပဲလား သိပါ။ သူ ကိုထည့်ကို ငေးစိုက်ကြည့်ရင်း

"ကျွန်တော် ကိုထည့်ကို ပြောစရာရှိလို့"

"ဘာပြောမလို့လဲ ညီ ပြောလေ"

"ခြေဘ် တခြားမဟုတ်ပါဘူး၊ ပန်းအခရာကိစ္စပါ"

မျက်မှန်နက်ထဲက ကိုထည်မျက်ဝန်းတွေကို မမြင်ရပေမယ့် ကိုထည့်မျက်နှာက တုန်လှုပ်သလို ပြောင်းလဲသွားခဲ့တာကိုတော့ သူ သတိထားမိပါသည်။

"ပန်းအခရာကိစ္စ ဟုတ်လား၊ ဘာဖြစ်လို့လဲ ဘာပြောစရာရှိလို့ လဲ"

ပန်းအခရာ နာမည်ကြားတာနှင့် ပြောင်းလဲသွားသော ကိုထည် အပြုအခြားမှုကတော့ သိပ်ကို သိသာထင်ရှားလွန်းနေသည်။ သူ့နှုတ်က စကားသံတွေ တိတ်ဆိတ်ငြိမ်သက်နေတာကို ကိုထည် သတိထားမိသွား သည် ထင်၏။ မျက်နှာကို ဟန်မပျက် ပြန်ပြုပြင်ရင်း

"ညီ ဦးလွန်းမြိုင်တူမလေး ဘာဖြစ်လို့လဲ"

"ခြေဘ် ပန်းအခရာကို ဦးလွန်းမြိုင်က သူ့တူမမို့ အခွင့်အရေး တွေပေးနေတယ်လို့ ကျွန်တော် ထင်တယ်၊ ဝန်ထမ်းတိုင်း တစ်ပတ်မှာ ခြောက်ရက် အလုပ်ဆင်းကြရပေမယ့် ပန်းအခရာက စနေနေ့တိုင်း မလာတက်ဘူး"

"အဲဒီအတွက် ဦးလွန်းမြိုင်က ကိုယ့်ဆီက ကြိုတင်ခွင့်တောင်း



www.burmeseclassic.com

www.burmeseclassic.com



ထားပြီးသား ညီ၊ ကိုယ် ခွင့်ပြုပေးထားတာပါ''

''ဩော် ဒီလိုလား၊ ပန်းအခရာ စနေနေ့ ကွန်ပျူတာသင်တန်းတွေ စပီကင်သင်တန်းတွေ တက်ဖို့ ကိုထည် စီစဉ်ပေးထားတာပေါ့''

''ဟာ ငါက ဘာလို့ စီစဉ်ပေးထားရမှာလဲ၊ သူ့တူမအတွက် ဦးလွန်းမြိုင်က စီစဉ်ပေးတာ ဖြစ်မှာပေါ့၊ နေပါဦး မင်းက အဲဒီကိစ္စ ဘာဖြစ်လို့ စိတ်ဝင်စားနေတာလဲ''

ကိုထည် အလိုမကျသံနှင့်မေးရင်း သူ့ကိုမမြင်နိုင်ပေမယ့် မျက်ဝန်းတွေက စိုက်ကြည့်နေသည် ထင်၏။

''စိတ်ဝင်စားတာ မဟုတ်ပေမယ့် ထူးခြားနေလို့ပါ၊ ပန်းအခရာနဲ့ကျွန်တော် လှည်းတန်းမှာ ဆုံကြတယ်၊ သူ သင်တန်းလာတက်တာ ကော်ဖီဆိုင်တောင် အတူထိုင်ဖြစ်ကြတယ်''

''ဟင်''

သေချာပါသည်။ သူ့စကားကြောင့် ကိုထည် စိုးရိမ်ရိပ်ထင်သွားခဲ့တာ အထင်အရှားဖြစ်သည်။

''မဆိုးဘူးဗျ တော်တော် အပင်ပန်းခံနိုင်တဲ့ မိန်းကလေး နောက်ကျရင် ကိုထည်ကုမ္ပဏီအတွက် အားကိုးရတဲ့သူ ဖြစ်မှာသေချာတယ်''

''ရာဇာ ဦးလွန်းမြိုင်တူမကိစ္စမှာ မင်းကိုငါ သတိပေးထားထားနော်''

''ဟင် ဘာကိုလဲ ကိုထည်''





''မင်းဘက်က ကင်းကင်းရှင်းရှင်း နေဖို့ပေါ့၊ ဖြစ်နိုင်ရင် ဝန်ထမ်းမိန်းကလေးတွေနဲ့ပတ်သက်ရင် မင်း စည်းကမ်းဘောင်ရှိရမယ်၊ ဒါတောင် အဲဒီစည်းကို အမြဲတမ်း ကျင့်သုံးခဲ့တယ်''

ကိုထည်ကတော့ ပန်းအခရာနှင့်ပတ်သက်ပြီး သူ့အပေါ် သံသယတွေဝင် စိုးရိမ်နေတာတော့ သေချာသည်။ သူ ထင်မှတ်ထားသည့်အတိုင်းပါပဲလား။ ကိုထည်နှင့်ပန်းအခရာ ပတ်သက်မှုတစ်စုံတစ်ခု ရှိနေတာ ထင်ရှားနေပြီ။

''ကိုထည် ဘာတွေစိုးရိမ်နေတာလဲ၊ ကျွန်တော် ပန်းအခရာ အပေါ်မှာ ရိုးရိုးသားသား ဝေဖန်ကြည့်တာပါ''

''ငါ စိုးရိမ်တာ မင်းအတွက်ကွ၊ မင်းကုမ္ပဏီဝန်ထမ်းမိန်းကလေးတွေနဲ့ ရှုပ်ထွေးနေတဲ့သတင်းတွေ ငါ ကြားတယ်''

''ဟာ အထင်လွဲနေကြတာပါဗျာ၊ ကျွန်တော် အဲဒီလောက် စည်းကမ်းမမဲ့ပါဘူး''

''အေး ဒါဆိုလည်း ပြီးတာပဲ၊ ငါ့မျက်ဝန်းတွေ မမြင်ပေမယ့် နားတွေ ကြားနိုင်တယ်ဆိုတာ မင်း မမေ့ပါနဲ့၊ ငါ့မျက်ဝန်းတွေ ပြန်မြင်ခွင့်ရချိန်မှာ မင်းမှာ ထိုက်သင့်တဲ့ အရည်အချင်းတစ်ခု ရှိနေတာ ငါ တွေ့ချင်တယ်''

ကိုထည် သူ့ကို ခြိမ်းခြောက် သတိပေးနေတာ ထင်သည်။ ကိုထည် မျက်ကြည်လွှာ အစားထိုးကုသပြီးလျှင် သူ့အတွက်တော့ အခုလို ခွင့်သန်နေထိုင်ခွင့် ရှိတော့မှာ မဟုတ်တာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းအခရာကြောင့် ကိုထည် သူ့ကို အူနုကျွဲခတ် ဖြစ်နေတာ
လား။ ဒါဆိုလျှင်တော့ သူ ရှေ့င်ရမှာ နားလည်သည်။

"ဩော် မင်းကို ငါ အရေးကြီးဆုံးအချက် ပြောရဦးမယ်
ရာဇာ ဒီလုပ်ငန်းတွေရဲ့ပိုင်ရှင်က ငါဆိုတာ မင်း ဘယ်သူမှ မပြောမိ
စေနဲ့၊ အထူးသဖြင့် ပန်းအခရာရှေ့မှာ ငါ့နာမည်ကို လုံးဝမပြောမိ
အရေးကြီးတယ်"

ပြောရင်း ကိုထည် စကားတွေက အမှန်တရားတစ်ခုကို လှစ်
ပြနေသလို ရှိသည်။ ပန်းအခရာနှင့်ကိုထည်ကြားမှာ တစ်ခုခုတော့ ဆ
နွယ်ပတ်သက်နေပြီ။ ဒါပေမဲ့ ဘာလဲ သူမသိပါ။ ကိုထည်ကလည်း
ပြောချင်ပုံ မရှိပါ။

"ညီ ငါပြောတာ ကြားရဲ့လား"

"ကြားပါတယ် ကိုထည်၊ စိတ်ချ ကိုထည် မကြိုက်တာ ကျွ
တော် မလုပ်ပါဘူး၊ ကိုထည်က ကျွန်တော့် ကျေးဇူးရှင်၊ ပြီးတော့
အစ်ကိုတွေပဲ ကိုထည်ရာ၊ အထူးသဖြင့် ကိုထည် စိတ်ထိခိုက်ခံစားရ
မျိုး ကျွန်တော် ဘယ်တော့မှ မလုပ်ဘူး ယုံပါ"

သူ ရဲရဲဝံ့ဝံ့ ကတိပေးလိုက်တော့ ကိုထည် ယုံကြည်သွားပုံ
သည်။ သူလည်း ကျေနပ်ပါသည်။ ကိုထည်နှင့်ပန်းအခရာကြား
လျှို့ဝှက်ချက်တစ်ခုကိုတော့ သူ သိထားအောင် ကြိုးစားရမည်။

ဒါက တစ်ချိန်မှာ သူ့အတွက် အကျိုးရှိနိုင်မည့် ချက်ကော
တစ်ခုဖြစ်ချင် ဖြစ်လာနိုင်မည်။





တစ်ခါသေဖူး ပျဉ်ဖိုးနားလည်နေခဲ့ပြီ။ သွေးသားရင်းမဟုတ်
သော သူ့အတွက် အနာဂတ်ကို သူကိုယ်တိုင်ပဲ ဖန်တီးယူရမည် မဟုတ်
လား။

■ ■ ■

www.burmeseclassic.com

## အခန်း (၂၂)

"ရှင် အန်ကယ် ဘယ်လို သမီးတို့ပေါင်ထားတဲ့အိမ်ကို ရွေး
ပေးမယ် ဟုတ်လား"

အခရာ မယုံနိုင်သလို တအံ့တသြလေးမေးတော့ ဦးလွန်းမြ
အလေးအနက် ခေါင်းညိတ်ပြ၏။

"ဟုတ်တယ် သမီး။ သမီး လစဉ်ပေးနေရတဲ့ အတိုးငွေ
သက်သာအောင် အန်ကယ် စီစဉ်ပေးတာပါ။ သမီးရဲ့အခက်အခဲ
ကုမ္ပဏီပိုင်ရှင်သူဌေးမိသားစုနဲ့တွေ့တော့ အန်ကယ် အကူအညီတော
ကြည့်တယ်၊ သူဌေးက ကူညီမယ်တဲ့"

"ကိုမင်းရာဇာက ကူညီမှာပေါ့ ဟုတ်လား အန်ကယ်"

"မောင်မင်းရာဇာက အဓိက မဟုတ်ဘူး သမီး၊ မောင်





ဇာက သူဌေးရဲ့ညီငယ်တစ်ယောက်ပါ၊ သူဌေးက ကျန်းမာရေးမကောင်း
တို့ အနားယူနေရတာလေ၊ အန်ကယ်တို့နဲ့တော့ အမြဲတွေ့ဖြစ်ပါတယ်၊
ကိုယ့်ကုမ္ပဏီကဝန်ထမ်းတွေရဲ့ အခက်အခဲကို သူဌေးက အမြဲမေးတယ်၊
အန်ကယ်က သမီးအခက်အခဲကို တင်ပြလိုက်တော့ သူက ငွေထုတ်
ပေးလိုက်ပါတဲ့"

အန်ကယ် ဦးလွန်းမြိုင်က ရှင်းပြနေသည်။ အခရာ ပေါင်နှံ
ထားရသော အိမ်နှင့်ခြံကို သူဌေးက ရွေးပေးမည်တဲ့။ အလုပ်ရှင်သူဌေး
ဆို၍ မင်းရာဇာ မျက်နှာကို ပြေးမြင်မိပေမယ့် အန်ကယ် ရှင်းပြမှပဲ
မင်းရာဇာမှာ အစ်ကိုတွေရှိနေတာ သိရတော့၏။

"သမီး ပေါင်ထားတာ ငွေငါးသိန်း မဟုတ်လား၊ အဲဒီငွေကို
သူဌေးက ထုတ်ပေးမယ်"

"ဟို သမီး သူတစ်ပါးအကူအညီတွေ သိပ်မလိုချင်ဘူး
အန်ကယ်"

"မဟုတ်သေးဘူးလေ သမီးရဲ့၊ အကူအညီယူတယ်ဆိုတာ တစ်
ယောက်နဲ့တစ်ယောက် အပြန်အလှန် ပေးဆပ်မှုတွေရှိပါတယ်၊ သမီး
ဘက်ကလည်း ကိုယ့်အလုပ်ရှင်အတွက် ရိုးသားကြိုးစား အလုပ်လုပ်
ပေးတယ်၊ သူတို့ဘက်ကလည်း ပြန်ကူညီပေးတယ်၊ ဒါ သမီးအတွက်
အဆင်ပြေတယ်လေ၊ ကိုယ်က အလကားယူတာမှ မဟုတ်တဲ့၊ လခထဲက
တတ်နိုင်သလောက် လစဉ်ပေးချေလိုက်ရင် အဆင်ပြေနေတာပဲကွယ်"

ဦးလွန်းမြိုင် ပြောပြတာကို အခရာ လက်ခံပါသည်။ ဘာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ် လစဉ်ပေးနေရသော အတိုးငွေ သက်သာသည်ဆိုတော့ အဆင်ပြေသည်။

"သမီး ဘာကိုစဉ်းစားနေတာလဲ"

ဦးလွန်းမြိုင် မေးတော့ အခရာ ချက်ချင်းမဖြေနိုင်ပါ။ ဝိုးချွဲလ်ပေါ်မှာ ထိုင်နေသော ဖေဖေ့ကိုလှမ်းကြည့်တော့ ဖေဖေက အခရာတို့ စကားပြောနေတာကို ငေးငေးလေး ကြည့်နေသည်။

တကယ်ဆို ဖေဖေသည် အခရာကို ကြားကဝင်ဆုံးဖြတ်ပေးနိုင်စွမ်း မရှိတော့ပါ။ ဒုတိယအကြိမ် လေသင်တုန်းဖြတ်ကတည်းက ချွတ်ယွင်းသွားသော အဖေ့မှတ်ဉာဏ်တွေ အကောင်းပကတိ ဖြစ်မလာတော့ပါ။

အခရာတို့ သားအဖကို အမြဲကူညီပံ့ပိုးပေးနေသော ဦးလွန်းမြိုင်ကိုတောင် အဖေ မှတ်မိခြင်း မရှိတော့ပါ။

တကယ့် ကလေးတစ်ယောက်လို ကျွေးတာစား ဆေးပုံမှန်သောက်၊ အစစ ဂရုစိုက်နေရသော အခြေအနေဖြစ်၏။

အခရာ တစ်ယောက်တည်းဆို ဘယ်လိုမှ မဖြစ်နိုင်ပေမယ့် အန်ကယ်ကူညီမှုကြောင့် စောင့်ရှောက်ပေးမည့်သူ ရှိနေတာ ဖြစ်၏။

"သမီး အခရာ၊ အန်ကယ်ပြောတဲ့အစီအစဉ်ကို လက်ခံသလား"

အန်ကယ့်အသံ ကြားမှ အခရာ အတွေးလေးတွေ ပြတ်တောက်သွားရပါသည်။





"ဟုတ်ကဲ့ အန်ကယ်၊ အခရာအတွက် အဆင်ပြေတာ မှန်ပါတယ်၊ အခရာ စိုးရိမ်နေတာက"

"ဘာမှမစိုးရိမ်နဲ့ သမီး၊ အန်ကယ်လည်း ကူညီပေးနိုင်တာပဲ ဘာမှပြဿနာ မကြုံနိုင်ပါဘူး"

"ကောင်းပါပြီ အန်ကယ်၊ ဒါဆိုရင်တော့ အခရာ လက်ခံပါတယ်၊ အန်ကယ်တို့သူဌေးကိုလည်း ကျေးဇူးတင်ပါတယ်"

"အန်ကယ် ပြောလိုက်ပါမယ်ကွယ်၊ သူဌေးက အန်ကယ်တို့ နေ့ထမ်းတွေအပေါ် ကောင်းပါတယ်ကွယ်"

"ဟုတ်ကဲ့ ဒါနဲ့ အဲဒီသူဌေးနာမည်က ဘယ်သူလဲဟင်၊ ပြီးတော့ ဘာလို့ သူဌေးက အလုပ်ကနားနေရတာလဲဟင်"

အခရာ အမေးကို အန်ကယ် ဦးလွန်းမြိုင် ခေါင်းတစ်ချက်ညိတ်ကာ ပြောပြပါသည်။

"သူ့နာမည်က ဦးစိုးရာဇာတဲ့၊ သူ့အမြင်အာရုံတွေ မကောင်းတော့လို့ အလုပ်က နားနေတာ"

"ဟင် ဟုတ်လား ဆေးကုသနေရတာပေါ့နော်"

"သူ့ဝေဒနာက ငွေရှိတိုင်း ကုသလို့မရတဲ့ ဝေဒနာကွဲ့၊ ကားအက်ဆီးဒင့်တစ်ခုကြောင့် မျက်လုံးနှစ်ဖက်ကို ဆုံးရှုံးခဲ့ရတာ၊ မှန်ကွဲစတွေက မျက်ကြည်လွှာနှစ်ခုစလုံးကို ထိခိုက်သွားခဲ့တာ"

"အို အခရာ စိတ်မကောင်းလိုက်တာ၊ သူက ကိုမင်းရာဇာရဲ့ အစ်ကိုကြီးပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သမီး၊ တကယ်တော်ပြီး စာနာတတ်တဲ့ သူဌေးတစ်ယောက်ပါကွယ် ကဲ အန်ကယ် ပြန်ဦးမယ်၊ အလုပ်ဆင်းတဲ့နေ့ကျရင် သမီးကို ငွေပေးလိုက်မယ် ဟုတ်လား"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ အန်ကယ်"

အန်ကယ် ဦးလွှန်းမြိုင် နှုတ်ဆက်ပြန်သွားတော့ အခရာ ရင်ထဲမှာ လေးပင်နေသော အရာတစ်ခု လျော့ကျသွားခဲ့ရတာ အမှန်။

အန်ကယ့်ကျေးဇူးတရားတွေက သူ့အပေါ် ကြီးမားပါသည်။ ဖနီးနှင့်သားတစ်ယောက်၊ သမီးတစ်ယောက် မိသားစုဘဝလေးကို ပိုင်ဆိုင်ထားသော အန်ကယ် ဦးလွှန်းမြိုင်က အခရာကို သမီးရင်းလို ချစ်ခင်သည်။

အန်ကယ့်အကူအညီတွေ အခရာတို့သားအဖအပေါ်မှာ အများကြီးပါပဲ။

အခုလည်း ကုမ္ပဏီပိုင်ရှင်သူဌေးနှင့်ဆုံစဉ်က အခရာ အခက်အခဲကို ပြောပြခဲ့တာမို့ အိမ်ကိစ္စကို ကူညီမည်တဲ့။

"ဖေဖေ သမီးတို့အိမ်ကို ပြန်ရွေးနိုင်တော့မယ် သိလား"

အခရာ ဖေဖေ့ကို ဝမ်းသာအားရလေးဆိုမိတော့ ဖေဖေ ခေါင်းလေးညိတ်ပြပါသည်။ ဖေဖေကတော့ ဘာမှမသိရှာတော့ပါ။ ခေါင်းညိတ်ခေါင်းခါလောက်သာ ပြုနိုင်ရှာ၏။

ဘာပဲဖြစ်ဖြစ် ဖေဖေ သိပ်ကံကောင်းပါသည်။ ဒါတွေအားလုံးသည် ဦးလွှန်းမြိုင် ကျေးဇူးတွေပဲဖြစ်၏။

နိ၊ မို၊ ၁၇၆ပေ



အန်ကယ်ကျေးဇူးတွေကို အခရာ ဘယ်တော့မှ မေ့ပစ်လို့ ရမှာမဟုတ်တော့ပါ။

နိ၊ မို၊ ၁၇၆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

မိုးနဒီ ခွင့်ယူထားသည့် နှစ်ရက်စလုံး သူ ဒီဘက်ရုံးခန်းကို မရောက်ခဲ့ပါ။ ဒီညနေတော့ ကိုထည်က ဦးလွန်းမြိုင်ဆီ လွှတ်လိုက်တာမို့ ရောက်ခဲ့ရ၏။

ကိုထည် မှာတာတွေ ဦးလွန်းမြိုင်ကို ပြောကာ သူ ရုံးခန်းက ပြန်ခဲ့သည်။

တိုက်ဆိုင်ချင်တော့ လမ်းထိပ် ကားဂိတ်ခလေးဆီ သွားနေသော ပန်းအခရာနှင့် ဆုံသည်။ သူ ကားကို အခရာနံဘေး ထိုးရပ်မိ၏။

"အိမ်ပြန်မလို့လား ပန်းအခရာ"

"ဩော် ဟုတ်ကဲ့ ကိုမင်းရာဇာ"

"ဒါဆို ကျွန်တော် လိုက်ပို့ပေးပါရစေ"





"ရပါတယ်ရှင် အခရာဘာသာ ပြန်လို့ရပါတယ်"

"ရုံးဆင်းချိန်ဆို ကားတွေကြပ်တယ်၊ ပြီးတော့ ခါးပိုက်နှိုက်အန္တရာယ်ကလည်း ကြောက်ရတယ်၊ တက်ပါဗျာ၊ ကျွန်တော် လိုက်ပို့ပေးနိုင်ပါတယ်"

သူ ပြောလိုက်တာကို အလွယ်တကူ လက်ခံသွားခြင်းအတွက်တော့ အံ့ဩမိသေးသည်။ ကားတံခါးဖွင့်ကာ ဝင်ထိုင်သော အခရာကို သူ ကြည့်မိ၏။

အဝါနုရောင် ကမ္ဗလာဝတ်စုံလေးနှင့်လည်း ပန်းအခရာက ထင်းထင်းလေး လှနေသည်။ ဝင်းမွတ်ကြည်လင်နေသော မျက်နှာလေးသည် အရယ်အပြုံးတို့ ရှားပါးနေသော်လည်း ချွဲမက်ဖွယ်ကောင်း၏။

ပန်းအခရာရဲ့အလှတွေကို သူ သတိထားမိခဲ့တာ သိပ်မကြာသေးပါ။ ဒါပေမဲ့ ကိုထည် စကားတွေကို ပြန်သတိရတော့ ကင်းလွတ်ချင်နေသော သတိကို ပြန်ချုပ်ထိန်းရ၏။

ကားကို ငြိမ့်ခနဲ မောင်းထွက်ရင်း ပန်းအခရာကို စကားပြောဖို့ သူ ကြိုးစားရ၏။

"ကျွန်တော့်ကို ယုံကြည်ပြီး အလွယ်တကူ လိုက်လာပေးတာ ကျေးဇူးတင်ပါတယ် ပန်းအခရာ"

ပန်းအခရာ အကြည့်တွေ သူ့ဆီရောက်လာရင်း

"ကျွန်မကလည်း ရှင်တို့ညီအစ်ကိုကို ကျေးဇူးတင်ပါတယ် ကိုမင်းရာဇာ၊ ကျွန်မ အခက်အခဲအတွက် ကူညီပေးတဲ့ ငွေငါးသိန်းကို



www.burmeseclassic.com

www.burmeseclassic.com



လုံခြုံမှုရှိအောင် ရှင်လိုက်ပို့ပေးတာ မဟုတ်လား''

''ဗျာ''

သူ အံ့ဩရ၏။ အခရာ စကားတွေကို သူ နားမရှင်းပါ။ သူတို့ညီအစ်ကိုတဲ့။ ငွေငါးသိန်းတဲ့။ ဒါတွေ သူ မသိပါ။ ကိုတည် သူ မသိအောင် ဘာတွေလုပ်ခဲ့တာလဲ။

အံ့ဩစိတ်ကို သူ ချက်ချင်းပဲ ဟန်ဆောင်ဖုံးကွယ်ရင်း

''ရပါတယ်ဗျာ ဒါနဲ့ ပန်းအခရာက ကျွန်တော့်အစ်ကိုနဲ့ ဆုံပြီးပြီထင်တယ်''

''ကျွန်မနဲ့ မဆုံပါဘူး။ ဦးစိုးရာဇာက အန်ကယ် ဦးလွန်းမြိုင်နဲ့ စီစဉ်ကူညီတာပါ ရှင် မသိဘူးလား''

''ကျွန်တော်လား အစ်ကိုနဲ့မတွေ့သေးဘူး။ မဆုံဖြစ်လို့ မပြောသေးတာထင်တယ် ရပါတယ် အစ်ကိုနဲ့ကျွန်တော် တွေ့တော့သိမှာပါ''

''ကျွန်မက ရှင်သိထားတယ် ထင်နေတာ၊ ရှင့်အစ်ကိုကြီး ဦးစိုးရာဇာက အခရာရဲ့ပေါင်နှံ့ထားတဲ့ အိမ်ရွေးဖို့ ငွေကူညီတယ်လေ အဲဒါအတွက် အခရာ တကယ်ကျေးဇူးတင်ပါတယ်''

ပန်းအခရာ စကားတွေထဲမှာပဲ သူ အားလုံးကို သိခွင့်ရလိုက်ပါသည်။ ကိုထည်ကတော့ နာမည်ကိုတောင် လိမ်ညာထားပုံရှိသည်။

ပန်းအခရာအတွက် ငွေငါးသိန်း ရက်ရောစွာ ကူညီပေးသည်ဆိုတော့ ကိုထည် ရည်ရွယ်ချက်တွေက ထင်းနေသည်။

မိန်းမတစ်ယောက်ကြောင့် ဒီလိုတာဝ အခြေအနေ ရောက်ခဲ့တာ





တောင် စိတ်မနာနိုင်သေးဘူးလားမသိ။ ကိုထည်ကတော့ တကယ် မလွယ်ပါလား။

''ဒါနဲ့ ဦးစိုးရာဇာက ကားအက်ဆီးဒင့်တစ်ခုကြောင့် အမြင်အာရုံတွေ ထိခိုက်ခဲ့တာဆို''

''ဟုတ်ပါတယ်''

''အန်ကယ် ဦးလွန်းမြိုင် ပြောတော့ ကျွန်မ စိတ်မကောင်းဖြစ်ရပါတယ်၊ ကျွန်မတို့ ဝန်ထမ်းတွေအပေါ် စေတနာထား ကူညီပေးတာကိုလည်း ကျေးဇူးမမေ့ပါဘူးရှင်''

ကိုထည်ကတော့ ဦးလွန်းမြိုင်ကို အသုံးချကာ ဇာတ်လမ်းတွေခင်းနေခဲ့တာ သေချာ၏။ ကြည့်ရတာ ပန်းအခရာဘက်ကတော့ ဖြူစင်ရိုးသားပုံရှိသည်။

ပန်းအခရာကိုတော့ သူ နှမျောမိပါရဲ့။

''ဟောဟို ညာဘက်လမ်းထဲ ဝင်လိုက်ရင် ကျွန်မအိမ်ရောက်ပြီ ကိုမင်းရာဇာ''

ပန်းအခရာ ညွှန်ပြသည့် လမ်းလေးအတိုင်း သူ ချိုးဝင်ခဲ့လိုက်ပါသည်။ သွပ်မိုးပျဉ်ကာ အိမ်နှင့်ခြံဝင်းလေးကတော့ သေသေသပ်သပ်လေးပဲ ဖြစ်သည်။

''အိမ်ထဲဝင်ဦးမလား ကိုမင်းရာဇာ''

ပန်းအခရာ ဖိတ်ခေါ်ပေမယ့် သူ အိမ်ထဲအထိ မဝင်သင့်ဟု နားလည်ပါသည်။ ကိုထည်ရဲ့ သံသယတွေ သူ့အပေါ် ကြီးမားလာအော



www.burmeseclassic.com

မျိုးတော့ အဖြစ်မခံနိုင်ပါ။

"နောက်ကြုံမှပဲပေါ့ ပန်းအခရာ"

"ဟုတ်ကဲ့ လိုက်ပို့ပေးတာ ကျေးဇူးတင်ပါတယ်ရှင်၊ ကူညီပေးတဲ့ငွေအတွက်လည်း ကျွန်မ ကျေးဇူးတင်ပါတယ်နော်"

"ရပါတယ်ဗျာ ကိစ္စမရှိပါဘူး၊ ကဲ ခွင့်ပြုပါဦး"

နှုတ်ဆက်ပြီး သူ ကားကို စက်နှိုးလိုက်တော့ ပန်းအခရာ အိမ်လေးဆီလှည့်လှမ်းသွား၏။

ခါးတင်အင်္ကျီလေးနှင့် ဒူးဖုံးစကပ်လေးကြောင့် ပန်းအခရာ၏ ကျော့ရှင်းသော ခန္ဓာကိုယ်လေးက ထင်းထင်းလေး ပေါ်လွင်နေ၏။

ကိုထည်နှင့်သာ ပတ်သက်မှုမရှိခဲ့ပါလျှင် ပန်းအခရာ ဆိုသော မိန်းကလေး၏ရင်ခုန်သံလေးတွေကို သူ တဒင်္ဂတော့ နားထောင်ချင်ပါ သေးသည်။

ဒါပေမဲ့လည်း တားထားသော စည်းက သူ့ဘဝတစ်ခုလုံးနှင့် သက်ဆိုင်နေခဲ့တာမို့ . . . ။

■ ■ ■



## အခန်း (၂၄)

"ကိုထည်နဲ့ကျွန်တော့်ကြားမှာ ဒါ သို့ဝှက်စရာတစ်ခု မဟုတ်ဘူးလို့ ထင်တယ်"

သူ့မျက်နှာကို စူးစိုက်ကြည့်နေမည့် မင်းရာဇာ မျက်ဝန်းတွေကို သူ မမြင်နိုင်ပေမယ့် သိနေပါသည်။

"ပန်းအခရာကို ကျွန်တော် အိမ်တိုင်ရာရောက် ပို့ပေးခဲ့တာလည်း ကိုထည် ကြောင့်ပါပဲ၊ ကိုထည်က သူ့ကို အလေးထားဂရုစိုက်စေချင်တာ ကျွန်တော် နားလည်တယ်၊ ဒါကြောင့် ညနေရုံးဆင်းချိန် ထိုင်းကားနဲ့ပြန်ရမှာ ခက်ခဲလို့ ပို့ပေးခဲ့တာပါ"

မင်းရာဇာ ရှင်းပြနေတာတွေကို သူ ငြိမ်သက်စွာပဲ နားထောင်နေမိဆဲ။ ဒီကောင် မသိစေချင်ပါဘူးဆိုကာမှ ပန်းအခရာက ရိုးသားစွာ ရင့်ပြောသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ မင်းရာဇာ သူ့ကို အပြစ်တင် စွပ်စွဲချက်တွေ ထုတ်နေတာကို သူ ရင်ဆိုင်နေရပြီ။

"ကိုထည် မသိစေချင်လည်း ကျွန်တော် မမေးတော့ပါဘူး ဒါမေ့ ကိုထည် လိမ်ညာထားတာတွေက မကောင်းဘူး၊ ဟိုက ကျွန်တော့် အစ်ကို ဦးစိုးရာဇာဆိုတော့ ကြောင်သွားတာပေါ့၊ ဘာမှမပြောဘဲ သူ ပြောတာတွေ နားထောင်လိုက်လို့ တော်သေးတယ်၊ နို့မို့ဆို လိမ်ဆင်ကြိ က ဟောင်းလောင်းပေါ်ပြီ"

"နေဦး ညီ၊ ကိုယ် လိမ်ညာထားတာ အကြောင်းရှိလို့ပါ"

"ဘာအကြောင်းလဲ ကိုထည်၊ ကျွန်တော် သိခွင့်မရှိဘူးလား"

မင်းရာဇာ သိအောင်ပြောပြမှ ဖြစ်မည့်အခြေအနေရောက်မှတော့ သူ့ဘက်က မပြောလို့မဖြစ်တော့ပါ။ အရေးကြီးသည်က အခ ဘာမှသိလို့မဖြစ်ပါ။

သူ့စေတနာကို အခရာ အထင်လွဲမှာစိုးသလို အခရာကိုလည်း သူ ရင်မဆိုင်ရဲပါ။

"ကိုယ် ပြောပြမယ် ညီ၊ အသေအချာ နားထောင်ပေးကွ တကယ်တော့ ပန်းအခရာဆိုတာ ကိုယ်နဲ့ ဒီအမြင်အာရုံတွေ မဆုံခင် ကတည်းက ဆုံတွေ့ရင်းနှီးထားပြီးသားသူပါကွာ"

အိပ်မက်တစ်ခု မဟုတ်ခဲ့ပေမယ့် အိပ်မက်လိုရှိခဲ့သော သူ ပန်းအခရာတို့၏ အတိတ်ကို သူ့အာရုံထဲမှာ ပြန်မြင်ယောင်လာသည်

သူ့နှလုံးသားကို နူးညံ့သိမ်မွေ့စေခဲ့သော လေးနက်သော





ခြင်းတစ်ခုကို မွေးဖွားစေခဲ့သော ပန်းအခရာအကြောင်းတွေကို သူ ပြောပြမိ၏။

"အရိုးသားဆုံး ဝန်ခံရရင် ကိုယ့်ဘဝမှာ ပထမဆုံး မြတ်နိုးစွာ ချစ်ခဲ့မိတာ ပန်းအခရာဆိုတဲ့ မိန်းကလေးပဲ ညီ၊ ကိုယ် မိန်းမတွေ အများကြီးနဲ့ ဆုံတွေ့ပတ်သက်ဖူးတယ်၊ ဒါပေမဲ့ နှလုံးသားက မချစ်ခဲ့ဖူးဘူး။ သူ့ကို ကိုယ့်ဘဝတစ်ခုလုံးအတွက် ချစ်ခဲ့တာ၊ ဒါပေမဲ့ ကံကြမ္မာက ကိုယ့်ဘဝကို ဒီလိုဘဝကြီးရောက်အောင် ပို့ဆောင်ပေးလိုက်တယ်"

"ဒါကြောင့် ကိုထည် သူ့ကို မတွေ့ဆုံတော့တာလား"

"ဒါပေါ့ ညီ လက်ရှိ ကိုယ့်ဘဝက ဒုက္ခိတကြီးတစ်ယောက်ပဲ၊ ဒီဘဝနဲ့ သူ့ကို ကိုယ် မပိုင်ဆိုင်ချင်ဘူး"

"ဟာဗျာ လောကမှာ အဲဒါက အရေးမကြီးပါဘူး၊ ကိုထည်က ငွေကြေးဓန အားလုံးပြည့်စုံပြီးသားပါဗျာ၊ ပန်းအခရာက ကိုထည်ကို ခြေင်းစေရဘူး"

"ညီ တော်တော့ မင်း ဒီစကားမပြောနဲ့"

မင်းရာဇာ စကားက သူ့ရင်ထဲကို ထိရှစေ၏။ အခရာအပေါ်မှာ သတ်မှတ်လိုက်သည့် သတ်မှတ်ချက်ကြီးက သူ ဘယ်လိုမှ လက်မခံနိုင်ပါ။

"ပန်းအခရာက အဲဒီလို မိန်းမတစ်ယောက် မဟုတ်ဘူး၊ သူ့ရဲ့ ဓာနက တခြားမိန်းကလေးတွေနဲ့ မတူဘူး၊ ပြီးတော့ သူ့နှလုံးသားက မြှစင်ရိုးသားတယ်၊ ဒါကို ကိုယ် အကြွင်းမဲ့ယုံတယ်၊ သူ့ဆီကို ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



မရောက်ဖြစ်ခဲ့တာ ဘာကြောင့်လဲ သူ မသိဘူး၊ အခြေအနေမှန်ကို
ရင်လည်း သူ့ရဲ့စိတ်ထားက ကိုယ့်အပေါ် ပြောင်းလဲမှာမဟုတ်ဘူး၊ ကိုယ့်
အချစ်ကို သူ မငြင်းဘူးဆိုတာ သိပေမယ့် ကိုယ်ကိုယ်တိုင်က ဖွင့်မပြော
ရက်တာပဲ''

သူ့ရင်ထဲက ခံစားချက်တွေကို မင်းရာဇာ နားလည်နိုင်မည်
လား မသိ။ တကယ်ဆို ဒီကောင်သည်လည်း အချစ်ကို ခံစားတတ်
မဟုတ်ပါ။

''ကျွန်တော်က ကိုထည်ကိုယ့်ကိုကိုယ် ခံစားဒုက္ခရှာနေတာ
မမြင်ရက်လို့ပါ''

''ငါ့အချစ်က အခရာကို ပိုင်ဆိုင်လိုစိတ် တစ်ခုတည်းကြော
မဟုတ်ဘူး ညီ၊ သူ လက်ခံသည်ဆိုရင်တောင် ဒီလိုတဝအခြေအနေကြ
ငါ သူ့အချစ်ကို မရယူရက်ဘူး''

ညီဆီက ခွန်းတုံ့ပြန်စကားတို့ မကြားပါ။ သူ့စကားကိုကော
နားလည်နိုင်မည် မထင်ပါ။ အချစ်ဆိုတာကို လေးနက်စွာ မခံစား
ခင်က သူကိုယ်တိုင်လည်း ဒီစကားကို လှောင်ပြောင်ပြုံးခဲ့ဖူးသည်
''အခရာ ဘဝလေးကို ငါသနားတယ်၊ ဒါကြောင့်လည်း သူ
အခက်အခဲတွေကို ကူညီနေခဲ့တာ၊ ဒါ ဘာလိုချင်တပ်မက်မှုမရှိတဲ့
ဆဝ်မှုသက်သက်ပဲ''

''ဒါဆို ကိုထည်က ကိုထည်မျက်လုံးတွေ အကောင်းပကတ
ပြန်ဖြစ်မှ သူ့ကို ဖွင့်ပြောမယ်ပေါ့''





''အင်း အဲဒီအချိန်ထိဆိုတဲ့ မျှော်လင့်ချက်ရေးရေးလေးရှိနေပေမယ့် ကိုယ် အပြည့်အဝတော့ မမျှော်လင့်ရဲပါဘူး ညီရာ''

သူ့မျက်ဝန်းတွေ ဘယ်အချိန်မှာမြင်နိုင်မည်ဆိုတာ ကံကြမ္မာရဲ့အဆုံးအဖြတ်ပဲ ဖြစ်သည်။ သတ်မှတ်ချက်မရှိသော ထိုကာလကြီးအတွက် အခရာကိုလည်း နှောင်ကြိုးတွေနှင့် သူ တုတ်နှောင်မထားချင်ပါ။

''ဟား ကိုထည်ကို ကျွန်တော် ဘာမှမဝေဖန်ချင်တော့ဘူး''

''မင်း နားမလည်နိုင်မှာ ငါ သိတယ် ညီ၊ ငါ တစ်ခုပဲ တောင်းပန်ချင်တယ်၊ အခု မင်းသိထားပြီဆိုတော့ ဒီကိစ္စတွေကို အခရာ မသိပါစေနဲ့၊ မင်း ဘာမှမသိသလို နေပေးပါ''

''ကိုထည် ဖြစ်စေချင်တာတွေ ကူညီပေးဖို့ ကျွန်တော် ဒီကို ရောက်နေတာပါ စိတ်ချ ကိုထည် ဆန္ဒအတိုင်း ဖြစ်စေရမယ်''

''ကျေးဇူးတင်ပါတယ် ညီရာ''

''အိုကေ ကိုထည် ကဲ ကျွန်တော် သွားစရာလေးရှိလို့ လစ်ပြီ''

ခြေသံနှင့်အတူ ရေမွှေးရနံ့ပါ လျော့ပါးသွားတော့မှ သူ ပင့်သက်မောကို ရှိုက်မိ၏။

သူ့စကားကိုတော့ ဒီကောင် နာခံမှာ သေချာသည်။ မင်းရာဇာဆိုသော ဒီကောင် သူ့အနားမှာ ရှိနေတာ ဘာကြောင့်လဲ သူ သိပါသည်။ သူကလည်း သံယောဇဉ်ကြောင့် မောင်းမထုတ်ရက်ခဲ့တာဖြစ်၏။

ဘာပဲဖြစ်ဖြစ် မင်းရာဇာကို နောင်တနှင့်အတူ ပြောင်းလဲသွားသာမျိုး သူ မြင်တွေ့ချင်သည်။ ဒါပေမဲ့လည်း ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



ကိုထည် စိတ်တွေ ပြောင်းလဲသွားခဲ့ရတာ ဘာကြောင့်လဲဆိုသော အဖြေကို သူ သိနားလည်ခဲ့ရပါသည်။

နေမင်းထည်ဝါ ဆိုသော ယောကျ်ားရင့်မာကြီး စိတ်နှလုံးကို ပြောင်းလဲစေနိုင်လောက်အောင်ပဲ ပန်းအခရာ ဆိုသော မိန်းမတစ်ယောက်က အစွမ်းထက်နေသည်လား။

တကယ်ဆို နေမင်းထည်ဝါ ဆိုတာ မိန်းမနှင့်ပတ်သက်လျှင် အတွေ့အကြုံ ကင်းမဲ့သူတစ်ယောက် မဟုတ်တာ သေချာသည်။ ဒီလို လူတစ်ယောက် နှလုံးသားကိုမှ ပန်းအခရာက သိမ်းပိုက်လိုက်နိုင်သည် တဲ့လား။

ရယ်တော့ ရယ်စရာကောင်းသည်ဟု သူ ထင်ပါသည်၊ ကိုထည် လို လူတစ်ယောက်က ဘာမဟုတ်သည့် မိန်းမတစ်ယောက်ကိုမှ စွဲလန်း သွားသည့်အဖြစ်။ လူပျိုပေါက် ချာတိတ်တစ်ယောက်လို လှုပ်ခတ်ခံစား နေတာ သူ သိခဲ့ရ၏။

မင်းရာဇာ ဆိုသော သူကတော့ မိန်းမတစ်ယောက်ကို စွဲလန်း ရလောက်အောင် ဘယ်တုန်းကမှ မငြိတွယ်ခဲ့ပါ။

သူ့ဘဝမှာ မိန်းကလေးတွေနှင့်ပတ်သက်သော အတွေ့အကြုံ တွေ အများကြီး ကြုံဖူးဆုံဖူးသည်။ မွေးစားဖခင် ဦးနေမင်းဇော် အိမ်ပေါ် က နှင်ချလိုက်တော့ သူ ကြုံတွေ့ခဲ့ရသော ဘဝတွေက စုံလင်ခဲ့သည်။

သူ့လက်ထဲမှာ ငွေရှိနေချိန်မှာ အပေါင်းအသင်းတွေ မိန်း ကလေးတွေ ဝိုင်းဝိုင်းလည်နေခဲ့ကြသည်။ သူ ဒုက္ခရောက်တော့ တစ်





ယောက်မှ အနားမှာ မရှိကြတော့ပါ။

သူ့ဘဝ ရှင်သန်ရပ်တည်ဖို့အတွက် သူ့မှာ အတတ်ပညာ မရှိပါ။ တစ်ဝမ်းတစ်ခါးအတွက် ချွေးတဒီးဒီးကျ ပင်ပန်းအောင် လုပ် ရမည့်အလုပ်ကြမ်းတွေကိုလည်း သူ မလုပ်ချင်ခဲ့ပါ။

အဆံမရှိပေမယ့် ဟန်ရှိဖို့ပဲ လိုသည်ဟု ယုံကြည်ထားသော သူ ဟန်ဆောင်ကောင်းသူတစ်ယောက် ဖြစ်ခဲ့သည်။ .

ငွေကြေးပြည့်စုံ ချမ်းသာသော မိန်းမတွေကို ချူစားဖို့ သူ့မှာ အတတ်ပညာတွေရှိသည်။ သူ့ရုပ်ရည်ကို အသုံးချကာ ယောကျ်ားပိုင်းလုံး တစ်ယောက်ဘဝကို သူ ကျင်လည်ခဲ့သည်။

မပင်မပန်း ကြော့ကြော့မော့မော့လေး နေနိုင်ပေမယ့်လည်း သူ့နာမည်ကတော့ အဖတ်ဆယ်မရအောင် ဖြစ်ခဲ့သလို သူ့ကိုတွေ့လျှင် အမွှန်ချေပစ်ချင်လောက်အောင် မုန်းတီးသူတွေလည်း ချာချာလည်နေ ခဲ့သည်။

''ရာဇာ မင်း မမကြီးပြဿနာက မသေးဘူးနော်၊ သူ့ပုဂ္ဂိုလ် ကြီးက မင်းကို ဘယ်နေရာတွေ့တွေ့ အမွှန်ချေမယ်တဲ့''

''သတိတော့ထား ရာဇာ၊ ဦးအောင်ပွားက ဖ့မသေးဘူးနော်၊ သူ့ရဲ့လက်ရုံးတပည့် လူမိုက်တွေ အများကြီးရှိတယ်''

အဖော်အပေါင်းတွေက သတိပေးသလို သူလည်း သတိထား ရှောင်တိမ်းနေခဲ့ရသည်။ ကံကောင်းချင်တော့ ထိုအချိန်မှာပဲ ကိုထည် အားအက်ဆီးဒင့်ဖြစ်သည့်သတင်းကို ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ရင်ဆိုင်နေရသော အန္တရာယ်က လွတ်ကင်းနိုင်မည့် တစ်ဦးတည်းသော အားကိုးရာအဖြစ် ကိုထည်ဆီ ထွက်ခဲ့တာ ဖြစ်သည်။ ကိုထည့် အခြေအနေက ထင်ထားသည်ထက်ဆိုးကာ အမြင်အာရုံတွေ ထိခိုက်ခံထားရသည်တဲ့။

သူ ရန်ကုန်မှာပဲ အခြေချဖို့ ဖြစ်လာခဲ့သည်။ ကိုထည်ရဲ့ပိုင်ဆိုင်မှုတွေက ဆယ်သက်စားမကုန်အောင် များပြားတာ သူသိပါသည်။ ဥစ္စာဓန ရတနာအမွေများသာမက လုပ်ငန်းတွေကပဲ အများကြီးဖြစ်သည်။

ဒါပေမဲ့ ကိုထည်ကလည်း သူ့ကို အပြည့်အဝ မယုံကြည်ပါ။ လုပ်ငန်းတွေကို လေ့လာခွင့်ပြုထားပေမယ့် သူ ဘာမှလုပ်ပိုင်ခွင့်မရှိပါ။ ကိုထည်ရဲ့လူယုံတော်တွေကပဲ အားလုံး ဦးဆောင်နေတာဖြစ်သည်။

ကုမ္ပဏီပိုင်ရှင် ဦးနေမင်းထည်ဝါ၏ညီငယ်တစ်ယောက်ဟု ဝန်ထမ်းတွေက သူ့ကိုသိထား အထင်ကြီးနေကြပေမယ့် သူ့မှာ ဘာပိုင်ဆိုင်ခံစားမှုမှမရှိသည့် ဘဝအခြေအနေ ဖြစ်သည်။

တကယ်ဆို သူသည် ဦးနေမင်းဇော်၏မွေးစားသားတစ်ယောက် ဖြစ်ခဲ့ဖူးသည်။ ဒီတော့ ရသင့်ရထိုက်တာကိုလည်း ရပိုင်ခွင့်ရှိရမည်။

ကိုထည်ဆီက သူ့ဘဝအတွက် ပြည့်စုံလုံလောက်သော အတိုင်းအတာတစ်ခုတော့ ရအောင်ယူပြီးမှ သူ ထွက်သွားဖို့ ဆုံးဖြတ်ထားသည်။ ဒါကို ကိုထည်က အလွယ်တကူ ပေးပါ့မည်လား။

ဘယ်လိုပဲဖြစ်ဖြစ် သူ့ဘက်ကတော့ မရရအောင်ယူရမှာပဲဖြစ်သည်။ လတ်တလောမှာတော့ ကိုထည် ကျေနပ်အောင် ကြည်ဖြူအောင် သူ နေပြရမည်ဆိုတာ နားလည်ပါသည်။

အခုလည်း ပန်းအခရာကိစ္စကို ကိုထည်က သို့ဝှက်ပေးထားစေချင်သည်ဆိုတော့လည်း. . . ။

သူ သို့ဝှက်ပေးထားရမည်ပေါ့။ အရေးကြီးတာက အချိန်တန်လျှင် ထိုက်တန်သော အတိုင်းအတာတစ်ခုရဖို့ပဲ လိုသည်။

သူ့အတွက် အရေးကြီးတာ ငွေပဲဖြစ်၏။ ဒါအတွက် သူ ကိုထည်အနားမှာ ရောက်နေတာပဲလေ။

■ ■ ■





www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

အရင်ကဆိုလျှင် နေ့စဉ်လိုလို ရုံးခန်းကို လာတတ်သော မင်း ရာဇာ နောက်ပိုင်းမှာ အလာကျဲသွားတာတော့ အခရာ သတိထားမိသည်။

တစ်ပတ်မှာ တစ်ရက်လောက်ပဲ ရောက်လာတတ်ကာ ဖ ရောက်လာသည့်ရက်မှာလည်း မိုးနဒီကို အပြင်ခေါ်သွားတတ်သည်။ ကြာတော့ ကုမ္ပဏီရုံးခန်းတစ်ခုလုံးလိုလို သတိထား ပြောစရာဖြစ်ေ သည်။

"ဘော့စ်နဲ့မိုးနဒီကတော့ ငြိနေပြီထင်တယ်ဟ"

"အမလေးဟယ် နင်က အခုမှ ထင်နေတုန်းလား။ သာ စာရေးမဘဝကနေ ဘော့စ်က ရုံးခန်းထဲခေါ်ပြီး စက္ကူထရီ ခန့်လိုက် ကတည်းက ငါတို့က သိနေပြီးသား"





"အင်း ငါတော့ ထင်သားပဲ၊ မိုးနဒီကလည်း အပိုင်ကို တွယ် ကပ်နေတော့တာပဲ"

"ကိုမင်းရာဇာက မိုးနဒီ တစ်ယောက်တည်း မဟုတ်တာ သေ ချာတယ်ဟ၊ ဟိုတစ်ရက်က ငါ မြို့ထဲမှာ တွေ့လိုက်တာ တခြားမိန်း ကလေးတစ်ယောက်နဲ့"

"မိုးနဒီလည်း မကြားပဲနေမလားဟယ်၊ အခုပဲကြည့် ဘော့စ် က အရင်လို နေ့တိုင်းမလာတော့ဘူး"

အားလုံးက ပြောနေကြတာတွေကို အခရာလည်း သတိထား မိပါသည်။ မင်းရာဇာ ကိုလည်း အခရာ အံ့ဩမိပါသည်။ မင်းရာဇာ ပုံကတော့ ဘယ်လိုမှ ကုမ္ပဏီလုပ်ငန်းတွေကို ဦးစီးနိုင်မည့်ပုံ မရှိပါ။

အလုပ်ကိုလည်း စိတ်ဝင်စားပုံမရှိတာ အထင်အရှား။ အန် ကယ် ဦးလွန်းမြိုင်သာလျှင် အခရာတို့ ကုမ္ပဏီမှာ အရာရာကို ဦးဆောင် ပေးနေသူ ဖြစ်သည်။

မင်းရာဇာရဲ့အစ်ကို ဦးစိုးရာဇာဆိုတာကတော့ မင်းရာဇာနှင့် ကွဲပြားခြားနားမှာ သေချာသည်ထင်ပါ၏။ ဦးစိုးရာဇာအပေါ်မှာ အန်ကယ် ဦးလွန်းမြိုင် ကိုယ်တိုင်က ရိုသေလေးစားမှုတွေ ရှိနေတာ သက်သေဖြစ် သည်။

"သူတို့က ညီအစ်ကိုတွေဆိုပေမယ့် အကျင့်စရိုက်တွေက မတူ ဘူး သမီးရဲ့၊ ဆရာလေးက တကယ် တော်တယ် ထက်မြက်တယ်၊ လုပ်ငန်းတွေအားလုံးကို ကျွမ်းကျင်နားလည်ပြီး အုပ်ချုပ်စီမံနိုင်တဲ့သူပါ၊



www.burmeseclassic.com

www.burmeseclassic.com



ဆရာလေး အခုလို အမြင်အာရုံတွေ ထိခိုက်သွားမှ မောင်မင်းရာဇာ ရောက်လာတာ''

အန်ကယ် ဦးလွန်းမြိုင် ပြောပြသမျှတော့ အခရာ သိထားပါသည်။ တစ်ခါမှ မမြင်ဖူးသေးပေမယ့် ဦးစိုးရာဇာကိုတော့ အခရာ လေးစားကြည်ညိုနေမိတာ အမှန်ပဲဖြစ်၏။

''သမီးကို အန်ကယ် တစ်ခုသတိပေးထားချင်တယ်''

''ဘာများလဲ အန်ကယ်၊ ပြောပါ အခရာ နားထောင်နေပါတယ်''

''အင်း သမီးလည်း မြင်တွေ့ကြားနေမှာပဲလေ၊ မောင်မင်းရာဇာအကြောင်းတွေကိုပေါ့။ လူငယ်ပီပီ သူကိုယ်တိုင်ကလည်း နည်းနည်း ရှုပ်တယ်၊ သူနဲ့ဆက်ဆံရင် သမီး သတိထားဖို့ အန်ကယ် မှာချင်တာပါ''

ဦးလွန်းမြိုင် နှုတ်က ဒီစကားကို ကြားရသည်ဆိုတော့ အခရာ အံ့ဩမိတာ အမှန်ပဲဖြစ်သည်။ ဒါကိုလည်း ဦးလွန်းမြိုင်က ရိပ်မိသွားပုံရ၏။

''အန်ကယ်က သမီးသိအောင် သတိပေးတာပါ၊ ပြီးတော့ သမီးသိသင့်တာကို သိထားစေချင်လို့ပါ၊ မောင်မင်းရာဇာကို သူ့အစ်ကို ဆရာလေးကိုယ်တိုင်က ယုံကြည်မှု မရှိဘူး၊ ဆရာလေးနဲ့ သူက သွေးရင်းညီအစ်ကိုတွေ မဟုတ်ဘူး၊ မင်းရာဇာကို ဆရာလေး ဖခင်က ငယ်ငယ်ကတည်းက မွေးစားထားခဲ့တာ''

ကိုယ့်အလုပ်ရှင်တစ်ယောက်ရဲ့ အတွင်းရေးကိစ္စတွေကို ဦးလွန်း





မြိုင်က အခရာ မမေးဘဲ ပြောပြနေ၏။ အခရာ အံ့ဩစိတ်ဝင်စားကာ နားထောင်ပေးမိ၏။

''မင်းရာဇာက သိပ်ဆိုးလွန်းလို့ ဆရာလေး ဖခင်က စွန့်ပစ်ခဲ့တာ ကြာပြီ၊ အခု ဆရာလေး ကားအက်ဆီးဒင့်ဖြစ်မှ သူ ပြန်ရောက်လာတာ၊ ညီအရင်းမဟုတ်ပေမယ့် သံယောဇဉ်နဲ့ ဆရာလေးက မင်းရာဇာကို ပြောင်းလဲဖို့ ကြိုးစားနေတာလေ၊ ဒါပေမဲ့ မင်းရာဇာရဲ့စရိုက်က မပြောင်းလဲပါဘူးကွယ်၊ အထူးသဖြင့် ကုမ္ပဏီဝန်ထမ်း မိန်းကလေးတွေနဲ့ ရှုပ်ထွေးနေတာ အားလုံးအမြင်ပဲ၊ မိန်းကလေးတွေကလည်း သူ့ အကြောင်းမသိတော့ အထင်ကြီးချင်ကြီးမှာပေါ့၊ အန်ကယ်က သမီး သိအောင် ပြောပြတာပါ''

''ဟုတ်ကဲ့ သမီး သဘောပေါက်ပါတယ် အန်ကယ်''

''သူတစ်ပါး ကိုယ်ရေးကိုယ်တာ ကိစ္စတွေကို အန်ကယ် မပြောသင့်ဘဲ ပြောနေတာ သမီး နားလည်ပါကွယ်''

''စိတ်ချပါ အန်ကယ်၊ သမီးကတော့ ကိုယ့်ကျေးဇူးရှင်ရဲ့ အကျိုး ကို သမီး တတ်နိုင်သလောက် ကြိုးစားပေးမှာပါရှင်''

ဦးလွန်းမြိုင် ခေါင်းညိတ်ပြသည်။ အခရာ အပေါ်မှာ သားသမီး ချင်းလို သဘောထားကာ အသိပေးခြင်းဟု အခရာ သိပါသည်။

အထူးသဖြင့် မင်းရာဇာအကြောင်းတွေကို အခရာ သိလိုက်ရ တော့မှာ မင်းရာဇာအပေါ်မှာ အထင်ကြီးလေးစားလို့ မရတော့တာ အမှန်ပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့လည်း ကိုယ့်ကျေးဇူးရှင်ရဲ့ညီတစ်ယောက်ဆိုတော့ အခရာ အလိုက်သင့်တော့ ဆက်ဆံရမှာပဲ ဖြစ်သည်။

အခရာဘဝမှာ အန်ကယ်ဦးလွန်းမြိုင် စကားတွေကို နာခံကြိုးစားရမှာ အရေးကြီးဆုံးဟု စိတ်က နားလည်သိထားပြီးဖြစ်၏။

အန်ကယ် စိုးရိမ်သလိုလည်း ဘယ်တော့မှ ဖြစ်မလာမှာသေချာ၏။ ပန်းအခရာရဲ့နှလုံးသားမှာ တစ်ယောက်ပဲ ရှိခဲ့သည်။ ထိုတစ်ယောက်ကိုပဲ ချစ်ခဲ့ဖူးသည်။

ဒါပေမဲ့ ထိုသူသည်လည်း အခရာ ဘဝထဲက ထူးဆန်းစွာ ပျောက်ဆုံးထွက်ခွာသွားခဲ့သည်။

ကံကြမ္မာက ပြန်ဆုံခွင့်ပေးလာခဲ့လျှင်တော့ အခရာ ကိုထည်ဝ်နှင့်ဆုံချင်ပါသေးသည်။ ရင်မှာ မျှော်လင့်ချက်တစ်ခုသည် အမြဲရှင်သန်နေခဲ့တာ နိုင်မြဲသော သံယောဇဉ်ကြောင့်ပါပဲ။

■ ■ ■

## အခန်း (၂၆)

အခရာ ရုံးခန်းထဲမှာ အလုပ်လုပ်နေတုန်း အန်ကယ် ဦးလွန်းမြိုင်က အရေးကြီးသည်ဆိုကာ ခေါ်တာကြောင့် လိုက်ခဲ့ရသည်။

ဘာကိစ္စဆိုတာလဲ မမေးဖြစ်ဘဲ အန်ကယ်ရဲ့ကားနှင့်လိုက်ခဲ့မိသည်။ အန်ကယ်ကိုယ်တိုင် ကားကိုမောင်းကာ တစ်လမ်းလုံး တိတ်ဆိတ်နေခဲ့သည်။

နောက်ဆုံးတော့ နှုတ်ဆိတ်နေသော အန်ကယ့်နှုတ်က စကားတို့ ထွက်ကျလာ၏။

''သမီး အန်ကယ့်စကားကို စိတ်အေးအေး နားထောင်နော်၊ ဘာမှမစိုးရိမ်နဲ့လို့ ကြိုတင် မှာထားချင်တယ်''

''ရှင် ဘာ ဘာလို့လဲ အန်ကယ်''

''သမီးလေး ဖေဖေကိုနိုင်မင်းကို ဆေးရုံတင်လိုက်ရတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဖေ ဖေဖေ ဘာဖြစ်လို့လဲဟင်"

အခရာ ရင်ထဲမှာ စိုးရိမ်ပူပန်မှုတွေ ဝုန်းခနဲ တိုးဝင်လာသည်။ ဒီရက်တွေမှာ ဖေဖေ နေမကောင်းတာတော့ သိသည်။ ဖေဖေ့ကို စောင့်ရှောက်ပေးနေသော ဦးထွန်းကြွယ် ရှိနေတာကြောင့် စိတ်ချလက်ချ အလုပ်ဆင်းခဲ့တာ ဖြစ်၏။

"မနက်ဆယ့်တစ်နာရီလောက်က သတိလစ်ပြီး တက်သလို ဖြစ်သွားလို့ ကိုထွန်းကြွယ်က ဆေးရုံပို့လိုက်တာ၊ အန်ကယ့်ဆီ ဖုန်းဆက်လို့ လိုအပ်တာ အကုန်စီစဉ်ခိုင်းထားပါတယ် သမီး မစိုးရိမ်ပါနဲ့"

အန်ကယ်နှစ်သိမ့်စကားကို ခေါင်းလေးညိတ်ပြလိုက်ရပေမယ့် အခရာ ရင်ထဲမှာ စိုးရိမ်နေမိဆဲ။

ကားလေးက ဆေးရုံကြီးရဲ့ကားစင်းမှာ ထိုးရပ်လိုက်သည်နှင့် အခရာ ကားတံခါးဖွင့်ဆင်းခဲ့လိုက်သည်။ အန်ကယ်ကလည်း အခရာ နံဘေးက ခပ်သွက်သွက် လိုက်လာသည်။

ပုဂ္ဂလိက ဆေးရုံကြီးတစ်ခုမှာ ဖေဖေ့ကိုပို့ကာ စီစဉ်ခိုင်းထားခြင်းက အန်ကယ်ရဲ့ အစီအမံတွေပဲ ထင်သည်။

သီးသန့်အခန်းထဲကို ရောက်ခဲ့တော့ ခုတင်ပေါ်မှာ ပက်လက် ရှိနေသော ဖေဖေ့အနားမှာ နာ့စ်နှစ်ယောက်က လိုအပ်တာတွေ ပြုစုနေသည်။ ဦးထွန်းကြွယ်က အခရာတို့ကို မြင်တော့ အနားလျှောက်လာ ရင်း

"စောစောက သတိပြန်ရလာတယ်၊ ခွဲစိတ်ခန်းနဲ့ ခွဲသလို





ထုတ်ပေးထားရလို့ ဟင်ပန်းပြီး ပြန်အိပ်နေတာတဲ့"

"ကဲ သမီး ဘာမှမပူနဲ့ ဟုတ်လား၊ သမီးဖေဖေအတွက် လိုအပ်တာအကုန် အန်ကယ် စီစဉ်ထားတယ်"

"ကျေးဇူးတင်ပါတယ် အန်ကယ်"

ဒီလို ပုဂ္ဂလိကဆေးရုံကြီးတစ်ခုမှာ လူနာတစ်ဦးအတွက် ကုန်ကျစရိတ် ကြီးမားတာ အခရာ သိပါသည်။ ဖေဖေ့အတွက် အန်ကယ်က စီစဉ်ပေးထားတာအတွက် ကျေးဇူးတင်ရ၏။

တစ်နေ့လုံးလည်း အန်ကယ်က အခရာနှင့်အတူ ရှိနေပေးသည်။ ဖေဖေ သတိရလာတော့ အခရာ ဝမ်းသာရသေး၏။

"ညနေကျရင် သမီး စိတ်ချလက်ချ အိမ်ပြန်လိုက်နော်၊ ဒီမှာ နာ့စ်နှစ်ယောက်အပြင် ကိုထွန်းကြွယ်လည်း ရှိမှာပဲ၊ နောက်နေ့မနက်ကျမှ သမီးကို အန်ကယ် လာခေါ်မယ်"

ဖေဖေ သတိပြန်ရလာကာ စိတ်ချရသည့် အခြေအနေမို့လည်း အခရာ ခေါင်းညိတ်လိုက်ရပါသည်။ နာ့စ်တွေ ဆရာဝန်တွေကိုလည်း ဆိုလေသေးမရှိအောင် အန်ကယ်က စီစဉ်ပေးထားသည်ပဲ။

"ဒီရက်တွေမှာ သမီး အလုပ်မလာနဲ့တော့၊ ဆရာလေးကို အန်ကယ် ပြောပြထားတယ်၊ လိုအပ်တာကိုလည်း ဆရာလေးက ကူညီပေးမယ်တဲ့"

အန်ကယ် ဦးလွန်းမြိုင် မှက်နှာနှင့် ဦးစိုးရာဇာထံကပါ အလေးထား ဂရုစိုက်ပေးသော စကားတွေ ကြားရခြင်းအတွက် အခရာ ဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



မိခဲ့၏။

ဆေးရုံပေါ်မှာ ဖေဖေ့အတွက် ငွေကြေးကအစ ဘာမှလိုအပ်မှု မရှိခဲ့ပါ။ ဒါပေမဲ့ ဖေဖေ၏ကျန်းမာရေးအခြေအနေက တိုးတက်မလာခဲ့ပါ။

"လူနာရဲ့အခြေအနေက ဒီထက်တိုးတက်မှု မရှိနိုင်ဘူး၊ ဆရာတို့ဘက်က အကောင်းဆုံးဆေးဝါးတွေနဲ့ ကုသပေးနိုင်ကြတာပဲ၊ သမီးလေးဘက်ကလည်း တတ်စွမ်းသလောက် ပြုစုခွင့်ရတာကို ကျေနပ်ခြေသိမ့်လိုက်ပါကွယ်"

"သမီးဘက်က သမီးဖေဖေအပေါ် အပြည့်အဝ တာဝန်ကျေခဲ့တာပဲကွယ်၊ သေခြင်းတရားဆိုတာ မလွန်ဆန်နိုင်တဲ့သဘောဆိုတာ သမီး သတိအသိနဲ့ လက်ခံဖြေသိမ့်ပါကွယ်"

ဆရာဝန်ကြီးနှင့်ဖေဖေ့ရဲ့ မိတ်ဆွေကြီး အန်ကယ် ဦးလွန်းမြိုင်တို့ နှစ်သိမ့်စကားတွေကြားမှာပဲ ဖေဖေ့ကို အခရာ စွန့်လွှတ်ခဲ့ရပါသည်။

အခရာကို ဖေဖေ ထားရစ်ခဲ့ပြီ။

ဖေဖေ့အပေါ်မှာ အခရာ ကျွေးမွေးပြုစုခွင့်ရခဲ့တာတွေအတွက် မျက်ရည်စတွေ ကြားကပဲ ကျေနပ်မိသလို နောက်ဆုံးခရီးကို ဖေဖေ အေးချမ်းစွာ ထွက်ခွာသွားနိုင်ခဲ့ခြင်းအတွက် ဝမ်းသာမိရမှာပဲဖြစ်သည်။

ဆေးရုံပေါ်မှာ ဖေဖေ ငါးရက်ပဲ ရှင်သန်နိုင်ခဲ့ကာ တိမ်းပါးသွားခဲ့သည်။

"သမီး ဒီက ခဏလေးစောင့်နော်၊ အန်ကယ် ဆရာဝန်ကြီးက လိုအပ်တဲ့ စာရွက်စာတမ်းတွေ သွားယူရင်း နှုတ်ဆက်လိုက်ဦးမယ်





ကြေကွဲဝမ်းနည်းစိတ်နှင့် ကျောက်ရုပ်လေးလို ဖြစ်နေသော အခရာကို အခန်းထဲမှာပဲ ထားရစ်ခဲ့ကာ လိုအပ်တာတွေကို အန်ကယ် ဦးလွန်းမြိုင်ကပဲ လိုက်ဆောင်ရွက်ပေးနေခဲ့သည်။

သိမ်းဆည်းထားသော အိတ်တွေနှင့်အတူ အန်ကယ့်ကို ထိုင်စောင့်နေတုန်းမှာ အန်ကယ် မေ့ကျန်ရစ်ခဲ့သော ဖုန်းလေးက မြည်လာတာမို့ အခရာ ကောက်ယူနားထောင်ပေးလိုက်ရသည်။

"အန်ကယ်လား ကျွန်တော်ပါ"

နားထဲမှာ ကျွမ်းဝင်ရင်းနှီးနေသော အသံတစ်ခုဟု အခရာ ထင်မိ၏။ ဘယ်သူလဲ ဝေခွဲမရနိုင်ခင်မှာပဲ အသံကို ဆက်ကြားရ၏။

"အခရာ့အဖေ အခြေအနေသက်သာရဲ့လား အန်ကယ်လွန်း၊ လိုအပ်တာအကုန် အန်ကယ်လွန်း စီစဉ်ပေးပါဗျာ၊ ကျွန်တော်ကိုယ်တိုင် လာချင်ပေမယ့် မဖြစ်နိုင်တဲ့ အခြေအနေဖြစ်နေတယ်၊ နေမင်းထည်ဝါဆိုတဲ့လူတစ်ယောက်က သူနဲ့ဆုံတွေ့ခွင့်မရှိတဲ့ အခြေအနေကြီးပါဗျာ"

"ဟင်"

အခရာ မျက်ဝန်းတွေ ဝိုင်းစက်သွားရပါသည်။ ပီပီသသ ကြားလိုက်ရသော စကားသံက နားကြားလွဲစရာ အကြောင်းမရှိပါ။

နေမင်းထည်ဝါ တဲ့။ ဒါ ကိုထည်ဝါပဲပေါ့။ ဒီအသံ တည်တည်ငြိမ်ငြိမ် နူးနူးညံ့ညံ့လေးတွေကို အခရာ ကောင်းကောင်းမှတ်မိ၏။

"အခြေအနေထူးခြားရင် လိုအပ်ရင် ကျွန်တော့်ဆီ ဖုန်းဆက်ပါ အန်ကယ်လွန်း၊ အခရာအတွက် ကျွန်တော် ဘာမဆို ပေးဆပ်ကူညီဖို့



www.burmeseclassic.com

အသင့်ပါ''

သေချာပါသည်။ ဒါ ကိုထည်ဝါရဲ့အသံတွေပါပဲ။ ဒီအသံတွေ တွေကို မကြားခဲ့ရတာ ကြာပြီဖြစ်ပေမယ့် အခရာ မှတ်မိနေဆဲ။ အခရာ နှလုံးသားကို သိမ်းပိုက်သွားခဲ့တာ အသေအချာ။

''အန်ကယ်လွှမ်း ကျွန်တော် ပြောတာ ကြားတယ်နော်၊ အခရာ ကို ဂရုစိုက်ပါ''

အခန်းထဲဝင်လာသော အန်ကယ်ဦးလွှမ်းမြိုင် ဖုန်းနားထောင် နေသော အခရာကိုမြင်တော့ ပါးစပ်အဟောင်းသား မင်သက်နေတဲ့

အခရာ အန်ကယ့်လက်ထဲကို ဖုန်းလေးကမ်းပေးလိုက်တော့ လှမ်းယူနားထောင်ရှာသည်။

''. . .''

''ဟုတ် ဟုတ်ကဲ့ပါ ဆရာလေး၊ စိတ်ချပါ ပြီးရင် ကျွန်တော် ပြန်ဖုန်းဆက်လိုက်ပါ့မယ် ခင်ဗျာ''

အန်ကယ် ဦးလွှမ်းမြိုင် ဖုန်းလေးကိုပိတ်ရင်း အခရာကို ငေး တွေကြီး စိုက်ကြည့်နေတာမို့

''အန်ကယ် သူက နေမင်းထည်ဝါ မဟုတ်လား''

''ဟို အဲ ဟို''

''အခရာကို မညာပါနဲ့တော့ အန်ကယ်၊ သူ့စကားတွေကို အခရာ နားနဲ့အခုပဲ ကြားခဲ့ရတာ၊ ကိုထည်ဝါ အသံတွေကို အခရာ မှတ်မိပါတယ်''





ဦးလွှမ်းမြိုင် ခေါင်းမညိတ် ခေါင်းမခါ ငူငူကြီးရပ်နေဆဲ။ မထင် မှတ်တဲ့ သိလိုက်ရသော အမှန်တရားကြီးအတွက် အခရာ ရင်ထဲမှာ အံ့မှိုင်တော့ ခံစားနေရတာ အမှန်ပဲဖြစ်၏။

မင်းရာဇာရဲ့အစ်ကို ဦးစိုးရာဇာဟု အခရာကို ပိပိရိရိ လိမ်ညာ သွားခဲ့တာ ဘာကြောင့်လဲ။

အသေအချာ တွေးကြည့်လျှင် အခရာ လိမ်ညာခံနေခဲ့ရတာ ကြာပြီထင်ပါရဲ့။ အခရာ ယုံကြည်လေးစားမိသော အန်ကယ်ဦးလွှမ်းမြိုင် ရဲ့နောက်ကွယ်မှာ သူ ရှိနေခဲ့တာလား။

''သ သမီး အထင်မလွဲပါနဲ့ကွယ်၊ ဆရာလေးရဲ့ဆန္ဒကြောင့် အန်ကယ် သိုဝှက်ထားခဲ့ရတာပါ''

''ဒါဆို အခရာကို အန်ကယ် ကူညီပေးနေတာတွေ အားလုံးက ကိုထည်ဝါရဲ့ပံ့ပိုးမှုတွေပဲပေါ့''

''ဟုတ်တယ် သမီး''

''ဒါ ဘာရည်ရွယ်ချက်လဲ အန်ကယ်၊ ငါ့မှာငွေကြေးပြည့်စုံ နေသာတယ်ဆိုတဲ့''

''ဟာ ဒီသဘော မဟုတ်ဘူး သမီး၊ ဆရာလေးဆန္ဒက ဒါ မဟုတ်ပါဘူး၊ အန်ကယ် အသိဆုံးပါ၊ ကဲ ဒီအကြောင်းတွေကို သမီး အိမ်ရောက်မှ အန်ကယ် ရှင်းပြမယ်၊ အခု အန်ကယ်တို့ အိမ်ပြန်ကြရ အောင်''

■ ■ ■

www.burmeseclassic.com



"ကားအက်ဆီးဒင့်ကြောင့် အမြင်အာရုံတွေ ဆုံးရှုံးသွား

ဆရာလေးက သမီးနဲ့ဆုံတွေ့ဖို့ တွန့်ဆုတ်သွားခဲ့တယ်၊ ဒါပေမဲ့ ပန်း

ဆိုတဲ့ မိန်းကလေးကို ကူညီပေးဖို့အတွက် အန်ကယ့်ကို ယုံကြည်

စေခိုင်းခဲ့တယ်၊ သမီး လက်မခံမှာစိုးလို့ အန်ကယ့်ကို သမီးဖေဖေ

မိတ်ဆွေဟောင်းအဖြစ် စေခိုင်းခဲ့တာပါကွယ်"

အခရာ နားလည်နိုင်ပါပြီ၊ 'ဖေဖေ ဆေးရုံတက်ပြီးကတည်း

မှတ်ဉာဏ်တွေ ဝေဝါးသွားခြင်းက အန်ကယ် ဦးလွန်းမြိုင်အတွက် အ

ပြေသွားခဲ့ခြင်း ဖြစ်သည်။

"ဆရာလေးကို အထင်မလွဲပါနဲ့ သမီး၊ သူ တကယ့်ဖြူစင်

စေတနာနဲ့ သမီးကို ကူညီခဲ့တာ၊ ဘာမျှော်လင့်ချက်မှ မရှိဘူးဆို

အန်ကယ် အသိဆုံးပါ"

ဦးလွန်းမြိုင်က တောင်းတောင်းပန်ပန်လေး ဆိုနေခဲ့သည်

အခရာ ရင်ထဲက သံသယတွေလည်း ကွယ်ပျောက်ခဲ့ရတာ အမှန်ပဲ

၏။

ကိုထည်ဝါ ဘာကြောင့် အခရာဆီ ရောက်မလာခဲ့တာလဲဆို

ကိုလည်း သိခဲ့ရချိန်မှာ ရင်ထဲက ကြေကွဲဝမ်းနည်းမိသည်။

ကံကြမ္မာဆိုးကြီးတစ်ခုကြောင့် သူ အခရာဆီ ရောက်မလာ

နိုင်ခြင်းဆိုတာ အခုမှပဲ အခရာ သိလိုက်ရတော့၏။

"မောင်ထည်ဝါက အန်ကယ့်ကို ဖခင်တစ်ဦးလို အမြဲတ

တိုင်ပင်ခဲ့တယ်၊ ယုံကြည်ကိုးစားခဲ့တယ်၊ သူ့ခံစားချက်တွေကိုလည်း





တယ် အသိဆုံးပါ၊ သူ့ဘဝမှာ ဘယ်မိန်းကလေးကိုမှ မနှောင်တွယ်

ယ့် သမီးလေးကို သူ သံယောဇဉ် နှောင်တွယ်သွားခဲ့တယ်၊ ဒါပေမဲ့

အချိန်မှာမှ လူကောင်းပကတိတစ်ဦးလို အမြင်အာရုံတွေ ပြန်ပိုင်

နိုင်မလဲ မသိတဲ့အခြေအနေမှာ သမီးကို သူ မတွေ့ချင်ဘူးတဲ့၊

တစ်ယောက်အနားမှာ သမီးဘဝကို မနစ်မွန်းစေချင်ဘူးတဲ့၊ ဒါ

ကြောင့် သမီးလေးဘဝ တိုးတက်အောင် သူ နောက်ကွယ်ကပံ့ပိုးကူညီ

တာပါကွယ်၊ ဒီကိစ္စကို မင်းရာဇာ ရိပ်မိသွားတော့လည်း သမီးအတွက်

ဦးရိမ်နေခဲ့သေးတယ်"

အခရာ အားလုံးကို ရှင်းရှင်းလင်းလင်း နားလည်လိုက်ပါပြီ။

ထည်ဝါ ရင်ထဲက နှလုံးသားကို အခရာ မြင်နိုင်ခဲ့ပြီ။

တကယ်ဆို အခရာ နှလုံးသားကလည်း သူ့အပေါ်မှာပဲ ခိုင်မြဲ

တည်ရှိခဲ့တာ သေချာသည်။

'အခရာအတွက် သူ ပေးဆပ်ကူညီပေးနေခဲ့တာ တဲ့လား။

"သမီး ဆရာလေးအပေါ် နားလည်ခွင့်လွှတ်ပေးပါကွယ်"

"အခရာ နားလည်ပါပြီ အန်ကယ်၊ ကိုထည်ဝါအပေါ်မှာကော

န်ကယ့်အပေါ်မှာပါ အခရာ နားလည်ပါပြီ၊ အန်ကယ်တို့ကျေးဇူးတွေ

ကိုလည်း အခရာ မမေ့ပါဘူးရှင်"

အခရာနှုတ်က ခွင့်လွှတ်စကားကို ကြားတော့ အန်ကယ်

ဦးလွန်းမြိုင် မျက်နှာ ကြည်လင်ဝင်းပသွားခဲ့၏။

"ဝမ်းသာလိုက်တာ သမီးရယ်၊ ဆရာလေးအပေါ် သမီးလေး



www.burmeseclassic.com

www.burmeseclassic.com



နားလည်ပေးတာကို အန်ကယ် ကျေးဇူးတင်မဆုံးပါဘူးကွယ်''

''အန်ကယ်''

''ပြောပါ သမီး၊ အန်ကယ် နားထောင်နေပါတယ်''

''ဒီအကြောင်းတွေကို သမီး သိသွားပြီလို့ ကိုထည်ဝါ မသိပါစေနဲ့၊ ဒီအတိုင်းပဲ အန်ကယ် မသိဟန်ဆောင်နေပေးပါ''

''အင်းပါကွယ် အန်ကယ်ကလည်း ဒီလိုပဲ မျှော်လင့်ပါတယ် ပြီးတော့ အခုချိန်မှာ သမီး ဖေဖေအတွက် သမီး ခံစားပူလောင်နေတာတွေကို အန်ကယ် စာနာပေးနိုင်ပါတယ်''

အခရာ ပင့်သက်လေးရှိုက်မိပါသည်။ ဖေဖေရဲ့နောက်ဆုံးအချိန်အတွက် အခရာ အကောင်းဆုံး စိစဉ်ရပါဦးမည်။ ဒါတွေ ပြီးဆုံးသွားလျှင်တော့ အခရာ ပြန်လည်ပေးဆပ်ရမည့်အရာတွေအတွက် ...

■ ■ ■

## အခန်း (၂၇)

''ဗျာ ဘယ်လို အန်ကယ် ပန်းအခရာက ကိုထည်အကြောင်း သိသွားပြီ ဟုတ်လား''

သူ အထိတ်တလန့် မေးမိသည်။ ဒီအကြောင်းတွေကို ကိုထည် ဆန္ဒအတိုင်း သူ သိုဝှက်ပေးခဲ့ပါလျက် ပန်းအခရာ ဘာကြောင့်သိသွားခဲ့တာလဲ။

ဦးလွန်းမြိုင်က အသေအချာ ရှင်းပြတော့ သူ စိတ်ညစ်ညူးစွာ ခေါင်းကို ခါရမ်းမိ၏။

''ပြဿနာပဲဗျာ၊ အန်ကယ် အလေးမထားတာကြောင့် သူ သိသွားတာပဲ၊ ကိုထည် သိရင်တော့ ကျိုင်ပဲ''

''မောင်ထည်ဝါ မသိပါဘူး။ အခု အခရာလေးရဲ့ဆုံးဖြတ်ချက်က မောင်ထည်ဝါအတွက်တောင် ပိုလို့အဆင်ပြေသွားတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို အဆင်ပြေတာလဲ အန်ကယ်"

"သမီးလေး အခရာက မောင်ထည်ဝါရဲ့စေတနာနဲ့ ကျေးဇူးတရားတွေကို နားလည်ပါတယ်၊ ဒီအတွက် သူ့ဘက်ကလည်း မောင်ထည်ဝါအပေါ် ကျေးဇူးဆပ်ချင်တယ်တဲ့"

သူ မျက်မှောင်ကုပ်သွားမိသည်။ ပန်းအခရာက ကိုထည်ကို ကျေးဇူးဆပ်ချင်သည်ဆိုတာ ဘာလဲ။

"မောင်ထည်ဝါ မျက်ကြည်လွှာ ခွဲစိတ်ကုသမှုရောက်တဲ့အချိန်အထိ သမီးလေးက မောင်ထည်ဝါကို စောင့်ရှောက်ပေးမယ်တဲ့"

"ဘယ်လို အန်ကယ် ကျွန်တော် မရှင်းဘူး"

"ရှင်းရှင်းလေးပါကွယ်၊ သမီးလေးက မောင်ထည်ဝါကို နေ့စဉ်အနီးကပ် ပြုစုစောင့်ရှောက်ပေးမယ်တဲ့"

"ဟာ မဖြစ်နိုင်တာ ကိုထည် မျက်လုံးတွေက ဘယ်အချိန်မှ ကုသခွင့်ရမလဲမှ မသိတာ၊ ပန်းအခရာက ဘယ်အချိန်ထိ စောင့်ရှောက်ပေးနိုင်မှာမို့လဲ၊ ပြီးတော့ ကိုထည်က လက်ခံမလား"

"ပန်းအခရာလေးဘက်က မောင်ထည်ဝါကို စောင့်ရှောက်ပေးချင်နေတာ သေချာတယ်၊ ဘယ်လောက် အချိန်တွေ ကြာကြာ သူ တာဝန်ယူနိုင်တယ်တဲ့၊ မောင်ထည်ဝါကိုလည်း လက်ခံအောင် ဒေါက်တာဦးကောင်းသာက ပြောပေးနိုင်မှာပါ၊ ဒေါက်တာ ဦးကောင်းသာက မောင်ထည်ဝါ မျက်လုံးတွေ ကုသခွင့်မရသေးချိန်ထိ စောင့်ရှောက်ပေးရမယ့် နာ့စ်တစ်ယောက်ကို ရှိစေချင်နေတာ ကြာပြီ"





"ပန်းအခရာက နာ့စ်တစ်ယောက်မှ မဟုတ်တာ၊ ဘာနားလည်ခလဲဗျာ"

"ဒေါက်တာ ဦးကောင်းသာ ပြောတဲ့ နာ့စ်ဆိုတာ မောင်ထည်ဝါကို အမြဲအားပေးနေမယ့် တစ်ယောက်ရှိနေစေချင်တာ၊ ပြောရရင် စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုတွေပေးမယ့်သူပေါ့၊ သမီးအခရာက ဒါကိုလုပ်နိုင်မယ်လို့ အန်ကယ်တော့ ယုံကြည်တယ်"

ဦးလွန်းမြိုင်ကတော့ အလေးအနက် ယုံကြည်စွာ ဆိုနေသည်။ သူကတော့ ရှုပ်ထွေးစရာကောင်းသည့် အခြေအနေအတွက် ဘဝင်တော့မကျနိုင်ပါ။

ပန်းအခရာက ကိုထည်ကို နီးနီးကပ်ကပ် စောင့်ရှောက်ပေးမည်တဲ့လား။ ပန်းအခရာ ရည်ရွယ်ချက်က ဘာလဲ။

"ကိုထည်အနားမှာ မိန်းကလေးတစ်ယောက်က ပြုစုမှာ ဖြစ်ပါ့မလား အန်ကယ်"

"ဘာလို့ မဖြစ်ရမှာလဲ၊ တကယ့်စေတနာနဲ့ ဖေးဖေးမမရှိမယ့်သူ လိုအပ်နေတာပဲ၊ တစ်ခုရှိတယ်၊ မောင်ထည်ဝါကိုတော့ သူ စောင့်ရှောက်ပေးနေတာ မသိစေချင်ဘူး၊ ပန်းအခရာကို နာ့စ်တစ်ယောက်အဖြစ်ပဲ မောင်ထည်ဝါ သိထားစေချင်တယ်"

"ဟာ ဘာဇယားတွေလဲဗျာ၊ ကိုထည်က လိမ်ညာထားလို့ သူကလည်း ပြန်လိမ်ညာတာလား"

"ဒီသဘောတော့ မဟုတ်ပါဘူး၊ သမီးလေးက ကျေးဇူးတရားကြောင့် သူ့ကို ပြန်တုံ့ပြန်တာလို့ မထင်စေချင်ဘူးတဲ့"

www.burmeseclassic.com



သူ စိတ်ရှုပ်ထွေးစွာ ခေါင်းကိုခါရမ်းရင်း ပခုံးတွန့်မိသည်။ ပန်းအခရာရဲ့ဖခင် ဒုက္ခတကြီးဆုံးသွားတာမှ မကြာသေး ပန်းအခရာက ဘာတွေစတန့်ထွင်နေပြန်တာလဲ မသိ။

ကိုယ့်မှာလည်း ကိုယ့်ရဲ့စိတ်ရှုပ်ထွေးစရာတွေနှင့် ညစ်ညူးနေတာ ဘယ်သူမှမသိ။

မိုးနဒီက သူ့ကိုတောက်တဲ့တစ်ကောင် တွယ်ကပ်သလို ကပ်နေလို့ စိတ်ညစ်နေရသည့်ကြားထဲ ခေါင်းစားစရာတွေ လာရှုပ်နေ၏။

"ဒီကိစ္စကို မောင်မင်းရာဇာ သိအောင် ပြောပြတာပါ၊ အားလုံး အဆင်ပြေမယ်လို့ အန်ကယ် ယုံကြည်တယ်"

"ဒါဆိုလည်း အန်ကယ်တို့ ကြည့်စီစဉ်ကြပေါ့ဗျာ၊ အခုရက်တွေမှာ ကျွန်တော် ခေါင်းနည်းနည်းစားနေလို့"

အလွယ်တကူပဲ ပြောကာ သူ ခေါင်းရှောင်ထွက်ခဲ့လိုက်သည်။ တကယ်လည်း ဒီကိစ္စမှာ သူ ဆုံးဖြတ်လို့အရာထင်မှာ မဟုတ်တာ သိနေသည်။

ကိုထည်ကိုယ်တိုင်က သူ့စကားထက် ရှေ့နေတော်ကြီး ဦးလွှမ်းမြိုင် စကားကို အလေးထားတာ ဖြစ်၏။

ဒီတော့ ဘာတွေဆက်ဖြစ်လာမလဲဆိုတာ သူ စောင့်ကြည့်ဖို့ရှိသည်။ အရေးကြီးတာက သူ့ရည်ရွယ်ချက် ပျောက်မသွားဖို့ပဲ မဟုတ်လား။

■ ■ ■



## အခန်း (၂၈)

ပထမတော့ သူ လက်မခံနိုင်တာ အမှန်ဖြစ်သည်။ ဒါပေမဲ့ အန်ကယ်လွှမ်းကော သူ့ကို လစဉ်ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးနေသော ဒေါက်တာဦးကောင်းသာကလည်း တိုက်တွန်းနေတာမို့ ငြင်းသာခဲ့ပါ။

"ဘယ်နေ့ဘယ်ရက်ဆိုတာ အတိအကျ မပြောနိုင်ပေမယ့် သိပ်မကြာတော့တဲ့အချိန်မှာ မောင်ထည်ဝါရဲ့မျက်ဝန်းတွေကို အစားထိုးကုသပေးနိုင်တော့မယ်လို့ ဆရာ ပြောနိုင်ပါတယ်၊ ဒီတော့ ခွဲစိတ်ချိန်မတိုင်ခင်မှာ လိုအပ်တဲ့ ကျန်းမာမှုတွေ ပြည့်စုံကောင်းမွန်ဖို့ လိုအပ်တယ်"

"ဟုတ်တယ် မောင်ထည်ဝါ ဆရာကြီးက သူ့ရဲ့တပည့်နာ့စ်မလေး တစ်ယောက်ကို နေ့စဉ်စောင့်ရှောက်ပေးဖို့ ပြောထားတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ မိန်းကလေးတစ်ယောက် စောင့်ရှောက်တာကို ခံရမယ်"

"ဆရာ တပည့် မိန်းကလေးပါ၊ စပါယ်ရှယ်နာ့စ်တစ်ယောက်ပါ ကွဲ့"

"မဟုတ်ပါဘူး ဆရာ၊ မိန်းကလေးဆိုတော့ ကျွန်တော် အားနာနေလို့ပါ"

"ဪ မောင်ထည်ဝါရယ် သူနာပြုဆရာမပဲကွယ်၊ ဘာအားနာစရာလိုမှာလဲ၊ ပြီးတော့ ကိုယ်က ထိုက်ထိုက်တန်တန် လခပေးထားတာပဲကွာ"

သူ ခေါင်းညိတ်လက်ခံရတော့တာပဲ ဖြစ်သည်။ လက်ရှိမှာလည်း ဘယ်သူ့အကူအညီမှ မလိုချင်သေးသူရဲ့ ဝေယျာဝစ္စတွေကို အိမ်က ဒေါ်မြင့်ကပဲ စောင့်ကြည့်ကူညီပေးနေရ၏။

ကိုယ့်ထက်အသက်အရွယ်ကြီးသူတစ်ယောက်ကို စေခိုင်းနေရတာကိုလည်း သူ အားနာလှပြီ။

ဒေါက်တာ ဦးသာကောင်း စီစဉ်ပေးမှုကိုပဲ သူ လက်ခံလိုက်ရတော့၏။

"ဆရာမလေးက မနက်ရှစ်နာရီက ညနေခြောက်နာရီအထိ မောင်ထည်ဝါကို စောင့်ရှောက်တာဝန်ယူပေးမယ်တဲ့"

"သူနားရက်က ဘယ်ရက်ယူမှာလဲ အန်ကယ်လွှန်း"

"တစ်ပတ်လုံး နားရက်မယူပါဘူး ဆရာလေး နေ့စဉ် အချိန်ပြည့် ဆရာမလေးက တာဝန်ယူပေးမှာပါ"





အန်ကယ်လွှန်းစကားကြောင့် သူ အံ့သြရပါသည်။ ဒေါက်တာဦးကောင်းသာ၏တပည့်ဆရာမလေးက သူ့အတွက် အချိန်ပြည့်နီးပါး တာဝန်ယူစောင့်ရှောက်ပေးမည်ဆိုတော့လည်း အဆင်ပြေသည်ပေါ့။

မင်းရာဇာကလည်း သူ့ကို ထိုအကြောင်းနှင့်ပတ်သက်ပြီး သတိတရတော့ မေးလာဖော်ရသေး၏။

"ကိုထည်အတွက် အန်ကယ်နဲ့ဆရာဝန်ကြီးက ပြုစုစောင့်ရှောက်ဖို့ ဆရာမ ငှားထားတယ်ဆို"

"အေး ကိုယ့်အမေအရွယ်လောက်ရှိတဲ့ ဒေါ်မြင့်ကိုပဲ စေခိုင်းနေရတာ ငါ အားနာလှပြီ"

"အဟွန်း ကောင်းတာပေါ့ ကိုထည်ရာ၊ ကိုယ့်ကိုပြုစုတဲ့နာ့စ်က ငယ်ငယ်ရွယ်ရွယ်လေးမှ စိတ်ပျိုကိုယ်နုမှာပေါ့ အဟဲ"

မင်းရာဇာကို သူ မကြိုက်တာ အဲဒါတွေကြောင့်ပဲ ဖြစ်သည်။ စကားပြောလျှင် ပြောင်ပြောင်ချော်ချော် ပြောတတ်တာ ဒီကောင့်အကျင့်၊

"မင်း စကားပြောတာ စည်းလွတ်ဘောင်လွတ်ပါလား ညီ၊ ကိုယ့်အတွက် စေတနာနဲ့ လာစောင့်ရှောက်ပေးတဲ့ ဆရာမကို ငါက ဒီလိုစိတ်မျိုး ထားမယ်ထင်သလား"

"အာ ကိုထည်ကလည်း နောက်တာပါဗျာ"

"ဒါ နောက်စရာမဟုတ်ဘူးကွ၊ တစ်ခါတည်း မင်းကိုငါ သတိပေးရဦးမယ် ရာဇာ၊ မင်းအလုပ်က ဝန်ထမ်းမိန်းကလေးတွေနဲ့ ရှုပ်နေတာ ငါ သတင်းကြားတယ်နော်၊ အေး ရှုပ်ရှုပ်ယှက်ယှက် ပြဿနာတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာရင် ငါ ချွင့်လွှတ်မယ် မထင်နဲ့"

"ဟာ ဘာမှမဖြစ်ပါဘူး ကိုထည်ရာ၊ စိတ်ချ ကတိပေးတယ်"

ကတိတစ်ခု အလွယ်ပေး ခေါင်းညိတ်တတ်တာ မင်းရာဇာရဲ့ အကျင့်ဖြစ်၏။ ဒယ်ဒီကိုယ်တိုင် ဥပေက္ခာပြု စွန့်ပစ်ခဲ့တာကိုလည်း နောင်တရပုံမရှိပါ။

ဒယ်ဒီသာ သက်ရှိထင်ရှား ရှိနေလျှင် ဒီကောင့်ကို အိမ်ပေါ် ခေါ်တင်ထားသည့်အတွက် သူ့ကို ဘယ်လောက်ဒေါသထွက်မည်လဲ မသိပါ။

အခုပဲ သူ မမြင်မတွေ့နိုင်တာတောင် နားနှင့်ကြားသိနေရသော မင်းရာဇာ သတင်းတွေက ကျေနပ်စရာတစ်ကွက်မှမရှိပါ။

ကိုယ့်မှာက စိတ်ဒုက္ခရောက်စရာ အခြေအနေနှင့်ကိုယ်ဖြစ်နေသည့်အထဲ ဒီကောင့်ကိစ္စက တစ်မျောင့်။

တကယ် မလွယ်ပါလား မင်းရာဇာရယ်။

■ ■ ■

## အခန်း (၂၉)

"ဒါ ဆရာမလေး ဝတ်ရည်ချိုပါ ဆရာလေး"

အန်ကယ် ဦးလွန်းမြိုင်က မိတ်ဆက်ပေးတော့ ဆိုဖာထိုင်ခုံမှာ ထိုင်နေရာမှ သူ အခရာရှိရာကို လှည့်ကြည့်ပြုံးပြသည်။

သူ့အပြုံးတွေက ဟိုးယခင်ကအတိုင်း နွေးထွေးတည်ငြိမ်သည် ဟု အခရာ ထင်သည်။ မမြင်တွေ့ရတာ ခြောက်လကျော်ကြာပြီဖြစ်သော သူ့အသွင်သည် အခရာ မျက်ဝန်းထဲမှာတော့ မပြောင်းလဲပါ။

ဆံနွယ်တွေကတော့ ဂုတ်မှာဝဲကျနေအောင် ရှည်လျားသည်။ ဦးတော့ မုတ်ဆိတ်ကျင်စွယ်တွေက နုဖတ်သော သူ့မျက်နှာပေါ်မှာ ထင်ရှားစွာ ပေါ်လွင်နေသည်။

ဒါတွေကို မြင်တွေ့နေရတော့ အခရာ စိတ်မကောင်းပါ။ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုယ် မပြင်မဆင်ချင်လောက်အောင် သူ့စိတ်ခါတ်တွေ ထိခိုက်

ဆင်းနေသည်လား။

"တွေ့ရတာ ဝမ်းသာပါတယ် ဆရာမ"

"ဟုတ်ကဲ့ ကျွန်မလည်း ဝမ်းသာပါတယ် ကိုထည်ဝါ"

အခရာအသံကို သူ မမှတ်မိအောင် သတိထားပြောလိုက်သည်။ သူ့ရှေ့မှာ ရောက်နေတာ အခရာမှန်း သိလျှင် သူ ဘယ်လို မည်လဲ။ အခရာ သိချင်လိုက်တာ။ ဒါပေမဲ့ သူ့ကို ပြုစုစောင့်ရှောက် မည့်သူက အခရာဟု မသိစေချင်တာလည်း အမှန်ဖြစ်၏။

ကျေးဇူးတရားတွေအတွက် အခရာဘက်က ပြန်ပေးဆပ် ဆိုတာထက် အခရာရဲ့ရင်ထဲက စေတနာအမှန်ကို သူ နားလည်စေ တာကြောင့်ပဲဖြစ်သည်။

"ကျွန်တော့်အတွက် ဆရာမ တစ်ပတ်လုံး အချိန်ပေး တယ်ဆိုတော့ ဆရာမအတွက် နားချိန် ဘယ်ရှိတော့မှာလဲ"

"ပြဿနာမရှိပါဘူး ကိုထည်ဝါ၊ ဒီအလုပ်က ပင်ပန်းတဲ့အလုပ် မှမဟုတ်တာ၊ ပြီးတော့ ကျွန်မအလုပ်ကို ကျွန်မ ပျော်ပါတယ်၊ အ တကြိုးကိစ္စရှိရင်တော့ ကျွန်မ ခွင့်ရက်တောင်းပါ့မယ်"

"ဟုတ်ကဲ့ ဆရာမဘက်က အဆင်ပြေရင် ရပါတယ်၊ ကျွန် တော်ကတော့ အမှန်ပြောရရင် ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်ဘူး၊ ကျွန် တော့်ဘာသာ အဆင်ပြေအောင် နေတတ်ပါတယ်"

"ဒီလိုလည်း မဟုတ်ဘူးလေ၊ ခန္ဓာကိုယ်က ကျန်းမာသည်





တ်ကလည်း ကျန်းမာနေဖို့လိုအပ်ပါတယ်၊ ကိုထည်ဝါကို လိုအပ်တာ ညီစောင့်ရှောက်ပေးဖို့ ကျွန်မ ရောက်လာတာပါရှင်"

အခရာ စကားကို သူ ခေါင်းညိတ်ရင်း မျက်ခုံးတွေ တွန့်ကျေး သွားချိန်မှာ စူးစူးရှရှ ရေမွှေးရနံ့တွေက ထောင်းခနဲ ရှူရှိုက်မိတာမို့ အခရာလည်း လှည့်ကြည့်မိ၏။

လှေကားထစ်တွေအတိုင်း ဆင်းလာသော မင်းရာဇာကလည်း အခရာကို မြင်တွေ့သွားကာ ခပ်လွန့်လွန့်ပြုံးသွားခဲ့၏။

"ညီ မင်း ဒီနေ့ ဘယ်သွားဦးမှာလဲ"

"ဒီနေ့ သွားစရာတွေ အတော်များတယ် ကိုထည်၊ ကုန်တိုက် ဘက်လည်း မရောက်တာကြာပြီ၊ ဟိုတယ်မန်နေဂျာနဲ့လည်း တွေ့ရ ယ် ပြီးတော့"

"ကဲ တော်ပါတော့ကွာ မင်းမှာလေ့လာစရာအလုပ်တွေက ကုန်နိုင်သေးဘူးလား။ ငါက မင်းကို အလုပ်တစ်ခုမှာ တည်တည်ငြိမ်ငြိမ် ပြီး အားကိုးရလောက်တဲ့အခြေအနေမျိုး တွေ့ချင်နေတာ"

"မကြာခင်မြင်ရမှာပေါ့ ကိုထည်ရာ၊ ကျွန်တော့်အတွက် ကိုထည်အာရုံတွေ မများပါနဲ့ ကိုထည် ကျန်းမာရေးကိုပဲ ဂရုစိုက်ပါ၊ ဆရာမ ကျွန်တော့်အစ်ကိုကို ကောင်းကောင်းဂရုစိုက်ပေးပါဗျာ ကဲ သစ်ပြီ ကိုထည်ရေ"

အခရာကို တမင်ရွှတ်နောက်နောက်လေးပြောကာ မင်းရာဇာ ဆင်ဝင်အောက်က ကားဆီ လှမ်းထွက်သွား၏။ ကိုထည်ဝါက ကားစက်



www.burmeseclassic.com

www.burmeseclassic.com



နှိုးမောင်းထွက်သွားသည်အထိ နားစွင့်နေရင်း

"အန်ကယ်လွှန်း"

"ပြောပါ မောင်တည် ရှိပါတယ်"

"ညှိခြေလှမ်းတွေကို တစ်ချက်စောင့်ကြည့်ပေးပါ၊ အထူးသဖြ ရုံးကိုလာရင် မိုသတိထားပေးပါ"

"စိတ်ချပါ မောင်တည်"

"အခရာကိုလည်း ဂရုစိုက်ပေးပါဦး အန်ကယ်လွှန်း။ သူ့အ မရှိတော့ဘူးဆိုတော့ သူ အားငယ်နေမှာပဲ"

အခရာကို ရှေ့မှောက်မှာထားပြီး ကိုထည်ဝါ ဆိုနေသော အခရာ မျက်နှာပူမိသလို ဦးလွှန်းမြိုင်လည်း တားရခက်နေရှာ၏

"သူတစ်ယောက်တည်း နေနေရတာ ကျွန်တော် စိတ်မချ အန်ကယ်လွှန်း။ အခရာအတွက် အဖော်ရမယ့် မိန်းမကြီးတစ်ယော ရလောက် ရှာပေးလိုက်ပါဗျာ၊ အဆင်ပြေမယ်ဆိုရင် ဒေါ်မြကို ပို့ပေးထာ ချင်တယ်"

"အဲဒီကိစ္စအတွက် အန်ကယ် စီစဉ်နေပါတယ် မောင်ထည် ဟို ဒီမှာ ဆရာမလေးနဲ့မောင်ထည် ခြံထဲလမ်းဆင်းလျှောက်ပါလား"

အန်ကယ် ဦးလွှန်းမြိုင်ဆိုမှ သူ့ရှေ့မှောက်မှာ အခရာ ရှိနေတာ ကို ပြန်သတိရသွားပုံရသည်။

"ဪ ဆရာမ ဆောရီးနော်၊ ကျွန်တော် အာရုံလွင့်သွားလို့ ဗျာ"





"ရပါတယ် ကိုထည်ဝါ၊ ကဲ ခြံထဲလမ်းဆင်းလျှောက်ရအောင်၊ ပြောင်းပြေရင်း လေကောင်းလေသန့်လေးပါ ရှူရှိုက်ရတာပေါ့"

"အန်ကယ်လွှန်း သွားစရာရှိရင်သွားလေ၊ ကိစ္စရှိရင် ဖုန်းဆက် လိုက်ပါ"

"ကောင်းပါပြီ မောင်ထည်ဝါ၊ ဆရာမလေး ခွင့်ပြုပါဦး"

ဦးလွှန်းမြိုင် အခရာကို နှုတ်ဆက်ထွက်သွားတော့ သူ ထိုင်ခုံက ထရပ်သည်။ အခရာ လက်ကိုင်တုတ်လေးကို အလိုက်တသိ လှမ်းယူကာ သူ့လက်ထဲကမ်းပေးလိုက်၏။

"ဒီလက်ကိုင်တုတ်လေးကို ကိုင်ထား ကိုထည်ဝါ၊ လာ ကျွန်မ လက်ကို တွဲပြီးလျှောက်နော်"

သူ ရှက်ရွံ့သလို အားနာသလို တွန့်ဆုတ်ဆုတ်ဖြစ်နေတော့ အခရာကိုယ်တိုင်ပဲ သူ့လက်မောင်းလေးကို ဆုပ်ကိုင်တွဲလိုက်ရပါသည်။

အခုချိန်မှာ သူ့အတွက် အခရာ အရာရာပေးဆပ်ဖို့ ဆုံးဖြတ် ထားခဲ့ပြီး ဖြစ်သည်။ သူကတော့ အနီးဆုံးမှာရှိနေသော အခရာကို သိရှာဘဲ အဝေးက အခရာကို တမ်းတနေမည်လား။

ကိုထည်ရယ် အခရာ ပျော်လိုက်တာ။ ကိုထည်ရဲ့ချစ်ခြင်းတွေ ကို အခရာ ပိုင်ဆိုင်နေရတာ အိပ်မက်လေးမဖြစ်ပါရစေနဲ့။

■ ■ ■

သူ့ပခုံးကို ဆုပ်ကိုင်ဖေးမထားသော ဆရာမလေးလက်တွေ ကြောင့် စိတ်မှာ အားတုံ့အားနာတော့ ဖြစ်မိသေးသည်။ ဒါပေမဲ့လည်း

www.burmeseclassic.com



ကိုယ့်ကိုပြုစုကူညီပေးသူအဖြစ် စိတ်မှာ အားတုံ့အားနာတော့ ဖြစ်မိသေး သည်။ ဒါပေမဲ့လည်း ကိုယ့်ကို ပြုစုကူညီပေးသူအဖြစ် စိတ်ကတွေးမိတော့ အဆင်ပြေသွားခဲ့၏။

"ရတယ် ဆရာမ၊ ဒီခြံထဲမှာ ကျွန်တော် နေ့တိုင်းလျှောက်ရ တော့ အဆင်ပြေပါတယ်၊ ကျွန်တော့်အတွက် မစိုးရိမ်ပါနဲ့"

သူဆိုတော့ ဆရာမလေး ဝတ်ရည်ချို တွဲဖေးမထားသော လက် တွေကို လွှတ်ပေးသည်။ မနက်တိုင်း ဒေါ်မြကိုပို့နိုင်းကာ လမ်းလျှောက် ဖြစ်သော သူ့အတွက် အဆင်ပြေပါသည်။

ခြံထဲက ပန်းရနံ့လေးတွေနှင့် လေကောင်းလေသန့်ကို ရှူရှိုက် ရခြင်းက သူ့စိတ်ကို လန်းဆန်းစေတာတော့ အမှန်ပဲဖြစ်၏။

"ကိုထည်ဝါ ဒီလိုပဲ မနက်တိုင်း လမ်းလျှောက်ဖြစ်သလားဟင်"

"အားရင်တော့ လျှောက်ဖြစ်တယ် ဆရာမ၊ ဒါပေမဲ့ မလျှောက် ဖြစ်တာတော့ ကြာပြီ၊ ခြံထဲကို ဒေါ်မြ လိုက်ပို့ပေးရတာကိုလည်း အားနာ တယ်၊ ကျွန်တော်လည်း စိတ်မပါတဲ့နေ့တွေ မလျှောက်ဖြစ်ဘူး"

"စိတ်မပါတဲ့နေ့တွေ ဘာလို့လဲ ကိုထည်ဝါ"

"ဒီလိုပဲပေါ့ ဆရာမရယ်၊ တစ်ခါတလေ ကိုယ့်အဖြစ်ကိုတွေး ပြီး အားမလိုအားမရ ဖြစ်တဲ့အခါ ကျွန်တော် တစ်နေကုန် အခန်းထဲမှာ ပဲနေဖြစ်တယ်"

"အဲဒီလို မလုပ်နဲ့လေ ကိုထည်ဝါရဲ့၊ ကိုယ့်ကျန်းမာရေးအတွက် တော့ မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ်တော့ လမ်းလျှောက်ရမှာပေါ့





ပြီးတော့ ကျွန်မကိုလည်း အားမနာပါနဲ့"

အခရာ ပြောတော့ သူပြုံးကာ ခေါင်းညိတ်သည်။ ဆံနွယ်ရှည် ကြီးတွေ မုတ်ဆိတ်ကျင်စွယ်တွေနှင့် ကောင်းဘွိုင်မင်းသားရုပ်ပေါက်နေ သော သူ့အသွင်က အခရာ မျက်ဝန်းထဲမှာတော့ ကြည့်ကောင်းနေတာပဲ ဖြစ်သည်။

"ဆရာမ ကျွန်တော်တို့ ခုံတန်းလေးမှာ ထိုင်ရအောင်"

"ထိုင်လေ ကိုထည်ဝါ၊ ကျွန်မကို တွဲနော်"

ရေတမာပင်အောက်က ခုံတန်းလေးဆီကို အခရာ တွဲခေါ်ခဲ့ သည်။ သူနှင့်အတူ အခရာလည်း အတူယှဉ်ကာ ဝင်ထိုင်ပေးလိုက်၏။

"ဆရာမ နာမည်က ဝတ်ရည်ချိုနော်"

"ဟုတ်ကဲ့"

"ဆရာမမှာ မိဘဆွေမျိုးတွေ ရှိကြသလား"

"ဟင့်အင်း ကျွန်မက တစ်ကောင်ကြွက်ဆိုပါတော့"

"ဟင်_ဟုတ်လား"

သူ တွေခနဲဖြစ်ကာ ငြိမ်သက်သွားခဲ့ကာ အခရာကို သတိရ သွားတာကြောင့်လားမသိ။ မျက်မှန်နက်ထဲက သူ့မျက်ဝန်းတွေကို အခရာ မမြင်နိုင်ပါ။

"ဟုတ်ပါတယ် ကျွန်မ မိဘတွေက ငယ်ငယ်ကတည်းက ဆုံး သွားကြတာလေ"

"ဩော် စိတ်မကောင်းစရာပဲဗျာ၊ ဒါနဲ့ ဆရာမအသက် ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက်ရှိပြီလဲဟင်၊ တစ်မျိုးမထင်ပါနဲ့ ကျွန်တော် မမြင်တွေ့တော့ ခန့်မှန်းမတတ်လို့ပါ''

''ဟို ကျွန်မအသက် နှစ်ဆယ့်ခြောက်နှစ်ရှိပြီ ကိုထည်ဝါ''

''ဒါဆို ကျွန်တော့်ထက် နှစ်နှစ်လောက် ငယ်သေးတာပဲ''

သူတစ်ယောက်တည်း ရေရွတ်သလို ပြောရင်း ငေးငေးလေး ဖြစ်သွားတာကို အခရာ သတိထားမိပြန်၏။ တကယ်ဆို သူနှင့်ဒီလို ပြန်ဆုံတွေ့ရလိမ့်မည်ဟု မျှော်လင့်မထားသော အခရာအတွက် အခုလို ပြန်ဆုံခွင့်ရတာ တကယ့်ကို ဝမ်းသာစရာပါပဲ။

ဒါပေမဲ့ သူရင်ဆိုင်နေရသော အခြေအနေကြီးကတော့ အခရာအတွက် ဝမ်းနည်းစရာ ဖြစ်နေခဲ့၏။

ဖြစ်နိုင်လျှင် သူ့မျက်ဝန်းတွေ ပြန်အမြင်အာရုံရဖို့ အခရာရဲ့ မျက်ဝန်းတွေကို ပေးလိုက်ချင်ပါသည်။

အခရာ ရင်ထဲက နှလုံးသားကို ရှင်မြင်ဓာချင်လိုက်တာ ကိုထည်ဝါ။

■ ■ ■

## အခန်း (၃၀)

ဘာပဲဖြစ်ဖြစ် ဆရာမလေး ဝတ်ရည်ချိုသည် သူ့အတွက်တော့ အဖော်တစ်ယောက်လို ရှိနေခဲ့တာ အမှန်ပဲဖြစ်သည်။

မနက်တိုင်း အချိန်မှန်ရောက်လာတတ်သော ဆရာမလေးကို သူ မျှော်တတ်ခဲ့သည်။ ဆရာမလေးနှင့်အတူ ခြံထဲက ဆင်းကာ လမ်းလျှောက်စကားပြောရတာ သူ့အတွက်တော့ နေ့စဉ်ပုံမှန်အလုပ်တစ်ခုလို ဖြစ်နေခဲ့၏။

အရင်တုန်းကတော့ အိမ်ထဲက အိမ်ပြင်ထွက်ချင်စိတ် မရှိသော သူ့အတွက် အချိန်တွေက ကုန်ခဲလွန်းလှသည်။

အန်ကယ်လွှန်းရဲ့ ဖုန်းကိုမျှော် အခရာအကြောင်းတွေပဲ စဉ်းစားရင်း ချာလည်ခဲ့ရသော နေ့ရက်တွေသည် ရင်မောစရာတွေပဲဖြစ်ခဲ့၏။

ဝိုးမိုး၁၁ဓပ

www.burmeseclassic.com

www.burmeseclassic.com



သူနှင့်ဆရာမလေးကြားမှာ ရင်းနှီးမှုတွေ ခိုင်မာလာသည်နှင့် အမျှ ဆရာမလေး ဝတ်ရည်ချိုအပေါ် သူ ခင်တွယ်လေးစားလာမိသော လည်း အမှန်ပဲဖြစ်သည်။

သူ့အရိပ်အကဲကိုကြည့်ကာ သူ့စိတ်ကိုလည်း ဆရာမလေး နားလည်နိုင်သူတစ်ယောက် ဖြစ်သည်။

သူ ဖုန်းဆက်ပြီး အနက်ကယ်လွန်းနှင့် စကားပြောတာတွေကို မကြာခဏ မြင်တွေ့ကြားနေသော ဆရာမလေးက တစ်ရက်မှာ မေးသော ၏။

"ဒီနာမည်ကို ကျွန်မ ကိုထည်ဝါဆီက မကြာခဏ ကြားနေ တယ်နော်၊ ပန်းအခရာ တဲ့လား၊ နာမည်လေးက တစ်မျိုးပဲ"

"ဟုတ်တယ် ဆရာမ၊ ပန်းအခရာက ကျွန်တော့်ဘဝအတွက် အရေးပါတဲ့ မိန်းကလေးတစ်ယောက်ပဲလေ၊ ပြောရရင် ကျွန်တော် မြတ် မြတ်နိုးနိုး ချစ်ခဲ့ရတဲ့ မိန်းကလေးပေါ့"

သူ့ရင်ထဲက ခံစားချက်တွေအတွက် ဝန်ခံရင်ဖွင့်ဖြစ်တော့ ဆရာမလေးက စိတ်ဝင်တစား နားထောင်ပေးနေခဲ့သည်ထင်၏။ ဘယ်သူ့ ကိုမှ ပြောပြခွင့်မရသော စကားတွေအတွက် ဆရာမလေးကိုပဲ သူ ပြောပြမိသည်။

"အမှန်ဝန်ခံရရင် ကျွန်တော့်ဘဝမှာ မိန်းကလေးတွေနဲ့ဆုံဖူး ပတ်သက်ဖူးတယ် ဆရာမ၊ ဒါပေမဲ့ အချစ်ကို ခံစားသိတတ်ခဲ့တာ အခရာနဲ့တွေ့မှလေ၊ ဆရာမကော အချစ်ကို ခံစားဖူးသလားဗျ"





"ရှင်"

"ဩော် စပ်စုတယ်မထင်ပါနဲ့၊ ဆရာမ ခံစားဖူးမှ သိမှာမို့ပါ"

"အင်း ကျွန်မ ခံစားဖူးတာပေါ့ ကိုထည်ဝါ၊ ကျွန်မမှာလည်း မြတ်မြတ်နိုးနိုး ချစ်ခဲ့ဖူးတဲ့ယောကျ်ားတစ်ယောက် ရှိခဲ့ဖူးပါတယ်၊ အခုချိန် မှာ သူနဲ့ကျွန်မကြားမှာ ကံကြမ္မာက ခြားနားထားတယ်၊ ဒါပေမဲ့ ကျွန်မ အတွက်တော့ သူနဲ့အနီးဆုံးမှာ ရှိနေမြဲပါ"

"ဘယ်လို ဆရာမ ကျွန်တော် နားမရှင်းဘူး"

"ဩော် နှစ်ယောက်မဆုံနိုင်ပေမယ့်လည်း သူ ကျွန်မရင်ထဲမှာ အမြဲရှိနေတာကို ပြောတာပါ၊ ကိုထည်ဝါ သဘောပေါက်မလား မပြော တတ်ဘူး"

"ဟာ နားလည်ပြီ တိုက်ဆိုင်လိုက်တာ ဆရာမရယ်၊ ကျွန်တော် နဲ့အခရာကြားမှာလည်း အဲဒီအတိုင်းပဲ၊ အဲ တစ်ခုတော့ရှိတယ်၊ သူ့ကို ကျွန်တော် တွေ့နိုင်ပေမယ့် တွေ့ခွင့်မရှိဘူး"

"ဘာလို့လဲ ကိုထည်ဝါ၊ သူက ကိုထည်ဝါကို ဘာလို့ မတွေ့ချင် တာလဲ"

ဆရာမလေး မေးတော့ သူ ပြုံးပြုံးလေးပဲ ခေါင်းခါပြမိ၏။

"သူလည်း ကျွန်တော့်ကို တွေ့ချင်မှာပဲလို့ ထင်တယ်၊ ဒါပေမဲ့ ကျွန်တော်ကိုက မဆုံရဲတာပါ၊ ကျွန်တော့်ဘဝက အလင်းမဲ့နေတဲ့ဒုက္ခိတ တစ်ယောက်လေ"

ရင်ထဲမှာ အားငယ်စိတ်တွေနှင့် သူ့အသံတွေ တိမ်ဝင်သွား

www.burmeseclassic.com



ခဲ့သည် ထင်ပါသည်။

"မဟုတ်သေးဘူးထင်တယ် ကိုထည်ဝါ၊ အဲဒါက ရှင်နဲ့သူကြား က ချစ်ခြင်းနဲ့မဆိုင်ဘူးထင်တယ်၊ ပြီးတော့ ကိုထည်ဝါ မျက်လုံးတွေက တစ်သက်လုံး မှေးလင့်ချက်မဲ့နေတာမှ မဟုတ်တာ၊ တစ်ချိန်မဟုတ် တစ်ချိန် ပြန်ကောင်းမှာပါ"

"ဘာပဲဖြစ်ဖြစ် မသေချာတဲ့အချိန်ကာလတစ်ခုအတွက် ကျွန် တော် သူ့ကို စိတ်ဒုက္ခမပေးရက်ဘူးလေ"

"စိတ်မဆိုးနဲ့နော် ကျွန်မ တစ်ခုပြောချင်တယ်"

"ပြောပါ ဆရာမ၊ ဆရာမနဲ့ကျွန်တော်ပဲ စကားပြောဖော်ရှိတာ ပဲလေ၊ ကျွန်တော် အလေးအနက် နားထောင်ပေးမှာပါ"

"တခြားမဟုတ်ပါဘူး၊ အခု ကိုထည်ဝါ ပြောနေတာတွေက ကိုထည်ဝါဘက်က ခံစားချက်၊ ထင်မြင်ချက်တွေ ဖြစ်နေတယ်၊ တကယ် ဆို တစ်ဖက်ကိုလည်း ထည့်စဉ်းစားသင့်တယ် ထင်တယ်"

ဆရာမလေး စကားကြောင့် သူ တွေခနဲ ဖြစ်ရသေး၏။ အခရာ ဘက်က ဆရာမလေး တောင်းဆိုနေခြင်းလား။

"ဆရာမက အခရာဘက်က ခံစားပေးဖန်တာလားဟင်"

"ဆိုပါတော့ ကိုထည်ဝါ၊ ကျွန်မက မိန်းမသားဆိုတော့ မိန်းမ သားနေရာက ခံစားကြည့်မိတာပါ၊ တကယ်တမ်း ပန်းအခရာက ကိုထည် ဝါကို ငြင်းဆိုခဲ့တယ်ဆိုရင်တော့ သူ တကယ်ချစ်တာ မဟုတ်ဘူးလေ အချစ်ဆိုတာ ဘာမှမပါတဲ့ အဖြူထည်သက်သက်ပါ"





"ဆရာမ စကားကို ကျွန်တော် လက်ခံတယ်၊ ကျွန်တော် ကြောက်နေတာ အခရာက ကျွန်တော့်ကို လက်ခံလိုက်မှာကိုပဲ၊ ဘာလို့ လဲဆိုတော့ ကျွန်တော့်ရဲ့ဝဋ်ဒုက္ခကြီးသူကို မပေးချင်ဘူး၊ ဆရာမ မသိ သေးတာက ပန်းအခရာက မာနကြီးတယ်၊ သူ့အနာဂတ်အတွက် ရည် မှန်းချက်တွေ အများကြီးရှိတယ်၊ ကျွန်တော်ကြောင့် သူ့ရည်ရွယ်ချက် တွေ မနှောင့်နှေးချင်ဘူးဗျာ"

သူ့စကားတွေကို ဆရာမလေး နားလည်နိုင်မည်လား မသိပါ။ ဘာပဲဖြစ်ဖြစ် ဆရာမလေး ဝတ်ရည်ချို့ရဲ့နှလုံးသားကိုတော့ သူ လေးစား မိ၏။

"အချစ်ကို ခံစားတတ်တဲ့ ဆရာမလေး ခံစားချက်ကို ကျွန် တော် လေးစားပါတယ်၊ ဆရာမလေးရဲ့ချစ်သူကတော့ ကံကောင်းပါ တယ်၊ ဖြူစင်တဲ့ဆရာမလေး နှလုံးသားကို သူ ပိုင်ဆိုင်ရလို့ပေါ့"

"ပန်းအခရာလည်း ကံကောင်းပါတယ် ကိုထည်ဝါ၊ ဘာလို့လဲ ဆိုတော့ ကိုထည်ဝါရဲ့ အချစ်ကို သူ ပိုင်ဆိုင်ထားရလို့လေ"

"အင်း အခွင့်ရရင် ဆရာမလေး ချစ်သူနဲ့ ကျွန်တော် ဆုံချင် သေးတယ်၊ ဆရာမကိုလည်း အခရာနဲ့ မိတ်ဆက်ပေးချင်ပါတယ်၊ ဒါ ကျွန်တော့်ရဲ့ကံတရားအပေါ် မူတည်တာပေါ့ဗျာ၊ ကျွန်တော့်မျက်ဝန်း တွေ အမြန်ဆုံးပြန်အလင်းရခွင့်ရှိရင်လေ"

"ကျွန်မ ဆုတောင်းပေးပါတယ် ကိုထည်ဝါ၊ ရှင့်မျက်ဝန်းတွေ အမြန်ဆုံး ပြန်ကောင်းပါစေ"



www.burmeseclassic.com

www.burmeseclassic.com



သူ ကျေနပ်စွာ ပြုံးရင်း ခေါင်းလေးညိတ်ပြမိ၏။ ပြောချင်သော စကားတွေ ပြောခွင့်ရလိုက်တာမို့ သူ့ရင်ထဲမှာတော့ ပေါ့ပါးသွားခဲ့သည်။

သူမျက်ဝန်းတွေသာ ပြန်မြင်ခွင့်ရလျှင် အရင်ဆုံး မြင်တွေ့ချင်တာ ပန်းအခရာ။ ပြီးတော့ ဆရာမလေး ဝတ်ရည်ချို ...॥

■ ■ ■

## အခန်း (၃၁)

"ဟား ကိုထည် အပြတ်လန်းနေပါလား"

သူ ညှိခန်းထဲမှာ ထိုင်နေတုန်း မင်းရာဇာ ရောက်လာကာ ပြောလိုက်သော စကားကြောင့် နည်းနည်းတော့ ထူထူပူပူ ဖြစ်သွားရသည်။

"ဘယ်လို စိတ်ကူးနဲ့မှတ်ဆိတ်ပါးသိုင်းတွေ ရိတ်ပစ်လိုက်တာလဲ ကိုထည်ရ"

"ဘာဖြစ်လို့လဲကွ သိပ်ရှည်နေပြီလေ၊ အကြည့်ရဆိုးနေပြီထင်လို့ ရိတ်ပစ်လိုက်တာ"

"ဘာလို့လဲ ကိုထည် ဆရာမလေးက မှတ်ဆိတ်ပါးသိုင်းတွေနဲ့ ကြည့်မကောင်းဘူး ပြောလို့လား အဟွန်း"

စိုးမိုး ၁၇၆၀

www.burmeseclassic.com

www.burmeseclassic.com



မင်းရာဇာ စကားကြောင့် သူ့မျက်နှာကြီး ရဲခနဲ ဖြစ်သွားမှာ တော့ သေချာသည်။ ဒီကောင် စကားပြောလျှင် ဘယ်တော့မှ အနှောင့် အသွား မလွတ်ပါ။

"ရာဇာ မင်းစကားပြောရင် ဆင်ခြင်စမ်းကွာ၊ ဆရာမလေး ကြားသွားရင် ဘယ်လိုထင်မလဲ"

"ဘာဖြစ်လို့လဲ ကိုထည်ရဲ၊ ကျွန်တော်က ရိုးရိုးသားသား နောက် တာပါဗျာ"

"နောက် ဒီလိုမနောက်နဲ့၊ ငါ မကြိုက်ဘူး။ နေပါဦး မင်းက အပြင်ထွက်ဦးမှာလား ဒီနေ့ ဆန်းဒေးပိတ်ရက်မဟုတ်လား"

"သွားစရာရှိလို့ ကိုထည်၊ ဒီတနင်္ဂနွေတစ်ရက်လေးပဲ ကျွန်တော့် မှာ နားရတာလေဗျာ"

သူ ဘာမှမပြောချင်တော့ပါ။ မင်းရာဇာနှင့်ပတ်သက်ပြီး ထ ကယ်ကို ဘာမှ မပြောချင်တော့တာ အမှန်။ သူ့ဆီကို ရောက်ရှိနေတာပဲ ခြောက်လကျော်နေပြီ။ ဒီအချိန်ထိ ဒီကောင့်မှာ ဘာတိုးတက်မှုမှ မရှိ။

ကြားနေရသော သတင်းတွေက တစ်ခုမှ ကောင်းကွက်မရှိ။

"ကိုထည် ဘာပြောစရာရှိသေးလဲ"

"မရှိပါဘူး ရာဇာ၊ မင်းသွားလို့ရပါပြီ"

"အိုကေ ကိုထည်"

ဆင်ဝင်အောက်ကို လျှောက်သွားသော ဖိနပ်သံကို ကြား သည်။ ပြီးတော့ ကားစက်နှိုးမောင်းထွက်သွားသံကို ကြားသည်။ သူ





ဝင့်သက်ကိုရှိုက်မိ၏။

မင်းရာဇာကို ဥပေက္ခာပြု လွှတ်ပေးထားသလို ဖြစ်နေပြီလား။ ခက်တာက ကိုယ်ကိုတိုင်ကလည်း သူ့ကို အရိပ်ကြည့် အုပ်ချုပ်ဖို့မဆို ထားနှင့် ကိုယ့်ဘာသာ ရှင်သန်မတ်တည်ဖို့ ကြိုးစားနေရသည့် အခြေ အနေ။

မင်းရာဇာက ဒါကို အခွင့်ကောင်းယူကာ နေချင်သလိုနေ သွားချင်တိုင်းသွားနေတာတော့ သေချာသည်။

"မင်္ဂလာ နံနက်ခင်းပါ ကိုထည်ဝါ"

အသံချိုချိုနှင့်နှုတ်ဆက်သံလေးက သူ့အတွေးတွေကို ရပ်တန့် ခဲ့လိုက်သည်။ ဆရာမလေး ဝတ်ရည်ချို ရောက်လာပြီ။

"သြော် ဆရာမ မင်္ဂလာပါဗျာ၊ ဆရာမ ဒီနေ့ နည်းနည်း နောက်ကျတယ်နော်"

"ဟုတ်ကဲ့ ကိုထည်ဝါ၊ ဒီနေ့ကျွန်မမွေးနေ့မို့ အိမ်မှာ ဘုရား ဆွမ်းကပ် ပန်းဆီမီးပူဇော်နေလို့ပါ"

"ဟင် ဆရာမ မွေးနေ့လား။ မနေ့ကတော့ ကြိုမပြောဘူးဗျာ"

"အဟင်း ဘာဖြစ်လို့လဲ ကိုထည်ဝါ ဘာစားချင်လို့လဲ ပြော ဆေး၊ ကျွန်မ ဝယ်ကျွေးပါ့မယ်"

"ဟာ စားချင်လို့ မဟုတ်ပါဘူးဗျာ၊ ဆရာမအတွက် မွေးနေ့ လက်ဆောင် တစ်ခုခု စီစဉ်ပေးချင်လို့ပါ"

"ရပါတယ် ကိုထည်ဝါရယ်၊ ဘာမှမလိုပါဘူးရှင် ဒီနေ့ ကိုထည်



www.burmeseclassic.com

www.burmeseclassic.com



ဝါကြည့်ရတာ ပိုပြီးလန်းဆန်းနေသလိုပဲ၊ မုတ်ဆိတ်ပါးသိုင်းတွေ ရိတ်ပစ်လိုက်လို့ထင်တယ်''

''တော်တော်ရှည်နေပြီထင်လို့ ရိတ်ပစ်လိုက်တာ ဆရာမ အရမ်းရှည်နေတော့ မနေတတ်ဘူးလေ''

''ကောင်းပါတယ် ကိုထည်ဝါကို အဲဒါတွေ ရှင်းပစ်လိုက်ဖို့ ကျွန်မတောင် အကြံပေးမလို့၊ အခုတော့ တကယ် ရှင်းသန့်သွားတာပဲ''

သူ ယဲ့ယဲ့လေးပဲ ပြုံးနေလိုက်ပါသည်။ တမင် မရိတ်သင်ဘဲ ထားခဲ့သော မုတ်ဆိတ်ပါးသိုင်းတွေကို ဒီမနက်ပဲ သူ ရိတ်သင်ပစ်လိုက်တာ ဖြစ်သည်။

''ဆရာမ မွေးနေ့ဆိုတော့ ဘုရားတွေဘာတွေ မသွားဘူးလား''

''ကိုထည်ဝါ အတူလိုက်မယ်ဆိုရင် ကျွန်မ ဘုရားသွားမယ်လေ ပြီးရင် ကိုထည်ဝါကို ကျွန်မ မနက်စာကျွေးပါရစေ''

ဆရာမလေး တောင်းဆိုတော့ သူ တွေခနဲ ဖြစ်ရသည်။ ဒီ မျက်လုံးတွေ အလင်းမဲ့ကတည်းက သူ အပြင်ကို တစ်ခါမှ မထွက်ဖြစ်ခဲ့တာ ခြောက်လကျော်နေပြီ။

''ကျွန်တော် အပြင်မထွက်တာ ခြောက်လကျော်ပြီ''

''ဒီနေ့တော့ထွက်လိုက်လေ၊ ကျွန်မ အနားမှာရှိနေတာပဲ ဘာမှ မစိုးရိမ်ပါနဲ့၊ ဘုရားသွားမယ်၊ ပြီးရင် မနက်စာစားပြီး ပြန်ကြရုံပဲလေ''

''ဟုတ်သားပဲ မောင်ထည်ဝါ တစ်ခါတလေ အပြင်ထွက်ကြည့်ပါလား။ မောင်ထည်ဝါတို့ သွားမယ်ဆိုရင် အန်ကယ် လိုက်ပို့ပေးမယ်''





အန်ကယ်လွင်နီး ရောက်လာပြီထင်သည်။ တနင်္ဂနွေပိတ်ရက်ဆိုလျှင် သူ့ဆီကို အန်ကယ်လွင်နီး ပုံမှန်ရောက်တတ်ပါသည်။ အခရာရဲ့ အကြောင်း သူ သိချင်တာတွေ အန်ကယ်လွင်နီး ပြောပြတတ်၏။

''ဩော် အန်ကယ်လွင်နီး ထိုင်လေ''

''ဆရာမလေး မွေးနေ့လို့ အန်ကယ်ကြားလို့ ဒီနေ့ ဆရာမလေးမွေးနေ့လား''

''ဟုတ်တယ် အန်ကယ်၊ ဘုရားသွားပြီးရင် အန်ကယ်နဲ့ကိုထည်ဝါကို မနက်စာကျွေး ဒါနပြုချင်လို့ ကိုထည်ဝါကို ပြောနေတာ''

''ဟာ ကောင်းတာပေါ့ ကဲ လက်ခံလိုက်ပါ မောင်ထည်ဝါ၊ ဆရာမလေးရဲ့ဒါနကုသိုလ် ပြည့်သွားအောင်''

နောက်ဆုံးတော့ အန်ကယ်လွင်နီး ကိုယ်တိုင် တိုက်တွန်းကာ လိုက်ပို့ပေးမည်ဆိုတာကြောင့် သူ လက်ခံလိုက်ရတော့သည်။

■ ■ ■

အန်ကယ်လွင်နီး ကိုယ်တိုင် ကားမောင်းကာ ရွှေတိဂုံဘုရား လိုက်ပို့ပေးသည်။ နှိုနှစ်ရောင် ရှပ်ဖြူလည်ကတုံးလက်ရှည်နှင့် အနက်ရောင် ကွက်စိပ်ပုဆိုးမှာ အဖြူပွင့်လေးတွေ ဖောက်ထားသော ပုဆိုးနှင့် ကိုထည်ဝါက ရှင်းသန့်ကြည်လင်နေသည်။

ဆံပင်ရှည်ရှည်တွေကို နောက်လှန်ဖြီးသင်ကာ ခလယ်ခွဲဆန်ချင်သယ့် ကိုထည်ဝါ ရုပ်သွင်က ရင့်ရော်မသွားခဲ့ပါ။

စိမ်းဖန့်နေသော ပါးသိုင်းမုတ်ဆိတ်ရာစိမ်းစိမ်းတွေကြောင့်



www.burmeseclassic.com

ယောက်ျားပီသ ခန့်ထည်နေခဲ့သည်။

ခြောက်လကျော်အတွင်းမှာ ပထမဆုံး အပြင်ထွက်ခြင်းကြောင့် ကိုထည်ဝါ စိတ်တွေ နည်းနည်းတော့ လှုပ်ခတ်နေပုံရသည်။ အနက်ရောင်မျက်မှန်တပ်ဆင်ထားသော မျက်နှာကတော့ တည်ငြိမ်လို့ရှိဆဲ။

"ဆရာမ မွေးနေ့မှာ ဆရာမချစ်သူ ရောက်မလာဘူးလား"

ကိုထည်ဝါ သတိတရ မေးလာတော့ အခရာ ချက်ချင်း ဘာဖြေရမှန်းမသိဖြစ်သွားရသေး၏။ ပြီးမှ နွေးနွေးလေး ပြုံးမိရင်း

"ဟင့်အင်း သူ မလာနိုင်ဘူး ကိုထည်ဝါ၊ ဒါပေမဲ့ ကျွန်မအနားမှာ သူ အမြဲရှိနေတယ်လို့ ကျွန်မ ယုံကြည်ပြီးသားပါ"

အခရာ စကားကို သူ လက်ခံသလို ခေါင်းလေးညိတ်ကာ ပြုံးနေသည်။ အခရာ ရင်ကို နွေးထွေးလှိုက်ဖိုစေသော ထိုအပြုံးတွေကို အခရာ မြတ်နိုးစွဲလန်းခဲ့ရတာပဲဖြစ်၏။

မုခ်ဝက ကားစတင်းမှာ ကားလေးထိုးရပ်ပြီးတော့ အန်ကယ်လွှန်းက သူ့ကိုမေးသည်။

"မောင်ထည်ဝါ ဓာတ်လှေကားနဲ့တက်မှာလား"

"လမ်းလျှောက်တက်ကြည့်ချင်တယ် အန်ကယ်လွှန်း၊ ကျွန်တော့်ကို တွဲထိန်းပေးရင် အဆင်ပြေပါတယ်"

စောင်းတန်းက လှေကားထစ်တွေအတိုင်း သုံးယောက်သားအတူတက်ဖြစ်ခဲ့ကြသည်။ ကိုထည်ဝါကို အခရာနှင့်အန်ကယ် ဘေးတစ်ဖက်တစ်ချက်ဆီက တွဲခေါ်ခဲ့သည်။





ဘုရားရင်ပြင်ပေါ်အထိ ရောက်ခဲ့တော့မှ

"ကိုထည်ဝါ မောသွားပြီလား"

"မမောပါဘူး ဆရာမ၊ ရွှေတိဂုံဘုရားကို မရောက်ဖြစ်တာကြာပြီ၊ စိတ်ထဲမှာ အေးချမ်းသွားသလိုပဲ"

"ကျွန်မတို့ ဘုရားဝတ်ပြုရအောင်နော်၊ ပြီးရင် ရင်ပြင်ကိုပတ်ပြီး ပူဇော်တာပေါ့"

အန်ကယ်လွှန်း ဝယ်လာပေးသော ပန်းတွေ၊ အမွှေးတိုင်၊ ဖယောင်းတိုင်တွေနှင့် ရုပ်ပွားတော်မှာ ကပ်လှူပူဇော်ဝတ်ပြုဖြစ်သည်။ ပြီးမှ ရင်ပြင်တစ်ပတ်လှည့်လည်ဖြစ်ကြတော့

"အခရာအတွက် ကျွန်တော် လှူချင်တယ် အန်ကယ်လွှန်း"

"အန်ကယ် စီစဉ်ပေးမယ် မောင်ထည်ဝါ၊ ဟောဟို အရိပ်မှာ ခဏထိုင်နားရင်း စောင့်လေ"

သူက ပန်းအခရာအတွက် ငွေငါးသိန်းလှူသည်။ အခရာ မှတ်ဆိတ်ငြိမ်သက်စွာ ငေးကြည့်ရင်း ရင်ထဲမှာ ကြည်ကြည်နူးနူးလေး ခံစားရ၏။ သူ့ချစ်ခြင်းတရားတွေက အခရာအပေါ်မှာ အမြဲ သတိတရ ရှိနေခဲ့တာ သေချာ၏။

"ကိုထည်ဝါက ပန်းအခရာကို သိပ်ချစ်တယ် ထင်တယ်"

"ဆရာမရယ် ကျွန်တော့်နှလုံးသားမှာ အခရာပုံရိပ်ပဲ ရှိခဲ့တာပါ"

ပြောရင်း သူ့ခါးကြားမှ ဟန်းဖုန်းလေးကိုထုတ်ကာ ခလုတ်

www.burmeseclassic.com



လေးတွေကို စမ်းနှိပ်သည်။ ပြီးတော့ အခရာဆီ ကမ်းပေး၏။

"သူ့ကို ဆရာမ မြင်ဖူးစေချင်လို့ပါ၊ သူနဲ့ကျွန်တော် နောက်ဆုံးတွေ့ကြတုန်းက ကျွန်တော် တောင်းဆိုရိုက်ထားတဲ့ ပုံလေးလေ"

အခရာ ရင်ထဲမှာ နင့်ခနဲ ခံစားရပါသည်။ ဒီပုံရိပ်လေးကို အခရာဆီက ခွင့်တောင်းကာ သူရိုက်ခဲ့တော့ အခရာ ရှက်ပြုံးလေးနှင့် ခွင့်ပြုခဲ့သော ပုံရိပ်လေး။

"ဒီပုံရိပ်လေးကို ကျွန်တော် ကြည့်ရှုခွင့်မရပေမယ့် ကျွန်တော့် ရင်ထဲမှာ အခရာပုံရိပ်လေးက အမြဲတည်ရှိနေတာပါ ဆရာမ"

အခရာအပေါ် သူ့ချစ်ခြင်းက ခိုင်မြဲတည်တံ့သလို အခရာ နှလုံးသားကလည်း သူ့အပေါ် ခိုင်မြဲရှင်သန်နေသည်ဆိုတာ သူ သိစေချင်ပါသည်။ သူ့မျက်ဝန်းတွေ ဘယ်တော့မှ ပြန်မြင်ခွင့်မရှိခဲ့ဖူးဆိုလျှင်တောင် အခရာ သူ့အနားမှာ တစ်သက်လုံး ရှိနေပေးချင်ပါသည်။

'အချစ်ဆိုတာ ပေးဆပ်ခြင်းဟု သူကော အခရာရဲ့နှလုံးသား ကိုယ်စီက ယုံကြည်ထားခဲ့တော့လည်း . . .။

■ ■ ■



## အခန်း (၃၂)

ညှော်ခန်းထဲမှာရှိနေသော သူ အားလုံးမျက်နှာတွေမှာ ကိုထည် အတွက် ဝမ်းသာကြည်နူးစိတ်တွေ ရောင်စဉ်ဖြာဝေနေကြသည်။ ဆရာဝန်ကြီး ဦးသာကောင်းကိုယ်တိုင်လည်း ကိုထည်အတွက် အပျော်ရိပ်တွေ သွက်သမ်းလျက်။

"တကယ့်ကို ဝမ်းသာစရာ သတင်းပါ မောင်ထည်ဝါ၊ မောင်ထည်ဝါရဲ့အမြင်အာရုံတွေ မကြာခင်မှာ ပြန်ပိုင်ဆိုင်ရတော့မှာပါ"

"ကျေးဇူးအထူးတင်ပါတယ် ဒေါက်တာ၊ ဒီသတင်းကို ကျွန်တော် မျှော်လင့်နေခဲ့တာပါဗျာ"

"အင်း မောင်ထည်ဝါ သိပ်ကံကောင်းပါတယ်၊ ဒီလို မျက်ကြည်လွှာအလှူရှင်ဆိုတာ သိပ်ရှားပါးတယ်၊ မောင်ထည်ဝါတို့လို အမြင်အာရုံ



www.burmeseclassic.com

www.burmeseclassic.com



ကင်းမဲ့နေသူတွေကို အလှည့်ကျ ကုသပေးရတာလေ။ မကြာခင်မှာ မျက်ကြည်လွှာအလှူရှင်ရဲ့ကျေးဇူးနဲ့ မောင်ထည်ဝါ ခွဲစိတ်ကုသခွင့်ရတော့မှာပါ''

''ကျွန်မလည်း ဝမ်းသာပါတယ် ကိုထည်ဝါ''

ပန်းအခရာကလည်း ကြည်နူးမျက်နှာလေးနှင့် ဆိုနေသည်။ အနံကယ် ဦးလွန်းမြိုင်သည်လည်း အတိုင်းမသိ ကြည်နူးစိတ်တွေနှင့် ရှိနေချိန်မှာ သူကတော့ ခေါင်းတွေ မူးချင်နေ၏။

ကိုထည် မျက်ဝန်းတွေ မကြာခင် ခွဲစိတ်ကုသခွင့်ရတော့မည် တဲ့။ ဒါဆိုလျှင် ကိုထည်ရဲ့အမြင်အာရုံတွေ ပြန်ကောင်းလာတော့မှာပေါ့။

ဒါ သူ့အတွက်တော့ ဘယ်လိုမှ ဝမ်းသာစရာသတင်းတစ်ခု မဟုတ်နိုင်တာ အမှန်။

ကိုထည်သာ အမြင်အာရုံတွေ ပြန်ပိုင်ဆိုင်ခွင့်ရသွားလျှင် သူ ရင်ဆိုင်ရမည့် ပြဿနာတွေက အများကြီးဖြစ်သည်။

အထူးသဖြင့် ငွေကြေးပြဿနာတွေက ဘူးပေါ်သလို ပေါ်တော့ မှာ သေချာနေသည်။

ခြောက်လကျော်ကာလလေးမှာ သူ သုံးဖြုန်းထားခဲ့သော ပမာဏက နည်းနည်းနောနောမဟုတ်ပါ။

ကိုထည် ပိုင်သော ဟိုတယ်တစ်ခုမှ သူ ယူသုံးထားသော ငွေကပဲ သိန်းငါးရာအထက်မှာရှိသည်။ အရောင်းကုန်တိုက်တချို့မှာ လည်း ရှိသေးသည်။





စာရင်းတွေ စုပေါင်းလိုက်လျှင် သိန်းတစ်ထောင်က အနည်းဆုံးရှိနိုင်သည်။

ဒီလောက်ငွေကြေးက ကိုထည်လို လူတစ်ယောက်အတွက် ဘာမှ ပြဿနာမဟုတ်ပေမယ့် သူ့အတွက်တော့ ရင်ဆိုင်ရမည့် ပြဿနာတွေက ကြီးမား၏။

ကိုထည် ကိုယ်တိုင်က သူ့ကို ယုံကြည်မှုရှိတာ မဟုတ်ပါ။ ပြီးတော့ ကိုထည်ရဲ့လူယုံတော်အများစုကလည်း သူ့ကိုမယုံကြည်တာ သူအသိဆုံး။

ဟိုတယ်လုပ်ငန်းက ကိုသိန်းဇော် တစ်ယောက်ကိုတော့ သူ ကိုယ့်ဘက်ပါအောင် စွဲဆောင်နိုင်ခဲ့၏။

ကိုသိန်းဇော်ကလည်း သူနှင့် စိတ်တူကိုယ်တူ ဝါသနာတူတော့ သေူတော်ချင်း ပေါင်းဖက်မိတာကြောင့်ပဲဖြစ်သည်။

သူ အလိုရှိ၍ တောင်းလိုက်တိုင်း ကိုသိန်းဇော်က လက်မတွန့်ခဲ့ပါ။ ဒါပေမဲ့ သတိပေးစကားတော့ အမြဲပြောတတ်၏။

''ကြည့်လည်းလုပ်နော် ရာဇာ၊ ဒီစာရင်းတွေကို ကိုယ်က အကြာကြီးသိုဝှက်ထားလို့ မရဘူး။ တစ်ချိန်မှာ ကိုထည်ဝါ စစ်ဆေးလာရင် ရှင်းလင်းပေးရမှာ''

''မပိုးရိမ်ပါနဲ့ဗျာ၊ အချိန်တန်လို့ အဆင်ပြေနေရင် ကျေနပ်တယ် မဟုတ်လား''

''အေးလေ ကိုယ်က မင်းတို့ညီအစ်ကိုချင်း ပြေလည်ရင် ပြီး



www.burmeseclassic.com

www.burmeseclassic.com



တာပဲ''

ကိုသိန်းဖေက် မသိသေးသည့် အချက်က သူနှင့်ကိုထည်တို့ ညီအစ်ကိုရင်းချာတွေ ထင်နေတာ ဖြစ်သည်။ ဒါကြောင့်လည်း သူ တောင်းဆိုသမျှ မငြင်းခဲ့။

ဒီတော့ သူကလည်း စိတ်တိုင်းကျ သုံးဖြုန်းရင်း မရှုနိုင် မကယ်နိုင်ဖြစ်လာခဲ့သည်။

ယခုတော့ ကိုထည် မျက်ဝန်းတွေ ပြန်ကောင်းတော့မည်တဲ့။ ဒါဆိုလျှင် လုပ်ငန်းကိစ္စတွေကို ကိုထည် ပြန်ကိုင်တွယ်လျှင် အားလုံး မဟာပြဿနာ။

''ကဲ မင်္ဂလာသတင်းစကားလေး ကြားရတဲ့အထိမ်းအမှတ် အဖြစ် ကျွန်တော် နေ့လယ်စာ စီစဉ်ထားတယ်၊ အားလုံး သုံးဆောင်ဖို့ ကြွကြပါခင်ဗျာ''

ကိုထည့် ဖိတ်ခေါ်သံကြားမှ သူ့အတွေးတွေ ပြတ်တောက်ကာ အားလုံးနှင့်အတူ ရောယောင်ထရပ်လိုက်ရ၏။ ထိုအခိုက်မှာပဲ ဘောင်းဘီ အိတ်ထဲက ဟန်းဖုန်းက ထမြည်လာ၏။

သူ ထုတ်ယူဖွင့်ကြည့်တော့ မိုးနဒီ ဆီကဆက်တာ ဖြစ်နေသည်။ အားလုံးက သူ့ကို လှမ်းကြည့်နေတာမို့ သူ လက်ကာပြကာ ပြတင်း တံခါးအနီး လျှောက်ခဲ့လိုက်သည်။

တကယ့်အချိန်ဆိုလျှင် မိုးနဒီကတော့ ပြဿနာ။ ဖုန်းကို သူ လေသံတိုးတိုးနှင့်ပြောရ၏။





''နဒီ ပြောလေ''

''ကိုမင်းကိုတွေ့ချင်လို့''

''ကိုယ်မအားဘူး နဒီ ဒီမှာအရေးကြီး''

''ဟာ မဖြစ်ဘူး နဒီမှာလည်း အရေးကြီးတဲ့ကိစ္စကြီး ကြုံနေပြီ ကိုမင်းနဲ့ တွေ့မှဖြစ်မယ်''

ထင်သည့်အတိုင်း မိုးနဒီ ပြဿနာ ရှာနေပြီ။ သူ့ကိုရပ်စောင့်ကြည့်နေသော ကိုထည်တို့ကြောင့် ခက်သည်။

''ကိုယ်လာခဲ့မယ်၊ ညနေ တွေ့ကြတာပေါ့''

''ညနေ မလုပ်နဲ့ ကိုမင်း၊ နဒီ အခုထွက်လာနေတာ၊ ကိုသိန်းဖေက်တို့ဆီက စောင့်မယ်''

''အင်း အဲ''

သူ ဘာမှမပြောလိုက်ရခင် မိုးနဒီ ဖုန်းချသွားတာမို့ စိတ်ညစ်ညူးသွားခဲ့ရ၏။

သူ ကိုထည်တို့ဆီ ပြန်လျှောက်ခဲ့ရင်း တောင်းပန်ရတော့၏။

''ကိုထည် အရေးပေါ်ကိစ္စလေး ပေါ်လာလို့ ကိုထည်တို့ပဲ မနက်စာ စားလိုက်ကြတော့''

''ဘာဖြစ်ပြန်ဘာလဲ ညီ၊ မင်းက ငါ့အရေးကိစ္စထက် အရေးကြီးတာ ရှိနေပြန်ပြီလား''

''တကယ် အရေးကြီးလို့ပါ ကိုထည်''

''ကဲ ကဲ ဒါဆိုလည်း သွားပါကွာ၊ ဒေါက်တာတို့ ကြွကြပါ



www.burmeseclassic.com

www.burmeseclassic.com



ဆရာမ လာပါ''

ကိုထည် ဦးဆောင်ကာ စားသောက်ခန်းဘက် လှမ်းထွက်သွားတော့ သူ ဆင်ဝင်အောက်က ကားထဲလှမ်းခဲ့လိုက်သည်။

မိုးနဒီနှင့်မတွေ့ဖြစ်တာ နှစ်ပတ်ကျော်ပြီ၊ သူမ ဘာတွေပြဿနာသယ်လာဦးမည်မသိ။ ဒီတစ်ခါတော့ မိုးနဒီကို ယတိပြတ်ရှင်းမှ ရတော့မည်ထင်၏။

ဟိုတယ်ကိုရောက်တော့ ကိုသိန်းဖေက သူ့ကို ဆီးကြိုကာ ပြောလာ၏။

''ခင်ဗျား ကောင်မလေး အခန်းထဲမှာစောင့်နေတယ်၊ နောက်ကျနေလို့ နှုတ်ခမ်းစူနေပြီထင်တယ်''

''တကယ် အာရုံစားတယ်ဗျာ၊ ဒီမှာ အရေးကြီးကိစ္စတွေ ရှိနေလို့''

''ခင်ဗျားကလည်း ငါးစိမ်းမြင်လို့ ငါးကင်ပစ်ချင်နေပြီလား မလုပ်နဲ့လေဗျာ၊ ကောင်မလေးက အလန်းလေးရှိသေးတယ် ဟဲ ဟဲ''

ကိုသိန်းဖေ ရွှန်နောက်နေပေမယ့် သူကတော့ မရယ်နိုင်ပါ။ သူနှင့်မိုးနဒီတို့ ဆုံနေကျ သီးသန့်အခန်းလေးဘက် ထွက်ခဲ့လိုက်သည်။

အခန်းထဲရောက်တော့ မိုးနဒီ စောင့်နေရတာကို စိတ်မရှည်နိုင်သလို ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။

''ဒီမှာ စောင့်နေတာ ကြာလှပြီ ကိုမင်းရယ်''

သူ့ဆီကို လျှောက်လာရင်း မှုန်ကုပ်ကုပ်လေး ပြောသော မျက်နှာလေး





က တစ်ချိန်တုန်းက စွဲမက်ရင်ခုန်စရာဖြစ်ခဲ့ပေမယ့် အခုချိန်မှာ သူ ပျော်ဝင်ခံစားလို့ မရပါ။

''ဘယ်လောက်များ အရေးကြီးလို့လဲ နဒီရယ်၊ ကိုယ် တကယ့်ကို အလုပ်တွေ ရှုပ်ထွေးနေတာ''

ပန်းနုရောင်ခြယ် နှုတ်ခမ်းလေးတွေ မဲ့ချပစ်ရင်း မိုးနဒီ သူ့ကို မယုံသင်္ကာမျက်ဝန်းတွေနှင့် ကြည့်နေတော့ သူ ခုတင်ဆီလျှောက်သွားကာ မွေ့ရာပေါ် ထိုင်ချလိုက်၏။

မိုးနဒီက သူ့အနီးမှာ လာထိုင်ရင်း ခါးကိုသိုင်းဖက်နေတော့ သူ အလိုမရှိစွာ လက်တွေကို ဖယ်ရှားပစ်မိ၏။

''ကိုမင်း ဘာတွေပြောင်းလဲနေတာလဲ''

''ဟာကွာ ပြဿနာရှာပြန်ပြီ''

''နဒီ အဲဒီလောက် မတုံးမအအူနော် ကိုမင်း။ ကိုမင်းအကြောင်းတွေသိပေမယ့် ရောင်ရှုတ်ပိတ်နေပေးခဲ့တာ သိလား။ အခု အခြေအနေက မဖြစ်မနေဖြစ်နေပြီ''

''ဘာရယ် နဒီ ဘာပြောလိုက်တယ်''

''ဟုတ်တယ် ကိုမင်း၊ နဒီမှာ ကိုမင်းရဲ့ရင်သွေး''

နားထဲမှာ ပူလောင်စီးဝင်သွားသော နဒီ စကားတွေကို အဆုံးအထိ မကြားလိုက်ပေမယ့် သူ နားလည်သည်။ စိတ်ထဲမှာလည်း ရှုပ်ထွေးနောက်ကျိသွားခဲ့ရသည်။

''အဲဒီကိစ္စကို မာမီတို့လည်း သိနေပြီ ကိုမင်း''



www.burmeseclassic.com

"ဟာ ဒုက္ခပါပဲကွာ"

"ဘာဒုက္ခလဲ ကိုမင်း။ ဒီကိစ္စက ကိုမင်း တောင်းဆိုလို့ နဒီ လိုက်လျောပေးခဲ့ရတာပါ။ အခုမှ ကိုမင်း ခေါင်းရှောင်သွားဖို့ မကြိုးစားပါနဲ့၊ မာမီတို့က ကိုမင်းရဲ့အစ်ကိုနဲ့ လာတောင်းရမ်းဖို့ ပြောနေကြပြီ"

သူ့ရင်ထဲ ဒိန်းခနဲ တုန်လှုပ်သွားခဲ့သည်။ ဒီပြဿနာကြီးသာ ကိုထည့်ဆီ ရောက်သွားလျှင် သွားပြီ။

"နေ နေပါဦး နဒီရယ်၊ ကိုယ်ပြောပြတာ နားထောင်ပါဦး"

မိုးနဒီ ပခုံးလေးကို ဆုပ်ကိုင်ကာ လေသံချိုချိုလေးနှင့် နှစ်သိမ့်ချော့မော့ရသည်။

ရင်ထဲမှာ ပူလောင်ရှုပ်ထွေးနေတာ အမှန်။ မိုးနဒီနှင့်ပတ်သက်မိတာကို နောင်တရချင်မိပေမယ့် ဒီကိစ္စကိုခေါင်းရှောင် ထွက်သွားဖို့လည်း မဖြစ်သေးပါ။

"အခုချိန်မှာ အစ်ကိုရဲ့မျက်လုံး ခွဲစိတ်ဖို့က နီးကပ်နေပြီဒါကြောင့် ဒီအချိန်မှာ အစ်ကို့ကို စိတ်ရှုပ်စရာတွေ ပြောလို့မရသေးဘူး ကိုယ်ပြောတာ နဒီ နားလည်နော်"

"နဒီကိုလည်း ကိုမင်း နားလည်ဖို့လိုတယ်"

"ကိုယ် နားလည်ပါတယ်၊ ကိုယ်ဆိုလိုတာက အစ်ကိုရဲ့မျက်စိ ခွဲစိတ်ပြီးအောင် စောင့်ဖို့ပါ၊ ပြီးရင် နဒီစိတ်တိုင်းကျ ဖြစ်စေရပါ့မယ် ဒါဆို နဒီ ကျေနပ်တယ် မဟုတ်လား"

"နဒီကျေနပ်ဖို့ထက် မာမီတို့လက်ခံဖို့ လိုတာပါ"

ငိုး မိုး ၁၇၆၀



"နဒီက လိမ္မာပါတယ်ကွာ၊ နဒီမာမီတွေ နားလည်အောင် ပြောပြထားလေ၊ အဲဒီကိစ္စပြီးတာနဲ့ နဒီကို ကိုယ် ခမ်းခမ်းနားနား လက်ထပ်ယူမှာပါ"

မိုးနဒီ မျက်နှာလေး ဝင်းပကြည်လင်သွားခဲ့ကာ သူ့ရင်ခွင်ထဲ တိုးဝင်လာသည်။

စွဲမက်ချိုမြိန်ခဲ့သော အနမ်းတို့က အခုချိန်မှာ ခါးသက်ပူလောင်နေပေမယ့်လည်း သူ မျိုသိပ်ဟန်ဆောင်ထားရ၏။

ရှုပ်ထွေးလာသော ပြဿနာတွေကိုတော့ သူ ကောင်းမွန်စွာ ကိုင်တွယ်ဖြေရှင်းဖို့ လိုအပ်နေပြီထင်ရဲ့။

■ ■ ■

www.burmeseclassic.com

## အခန်း (၃၃)

သူ့မျက်ဝန်းတွေ အကောင်းပကတိ ပြန်ဖြစ်ခွင့် နီးလာပြီဆိုတော့ အခရာ ကြည်နူးဝမ်းသာမိတာ အမှန်။ သူကိုယ်တိုင်လည်း အရင်လို မဟုတ်ဘဲ လန်းဆန်းပျော်ရွှင်နေခဲ့သည်။

နေ့စဉ်တိုင်း မြင်တွေ့နေရသော သူ့ရဲ့အပျော်တွေက အခရာ ရင်ထဲကိုလည်း ကူးစက်ကြည်နူးစေ၏။

"ခွဲစိတ်ကုသမှုနီးပြီဆိုတော့ ကိုထည်ဝါ ကျန်းမာနေဖို့လိုတယ်နော်"

"စိတ်ချပါ ဆရာမ၊ ကျွန်တော်လည်း အမြဲဂရုစိုက်ပါတယ်။ ကျွန်တော့်စိတ်တွေ အရမ်းလွှပ်ရှားပြီး ပျော်နေတယ်ဗျာ"

"ဘာလဲ ပန်းအခရာနဲ့ ဆုံနိုင်တော့မှာမို့လား"





"အမှန်ပဲ ဆရာမ၊ ကျွန်တော့်မျက်လုံးတွေ ဒီလိုမြန်မြန်ဆန်ဆန် ကုသခွင့်ရမယ်လို့ ထင်မထားခဲ့ဘူးလေ၊ အခုလို အခြေအနေ ပိုင်ဆိုင်လာတာ အိပ်မက်တစ်ခုလိုပဲ ဆရာမရယ်"

ဖုံးဖိမရနိုင်သော ဝမ်းသာကြည်နူးရိပ်တွေ သူ့မျက်နှာပေါ်မှာ အထင်အရှား မြင်တွေ့နေရ၏။

"ကိုထည်ဝါ့ခတွက် ကျွန်မလည်း ဝမ်းသာပါတယ်၊ ကိုထည်ဝါ မျက်ဝန်းတွေ အမြန်ဆုံး ပြန်ကောင်းပါစေလို့ ကျွန်မ ဆုတောင်းပါတယ် ရှင်"

"ဆရာမရဲ့ကျေးဇူးတွေလည်း ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူးဗျာ၊ တကယ်ပါ ဆရာမ၊ ကျွန်တော့်အနားမှာရှိနေချိန်တွေမှာ ကျွန်တော့်ရဲ့အထီးကျန်မှုတွေ အဓိပ္ပါယ်ရှိရှိ ရင်သန်နိုင်ခဲ့တယ်၊ ကျွန်တော့် အနားမှာ မိတ်ဆွေကောင်းတစ်ယောက်လို ဆရာမ ရှိခဲ့တာပါ"

"အဲဒါက ကျွန်မ တာဝန်ပါရှင်"

"မဟုတ်ဘူး ကျွန်တော် သိတာပေါ့၊ တာဝန်ဝတ္တရားဆိုတဲ့စိတ်နဲ့ ဆရာမ ကျွန်တော့်ကို ပြုစုနေတာထက် ဆရာမရဲ့စိတ်က ဖြူစင်ပါတယ်၊ ဆရာမရဲ့စေတနာတွေကို ကျွန်တော် သတိထားမိပါတယ်"

အခရာအပေါ် အသိအမှတ်ပြုပေးသည့်အတွက်လည်း ကြည်နူးမိ၏။ တကယ်လည်း သူ့အပေါ် အခရာဘက်က ပေးဆပ်ပြုစုခဲ့တာပဲလေ။

မနက်၊ ညနေ သူနှင့်အတူ လမ်းလျှောက်ပေးခဲ့တာတွေ၊ သူ့စိတ်တွေ လန်းဆန်းကြည်လင်အောင် အခရာ စကားတွေနှင့်အားပေးခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဏ်။

နောက်ဆုံး သူ့လက်သည်းတွေ ရှည်လာလျှင်တောင် အခရာ ကိုယ်တိုင် ညှပ်ပေးခဲ့၏။

"ကျွန်တော့်မျက်ဝန်းတွေ မြင်ခွင့်ရရင် အရင်ဆုံးမြင်တွေ့ချင် တာ ဆရာမ မျက်နှာကိုပဲ"

သူ့စကားကြောင့် အခရာ မျက်လုံးလေးတွေ ဝိုင်းစက်အံ့ဩ မိရင်း

"ဟင် ပန်းအခရာ မဟုတ်ဘူးလား ကိုထည်ဝါ"

"ကျွန်တော့်မျက်လုံးတွေ အသေအချာ ပြန်မြင်ခွင့်ရပြီဆို အခရာနဲ့ဆုံနိုင်ဖို့ ကျွန်တော် ထပ်ကြိုးစားရမှာလေ၊ မဆုံတာကြာပြီဆို တော့ သူ ကျွန်တော့်ကို မေ့ချင်မေ့နေလောက်ပြီ ပြီးတော့ သူနဲ့ကျွန်တော် တရားဝင်ချစ်သူတွေအဖြစ် မရောက်ခဲ့ကြဘူး၊ ကျွန်တော့်ရင်ထဲက စကား တွေ မပြောပြခင် ဝေးခဲ့ကြတာပါ"

"သူ ကိုထည်ဝါကို မျှော်လင့်နေမယ် ထင်ပါတယ်"

"အဲဒီလို ဖြစ်ပါစေလို့ နေ့စဉ်ဆုတောင်းနေရတယ် ဆရာမ ဘာမှအကြောင်းပြချက်မရှိဘဲ ဒီကာလအထိ ကျွန်တော် ပျောက်သွားတာ အတွက် သူ အထင်လွဲချင် လွဲနေနိုင်တယ်၊ အဲဒီအခါကျ ဆရာမပဲ လိုအပ်ရင် အခရာကို တောင်းပန်ပြောပေးပါဗျာ"

အားကိုးတကြီး တောင်းဆိုနေသော သူ့ကိုကြည့်ကာ အခရာ ကြည်ကြည်နူးနူးလေး ပြုံးမိ၏။





"စိတ်ချပါ ကိုထည်ဝါ တကယ်လို့ ပန်းအခရာအထင်လွဲနေ တယ်ဆိုရင် ကျွန်မကိုယ်တိုင် တောင်းပန်ရှင်းပြပေးမယ်၊ ကျွန်မကတိ ပေးရဲပါတယ်၊ ရှင့်ချစ်ခြင်းကို သူ သိသွားရင် အံ့ဩဝမ်းသာလက်ခံမှာပါ"

"ဟာ ကျေးဇူးတင်လိုက်တာ ဆရာမရယ်"

ကလေးတစ်ယောက်လို ကြည်နူးဝမ်းသာသွားသော သူ့ကို ကြည့်ရင်း အခရာ ရင်ထဲမှာလည်း ရင်ခုန်ကြည်နူးခြင်းတို့ လှုပ်ခတ်နေ ခဲ့သည်။

သူ့မျက်ဝန်းတွေ အရင်ဆုံး မြင်ခွင့်ရချိန်မှာ သူ မြင်တွေ့ချင် သည်ဆိုသော လူနှစ်ယောက်ကို မြင်တွေ့ရလျှင် သူ သိပ်အံ့ဩသွားခဲ့ မည်လား။

သူ အနိုင်းမဲ့ပျော်ရွှင်သွားတာကိုပဲ အခရာ မျှော်လင့်ပါသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

လပေါင်းများစွာ သူ မှေ့်လဲ့နေခဲ့သောနေ့ကို ရောက်ခဲ့သည်။ သူ့အနားမှာ မျက်စိအထူးကုဆရာဝန်ကြီးတွေနှင့်အတူ ဒေါက်တာ ဦးသာကောင်းပါ အားမှုပေးစကားတွေ ဆိုနေခဲ့ကြသည်။

"ဘာမှမစိုးရိမ်နဲ့ မောင်ထည်ဝါ၊ မကြာခင်မှာ မျက်စိပါရဂူကြီးတွေ အောင်မြင်အောင် ခွဲစိတ်ကုသပေးနိုင်တော့မှာပါ"

"ဟုတ်ကဲ့ ကျွန်တော် အကြွင်းမဲ့ယုံကြည်ပါတယ် ဒေါက်တာ"

"ခွဲစိတ်ကုသဖို့အတွက် မောင်ထည်ဝါဘက်က စိတ်ကျန်းမာရေးကော ကိုယ်ကျန်းမာရေးပါ ပြီးပြည့်စုံနေတော့ ဆရာတို့ အားရကျေနပ်တယ်"

"အဲဒီအတွက် ဆရာမ ဝတ်ရည်ချိုကို ကျွန်တော် ကျေးဇူးတင်ရမှာပါဗျာ"





"ဟုတ်ပါတယ် ဆရာကလည်း ဝတ်ရည်ချိုကို ကျေးဇူးတင်ပါတယ်ကွယ်"

ဒေါက်တာ ဦးသာကောင်းကလည်း တပည့်ဖြစ်သူကို ပြန်ကျေးဇူးတင်စကားတွေ ဆိုနေရှာသည်။ အားလုံးက သူ့အတွက် ဝမ်းသာမျှော်လင့်နေကြသလို သူလည်း ရင်ခုန်လှုပ်ခတ်နေခဲ့တာ အမှန်ပဲဖြစ်၏။

"ကဲ ကဲ မိနစ်ပိုင်းလောက် နားနေလိုက်ဦး မောင်ထည်ဝါ၊ ပြီးရင် ခွဲစိတ်ခန်းဝင်ဖို့ လာခေါ်မယ် ဟုတ်လား"

"ဟုတ်ကဲ့ ဒေါက်တာ"

သူ့အခန်းထဲက ဆရာဝန်ကြီးတွေ ပြန်ထွက်သွားကြတော့ သူ သတိရမိသော အန်ကယ်လွန်းကို မေးကြည့်မိ၏။

"ဆရာမ အန်ကယ်လွန်း ရှိနေသလား"

"ရှိပါတယ် ကိုထည်ဝါ၊ ညာဘက်ဘေးမှာ အန်ကယ်ရှိပါတယ်"

"ပြောလေ မောင်ထည်ဝါ ဘာပြောချင်လို့လဲ"

"အခုရော ဒီနေ့ ရုံးမှာရှိနေသလားဟင် အန်ကယ်လွန်း"

"သူရှိပါတယ် မောင်ထည်ဝါ၊ စောစောကပဲ အန်ကယ်နဲ့တောင် စကားပြောဖြစ်သေးတယ်"

"အခုရော အားလုံးအဆင်ပြေတယ်မဟုတ်လား အန်ကယ်လွန်း"

"ပြေပါတယ်ကွယ် အခုချိန်ထိလည်း သူ့မှာချစ်သူရည်းစားမရှိသေးဘူးကွ၊ အန်ကယ့်အထင်တော့ မင်းကို သူ စောင့်မျှော်နေပုံပဲ"

သူ ကျေနပ်ဝမ်းသာအောင် အန်ကယ်လွန်း ပြောနေတာလား

www.burmeseclassic.com



သိပ်ဝါ ဘာပဲဖြစ်ဖြစ် သူ ကြည့်နူးမိ၏။

"အန်ကယ်လွှမ်း ဒီမှာ မင်းရာဇာ ရှိနေသလား"

"မရှိဘူး ဒီရက်ပိုင်းမှာ သူ ဘာတွေရှုပ်ထွေးနေသလဲ မသိဘူး အန်ကယ့်ဆီကိုတောင် ရောက်မလာဘူး၊ ဒီနေ့လည်း ကိစ္စရှိတယ်တဲ့"

"အင်း ညီနဲ့တော့ ခက်ပါတယ်၊ ကျွန်တော် ပုံမှန်အတိုင်း လုပ်ငန်းတွေပြန်ဦးဆောင်နိုင်ရင် ဒီကောင့်ကိုတတ်နိုင်သလောက် ပြုပြင်ရမယ်"

"ကိုထည်ဝါ အဲဒီအကြောင်းတွေ အာရုံထဲက ထုတ်ထားပြီး စိတ်ကို အေးအေးတည်ငြိမ်အောင် ထားလိုက်နော်၊ မကြာခင် ခွဲစိတ်ခန်း ဝင်ရတော့မှာလေ"

ဆရာမလေး သတိပေးတော့ သူ ခေါင်းညိတ်ပြမိ၏။ ဆရာမ လေးနှင့်အန်ကယ်လွှမ်းသာ သူ့အနားမှာ အမြဲရှိနေပေးတာဖြစ်သည်။

"ဘာမှအားမငယ်နဲ့ မောင်ထည်ဝါ၊ အန်ကယ်ကော ဆရာမ လေးပါ ရှိနေတာပဲ၊ ကဲ အန်ကယ် ဦးကောင်းသာဆီ သွားလိုက်ဦးမယ်"

အန်ကယ်လွှမ်း ထွက်သွားတော့ အခန်းထဲမှာ သူနှင့်ဆရာမ လေး နှစ်ယောက်သာ ကျန်ရစ်ခဲ့၏။ သူ့ကို မျက်ဝန်းတွေ ခွဲစိတ် ပတ်တီး ဖြည့်ပေးသည့်အချိန်ထိ ဆရာမလေးက စောင့်ပေးမည်ဆိုတော့ သူ အားရှိရတာ အမှန်။

"ကျေးဇူးတင်ပါတယ် ဆရာမရယ်၊ ကျွန်တော့်မျက်ဝန်းတွေ ပြန်မြင်ခဲ့ရင် ဆရာမကျေးဇူးကို ကျွန်တော် ပေးဆပ်ပါဦးမယ်"





"ကတိတွေ အပေးမစောနဲ့ဦးလေ ကိုထည်ဝါရဲ့၊ ကျွန်မ ထပ် ကူညီပေးရမှာ ရှိသေးတယ်လေ၊ ကိုထည်ဝါနဲ့ ပန်းအခရာကိစ္စလေ"

"ဟာ ဟုတ်သားပဲ၊ အဲဒီအချိန်ထိ ဆရာမကို ကျွန်တော် အားကိုးရမှာ"

"ကိုထည်ဝါ ဆန္ဒတွေ ပြည့်ဝမှာပါ"

"ဆရာမကို ကျွန်တော် အားကိုးပါတယ်ဗျာ"

တကယ့်ကို သူ့ရင်ထဲက လေးနက်စွာ ဆိုမိခြင်းဖြစ်သည်။ ဝတ်ရည်ချို ဆိုသော ဆရာမလေးကြောင့် သူ့ဘဝမှာ အင်အားတွေ ဖြစ်စေခဲ့ရတာလည်း အမှန်။

အခရာဆိုသော ချစ်သူလေးပြီးလျှင် ဆရာမလေးသည် သူ့ဘဝ အတွက် အမြင့်ချင်ဆုံးသော သူတစ်ယောက်ပါပဲ။

ဖြူစင်သော စိတ်ထားနှင့် ဆရာမလေးမျက်နှာကို သူ့အာရုံ ထဲမှာ မကြာခဏ ပုံဖော်ကြည့်မိဖူးသည်။

ဝတ်ရည်ချိုဆိုသော နာမည်နှင့်လိုက်ဖက်မှာ သေချာသည်။ သူ့ကို စကားသံချိုချိုလေးတွေနှင့် အမြဲအားပေးခဲ့သော ဆရာမလေး။

ဒီမျက်ဝန်းတွေ ပြန်မြင်ချင်နေခဲ့ပြီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"ဒီပြဿနာကို ခင်ဗျား ဘယ်လိုရှင်းပေးမှာလဲ မင်းရာဇာ"

ကိုသိန်းဇော် အမေးကို သူ ချက်ချင်းပြန်မဖြေနိုင်ခဲ့ပါ။ အမှန်တရားအားလုံးကို ကိုထည် ဆေးရုံတက် မျက်စိခွဲစိတ်ကုသနေစဉ်မှာပဲ ကိုသိန်းဇော် သိသွားခဲ့သည်။

"ခင်ဗျား တော်တော်ပိရိတဲ့သူပဲဗျာ၊ ခင်ဗျားနဲ့ကိုထည်ဝါက ညီအစ်ကိုရင်းတွေ မဟုတ်ဘူးဆိုတာသိရင် ကျုပ် အခုလို လိုက်လျောခဲ့မိမှာမဟုတ်ဘူး"

"ညီအစ်ကိုရင်းမဟုတ်ပေမယ့် ကျွန်တော်ကလည်း မွေးစားသားတစ်ယောက်ပါဗျ"

"ဘာမှထပ်လိမ်ဖို့ မကြိုးစားနဲ့တော့ မင်းရာဇာ၊ ခင်ဗျားဘယ်လိုလူဆိုတာ ကျုပ် သိပြီးပြီ၊ ကိုထည်ဝါရဲ့ဖခင်ကိုယ်တိုင်က ခင်ဗျားကို





မွေးစားသားအဖြစ်က စွန့်လွှတ်ခဲ့တာမဟုတ်လား၊ ကိုထည်ဝါရဲ့အမြင်အာရုံတွေ ထိခိုက်မှ ခင်ဗျား ဒီကိုရောက်လာခဲ့တာ"

အားလုံးကို ကိုသိန်းဇော် သိနေပြီဆိုတော့လည်း သူ ဘာမှ ဖြေရှင်းချက်တွေ မပေးလိုတော့ပါ။

"ကဲ ဒီပြဿနာကို ခင်ဗျား ဘယ်လိုရှင်းမလဲ၊ ဟာဗျာ ရှင်းရှင်းပြောမယ်၊ အခု ကိုထည်ဝါ ဆေးရုံမှာ ခွဲစိတ်ပြီးနေပြီ၊ တစ်ပတ်ကြာရင် မျက်လုံးဖြည်ရမယ်တဲ့၊ ဒီတော့ အဲဒီတစ်ပတ်အတွင်း ခင်ဗျား ယူထားတာတွေ ပြန်ပေးပါ၊ ဒါမှ ဒီစာရင်းတွေ ကျုပ်ရှင်းလို့ရမှာ"

ကိုသိန်းဇော်ဘက်က တောင်းဆိုလာပြီ၊ သူ့ဘက်က ခေါင်းညိတ်နို့ ခက်ရက်ဖြစ်နေသည်။

"ကျုပ် ဒါ နောက်ဆုံးလိုက်လျောခြင်းပဲနော်၊ ဒါမှ ခင်ဗျား ဖျက်ခဲ့ရင် ဒီကိစ္စကို ကိုထည်ဝါဆီ ကျုပ်ကိုယ်တိုင် သွားပြောပြ ဖြေရှင်းရမှာပဲ"

"ကောင်းပြီ တစ်ပတ်စောင့်၊ ဒီပြဿနာကို ကျုပ် ဖြေရှင်းပေးမယ် ကိုသိန်းဇော်"

စကားအဆုံးမှာ သူ လှည့်ထွက်ခဲ့သည်။ ရပ်ထားသော ကားပေါ် လှမ်းတက်လိုက်ရပေမယ့် စိတ်အာရုံတွေက ရှုပ်ထွေးနောက်ကျိနေဆဲ၊

မျှော်လင့်မထားသော ပြဿနာကြီးက စောစီးစွာ ရောက်လာခဲ့ပြီ။ သေချာသည်က ဒါတွေ ကိုထည်သိသည်နှင့် သူ့ဘဝကပျက်ပြီ။

စိတ်တိုင်းကျ သုံးဖြုန်းနေထိုင် ရှင်သန်ခဲ့သောဘဝကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆန့်ကျင်ဘက် ဘဝတစ်ခုမှာ သူ ဘယ်လိုရှင်သန်ရမည်လဲ။

လက်ထဲမှာ ဘာပိုင်ဆိုင်မှုမှမရှိ။ ဘာအားကိုးရာမှ မရှိသော ဘဝကြီးကို သူ ရောက်တော့မည်။

"တောက်"

ဘာကိုရည်ရွယ်ပေါက်ကွဲမိသည် မသိသော ဒေါသဖြေ့နှင့် တက်တစ်ချက်ခေါက်ကာ သူ ကားပေါ်တက်မောင်းထွက်ခဲ့လိုက်သည်။

အရေးထဲမှာ ခါးကြားက ဟန်းဖုန်းက ထမြည်သည်။ စိတ်ကိုလျှော့ကာ ဖွင့်နားထောင်လိုက်တော့ မိုးနဒီဆီက

"သေစမ်းကွာ"

ဖုန်းကို နားမထောင်တော့ဘဲ ဒက်ချ်ဘုတ်ပေါ် ပစ်တင်ပစ်လိုက်သည်။ ဘာမှမကြားချင်ပါ။ သူ့စိတ်ကို ရှုပ်ထွေးနောက်ကျိစေမည့် အကြောင်းအရာတွေကို လုံးဝမကြားချင်။

ဖုန်းက အဆက်မပြတ် မြည်နေပေမယ့် သူ ဥပေက္ခာပြုကာ လမ်းဘေးက ဘီယာစတေးရှင်တစ်ခုမှာ ကားကို ထိုးရပ်ပစ်လိုက်သည်။

"ဂျိုင်း"

ကားတံခါးကို ဝုန်းခနဲဆောင့်ပိတ်ကာ ဖုန်းခေါ်သံကို ဒီအတိုင်း ပစ်ထားခဲ့လိုက်သည်။

ပူလောင်နေသော ရင်ထဲကအပူတွေအတွက် တစ်ခုခုတော့ လိုအပ်နေခဲ့ပြီ။

တစ်ခွက်၊ နှစ်ခွက်၊ သုံးခွက်လောက် ဝမ်းထဲဝင်သွားတော့





အေးစက်နေသော သွေးတို့ ပူနွေးသွားခဲ့သည်။

ဒီအချိန်ဆို ဆေးရုံမှာ ပန်းအခရာနှင့်ကိုထည် ရှိနေမည်ထင်၏။ နှစ်ယောက်သား ကြည်နူးပြုံးပျော်နေကြမှာကိုလည်း အာရုံထဲမှာ မြင်ယောင်လာပြန်သည်။

ပန်းအခရာကတော့ ကံကောင်းလွန်းပါသည်။ သူ့မှာတော့ သောင်ပြင်လွှတ်သည့်ခွေးတစ်ကောင်ဘဝ ရောက်ရတော့မည်။

ကုမ္ပဏီရုံးခန်းလေးထဲမှ ပန်းအခရာလို မိန်းကလေးတစ်ယောက်က မကြာခင်မှာ ကိုထည်ရဲ့ပိုင်ဆိုင်မှုတွေကို ပိုင်ဆိုင်ခံစားရတော့မည်။

ပန်းအခရာဆိုသော မိန်းကလေးက ကိုထည့်အနားမှာ စောင့်ရှောက်ကူညီနေသော ဆရာမလေးဆိုတာကို ကိုထည်သာ သိသွားခဲ့လျှင် နေမင်းထည်ဝံဆိုသော ယောကျ်ားနှလုံးသားက ပန်းအခရာအပေါ်မှာ ချစ်ခြင်းတို့ အလျှံအပယ် ယိုစီးသွားမှာ သေချာ၏။

ကိုထည်က ပန်းအခရာကို တမ်းတမ်းစွဲ စွဲမက်နေတာ သူ အသိဆုံး။ ကိုထည့်နှင့်ပန်းအခရာတို့ဘဝလေး အဆင်ပြေချောမွေ့ကာ သူ့ဘဝကြီးက ပျက်စီးရတော့မည်။

ဒါကို သူ ဘယ်လိုမှ လက်မခံနိုင်ပါ။

သူ့အတွက် အကျိုးရှိစေမည့် အရာတစ်ခုကိုတော့ သူ ကြံစည်ဖန်တီးရမည်။

"ဟား ဟုတ်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲ ဝင်းခနဲ တိုးဝင်လာသော အကြံတစ်ခုက လက်ခနဲ။

မင်းရာဇာအတွက် အကြံကောင်းတစ်ချက်ပဲလိုအပ်သည် မဟုတ်လား။

■ ■ ■

နိုး၊ မိုး၊ ၀၇၆

## အခန်း (၃၆)

ခွဲစိတ်ကုသပြီး သူ့မျက်ဝန်းတွေကို ပတ်တီးစည်းနှောင်ထားသည့်ရက်တွေမှာ ဆရာမလေးက အနားမှာ အမြဲစောင့်ရှောက်ပေးခဲ့သည်။

ညဘက်တွေမှာလည်း နာ့စ်နှစ်ဦးနှင့်အတူ သူ့ကို စောင့်ပေးခဲ့၏။ ဆရာဖြစ်သူ ဒေါက်တာဦးသာကောင်း မျက်နှာကြောင့်ဟုပဲဆိုဆို ဝတ်ရည်ချို၏စေတနာကို သူ အသိအမှတ်ပြုရမှာပဲဖြစ်၏။

ခွဲစိတ်ပြီးကတည်းက ဆရာဝန်ပါရဂူကြီးတွေက သူ့ကို ဂရုတစိုက် စစ်ဆေးခဲ့သည်။

"လုံးဝ ကောင်းမွန်ပါတယ်၊ အခြေအနေက ရာနှုန်းပြည့်အောင်မြင်မယ်လို့ ဆရာတို့ထင်တယ်"

ပါရဂူကြီးတွေ၏ မှတ်ချက်က သူ့ကိုဝမ်းသာကြည်နူးစေ၏။ သူ့အတွက် ဆရာမလေးကလည်း ဝမ်းသာနေမှန်း အသံလှိုင်းတွေက

နိုး၊ မိုး၊ ၀၇၆ပ

www.burmeseclassic.com

www.burmeseclassic.com



သက်သေတည်နေ၏။

"ပါရဂူကြီးတွေ မှတ်ချက်တွေက ဝမ်းသာစရာပဲ၊ ကျွန်မ သိပ် ဝမ်းသာတယ် ကိုထည်ဝါ"

"ကျွန်တော်လည်း ဝမ်းသာနေတယ်၊ မျက်လုံးက ပတ်တီးတွေကို မြန်မြန်ဖြည်ချင်နေပြီ ဆရာမရယ်"

"မနက်ဖြန်ဆို တစ်ပတ်ပြည့်ပြီလေ ကိုထည်ဝါရဲ့၊ ဖြည်ရတော့မှာပဲ"

"ကျွန်တော့်စိတ်တွေ မြန်ဆန်နေလို့ပါ ဆရာမရယ်"

"ဘာလဲ ကျွန်မ စောင့်ရှောက်ပြုစုနေရတာကို ကိုထည်ဝါ ကင်းလွတ်ချင်နေပြီပေါ့"

"ဟာ မဟုတ်ပါဘူး ဆရာမရယ်၊ ဆရာမအနားမှာ ရှိနေချိန်တွေက ကျွန်တော့်အတွက် တကယ် အကျိုးရှိခဲ့တာပါ၊ ကျွန်တော့်မျက်လုံးတွေ ပြန်မမြင်ရပေမယ့် သာမန်လူကောင်းတစ်ယောက်လို အရာရာကို မေ့ထားနိုင်ခဲ့တယ်၊ ဒီအတွက် တကယ်ကျေးဇူးတင်တာပါ"

"နောက်ထပ် ကျွန်မကို ကိုထည်ဝါ ထပ်ကျေးဇူးတင်ရဦးမယ်"

"ဟင် ဘာကိုလဲ ဆရာမ"

"ပန်းအခရာအတွက်လေ"

သူ နားမလည်နိုင်သလို ပါးစပ်အဟောင်းသား ဖြစ်နေချိန်မှာပဲ ဆရာမက ထပ်ပြော၏။

"ကိုထည်ဝါအကြောင်းတွေ အဖြစ်အပျက်တွေကို ကျွန်မ ပန်း

ငိုး မိုး ဝ၇၆ပ



အခရာနဲ့ ဆုံပြီး ရှင်းပြပြီးပြီ"

"ဗျာ တကယ်"

"ဟုတ်ပါတယ် အန်ကယ်ဦးလွန်းမြိုင်နဲ့လိုက်သွားပြီး တွေ့ပြီးပါပြီ"

"ဟာ ဘာ ဘာတဲ့လဲ ဆရာမ၊ ပန်းအခရာက ဘာပြောလဲဟင်"

"သူ ကိုထည်ဝါအကြောင်း သိသွားတော့ အရမ်းအံ့ဩသွားတယ်၊ အန်ကယ်လွန်းကလည်း အမှန်တရားတွေကို ရှင်းပြတယ်လေ"

"ဗျာ အန်ကယ်လွန်းက ဘာလို့ ဖွင့်ပြောလိုက်တာလဲဗျာ၊ ဒီအကြောင်းတွေ သူ သိလို့မဖြစ်ဘူး၊ ပန်းအခရာက မာနသိပ်ကြီးတာ၊ သူ့ကို ကျွန်တော် ကူညီတာတွေသိရင် စိတ်ဆိုးမှာ"

သူ စိုးရိမ်ပူပန်စွာပြောတော့ ဆရာမလေးက ထပ်ဖြေရှင်း၏။

"ဟင့်အင်း သူ ပထမအံ့ဩသွားခဲ့တာ၊ ဒါပေမဲ့ ရှင့်ရဲ့စေတနာတွေကို သူ သိတယ်လေ၊ သူ ဝမ်းနည်းနေတာက အမှန်အတိုင်းမပြောဘဲ ရှင်ဖုံးကွယ်ထားလို့တဲ့၊ ရှင်တစ်သက်လုံး အမြင်အာရုံချို့တဲ့နေသူဖြစ်ရင်တောင် သူက တစ်သက်လုံး ပြုစုပေးမှာပါတဲ့"

"ဗျာ"

"အချစ်ဆိုတာ ပေးဆပ်ခြင်း ခွင့်လွှတ်အနစ်နာခံခြင်းဆိုတာ သူ ယုံကြည်တယ် ကိုထည်ဝါ"

"ဟာ ဝမ်းသာလိုက်တာဗျာ၊ အခရာဆီက ဒီစကားတွေကြား

ဝိုး မိုး ဝ၇၆ပ

www.burmeseclassic.com

www.burmeseclassic.com



ရတာ ကျွန်တော် ဝမ်းသာလိုက်တာ''

''မနက်ဖြန် ရှင့်မျက်ဝန်းတွေ ပြန်မြင်တဲ့အခါ ပန်းအခရာက ရှင့်ရှေ့မှောက်မှာ ရှိနေမှာပါ''

''ဟာ ဆရာမရယ်''

ရင်ထဲမှာ ကြည်နူးစိတ်တွေနှင့် သူ့ရင်တွေ တလှပ်လှပ်ခုန်နေခဲ့၏။ ဆရာမလေးက သူ့ဆန္ဒတွေအတွက် ဆောင်ရွက်ပေးခဲ့သည်။ ပြီးတော့ ပန်းအခရာကလည်း နားလည်ခွင့်လွှတ်ပေးနိုင်သည်တဲ့။

''ကျွန်တော် ဘယ်လိုပြောရမှန်းမသိတော့ဘူး ဆရာမရယ်၊ ဆရာမကို သိပ်ကျေးဇူးတင်ပါတယ်''

''ကျွန်မကလည်း ကိုထည်ဝါနဲ့အခရာတို့ ချစ်သူနှစ်ဦးအတွက် ဝမ်းသာကျေနပ်ပါတယ်ရှင်၊ ကိုထည်ဝါ ဒီည အိပ်ရေးဝအောင်အိပ်နော်၊ ကျွန်မ ဒီညတော့ အိမ်ပြန်ရမှာမို့ပါ''

''ဟင် ဆရာမ ကျွန်တော့်ဆီ မလာတော့ဘူးလား။ မနက် ကျွန်တော့်မျက်လုံးတွေ ပတ်တီးဖြည်ရင် ဆရာမကို ကျွန်တော် အရင်ဆုံး မြင်တွေ့ချင်တယ်''

''ပန်းအခရာ ရှိနေမှာပဲလေ''

''ပန်းအခရာနဲ့အတူ အနားမှာ ဆရာမပါ ရှိနေစေချင်တာပါဗျာ''

''အင်း ကိုထည်ဝါဆန္ဒ ပြည့်ဝမှာပါ၊ ကျွန်မ ရှိနေမှာပေါ့ရှင်''

''တကယ် ကျေးဇူးတင်ပါတယ် ဆရာမရယ်''

''ကဲ ကျွန်မကို ခွင့်ပြုပါဦး ကိုထည်ဝါ''





သူ့ကိုနှုတ်ဆက်ကာ ဆရာမလေး ထွက်သွားသံကို သူ နားစွင့်ထားမိသည်။

ရင်ထဲမှာတော့ ကြည်နူးအပျော်တွေက ဘာနှင့်မှ နှိုင်းမရအောင် ပြည့်စုံကြီးမားနေခဲ့သည်။

မနက်ဖြန်ဆိုတာ သူ့ဘဝအနာဂတ်အသစ်၊ သူ တောင့်တမျှော်လင့်နေခဲ့သော အနာဂတ်သစ်တစ်ခု။

■ ■ ■

ဆေးရုံရှေ့မှာ တက္ကစီတစ်စီးငှားဖို့ အခရာ စောင့်နေတုန်းမှာ ထိုးရပ်လာတာ CYGNUS ကားနက်ကြီး။

ထင်သည့်အတိုင်း ပြတင်းတံခါးက မြင်လိုက်ရတာ မင်းရာဇာဖြစ်နေ၏။ ဆေးရုံမှာ ကိုထည်ဝါ ရှိနေသော တစ်ပတ်အတွင်းမှာ သုံးကြိမ်ပဲရောက်လာခဲ့ကာ ကြာကြာလည်းမနေဘဲ ပြန်သွားတတ်သူက အခု ရောက်လာတော့လည်း မိုးချုပ်လုနေပြီ။

''ဆရာမ အဲ ပန်းအခရာ ဘယ်သွားမလို့လဲ''

''ဒီည ကျွန်မ အိမ်ပြန်အိပ်မှာပါ မင်းရာဇာ၊ တက္ကစီစောင့်နေတာ''

''ဟာ ဒီအချိန်ကြီးဗျာ တစ်ယောက်တည်း မပြန်ပါနဲ့ ကျွန်တော် လိုက်ပို့ပေးမယ်''

''နေပါစေ ကျွန်မ ပြန်ရဲပါတယ် မင်းရာဇာ''

''မဟုတ်တာဗျာ ကျွန်တော် ပို့ပေးပါ့မယ်၊ ကဲ ကားပေါ်တက်ပါ''



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ကိုထည်ဝါဆီလာတာ မဟုတ်လား သွားလိုက်ပါ"

"ပန်းအခရာကို ပြန်ပို့ပြီးရင် ပြန်လာတွေ့မှာပါ၊ အခုလို လမ်းမှာ ဆုံရက်နဲ့ ပို့မပေးရင် ကိုထည်က ကျွန်တော့်ကို ဆူပူမဆုံးဖြစ်မှာပေါ့ကဲ တက်ပါဗျာ"

ဖွတ်ခေါ်နေတော့လည်း အခရာ ငြင်းလို့မသင့်တာမို့ ဖွင့်ပေးနေသော တံခါးက လှမ်းတက်လိုက်ရသည်။

ထိုင်ခုံမှာ ထိုင်မိသည်နှင့် မထင်မှတ်သော အခြေအနေကို အခရာ မရှောင်တိမ်းနိုင်ဘဲ ရင်ဆိုင်ရတော့၏။

"ရှင် ဘာ ဘာလုပ် ဝူး"

နှာခေါင်းနှင့်ပါးစပ်ပေါ် ဖိအုပ်လာသော လက်ကိုင်ပဝါခေါက်တစ်ထည်ကြောင့် အခရာ အော်ဟစ်ဖို့ ကြိုးစားပေမယ့် ...

ဦးခေါင်းထဲမှာ မိုက်ခနဲ မူးဝေမှုနှင့်အတူ အမြင်အာရုံတွေချာလည်ကာ အမှောင်တိုက်တစ်ခုထဲ လွင့်မျောသွားခဲ့၏။

■ ■ ■



## အခန်း (၃၅)

မျက်ဝန်းမှာ စည်းနှောင်ထားသော ပတ်တီးတွေကို ခွာလိုက်ချိန်မှာပဲ သူ မျှော်လင့်သော အနာဂတ်သစ်ကြီးကို သူ ပိုင်ဆိုင်ခံစားခဲ့ရ၏။

ဒါပေမဲ့ သူ မြင်နေရတာ ပါရှူကြီးတွေ နှာစ်တွေနှင့် အန်ကယ်လွန်းသာ ဖြစ်၏။

"အန်ကယ်လွန်း အခရာနဲ့ဆရာမကောဟင်"

"သူတို့ ရောက်မလာကြသေးဘူး မောင်ထည်ဝါ"

"ဟင်"

"ဒါပေမဲ့ မဖြစ်မနေ ရောက်လာကြမှာပါ၊ အကြောင်းကိစ္စရှိလို့နောက်ကျနေတာ ဖြစ်မှာပါ၊ အန်ကယ် ဖုန်းဆက်တာ ဖုန်းပိတ်ထားလို့"

သူ့ရင်ထဲမှာ မောသွားမိ၏။ တကယ်ဆို သူ အမြင်အာရုံတွေ



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး မြင်ခွင့်ရချိန်မှာ တွေ့လိုတာ နှစ်ယောက်ပဲရှိခဲ့၏။ အခုတော့ ထိုနှစ်ယောက် ရောက်မလာသေးပါ။

"ဝမ်းသာပါတယ် မေင်ထည်ဝါ ကိုင်း ဝရန်တာလေးမှာ ထေ ကောင်းလေသန့်ရှူရင်း လမ်းလျှောက်နေပါဦး ဆေးရုံကတော့ မနက်ဖြ မှဆင်းပေ့ါ ဟုတ်လား"

ပါရဂူကြီးက ဝမ်းသာအားရဆိုတော့ သူ ခေါင်းညိတ်ပြလိုက် ရင်း ဝရန်တာလေးဆီ ထွက်ခဲ့၏။ အန်ကယ်လွန်းက သူ့အနားကပ်လိုက် လာ၏။

"ကျွန်တော် သူတို့နှစ်ယောက်ကို တွေ့ချင်တယ် အန်ကယ် လွန်း"

"တွေ့ရမှာပါ သူတို့လာနေလောက်ပါပြီကွာ"

ပြောနေတုန်းမှာ အန်ကယ်လွန်း ဖုန်းက မြည်လာတာမို့ ဖုန်း နားထောင်နေပြန်သည်။

"ဟင် မောင်မင်းရာဇာလား အေး မောင်ထည်ဝါ အနားမှာ ရှိတယ်"

ပြောရင်း အန်ကယ်လွန်းက သူ့ဆီ ဖုန်းလှမ်းပေး၏။ မင်းရာဇ နာမည် ကြားကတည်းက သူ့ဆီရောက်မလာတာကို သူ စိတ်တိုနေမိတ

"ပြော ရာဇာ မင်း ဘာကိစ္စဆက်တာလဲ"

"အဟဲ ဒေါသတွေလျှော့ ကိုထည်၊ မလာနိုင်တာ ကိုထည် ချစ်သူ ပန်းအခရာကို ဘေးမသီရန်မခအောင် စောင့်ရှောက်ပေးထား





လို့ပါ"

"ဘာ ဘာရယ် ရာဇာ"

"ဟုတ်တယ် ကိုထည်၊ အခု ကျွန်တော်နဲ့အတူ ကိုထည့်ချစ်သူ လေး ပန်းအခရာ ရှိနေတယ်"

"ဘာကွ မင်း ဘာလုပ်တာလဲ၊ ဘာသဘောလဲကွ"

"ဒေါသတွေထိန်းပြီး ဘာမှမပြောဘဲ ကျွန်တော့်စကားကို နား ထောင်ပါ ကိုထည်၊ ကျွန်တော် ကိုထည်နဲ့ဆွေးနွေးချင်တယ်၊ အပေးအယူ တစ်ခုလုပ်ချင်တယ်၊ ကိုထည် တစ်ယောက်တည်း လာခဲ့ပါ၊ အခုချက်ချင်း လာခဲ့နော်၊ ကိုထည် မျက်လုံးတွေ ပြန်မြင်နေပြီဆိုတာ ကျွန်တော် သိ တယ်"

"မင်း ဘာဖြစ်ချင်တာလဲ ရာဇာ"

"ဒီရောက်ရင်သိတာပေ့ါ၊ တစ်ခု ပြောချင်တာက ရဲတိုင်စခန်း တိုင်ဆိုရင် ပန်းအခရာအသက်အတွက် အာမမခံနိုင်ဘူးနော်"

သူ သဘောပေါက်လိုက်ပါသည်။ မင်းရာဇာ ယုတ်မာကောက် ကျစ်ပြီ။ တကယ်ဆို မိုက်မဲသည့် အလုပ်ကို ဒီကောင် မလုပ်သင့်ပါ။ သူ့ရဲ့ကျေးဇူးတရားတွေကို နင်းချေနေတာထက် ဆိုးသည့်လုပ်ရပ်။

"ကောင်းပြီ ငါလာခဲ့မယ် ဘယ်ကိုလဲ"

မင်းရာဇာ ပြောသည့် နေရာကို သူ သိသည်။ ဖုန်းကိုပိတ်ကာ အန်ကယ်လွန်းကို ကြည့်လိုက်တော့ သူ့ကို နားမလည်စွာ ကြည့်နေသေး

"ဘာဖြစ်တာလဲ မောင်ထည်ဝါ"



www.burmeseclassic.com

www.burmeseclassic.com



"လာ အန်ကယ်လွန်း ကားပေါ်ရောက်မှ ပြောပြမယ်၊ အရေး ကြီးနေပြီ"

သူ အန်ကယ်လွန်း ပခုံးကို ဖက်ကာ ဆေးရုံထဲမှ ထွက်ခဲ့၏။ သူ့ကို ဘယ်သူမှ သတိမထားမိလိုက်တာ ကံကောင်းပါသည်။

ကားပေါ်ရောက်တော့ သူ အားလုံးကို ရှင်းပြရ၏။

"ဟာ မိုက်ရိုင်းလိုက်တဲ့ကောင် ဆရာမလေးကို သူ ခေါ်သွား တာပေါ့"

"ဆရာမ မဟုတ်ဘူး အန်ကယ်လွန်း။ ပန်းအခရာကို ခေါ်ထား တာ"

"အတူတူပဲ ဆရာမလေးနဲ့ သမီးလေး အခရာ အတူတူပဲ"

"ဗျာ"

အန်ကယ်လွန်း ရှင်းပြတာတွေကို သူ နားထောင်ကာ အံ့ဩ ပြီးရင်း အံ့ဩနေရတော့၏။

အခရာနှင့်ဆရာမလေး ဝတ်ရှည်ချို တစ်ယောက်တည်းတဲ့ လား။ ကြည့်စမ်း အခရာရဲ့ချစ်ခြင်းမေတ္တာတွေ သူ့အပေါ် ဒီလောက် နိုင်မြဲကြီးမားလွန်းနေသလား။

အခရာရယ် မင်းကိုငါ မြတ်နိုးချစ်လိုက်တာ။

■ ■ ■

ခြံဝင်းကြီးရှေ့မှာ သူ့ကားထိုးရပ်သည်နှင့် ချာတိတ်နှစ်ယောက် ခြံတံခါးကို ဖွင့်ပေးလာသည်။





"မင်းရာဇာ ဘယ်မှာလဲ"

"ရှိတယ် ဝင်သွားလိုက်"

သူ ကားကို ဆင်ဝင်အောက်အထိ မောင်းခဲ့၏။ ခြံကြီးက ကျယ်ဝန်းသည်။ လူသူနေထိုင်ပုံမရှိပါ။

ကားတံခါးဖွင့်ဆင်းလိုက်တော့ ဧည့်ခန်းတံခါးကြီး ပွင့်သွားခဲ့ ကာ မင်းရာဇာ သူ့ကိုစောင့်နေ၏။

"ကြိုဆိုပါတယ် ကိုထည်"

BURMESE CLASSIC .com

"အခရာ ဘယ်မှာလဲ"

"နေဦးလေ ဟောဒီစာချုပ်မှာ ကိုထည် လက်မှတ်ထိုးဖို့က အရေးကြီးတယ်"

"ဘာလဲ ဘာစာချုပ်လဲ ရာဇာ"

"ကိုထည် ပိုင်ဆိုင်မှုထဲက သုံးပုံတစ်ပုံ ကျွန်တော့်ကို လွှဲပေး ပါတယ်ဆိုတဲ့ စာချုပ်ပါ၊ သုံးပုံတစ်ပုံပါ၊ မများပါဘူး ပန်းအခရာအတွက် တန်ဖိုးပေါ့"

သူ အံ့ကို တင်းခနဲ ကြိတ်မိ၏။ မင်းရာဇာ မက်မောသော ငွေကြေးနှင့် အခရာကို တန်ဖိုးဖြတ်နေသည်လား။ ပြီးတော့ မိုက်မဲစွာ သူ့ဆီက ဒီကောင် ငွေညှစ်နေတာ ခံပြင်းစရာ။

"ဘာလဲ ကိုထည် လက်မခံဘူးလား၊ ရတယ်လေ"

"ဟေ့ကောင် မင်းလောဘကို အံ့ဩလို့ကွ၊ မင်းတောင်းသလောက် ငါ ပေးနိုင်တယ်၊ ဒါပေမဲ့ အခရာကို ငါ မမြင်ဘဲ လက်မှတ်



www.burmeseclassic.com

မထိုးနိုင်ဘူး''

''ဒီလိုလား ရတယ် လိုက်ခဲ့ပါ''

မင်းရာဇာ သူ့ကိုဦးဆောင်ကာ အပေါ်ထပ်ကို ခေါ်ခဲ့သည်။ တစ်လမ်းလုံး ဘယ်သူမှမရှိပါ။ ခြံတံခါးက ချာတိတ်နှစ်ယောက်နှင့် မင်း ရာဇာ သုံးယောက်ပေါင်းကာ ကြံစည်ခြင်းလား။

မိုက်မဲပြီး အသိဉာဏ်ကင်းမဲ့လိုက်တဲ့ မင်းရာဇာပါလား။

အပြင်ဘက်က လော့ခ်ချထားသော အခန်းတံခါးကို မင်းရာဇာ ဆွဲဖွင့်ပြီး ရှေ့က ဝင်သည်။

''ဟင် ကိုထည်ဝါ''

ထိုင်ခုံမှာ ထိုင်နိုင်းပြီး လက်ပြန်ကြိုးတုပ်နှောင်ထားသော အခရာကို မြင်တော့ သူ ထောင်းခနဲ ဒေါသထွက်သွားရသည်။

''ကိုင်း ကိုထည် ဒီမှာ လက်မှတ်ထိုးပါ''

စာချုပ်ကိုကိုင်ရင်း သူ့လက်ထဲ ဘောပင်လေးကို မင်းရာဇာ ထည့်ပေးသည်။ သူ ဘောပင်ကိုယူကာ မင်းရာဇာ ညာလက်မောင်းကို ထိုးစိုက်ချပစ်လိုက်၏။

''အား''

နာကျင်မှုကြောင့် ဟစ်အော်လိုက်သော မျက်နှာဆီကို လက်သီးနှင့် နှစ်ချက်ဆင့်ကဲ ထိုးချလိုက်တော့ ဘိုင်းခနဲ ကြမ်းပြင်မှာ လဲကျသွားခဲ့၏။ လောဘအိပ်မက်တစ်ခုတော့ မင်းရာဇာ မက်နေပြီထင်၏။

သူ အခရာဆီပြေးကာ ကြိုးတွေဖြည်ပေးလိုက်သည်။





''ကိုထည်ဝါ''

''အခရာရယ်''

သူ့ရင်ခွင်ထဲ တိုးဝင်လာသော အခရာခန္ဓာကိုယ်လေးကို ထွေးပွေ့ထားဆဲမှာ အခန်းထဲဝင်လာသော ရဲတပ်သားတွေနှင့် အန်ကယ်လွှန်း။

''မောင်ထည်ဝါ ဘာမှမဖြစ်ဘူးနော်''

''အိုကေပါပဲ အန်ကယ်လွှန်း''

''အောက်ကနှစ်ကောင် မိထားပြီးပြီ ဒီမှာ တရားခံတစ်ကောင် လား မောင်ထွေး လာခေါ်စမ်းဟေ့''

ရဲအရာရှိကြီးက လဲကျနေသော မင်းရာဇာကို ညွှန်ကာ အမိန့်ပေးသည်။ အန်ကယ်လွှန်းက

''တော်သေးတာပေါ့ကွာ အန်ကယ်က မင်းနဲ့သမီးလေး တစ်ခုခု ဖြစ်မှာ စိုးရိမ်နေတာ''

သူ ခေါင်းခါပြတော့ အန်ကယ်လွှန်း အလိုက်တသိနှင့် ရဲအရာရှိကြီးတွေနှင့်အတူ ပြန်ထွက်သွားခဲ့၏။

သည်တော့မှ ရင်ခွင်ထဲက အခရာကို သူ ပြန်ပွေ့ဖက်ထားရင်း

''ကိုယ့်မျက်ဝန်းတွေ မြင်ခွင့်ရချိန်မှာ အခရာကို အရင်ဆုံး မြင်တွေ့ချင်ခဲ့တာ''

''အခရာလည်း ကိုထည်အတွက် တစ်ချိန်လုံး စိတ်ပူနေခဲ့တာ ပါရှင်''

''ယုံပါတယ် အခရာ၊ ဆရာမလေး ဝတ်ရည်ချို့လို ကိုယ်ခေါ်

www.burmeseclassic.com



အခရာ စိတ်ပူတတ်တယ်ဆိုတာ''

''ဟင် ကိုထည်ဝါ သိနေပြီပေါ့''

''သိပြီးပါပြီ အခရာရယ်၊ အဲဒီလို သိခွင့်ရလိုက်လို့ ကိုယ့်အပေါ် နိုင်မြဲစွာချစ်တဲ့ ချစ်သူလေးကို ပိုချစ်သွားမိတာပေါ့''

''အို''

ရှက်သွေးနှင့်မျက်နှာလေး ရဲရဲနီကာ သူ့ရင်ခွင်ထဲမှာ ခေါင်းလေး ဝှက်ဖို့ ကြိုးစားနေသော ချစ်သူလေး ဆံနွယ်လေးတွေကို မြတ်နိုးစွာ နမ်းရှိုက်မိသည်။

ရင်ခုန်သံတွေက တူညီစွာ လှုပ်ခတ်ယိမ်းကနေခဲ့မှာ သိပ်ကို သေချာလွန်းပါသည်။

ပရိသတ်အတွက်

အမြဲတမ်း

ဖျူး

www.burmeseclassic.com